
www.burmeseclassic.com



ခင်ဦးခင်ခင်

( ဆေးတက္ကသိုလ် )

# သစ္စာပန်းတစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



# ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

## သစ္စာပန်းတစ်ပွင့်


စာမူခွင့်ပြုချက်အမှတ် - ၇၂၉/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၅၇/၂၀၀၃ (၆)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com







# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

# သစ္စာပန်း တစ်ပွင့်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







အခန်းထဲမှာ ဖွင့်ထားသော အဲယားကွန်းက အေးစက်နေသော်လည်း ကံကြီးမောင် တစ်ကိုယ်လုံးကတော့ ချွေးတွေနဲ့ ယှက်နွေးစိုထိုင်းနေလေသည်။

ဒီအခန်းထဲမှာ သူ စောင့်ဆိုင်းနေခဲ့ရတာ တစ်နာရီတိတိ ရှိသွားပြီ။ အခုထက်ထိ 'သူ့ကို တွေ့ချင်ပါသည်'ဟု တကူးတက ခေါ်ချိန်းထားသူရဲ့ အရိပ်အယောင်ကိုသော်မှ မတွေ့ရသေး။

ဒါဟာ တမင်သက်သက် ပညာပြတာ။ ကျောတာ၊ နှိပ်ကွပ်တာပဲဟု ကံကြီးမောင်က ကောင်းကောင်းသဘောပေါက်ပါသည်။ မပေါက်ဘဲ နေပါ့မလား။ သူ့ဘဝတစ်လျှောက်လုံး အခုလို ပညာပြခြင်း၊ အကြောတင် နိုင်ထက်စီးနင်း ပြုခြင်း နှိမ်ချစော်ကားခြင်းတွေနဲ့ချည်း လုံးထွေးရင်းနှီးခဲ့ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ တစ်ခါတစ်ရံတော့ အံ့ဩဖို့ကောင်းလှသည်။ ဘဝတူ လူသားချင်း ဖြစ်ပါလျက် နည်းနည်းပို ဘဝပေးကုသိုလ်ကောင်းကာ ပြည်မြင့်မားသော အခြေအနေတစ်ခုကို ပိုင်ဆိုင်ထားသူတွေဟာ သူတို့လောက် ဘဝပေးမကောင်းလို့ သူတို့ထက် နိမ့်ကျနေရသူတွေအပေါ် ဘာကြောင့်များ နိုင်ထက်စီးနင်းပြုချင်ရတာလဲ။

အဲဒါတွေကြောင့်ပဲ ကံကြီးမောင်က လောကကြီးကို စိတ်နာကာ လူတွေနဲ့ အချိုးမတည့်လှတာဖြစ်သည်။ မြေကြီးပေါ် အလိုလို ရောက်နှင့်ပြီးသား လူသားတစ်ယောက်ကို ထပ်ကာထပ်ကာဖိချေနင်းနှိပ်ဖို့ ကြိုးစားသူတွေကို အမုန်းကြီး မုန်းတတ်တာဖြစ်သည်။

BURMESE CLASSIC

ဒါဖြင့်ရင် သူ မုန်းသည့် လူတန်းစားတွေထဲက ဂုဏ်ပကာသနကို အမက်မောဆုံး၊ မာန်မာနအကြီးဆုံး၊ အမောက်မာဆုံး၊ နိမ့်ကျသူကို နှိမ်ချစော်ကားချင်ဆုံးဖြစ်သည့် ဦးကျော်ဇော်ထိုက် ဆိုသည့် လူကြီးကို ဘာကြောင့် ဒီလောက်ကြီးကြာအောင် လာစောင့်ဆိုင်းနေရပါသလဲဟု မေးစရာရှိသည်။

အဖြေက ရှင်းရှင်းလေးပါ။ လူ့လောက သဘာဝ ငါ့ဝမ်းပူဆာ မနေသာသည့် အချစ်စိတ်ကလေးကြောင့်ပါပဲ။





သူ အငဲမတန်မုန်းသည့် စိတ်မာတဲ့မျိုးရှိသည့် လူသားကြီးရဲ့ ရှုမငြီးသည့် တစ်ဦးတည်းသော ချစ်သမီးလေးကိုမှ သူက နှစ်နှစ်ကာကာ ချစ်ခဲ့မိပေတာကိုး။

ရွှင်ကြည်နူး ဆိုသည့် မိန်းကလေးကလည်း သူ့အဖေ ဦးကျော်ဇော်ထိုက်နဲ့ တခြားစီဖြစ်လောက်အောင်ပဲ ချစ်စဖွယ်ကောင်းလှပါသည်။ လူပုံစံလေးကိုက သေးသေးနွဲ့နွဲ့၊ ဖြူဖြူသွယ်သွယ်ကလေး၊ မျက်နှာကလေးက အမြဲပဲ ကြည်လင်ဝင်းပကာ ထာဝစဉ် အေးမြသောအပြုံးလေးနဲ့ မြင်လိုက်ရသူတိုင်း နှစ်လိုဖွယ်ဖြစ်စေသည်။ စကားပြောတော့လည်း ယဉ်ကျေးနူးညံ့လိုက်တာ လွန်ပါရော။

သူမရဲ့ ကြည်လင် ပြုံးရွှင်နေသော မျက်နှာ၊ နူးညံ့သော အပြုအမူ၊ ချိုသာသိမ်မွေ့သည့် အပြောအဆိုတွေနဲ့ လိုက်ဖက်အောင်ပဲ ရွှင်ကြည်နူး ဆိုသည့် မိန်းကလေးရဲ့ စိတ်နေသဘောထားလေးကလည်း ပြည့်ဝဖြူစင်လှလေတာ။

ဒီသမီးဟာ ဒီအဖေရဲ့ သမီးအစစ်ပါ ဆိုတာကို မယုံနိုင်လောက်စရာပဲ ရွှင်ကြည်နူးဟာ မာနကင်းစင်ကာ လူတွေကို အကောင်းမြင်တတ်လှသည်။ အနိုင်လိုချင်စိတ်မရှိ၊ တုပြိုင်[illegible] စိတ် မရှိ၊ အထင်သေး စော်ကားချင်စိတ် မရှိ၊ မယုံသင်္ကာ မရှိ၊ ကောက်ကျစ်ယုတ်မာခြင်း မရှိ၊ မောက်မာရိုင်းစိုင်းခြင်း မရှိ၊



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ကို ရေကြည်ရေသန့်လေး တစ်ခွက်လိုပဲ ကြည်သန့်စင်အေးမြလှတာ။

သူမရဲ့ အဖေကြီးကတော့ အံ့ဩစရာပါပဲဗျာ။ လူတစ်ဖက်သားရဲ့ ကုပ်သွေးကို တစိမ့်စိမ့် စုပ်မျိုနေရမှ ကျေနပ်တွတ်သည့် အတ္တသမား၊ တစ်ကိုယ်ကောင်းသမား၊ အကြင်နာမေတ္တာ ကင်းမဲ့သည့် လူလူချင်း ထောက်ထားညှာတာမှု ကင်းမဲ့သည့် လူစား။

စောင့်နေရသည့် အချိန်အတွင်းမှာ ကံကြီးမောင်က သူ မကြာခင် တွေ့ဆုံရတော့မည့်လူ (သူ့ရဲ့ ယောက္ခမလောင်းကြီး) အကြောင်း မကောင်းတာတွေပဲ ထိုင်ကာ တွေးနေသည်။

ဒီလူကြီးကို ရွှင်ကြည်နူးရဲ့ အဖေမှန်း မသိခင်ကတည်းက ကံကြီးမောင်က သိနှင့်နေခဲ့ပြီး မုန်းတီး ခါးသီးနေခဲ့တာ။

မုန်းတယ်ဆိုပေမဲ့လည်း တစ်ဖက်သတ်ပါ။ အလွန်တစ်ရာ မြင့်မားခမ်းနားလှသော ထိုလူကြီးကတော့ ဂေါဇီလာကြီးဟာ သူ့ခြေထောက်အောက်က ပုရွက်ဆိတ်ကောင်လေးကို ရှိမှန်းတောင် မသိသလိုမျိုး သတိထားမိမှာ မဟုတ်။ တစ်ကိုယ်လုံးကို ဖိနှိပ်နင်းခြေခံထားရသည့် ပုရွက်ဆိတ်ကလေးကသာ ဂေါဇီလာကြီးကို သိနေရတာမျိုး။





သူ့ကို မုန်းလို့ သူ့သမီးကို လက်စားချေသည့်သဘောနှင့် ပြန်ကြိုက်ခဲ့တာလား ဆိုလျှင်တော့ မဟုတ်ပါ။ သူတို့နှစ်ယောက်ကြားက သွားရင်းလာရင်း အမှတ်တမဲ့ ဆုံစည်းခဲ့မှုလေးတွေဟာ ရုပ်ရှင်ဆန်ဆန် အကွက်ချ လက်စားချေရလောက်အောင် အထိ မကြီးကျယ်ခဲ့။

ဒါဖြင့်ရင် သူ့လို လက်လုပ်လက်စား နင်းပြားမွဲကောင်က ရောမဒီတ်ဒီတ်ကြီ သူဌေးသမီးကို တက်ကြိုက်ထားတာဟာ ငွေဂုဏ်မက်လို့လားဟု တစ်စုံတစ်ယောက်က မေးလာခဲ့လျှင်လည်း ကံကြီးမောင်က ငြင်းရမှာပဲ။

ရွှင်ကြည်နူးကို သူ ချစ်ခဲ့သည့်အချစ်ဟာ တခြားဘာအကြောင်းတရားမှ မပါဝင်သော ဖြူစင်သန့်ရှင်းသည့် အချစ်သန့်သန့်ကလေးပဲ ဖြစ်တာကို ကံကြီးမောင်က အာမခံရဲလေသည်။

သူ့ဘဝကို လန်းဆန်းစိုပြည်စေခဲ့သော၊ အဓိပ္ပာယ်ပြည့်ဝစေခဲ့သော ချစ်သူကလေးဟာ သူ့ဘဝရဲ့ တစ်ခုတည်းသော အဖိုးတန် ဆုလာဘ်ကလေးပဲ ဖြစ်သည်။

သူ့ဘဝရဲ့ ထိုရတနာကလေးကို ကံကြီးမောင်က စတင်တွေ့ဆုံခဲ့ပုံမှာ မဆန်းသော်လည်း သမားရိုးကျထက်တော့ စိတ်ဝင်စားဖွယ် ကောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းပင်တွေကို နောက်ဆုံးအခေါက် အဖြစ် ရေလောင်းပြီးလျှင် ကံကြီးမောင်က ရေပုံးကို ချလျက် ခါးကို ဆန့်လိုက်သည်။

တွင်းထဲက ရေကိုင်၊ ရေပန်းကရားနှစ်ပုံးထဲ လောင်းထည့်ပြီး ထမ်းပိုမှာတပ်ကာ အားရပါးရ လောင်းနေတုန်းကတော့ မောလှပြီမထင်မိ၊ အခုလို ခဏရပ်ကာ နားလိုက်တော့မှပဲ ကိုယ်တော်တော်မောနေပြီဆိုတာ သတိထားမိတော့သည်။

အကျယ်လွင့်ကြီး မဟုတ်သော်လည်း အနေတော် ကျယ်ဝန်းသော ဒီခြံထဲမှာ နှင်းဆီပန်းပင်ချည်းပဲ အတန်းငါးတန်းနဲ့ သစ္စာပန်းပင်တန်း ငါးတန်းကို စိုက်ပျိုးထားကာ မနက်တိုင်း ရေလောင်း၊ ပေါင်းသင်၊ ပန်းခူးသည့် အလုပ်ကို သူ တစ်ယောက်တည်း လုပ်ရလေသည်။





ဒီခြံထဲက ပန်းပင်တွေဟာ သူ့အတွက် စားဝတ်နေရေးပြဿနာကို ဖြေရှင်းပေးသော အဓိက အထောက်အကူတွေပဲ ဖြစ်သည်။ အဲဒီလို ဖြစ်သည့်တိုင် ထိုအပင်တွေကို ကံကြီးမောင်က မချစ်သည့်အပြင် မုန်းတောင်မုန်းသေးသည်။

ကြည့်ပါဦးဗျာ။ တစ်နေ့ တစ်နေ့ သူတို့ကိုပဲ ဂရုစိုက်နေရတာ။ ပေါင်းသင်ရ၊ ရေလောင်းရ၊ မြေဩဇာကျွေးရ၊ ပိုးသတ်ဆေးရည် ဖျန်းရ၊ အရွက်ခြွေရ၊ အကိုင်းကူးရ၊ အောင်မယ်လေး ကိုယ့်ကိုယ်ကိုယ်တောင် ဒီလောက် ဂရုမစိုက်ရပါပဲ ဒီပန်းပင်တွေကိုမှ တယုတယ နေ့စဉ်ပြုစုပျိုးထောင်နေရတာ။

ကံကြီးမောင်ဟာ ယောက်ျားလေးပီပီ ပန်းကိုချစ်တတ်သူ မဟုတ်ချေ။ မချစ်တတ်သည့်အပြင် အလကားနေရင်း အလှဆင် အပိုလုပ်ချင်သူတွေအတွက် အဆင်တန်ဆာဖြစ်သည် ဆိုသည့် အကြောင်းပြချက်နဲ့ ပန်းတွေကို မုန်းသေးတာ။

ဘာပဲဖြစ်ဖြစ် မုန်းသည့်အတိုင်း ပစ်ထားလို့ကလည်း မရချေ။ ဒီပန်းတွေဟာ သူ့ရဲ့ အသက်သွေးကြော။ သူ့ရဲ့ ဘဝနေထိုင်ရပ်တည်ရေးအတွက် အရေးပါဆုံးအရာ ဖြစ်နေသည်။ ဒီတော့ သူ အင်မတန်မုန်းသည့် ပန်းပင်တွေကိုပဲ သူက အရိပ်တကြည့်ကြည့် ပြုစုစောင့်ရှောက်နေရတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော အိပ်ရာထဖို့ ပျင်းတတ်သည့် ကံကြီးမောင်အဖို့ အိပ်ရာက စောစောထပြီး ရေလောင်းပန်းရှုးလုပ်ရတိုင်း၊ နေ့လယ် နေပူကျဲတောက်ထဲ ပေါင်းသင်၊ မြေဩဇာထည့်ရတိုင်း၊ ကိုယ့်ထမင်းရှင်ဖြစ်သည့် ပန်းပင်တွေကို ကျိန်ဆဲနေမိတာ။

ကဲ … မတတ်နိုင်။ မကြိုက်တာက မကြိုက်တာထား၊ ကိုယ့်အလုပ်က ကိုယ့်အလုပ်ပဲ။ အချိန်ရှိခိုက် လုံ့လစိုက် ရေဆက်လောင်းလိုက်ဦးမှ။

ကံကြီးမောင်က ခြံနောက်ဘက်က ရေတွင်းရှိရာသို့ လျှောက်လာခဲ့လိုက်ပါသည်။ နှင်းဆီပန်းပင်တန်းတွေ ရေလောင်းပြီးပြီဆိုတော့ သစ္စာပန်းပင်တန်းတွေဘက် ပြောင်းပြီး လောင်းရဦးမည်။

ရေတွင်းမှာ ရေငင်နေရင်း ခြံနောက်ဘက်ဆီ အကြည့်ရောက်သည်။ သူ့ခြံရဲ့ အရှေ့ဘက်ပိုင်းမှာ ပန်းခင်းတွေ ရှိပြီး အနောက်ဘက်မှာတော့ ရေတွင်းနဲ့ ဟင်းရွက်ခင်းတချို့ရှိသည်။

ထိုဟင်းရွက်ခင်းတွေဟာ စင်စစ်တော့ သူ့ရဲ့ လက်ရာလက်စွမ်းတွေ မဟုတ်ပါ။ နယ်က သူငယ်ချင်းတစ်ယောက် သူနဲ့ အတူလာနေကာ စိုက်ပျိုးသွားခဲ့တာ။ အခုတော့ သူငယ်ချင်းလည်း နယ်ပြန်သွားပြီး သူ့လက်ရာအဖြစ် ကျန်ခဲ့တာကတော့ ဒီဟင်းရွက်စိုက်ပျိုးခင်းတွေပဲဖြစ်သည်။





အစကတော့ ကံကြီးမောင်က ဟင်းရွက်ခင်းကို ဆက်မထားတော့ဖို့ စိတ်ကူးရှိပါသေးသည်။ သို့သော် သန်စွမ်းအသက်ပြင်းလှသော ဟင်းရွက်ခင်းဟာ ရေမလောင်း၊ ဂရုမစိုက်ဘဲ ပစ်ထားလည်း သီးပွင့်ဝေဆာနေမြဲ ဖြစ်လေသောအခါ သူ့မှာ အလိုလို ပစ်ထားလို့ မဖြစ်တော့သည့် အခြေအနေ ရောက်လာတာ။

ဟင်းရွက်ခင်းကို ကြည့်နေရင်း တစ်ဆက်တည်း အနောက်ဘက်က ခြံကိုပါ လှမ်းကြည့်ဖြစ်သည်။

သူ့ခြံရဲ့အနောက်မှာ မြေကွက်လပ်ကျယ်ကြီးနဲ့ ရေမြောင်းကြီးတစ်ခုသာ ရှိသည်။ ခြံရဲ့ အရှေ့နဲ့ ဘေးဘက်မှာတော့ တခြားခြံတွေနဲ့ ခြံစည်းရိုး ခြားထားတာ ရှိသော်လည်း ခြံနောက်ဘက်ကတော့ ကိုယ်နဲ့ မြေအပြိုင်လုမဲ့ လူလည်း မရှိတာမို့ ပြိုပျက်နေသော စည်းရိုးကို အသစ်ပြန်ကာမထားချေ။

အဲဒီ စည်းရိုးပျက်ကနေ နွားတွေ၊ ဝက်တွေ တိုးလိုတိုး၊ ခွေးလေခွေးလွင့်တွေ ဝင်လိုဝင်၊ ကလေးတွေက လစ်လျှင်လစ်သလို အသီးအရွက်တွေ လာခူးကြ၊ ပန်းတွေ ဝင်ခိုးကြနဲ့၊ စိတ်ကို မချရ။ အင်း … လက်ထဲမှာ ငွေလေးကြေးလေး စုဆောင်းမိသည့်အခါကျလျှင်တော့ ခြံနောက်ဘက် စည်းရိုးကို ပြန်ကာဦးမှ။



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်က ကိုယ့်အတွေးနဲ့ကိုယ် ရေတွင်းထဲက ရောက်ရှိနေပုံနဲ့ လောင်းထည့်ရင်း ခြံအနှံ့ လျှောက်ကြည့်နေခဲ့သည်။

ဟင် …၊ ဟိုဘက်ခြံထောင့်က သစ္စာပန်းပင်တွေ ကြားထဲမှာ ခပ်လှုပ်လှုပ်နဲ့ ဘာပါလိမ့်။

ခွေးဖြစ်ရအောင်လည်း ဒီလောက် မမြင့်နိုင်။ နွားဆိုလျှင်လည်း တစ်ကိုယ်လုံးကြီးကို မြင်ရမည်။ ဒါဖြင့် လူများလား။

ဒါပဲ ဖြစ်မည်။ ပန်းဝင်ခိုးသော အနီးအနား ရပ်ကွက်ထဲက ကလေးတွေပဲ ဖြစ်မှာပေါ့။

ကံကြီးမောင်က ရေပုံးတွေကို ပခုံးထက်က အသာချလျက် ထမ်းပိုးကို အသာလျှိုထုတ်လိုက်သည်။ လက်ထဲမှာ ထမ်းပိုးတုတ်ကို ခပ်ဆဆ ကိုင်လျက် သစ္စာပန်းပင်တန်းတွေ ကြားထဲက ခပ်လှုပ်လှုပ် အရာဆီသို့ တရွေ့ရွေ့ တိုးကပ်သွားသည်။

ဟော … တွေ့ပြီ။ ပန်းပင်တွေ ကြားထဲမှာ လူရိပ်တစ်ရိပ်။ ကုန်းကုန်းကွကွ၊ တလှုပ်လှုပ်နဲ့ ဘာတွေ အလုပ်ရှုပ်နေမှန်းမသိ။ ကံကြီးမောင်က ထမ်းပိုးကို ကိုင်လျက် သူ့ရှေ့နား ရောက်အောင် ပတ်သွားကာ ထိုကုန်းကုန်းကွကွ လူရှေ့သို့ ဘွားခနဲ ထွက်ပြလိုက်ပါသည်။ လက်ထဲကလည်း ထမ်းပိုးကို မြှောက်ကိုင်ကာ 'ဟော့'ခနဲ အော်ဟစ်ခြောက်လှန့်လိုက်သေးသည်။





"အောင်မယ်လေး"

ကံကြီးမောင်ရဲ့ အော်သံအဆုံးမှာ အလန့်တကြား အော်ဟစ်သံတစ်ခု ထွက်လာသည်။ ပြီးလျှင် ထိုလူ့လက်ထဲက တစ်စုံတစ်ရာက ခွပ်ခနဲ အသံမြည်လျက် မြေကြီးပေါ် ပြုတ်ကျသွားခဲ့လေသည်။

"ဟာ … သွားပြီ၊ သွားပြီ၊ ရှင် ဘယ်သူလဲ … ဘာလုပ်လိုက်တာလဲ"

"အောင်မယ် … သူက တပြန်တစီ၊ မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ ဆိုတာ ငါက မေးရမှာ"

မြေကြီးပေါ် ကျသွားသောပစ္စည်းကို ငုံ့ကြည့်နေရာက ဖျတ်ခနဲ ခေါင်းမော့လာတော့မှပင် သူ့ခြံထဲ ကျူးကျော်ဝင်ရောက်လာသူကို ကံကြီးမောင်က သေသေချာချာ မြင်ရတော့သည်။

ကောင်မလေးတစ်ယောက်။ ကောင်မလေး ဆိုပေမဲ့ ပန်းဝင်ခိုးနေကျ ခပ်ငယ်ငယ် ကလေးအရွယ် မဟုတ်တော့သလို ပုံစံကလည်း စုတ်စုတ်ပြတ်ပြတ် မဟုတ်ချေ။ မျက်နှာကလေးကလည်း ချောမောလှလိုက်တာမှ နထွတ်ဝင်းဖန့်နေသည်။

ဒီလို ကောင်မလေး တစ်ယောက်ဟာ ပန်းသူခိုး မဖြစ်နိုင်တာတော့ သေချာပြီ။ ဒါဖြင့်ရင် သူမဟာ ခြံထဲ ဘာဖြစ်လို့ ရောက်နေရတာလဲ၊ ဒါကိုတော့ သိအောင် မေးဦးမှ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကြောင့် နူးနူးရဲ့ ကင်မရာလေး ကျကွဲသွားပြီ"

ကောင်မလေးကတော့ သူ့ကို ဝူးဝူးဝါးဝါး ရန်တွေ့တော့မှာပဲဟု ကံကြီးမောင်က ထင်လိုက်သော်လည်း သူမရဲ့ တုံ့ပြန်မှုက နူးညံ့သိမ်မွေ့ပါသည်။ မျက်နှာငယ်ငယ်ညိုးညိုးလေးနဲ့ လေသံကလည်း ခပ်အက်အက်ပင်။

ကိုယ့်ဘက်က အသာစီးရတုန်း အော်ငေါက်ရန်ရှာဖို့ ပြင်လိုက်သည့် ကံကြီးမောင်ပင် သူမကို မအော်ရက်တော့။

"ကင်မရာက ခင်ဗျားကြောင့် ကျကွဲတာနော်၊ ကျုပ်နဲ့ မဆိုင်ဘူး"

"သူ့ဘာသာသူဆိုရင် ကျကွဲမှာမှ မဟုတ်တာ၊ ရှင် ကျွန်မရှေ့ ဖြုန်းခနဲ ရောက်လာပြီး တုတ်ကြီးနဲ့ ရွယ်လိုက်လို့ လန့်ပြီး ပြုတ်ကျကွဲသွားတာ"

ကောင်မလေးက သူ့ကင်မရာကို ကောက်ယူလျက် ကွဲသွားသော မှန်အစအနတွေကိုပါ တစ်ခုချင်း ကောက်ကြည့်နေသည်။ သူမကို ကြည့်ရင်း ကံကြီးမောင်က ကိုယ့်ပါ အမှုပတ်လျက် အလျော်ပေးရမှာကို တဖြည်းဖြည်း ကြောက်လာသည်။ သူ့ကင်မရာ ကြည့်ရတာ မြင်ဖူးနေကျ ပန်းခြံထဲမှာ ဓာတ်ပုံရိုက်သည့် ဓာတ်ပုံဆရာတွေရဲ့ ကင်မရာမျိုးနှင့်မတူ၊ ငွေရောင်များများပါသည့် ကင်မရာကြီးဟာ ခလုတ်တွေ အများကြီး၊ အဖုအဖောင်းအထပ်တွေ





တစ်ပုံကြီးနှင့် အလွန်ခမ်းနားတာ၊ ထန်ဖိုးကလည်း နည်းမှာ မဟုတ်။

"ဒီမှာ ... ရှင်းရှင်းပဲ ပြောမယ်နော်၊ မင်း ကင်မရာကြီး ငါ့ကြောင့် ကျကွဲရတာ ဆိုရင်တောင် ငါ့ခြံထဲ မင်းဘာသာ ကျူးကျူးကျော်ကျော် ဝင်လာလို့ အခုလို ဖြစ်ရတာ၊ ငါနဲ့ မဆိုင်ဘူး၊ ငါ မလျော်နိုင်ဘူး၊ ဒါပဲ"

ပြောပြီး ကောင်မလေးရဲ့ တုံ့ပြန်မှုကို ကံကြီးမောင်က ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေသည်။ မလျော်နိုင်လို့ မရဘူး ဘာညာ အတွန့်တက်မလား၊ ရဲသွားတိုင်မယ်တို့ ဘာတို့များ ဆက်ပြောလာဦးမှာလား။

သူမက ကိုယ့်ခြံထဲ ဝင်လို့ ဖြစ်ရသည့် ပြဿနာ ဆိုပေမဲ့ ကိုယ့်လို မျက်နှာမွဲကောင်ဟာ တရားတဘောင်တွေ ဖြစ်သိုများတော့ အရှုံးဘက်ကချည်းပဲမို့ ဘယ်သူနဲ့မှ ရန်ပြိုင်မဖြစ်ချင်ပါ။

သို့သော် ကောင်မလေးရဲ့ တုံ့ပြန်မှုက ကံကြီးမောင် ဆင်ထားသလို မဟုတ်ပါ။

"ဘယ်သူက လျော်ခိုင်းနေသေးလို့လဲ၊ ရှင် ကာ လို့ပဲ ပြောတဲ့ဟာ"

"အဲဒီလို ပြောပြီးရင် နောက်တစ်ခါ ကြိုကြိုတင်တင် ကာကွယ်ထား၊

www.burmeseclassic.com



"မလိုပါဘူး၊ ကိုယ့်အပြစ်ကိုယ် သိရင်ပြီးရော"

အောင်မယ်။ အပြစ်ဒဏ်သာ မပေးတာ၊ အပြစ်ဖြစ်မှန်းသိအောင်တော့ ထောက်ပြလိုက်သေးတာပေါ့လေ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဆီက လျှော်ကြေးမတောင်းဘူးဆိုသဖြင့် ကံကြီးမောင်က စိတ်သက်သာရာရသွားကာ မျက်နှာကြောက နည်းနည်းလျော့လာသည်။

"ခင်ဗျား ကင်မရာကြီးက အတော်တန်မှာပဲ၊ ကျကွဲသွားတော့ ဘာမှ လုပ်လို့မရတော့ဘူးလားဟင်"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ မှန်ဘီလူး လဲလိုက်ရင်တော့ ရမှာပါ၊ လဲလို့မရလည်း ဒီကင်မရာတစ်လုံးလောက်ကတော့ ကိစ္စမရှိဘူး၊ တကယ်အရေးကြီးတာက ရှင့်ကြောင့် ကျွန်မ စိတ်ကူး ပျက်သွားတာပဲ"

"စိတ်ကူး ... ဟုတ်လား၊ ခင်ဗျားက သူများခြံထဲလာပြီး ဘာတွေ စိတ်ကူးယဉ်နေရတာတုန်း"

ကံကြီးမောင်က တအံ့တသြနှင့် မေးဖြစ်လိုက်ပါသည်။ သူ့ခြံဟာ ရိုးရိုးပန်းပင်စိုက်သော ခြံသာဖြစ်တာမို့ ပန်းပွင့်တွေ ပန်းပင်တွေက လွဲလျှင် ဘာမှ ထူးထူးခြားခြား လှပတာ မရှိပါ၊ ခြံရှင်ဖြစ်သော သူတောင် အလှတရားတစ်ခုမှ ရှာမတွေ့ခဲ့တာ၊ အခုမှ တွေ့ဖူးသော သူစိမ်းမိန်းမတစ်ယောက်က ဘယ်လိုလုပ်ပြီး





တော့များ အလှအပ စိတ်ကူးယဉ်စရာကို ရှာတွေ့သွားတာပါလိမ့်။

"ဒီမှာလေ၊ ရှင့်ခြံထဲက သစ္စာပန်းတွေ ဘယ်လောက်လှသလဲ၊ ဒီပန်းပွင့်ကိုကြည့်၊ ထူးထူးခြားခြား ဖြူဖွေးပြီး ပွင့်ဖတ်ကလည်း ကြီးလိုက်တာ၊ အဖူးတွေကလည်း စိမ်စိုတုတ်ခိုင်နေတာပဲ၊ အဲဒါကို လိုချင်တာ"

သူမ ပြောမှ ကိုယ့်ခြံထဲကပန်းကို အထူးအဆန်းလုပ်ကာ ကံကြီးမောင်က ပြန်ကြည့်မိတော့သည်။

ဟုတ်တော့လည်း ဟုတ်ပေသား၊ သူမ ညွှန်ပြသော သစ္စာပန်းပွင့်ဟာ အားလုံးထဲမှာ ထူးထူးခြားခြား အရွယ်အစားအလည်း ကြီးမားလှကာ ပွင့်ချပ်တွေကလည်း နှင်းပန်းပွင့်တစ်ပွင့်လို ဖြူဆွတ်နေမွှနေသည်။ အတွင်းက ဝတ်ဆံရိုး အစိမ်းရောင်နှင့် ဝတ်ဆံဖတ် အဝါနုလေးရဲ့ အရောင်ရယ်၊ ပွင့်ဖတ် ဖြူဖြူဖွေးဖွေးလေးရဲ့ အရောင်ရယ်၊ စိမ်းမြသော ဖူးတံတွေရဲ့ အရောင်ရယ်ကို ပေါင်းစပ်လိုက်လျှင် သူ့ရဲ့ ပန်းပွင့်လေးဟာ ပယောင်းချပ်လေးတစ်ခုလို ကြွရွလှပနေတော့တာ။

"နေပါဦး၊ ခင်ဗျားက ဒီပန်းကို ဘာလုပ်မလို့လဲ"

"ဓာတ်ပုံရိုက်မလို့လေ"

"ဓာတ်ပုံ ...၊ ဒီပန်းကို ဓာတ်ပုံရိုက်ပြီးတော့ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်ဖို့ မဟုတ်ဘူးလေ၊ နူးနူးက ဓာတ်ပုံရိုက်ဝါသနာပါတာကိုး၊ ကိုယ် သဘောကျတဲ့ မြင်ကွင်းလေးတွေရှိရင် ဓာတ်ပုံရိုက်နေရမှ ကျေနပ်တာ၊ အခုတစ်ခါကတော့ ဓာတ်ပုံပြိုင်ပွဲဝင်မှာမို့"

"ပြိုင်ပွဲဝင်မှာ"

"ဟုတ်တယ်၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးက ကျင်းပမဲ့ ဓာတ်ပုံပြိုင်ပွဲတစ်ခုမှာ ဝင်ပြိုင်မလို့လေ၊ ခေါင်းစဉ်က 'လောကရဲ့အလှတရား' တဲ့"

"လောကရဲ့အလှတရား ဟုတ်လား၊ အဲဒါနဲ့ ဒီပန်း ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ လောကမှာ အလှဆုံးအရာဟာ ဘာလဲ ရှင် သိလား"

အောင်မယ်လေးဗျာ၊ တယ်လည်း ကြီးကျယ်ချင်သည့် မိန်းကလေးပါလား။ စကားပြောတာများ လောကကြီးတစ်ခုလုံးနဲ့ ချီပြီးတော့ကို ပြောတော့တာ။

သူမတို့လို အားအားယားယား ပိုက်ဆံချမ်းသာလို့ အလုပ်လုပ်စရာ မလိုဘဲ အချိန်ပိုနေတိုင်း တောင်တောင်အီအီတွေ လျှောက်စဉ်းစားနိုင်သူတွေ အတွက်ကတော့ ဒဿနတွေ တစ်မျိုးပြီးတစ်မျိုး ထုတ်နိုင်တာပေါ့။ ကံကြီးမောင်တို့လို တကယ့်ဘဝ





သမားတွေအတွက်ကတော့ ဒဿနထက်စာလျှင် လက်တွေ့ကမှ ပိုပြီး အရေးကြီးတာ။ စကားလုံးလှလှတွေ၊ အနက်အဓိပ္ပာယ်လှလှတွေ၊ အတွေးအခေါ် လေးလေးနက်နက်တွေဟာ ဆာလောင်နေတဲ့ဝမ်းကို ဖြည့်တင်းဖို့အတွက်တော့ အရေးမပါလှပါဘူး။

"မသိဘူး"

"ဟင် ... ရှင်ကလည်း၊ သိမလိုလိုနဲ့ စဉ်းစားနေပြီးတော့မှ၊ ဒီမှာ မသိရင်မှတ်ထား၊ လောကကြီးမှာ အလှဆုံးအရာဟာ သစ္စာတရားပဲ၊ လူတစ်ယောက်နဲ့တစ်ယောက် ကြားထဲမှာရော၊ လူ့အသိုင်းအဝိုင်းကြီး တစ်ခုလုံးမှာရော သစ္စာတရားမှ မရှိရင် ဘယ်လိုလုပ်ပြီး နေလို့ထိုင်လို့ ကောင်းတော့မှာလဲ"

ကြီးကြီးကျယ်ကျယ်ဗျာ၊ ဒီလိုငချွတ် ချာတိတ်မလေးကများ လောကကြီးအကြောင်း ဒဿနတွေ ဘာတွေ ဖွင့်လို့။

ကံကြီးမောင် ကတော့ဖြင့် သူမလို အလေးအနက်လည်း မစဉ်းစား (စဉ်လည်း မစဉ်းစားအား)။ သူမရဲ့ ဒဿနကိုလည်း အထင်မကြီး။ ကန့်ကွက်ဖို့ စိတ်ကူးလည်း မရှိသလို ထောက်ခံရလောက်အောင်လည်း သဘောမကျသွားချေ။

ကောင်မလေးကတော့ဖြင့် အခုမှ တွေ့ရသော လူစိမ်းတစ်ယောက်ကို အရင်းအချာလို သဘောထားတာ (အရင်း



www.burmeseclassic.com

www.burmeseclassic.com



အချာတွေကလည်း သူမရဲ့ စကားတွေကို နားမထောင်ကြလို့ ဖြစ်ချင် ဖြစ်မည်) အားပါတရ ဖွင့်ဆို ရှင်းလင်းနေတော့ သည်။

"ကျွန်မက လူ့လောကကြီးရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ သစ္စာတရားကို တကယ့်သစ္စာပန်းပွင့်လေးတစ်ပွင့်နဲ့ တင်စားချင်တာ၊ နောက်ပြီး သစ္စာတရားဆိုတာက ဖြူစင်သန့်ရှင်းတယ် ဆိုတော့ အဲဒီပန်းပွင့်လေးကလည်း အဖြူရောင်ပဲ ဖြစ်စေချင်တာလေ၊ အဲဒါအပြင် အဲဒီပန်းပွင့်ဟာ ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်း ရှိရမယ်၊ လန်းလန်းဆန်းဆန်းနဲ့ အစွမ်းကုန် ပွင့်နေရမယ်၊ ပိုးပေါက် အနာအဆာလည်း ကင်းရမယ် ဆိုပြီး စိတ်ကူးထားတာ၊ ဈေးထဲကပန်းတွေက ရှင်သိတဲ့အတိုင်း ကျိုးတာကျိုး၊ ပွင့်ဖတ်တွေကစုတ်တာစုတ်၊ ဝတ်ဆံတိုင်တွေ ပြုတ်တာပြုတ်နဲ့၊ ခြောက်ဖြစ်ကင်းသဲလဲစင်မှ မရှိတာ၊ အဲဒါကြောင့် ကျွန်မ စိတ်ကူးနဲ့ ကိုက်ညီမဲ့ ပန်းကို လိုက်ရှာရင်းရှာရင်းနဲ့ ရှင့်ခြံထဲ ရောက်လာတာ။ ရှင့်ရဲ့ ဒီပန်းလေးကတော့ ကျွန်မ စိတ်ကူးထဲကအတိုင်း ကွက်တိပဲ"

ဟူး...။ ပြောတဲ့သူကသာ မမောတယ်၊ နားထောင်ရတဲ့သူကတော့ သူမရဲ့ စကားရှည်ကြီးအဆုံးမှာ သက်ပြင်းလုံးကြီးတစ်လုံးကို အားရပါးပါးရ မှုတ်ထုတ်ယူရတဲ့အထိကို မောသွားသည်။





သူဌေးတွေများ တယ်လည်း အားအားယားယား အလုပ်မရှိ အလုပ်ရှာနိုင်ကြတာပါလား။ ကံကြီးမောင်တို့လို လူတွေအဖို့ကတော့ ဓာတ်ပုံလေးတစ်ပုံရဖို့ တစ်မြို့လုံးအနှံ့ လိုက်ရှာလို့သာနေရရင် တစ်လလောက် ရေသောက်ဗိုက်မှောက်နေရတော့မှာပဲ ထင်သည်။

"အခုတော့ ရှင်လုပ်လို့ ကျွန်မ ကင်မရာကျကွဲသွားပြီ၊ ကျွန်မ ဓာတ်ပုံ ဘယ်လိုရိုက်လို့ ရတော့မလဲ"

"ဒါဆိုလည်း နောက်ထပ်ကင်မရာတစ်လုံး သွားယူလာပြီး တစ်ခါပြန်လာရိုက်ပေါ့ဗျာ"

"အင်း ...၊ အဲဒီလိုပဲ လုပ်ဖို့ ရှိတော့တာပေါ့၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်၊ ကျွန်မ ကင်မရာပြန်ယူနေတုန်း ဒီပန်းကို ရှင် ဘာမှ မလုပ်ပစ်ဖို့ ကတိပေးပါ၊ နဂိုအတိုင်း ရှိနေအောင် ထိန်းသိမ်းထားပေးရမယ်"

"ဒါတော့ အာမ,မခံဘူးလေ၊ ပန်းဆိုတာ သူ့ဘာသာပွင့်ချင်ပွင့်၊ ကြွေချင်ကြွေမှာပဲ၊ တိရစ္ဆာန်တွေ ဝင်တိုးလို့ အပင်ကျိုးသွားတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ နောက်ပြီး ဒါကျွန်တော့်ခြံထဲကပန်း၊ ကျွန်တော့်ဘာသာ ခူးချင်ခူးလိုက်နိုင်တယ်၊ ခင်ဗျားနဲ့ မဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်က တမင် ရန်စလိုက်တာ ဖြစ်ပါသည်။ သူမ ပုံစံလေး ကြည့်ရတာ ဘာမှဆို လိုတရနေမည့် သူဌေးသမီးလေးမှန်း သိသာထင်ရှားနေပါလျက် ဒေါသနည်းပြီး မာန်မာနကင်းစင်ပုံရတာမို့ ကံကြီးမောင်က အနိုင်ကျင့်လိုက်ခြင်းပင်။

ဆင်းဆင်းရဲရဲ မွဲမွဲတေတေ ဘဝမျိုးကို ပိုင်ဆိုင်ထားသူတစ်ယောက်ပီပီ ကံကြီးမောင်က သူဌေးတွေကို မုန်းသည်။ ကိုယ့်ဘက်က အခွင့်အရေးရတာနှင့် အနိုင်ယူချင်စိတ်လည်း ရှိတတ်လေသည်။

"ဒါဆို ဒီလို လုပ်ပါလား၊ ဒီပန်းကို ကျွန်မ ဝယ်မယ်၊ ပြီးတော့ ရှင့်ကို ပြန်အပ်ခဲ့မယ်၊ ပန်းဖိုးနဲ့ ထိန်းသိမ်းစောင့်ရှောက်ခကို ရှင် ကြိုက်သလောက်တောင်းပေါ့"

ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ။ ဒီပန်းတွေ ဈေးသွားရောင်းရင် တစ်ခက်တစ်ခက်ကို ဘယ်လောက်မှ မရ။ အခုတော့ ပန်းတစ်ပွင့်အတွက် ငွေက လိုသလောက် ရဦးမည်။

ကောင်မလေး ကြည့်ရတာ သုံးနိုင်ဖြုန်းနိုင် လူချမ်းသာ သားသမီးရုပ် ပေါက်နေတာမို့ အလိုလို အမြတ်ကတ်နေမိသော ကံကြီးမောင်က ပိုက်ဆံကို မတန်မရာ တောင်းပစ်လိုက်ဖို့ စိတ်ကူးရပါသည်။ ဒါဟာ မတရားမှု မဟုတ်၊ ရှက်စရာလည်း မဟုတ်၊ ကိုယ်က စပြီး တောင်းဆိုတာလည်း မဟုတ်၊ သူမ





ဘာသာ ပြောလာတာ။ ကိုယ့်မှာ အခွင့်အရေး အပြည့်အဝ ရှိသည်။

"ဒါဖြင့် [illegible]ရာပေးမလား"

"ရှင် ဓ၊ ဘင်းကောင်း စောင့်ရှောက်မယ်ဆိုရင် ငါးရာမက ဘူး [illegible]ဖစ်ထောင်ပေးမယ်"

ရက်ရောလှချည်လား၊ မတန်မရာ တောင်းလိုက်မည့် စိတ်ကူးနဲ့ ပန်းတစ်ပွင့် စောင့်ရှောက်ခ (တကယ်တမ်းကျတော့ အထူးတလည် စောင့်ရှောက်ရမှာလည်း မဟုတ်)ကို ငွေငါးရာ တောင်းပစ်တာတောင်မှ ကောင်မလေးက တွန့်မသွားတဲ့အပြင် နောက်ထပ်ငါးရာတောင် ပိုပေးလိုက်တာမို့ ကံကြီးမောင် ဖြုံသွားရသည်။ ဒီကြားထဲ ကိုယ်တောင်းတာ နည်းများသွားပြီလားလို့လည်း မချင့်မရဲ နှမြောသလို ဖြစ်လိုက်မိသေးသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ကျွန်မ ပြန်လာလို့ ဒီပန်း တစ်ခုခု ဖြစ်နေရင် ရှင် ပြန်လျော်ရမယ်"

"ဗျာ ... ဒါကတော့ မတရားတာပဲ၊ ကျွန်တော့်ခြံထဲကပန်း သူ့ဘာသာ ဘာဖြစ်ဖြစ် ကျွန်တော်က လျော်ပေးစရာလား"

"အို ... ဒီပန်းကို ကျွန်မ ဝယ်ပြီးသွားပြီလေ၊ ရှင့်ကို ထိန်းသိမ်း စောင့်ရှောက်ခပေးပြီး ပြန်အပ်ခဲ့တာ၊ ပျက်စီးသွားရင် ရှင့်တာဝန်ပေါ့၊ ဒီလောက်တော့ တရားမျှတမှ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ရှင့်ဘက်က မတရားကြီး အသာစီးရနေလို့တော့ ဘယ်ဖြစ်မှာလဲ"

ခပ်တုံးတုံး ခပ်ညံ့ညံ့ ဖြစ်ပုံရသော ကောင်မလေးက ဒီလောက်တော့လည်း လည်မတ်ပါးနပ်ပေသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ရှုံးစရာ့တော့ မရှိတာမို့ ကံကြီးမောင်က သူမ အဆိုကို သဘောတူလိုက်သည်။

အဲဒီလိုနဲ့ပဲ 'ရွှင်ကြည်နူး' ဟု အမည်ရသော လူတစ်ယောက်ရဲ့ စိတ်ကို တကယ်ပဲ ကြည်နူးရွှင်ပျစေသည့် မိန်းကလေးနဲ့ သူ စတင်ရင်းနှီးခဲ့ရတာ ဖြစ်လေသည်။





"ဩော် ... မင်း ရောက်နေပြီလား"

အခန်းတံခါးဝက ချပ်ခနဲ ပွင့်လာကာ နှုတ်ဆက်စကားသံနဲ့အတူ လူကြီးတစ်ယောက် ဝင်လာတော့မှ အတိတ်ကို ပြန်ပြေးနေသော ကံကြီးမောင်ရဲ့ စိတ်တွေက ပစ္စုပ္ပန်ကို ပြန်လည်ရောက်ရှိလာကြတော့သည်။

တောက် ...။ မေးလိုက်ပုံကိုက မဟုတ်တာ၊ အခု ဆို ကြည့်စမ်း။ သူ ရောက်နေတာ တစ်နာရီနဲ့ မိနစ်နှစ်ဆယ် ရှိသွားပြီ။ ဒီလောက်ကြာကြာ စောင့်ဆိုင်းနေရတာကိုများ သူ ပြောလိုက်ပုံက အခုမှ လောလောလတ်လတ် ပူပူနွေးနွေး သူ့ရှေ့ ရောက်လာသူကို နှုတ်ဆက်လိုက်ပုံမျိုး။

တကယ်လို့များ ကံကြီးမောင်ကသာ သူက လူတွေ့ပါလို့ ချိန်ထားသည့်အချိန်ကို တစ်မိနစ်လောက်ပဲ နောက်ကျပြီး

www.burmeseclassic.com



ရောက်လာကြည့် ဦးကျော်ဇော်ထိုက်လို လူကြီးက ရစရာမရှိအောင် ပုတ်ခတ်ကဲ့ရဲ့လိုက်မည့်အမျိုး။

"ကျွန်တော် ရောက်နေတာ တစ်နာရီနဲ့ နှစ်ဆယ်သုံးမိနစ် ရှိသွားပါပြီ ခင်ဗျ"

ကံကြီးမောင်က ဆတ်ဆတ်ထိမခံစွာ တုံ့ပြန်လိုက်လျှင် ဦးကျော်ဇော်ထိုက်ဆိုသည့် လူကြီးက တမင်တကာလုပ်ထားမှန်း သိသာထင်ရှားနေသော အံ့ဩပုံကြီးဖြင့် မျက်ခုံးတစ်ဖက်ကို ပင့်တင်လိုက်လေသည်။

"ဟုတ်လား ..., အေးကွ၊ ဦးက အလုပ်သိပ်များလွန်းတော့ အသေးအဖွဲကိစ္စတွေဆိုရင် ဦးစားမပေးနိုင်ဘူး ဖြစ်နေတယ်၊ ဒီနေ့တော့ မင်းနဲ့ စကားပြောဖို့ အချိန်သိပ်ပေးနိုင်မှာ မဟုတ်ဘူး"

"ဒါဖြင့် ကျွန်တော် နောက်နေ့မှ လာရမလား ခင်ဗျာ"

"အို ... နိုး ... နိုး ... ဒီလောက်တော့ မလိုပါဘူး၊ မင်းနဲ့ကလည်း ပြောစရာ မရှိပါဘူး၊ လိုသလောက် တစ်ခွန်းနှစ်ခွန်းဆို ရပါပြီ"

ဦးကျော်ဇော်ထိုက်က အထက်စီးလေသံကြီးနဲ့ အပိုင်ပြောချလိုက်တာပင်။ ဆိုလိုသည့်သဘောက ကံကြီးမောင်လို ငနပ်ငမွဲနဲ့ကတော့ အချိန်ယူပြီး အပြန်အလှန် အချီအချ ဘာမှ





ပြောနေစရာမလို။ သူ ပြောချင်သည့် အမိန့်ကျသော စကားတစ်ခွန်းနှစ်ခွန်း ပြောပြီးလျှင် နှင်လွှတ်လိုက်တော့မည့်သဘော။

ကံကြီးမောင်ကို ဒီလို လာစမ်းလို့ကတော့ ဘယ်ရလိမ့်မလဲ။ သူ့တို့တွေက လူကြီးလူကောင်းဆိုသည့် ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး တည်တည်တံ့တံ့ ရပ်တည်ရမည့်သူတွေ။ ကံကြီးမောင်တို့ဆိုတာက ပြောချင်ရာပြော ဆိုချင်ရာဆို လုပ်ချင်ရာလုပ်ခွင့် ရထားသော ကလေကချေ လူ့အောက်တန်းကလာသူတွေ။ ပြိုင်ဖြစ်ကြကြေး ဆိုလျှင် ကံကြီးမောင်လောက် နာမည်ပျက် မခံရဲသော ဦးကျော်ဇော်ထိုက်သာလျှင် ရှုံးဖို့ရှိသည်။

"ဟုတ်ကဲ့ ... ကျွန်တော် ပြောစရာရှိတာကလည်း သိပ်မများလှပါဘူး၊ ဦးအတွက် အချိန်သိပ်ယူစရာ မလိုပါဘူး"

ဦးကျော်ဇော်ထိုက်က မျက်နှာမပျက်သော်လည်း စိတ်ထဲကတော့ အတော်ပဲ အနေရအထိုင်ရ ခက်သွားလေသည်။ ဒီကောင်ဟာ သူ ထင်သလောက် ကိုင်လို့တွယ်လို့ လွယ်မည့်သူ မဟုတ်ဘူးဟုလည်း သဘောပေါက်သွားသည်။

"ကောင်းပြီ ... ဦး မင်းကို ခေါ်တွေ့ရတဲ့အကြောင်းက ဘာဖြစ်မလဲ ဆိုတာကိုတော့ မင်း ခန့်မှန်းလို့ ရပြီးလောက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... တိတိကျကျကြီးကို သိပါတယ်"

"ထားကွာ၊ မင်း သိပြီးပြီဆိုပေမဲ့ ဦးကလည်း သေချာအောင် ထပ်ပြောချင်သေးတယ်၊ အဲ ... မေးချင်တယ် ဆိုရင် ပိုပြီး မှန်လိမ့်မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဦး သမီးကို မင်းက ဘာလို့ ကြိုက်ရတာလဲ"

မေးခွန်းက ရိုးရိုးပေမဲ့ သူ့မေးခွန်းထဲမှာတင် အဖြေက ပါပြီးသား ဖြစ်နေပေရာ ဖြေရမည့်သူမှာ အခော့်ကို ကသိကအောင့် နိုင်စေသည်။

ဦးကျော်ဇော်ထိုက်ဟာ ပညာသားပါပါပေ့။ မင်းဟာ ငါ့သမီးကို ချမ်းသာလို့၊ ဂုဏ်ရှိလို့ ကြိုက်တာမဟုတ်လားလို့ စွပ်စွဲလျှင် သူ့ဘက်က ရိုင်းစိုင်းရာကျမည်။ အဲဒီလို မစွပ်စွဲချင်ဘဲ မေးခွန်းလေး မေးလိုက်ရုံနဲ့ သူ ပြောချင်သည့်အဓိပ္ပာယ် ပေါ်လွင် သွားတော့တော့ သူလည်း အပြစ်မရ၊ တစ်ဖက်သားလည်း အထိ နာ။ ဘယ်လောက် ကောင်းလိုက်သလဲ။

ဒါပေမဲ့ ဘာရမလဲ။ ဦးကျော်ဇော်ထိုက် ဘယ်လောက် ပဲတော်တော် သူ ရင်ဆိုင်တွေ့နေရသူကလည်း ကံကြီးမောင် ဆိုတာ ကို မမေ့သင့်။ ကံကြီးမောင်ဟာ ညစ်စုတ်သည့်နေရာမှာ လူတကာ ထက် သာသည့်ကောင်။





"ကျွန်တော် နှုးနှုးကို ကြိုက်တာသက်သက်တင် မဟုတ် ပါဘူး၊ ချစ်တာပါ၊ ချစ်တယ် ဆိုတာကတော့ ဦးရယ် အကြောင်းပြချက် မယ်မယ်ရရ ဘယ်ရှိပါ့မလဲ၊ ရင်ထဲက အလိုလို ပေါ်လာတဲ့ ခံစားချက်ပေကိုး ခင်ဗျာ့၊ ကြိုက်တာ ကတော့ အကြောင်းပြချက် အများကြီးရှိတယ်၊ အရေးကြီး ဆုံးကတော့ နှုးနှုးက စိတ်သဘောထား အရမ်းဖြူစင်တယ်၊ ကလေးတစ်ယောက်လိုပဲ အပြစ်ကင်းတယ်၊ မကောက်ကျစ် ဘူး၊ သူများကို ကိုယ်ချင်းစာတတ်တယ်၊ အကြင်နာတရား ရှိတယ်၊ ပြောရရင် သူ့ကောင်းကွက်တွေက မကုန်နိုင်ဘူးဗျာ၊ သူ့ရဲ့ အရည်အချင်း အားလုံးကို ကျွန်တော် သဘောကျ တယ်၊ ကြိုက်တယ်၊ အဲဒါကြောင့် သူ့ကို ချစ်သူအဖြစ် ရွေးချယ်ခဲ့တာပဲ"

ဦးကျော်ဇော်ထိုက်က ကိုယ့်ရှေ့က စုတ်စုတ်ပြတ်ပြတ် ကောင်လေးကို အနည်းငယ် ကြောင်အမ်းတွေဝေစွာ ကြည့်လိုက်မိ ပါသည်။

ဒီကောင်လေး ဒီလောက်လာလိမ့်မည်ဟု သူ လုံးဝ ထင်မထားခဲ့။ သမီးဖြစ်သူ ရွေးချယ်လာခဲ့သော ကံကြီးမောင်ဆို သည့် ကောင်လေးဟာ ပိုက်ဆံမရှိ၊ ပညာမရှိ၊ ဆွေမျိုးအသိုင်း အဝိုင်း မရှိမို့ သူနှိမ်ချင်တိုင်းနှိမ်၊ ပြောချင်တိုင်း ပြောလို့ရမည် ထင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ကြွပ်ဆတ်ဆတ် မိုက်ကန်းကန်းနှင့် ခပ်ဆိုးဆိုးလေး ဖြစ်တာကိုတော့ ဦးကျော်ဇော်ထိုက်က သိသားပင်။ အဲဒါကြောင့်လည်း သူနဲ့အပြိုင် ဖြစ်ရတော့မည့် အချိန်မှာ ကိုယ့်ဘက်က ငွေအား၊ ဂုဏ်အားသာမက လူအားနဲ့ပါဖိဖို့ ကြိုတင်ပြင်ဆင်ထားခဲ့တာ။

တကယ်တမ်းတွေ့ကြတော့ ကောင်လေးက သူထင်သလောက် မလွယ်မှန်း ဦးကျော်ဇော်ထိုက်က သိလိုက်ရပြီး ပညာမဲ့ မိုက်ရူးရဲကောင်မျိုးကို အဟန့်ပြပြီး အနိုင်ယူလို့ရနိုင်သော်လည်း ဒီကောင်လေးက ဒီလိုမဟုတ်။ ပါးနပ်သည်။ စကားတတ်သည်။ ကိုယ့်တိုက်ကွက်ကို မြင်အောင် ကြည့်နိုင်သလို တန်ပြန်တိုက်စစ်ဆင်နိုင်စွမ်းလည်း ရှိသည်။

ဦးကျော်ဇော်ထိုက်ဆိုတာ မျိုးရိုးဂုဏ်ရှိန်ကလည်း မသေး။ လူကလည်း ထိပ်ထိပ်ကြဲချမ်းသာ။ အသိုင်းအဝိုင်းကလည်း တောင့်တင်း။ ပင်ကိုယ်အရည်အချင်းကလည်း ပြည့်ဝသည့်အပြင် ဥပဓိရုပ်ကလည်း ခန့်ညားလှပေရာ တော်ရုံတန်ရုံလူမျိုးဆိုလျှင် ဦးကျော်ဇော်ထိုက်နှင့် စကားဖက်ပြိုင်ပြောဖို့ မဆိုထားနဲ့ သူက တစ်ခွန်းပြောလိုက်လျှင်တောင် ငြိမ်ကုပ်အရှုံးပေးသွားရတတ်တာမျိုး။





ဒီကောင်လေးကျတော့ အဲဒီလို မဟုတ်။ ဖိလိုက်လျှင် း ရန်းကြွလာတတ်မည့်ပုံမျိုး။ ကိုယ့်ကို မတန်မရာ ပညာချင်း င်ပြိုင်မည့်လူမျိုး။

အခုပဲကြည့်။ 'မင်း ငါ့သမီးကို ငွေမက်လို့ ကြိုက်မိုလား'ဟု အဓိပ္ပာယ်သက်ရောက်သော သူ့မေးခွန်းကို ရှောင်င်းဖြေဆိုသွားရုံမက သူ အမြတ်တနိုးထားသည့် သမီးလေးကို က 'ချစ်သူအဖြစ် ရွေးချယ်ထားတာ'ဟု သုံးစွဲသွားလေသည်။

တောက် ... စိတ်ရှိတိုင်းသာ ထလုပ်လိုက်ရရင်တော့ တော့မှာပဲကွာ။

သင်းလိုကောင်မျိုးကများ ဦးကျော်ဇော်ထိုက်ရဲ့ ဦးတည်းသော သမီးလေးကို ချစ်သူအဖြစ် 'ရွေးချယ်'သတဲ့။ ာကတော့ ကိုယ့်သမီးကို တခြားမိန်းကလေးတွေနဲ့ ယှဉ်ပြီး ရွေးသလို တဒေါင်ဒေါင် ခေါက်ကာ ရွေးထားတာပေါ့လေ။

မဖြစ်တော့။ ဒီအတိုင်းသွားလျှင် ကိုယ့်ဘက်က က်နစ်နာစရာပဲမြင်သည်။ ကိုယ့်သမီး ကိုယ်တိုင်ကလည်း များ ပြောစရာ ဖြစ်လောက်အောင် ဘယ်လိုများ တန်းတန်းစွဲ ူးအမူး ဖြစ်နေတာလဲ မသိသေး။ ဒီတော့ တိုက်ကွက်ပြောင်းမှ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မြောက်ဥက္ကလာမှာ နေတာဆို"

"ဟုတ်ပါတယ်"

"ဘာအလုပ် လုပ်သလဲ"

"ပန်းစိုက်ပါတယ်"

"မင်း မိဘတွေကရော"

"ကျွန်တော့် မိဘတွေ ဆုံးသွားကြပြီ ခင်ဗျ"

"ဩော် ... ကျွတ် ကျွတ် ... ဆွေမျိုးသားချင်းရော ဘယ်သူတွေ ရှိသေးလဲ"

မပြီးနိုင်တော့ပါလား။ အချိန်ရှားပါးပါသည်ဆိုသည့် လူကြီးက ဒီအကြောင်းတွေ ဒီလောက်တောင် မေးနိုင်သတဲ့လား။

ဒီလူကြီးရဲ့ တိုက်ကွက်ကဖြင့် စင်းစင်းကြီး။ ရိုးရိုးသားသား လူတစ်ယောက်အကြောင်း သိချင်လို့မေးသည့် မေးခွန်းတွေကို ဖြေရင်းဖြေရင်း ကိုယ့်ဘဝရဲ့ နံချာစုတ်ပြတ်ပုံက ထင်ရှားပေါ်လွင်လာအောင် ဖန်တီးနေတာ။

ရှေ့လျှောက် လာပါဦးမည်။ မင်း အတန်းပညာ ဘယ်လောက်တတ်သလဲတို့၊ တစ်လဝင်ငွေ ဘယ်လောက်လဲတို့၊ မင်းနေတဲ့အိမ်က ဘယ်လိုမျိုးလဲတို့။

ဒါတွေကို တစ်ခွန်းချင်း ဖြေပေးနေနိုင်လောက်အောင် အထိ ကံကြီးမောင်က စိတ်မရှည်ချေ။ အဲဒါကြောင့်ပဲ ...





"ဒီမှာ ဦးခင်ဗျာ၊ ဦးမှာ အချိန်သိပ်မရှိဘူးဆိုရင် ဒီအကြောင်းတွေ အကျယ်ချဲ့ပြီး ထပ်မမေးသင့်တော့ဘူးလို့ ကျွန်တော် အကြံပြုပါရစေ။ ဦးလို မျက်စိကြီး နားကြီး လူတစ်ယောက် အဖို့ ကိုယ့်သမီးရဲ့ ချစ်သူဟာ ဘယ်လိုမျိုးလဲ ဆိုတာ သိအောင် စုံစမ်းပြီးပြီလို့ ကျွန်တော် ထင်ပါတယ်"

ဦးကျော်ဇော်ထိုက် မျက်နှာက ကွက်ခနဲ ပျက်ချင်သည်၊ သို့သော်လည်း အမွဲပွဲနွဲလာသည့် ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ယောက်အနေနဲ့ ပြောင်းလဲမှုက မဆိုစလောက်သာ။

"အေးကွ၊ ကိုယ့်သမီးအတွက် တကယ် ရည်ရွယ်တဲ့ခင်ပွန်းလောင်း ဖြစ်လာမယ် ဆိုရင်တော့ စုံစမ်းထားရမှာပေါ့၊ ဒါပေမဲ့ အခုအခြေအနေနဲ့ကတော့ အဲဒီလောက် မလိုအပ်သေးဘူးလေ"

ချလိုက်ကွ။ ကံကြီးမောင်ကတော့ ဦးကျော်ဇော်ထိုက် ပြန်ဖြေမည့် စကားတွေကို ကြိုတင်ခန့်မှန်းပြီးသားမို့ မျက်နှာပျက်နေနေသာသာ ရယ်တောင် ရယ်ချင်နေသေးသည်။

"ဒါဖြင့်ရင်လည်း ကျွန်တော် ဒီကမပြန်ခင် ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင်ကို ရေးပေးခဲ့ပါ့မယ်၊ ဦးရဲ့ အချိန်ရော ကျွန်တော့်ရဲ့အချိန်ရော အကုန်အကျ သက်သာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆိုလည်း အစက အကြောင်းကိုပဲ စ,ဆွေးနွေးကြတာပေါ့"

"သိပ်ကောင်းတာပေါ့ ဦးရယ်"

ဦးကျော်ဇော်ထိုက်က ကံကြီးမောင်ရဲ့ ပမာပခန့်ပုံကို ဂရုစိုက်မနေတော့ဘဲ ...

"ဦးပြောချင်တာကတော့ မင်းနဲ့သမီး လုံးဝ မတန်ဘူးဆိုတာပဲ"

"ဒါလေးပြောဖို့အတွက် ဦးရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ အကုန်ခံပြီး ကျွန်တော့်ကို ခေါ်တာဆိုရင်တော့ ဦး မှားသွားပြီ ခင်ဗျာ၊ ဒီကိစ္စ ကျွန်တော် သိပြီးသားပါ"

"သိရဲ့သားနဲ့ မင်း ဘာဖြစ်လို့ ရှေ့ဆက်တိုးရသလဲဆိုတာ စိတ်ဝင်စားချင်စရာပဲ"

"ကျွန်တော် ပြောပြီးပြီ ထင်ပါတယ်"

"မင်း ပြောခဲ့တာက သမီးကို မင်း ဘာကြောင့် ချစ်ခဲ့ကြိုက်ခဲ့ရသလဲ ဆိုတာကိုပဲ ပြောခဲ့တာပါ၊ တကယ်လို့ မင်းသာ ဦးသမီးရဲ့ အရည်အချင်းတွေကို သိတတ်၊ တန်ဖိုးထားတတ်မယ်ဆိုရင် အဲဒီ အရည်အချင်းတွေကို စုတ်ပြတ်နံချာတဲ့ ဘဝတစ်ခုထဲ နှစ်မြှုပ်မပစ်သင့်ဘူး မဟုတ်လား"





"ကျွန်တော်က နှစ်မြှုပ်ပစ်မှာ မဟုတ်ပါဘူး၊ တန်ဖိုးထားပြီး သိမ်းပိုက်မှာပါ"

"ဟား ဟား ... မောင်ရင် ထားမဲ့နေရာနဲ့ မောင်ရင်သုံးတဲ့ စကားလုံးက တဆိတ် ကွာလွန်းအားကြီးမနေဘူးလားကွာ"

"ကျွန်တော် ထားမဲ့နေရာဆိုတာ ဦး ဘာကို ဆိုလိုပါလဲ ခင်ဗျာ"

ကံကြီးမောင်က တကယ့်ကို မသိနားမလည်သည့် အရိုးခံရုပ်မျိုးလေးဖြစ်အောင် လုပ်လျက် မေးလိုက်သည်။

"မင်း ထားမဲ့နေရာဆိုတာ မင်းရဲ့ မြို့စွန်မြို့ဖျား ခွဲ့တောဖွက်တောထဲက မနိမိုးထရံကာ အိမ်ကို ပြောတာပေါ့ကွ"

ဟော့ ...။ ပေါ်ပြီ ခင်ဗျာ။ သူ့အကြောင်းသိဗဲ သိမထားသလိုလို၊ ဘာမှ စုံစမ်းမထားသလိုလိုနဲ့ အခုကျတော့ ဦးကျော်ဇော်ထိုက်ဟာ သူ့အကြောင်း ကောင်းကောင်းပြောနေနိုင်တာပဲ။

"ဪ ... ဦးက မျက်စိနဲ့ မြင်ရတဲ့ အိမ်ကို ပြောတာကိုး၊ ကျွန်တော် ပြောချင်တာက ကျွန်တော့်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ နှလုံးသားနန်းတော်ကြီးမှာ နူးနူးကို တခမ်းတနား တင်မြှောက် တယောင် နေရာပေးထားမယ်လို့ ပြောချင်တာပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ...။ စကားလုံးတွေကတော့ဖြင့် မပိုင်ဘူးလား။ ညွှတ်မနေပေဘူးလား။

သူတစ်ဖက်သားကို စကားလုံးတွေနဲ့ ဖိထောင်းအနိုင်ယူချင်လွန်းလှတဲ့ ဦးကျော်ဇော်ထိုက်ကြီး။ ဘယ်နှယ့်ရှိပါစ နင်သွားပြီမို့လား။ ကံကြီးမောင်ရဲ့ ခမ်းနားပြောင်မြောက်တဲ့ စကားလုံးတွေ လည်ချောင်းဝမှာ ဆို့ကုန်ပြီ မဟုတ်လား။

ဦးကျော်ဇော်ထိုက်ကဖြင့် ဒီလောက်အရှက်နည်းကာ အောက်တန်း နောက်တန်းကျသည့် ကောင်မျိုးနဲ့ စကားအကျယ် အကျယ် မပြောချင်တော့ပါ။ လိုအပ်သလောက် အတိအကျဖြဲ ပြောမှ ဖြစ်တော့မည်။





"ပြောလေ အဆင်ပြေရဲ့လားလို့"

စတွေ့ကတည်းက ဒီမေးခွန်း တစ်ခုတည်းကိုပဲ ထပ်ခါတလဲလဲ မေးနေသော ရွှင်ကြည်နူးကို ကံကြီးမောင်က ခေါ်သလည်း ထွက်မိပါရဲ့။ သနားလည်း သနားပါရဲ့။

သူမခမျာ ဖခင်ဖြစ်သူက ချစ်သူကို ခေါ်တွေ့မည်ဆိုသောအခါ မျက်စိမျက်နှာလေးပျက်ကာ ထိတ်လန့်တုန်လှုပ်နေရှာတာ။

"ကိုမောင် ဒီနေ့အဖို့ စကားပြောဦးမှာလား"

ပါးစပ်နဲ့ မေးရုံနဲ့ မရတော့တာမို့ လက်ပါ ပါလာကာ ရွှင်ကြည်နူးက သူ့ဖခုံးကို လှုပ်ကာလှုပ်ကာ၊ မေးနေသည့်တိုင် ကံကြီးမောင်က ပြန်မဖြေဖြစ်သေး။

"ကိုမောင် ... နူးနူးကို စိတ်ပူအောင် မလုပ်နဲ့နော်၊ နူးနူး အရမ်းကြောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ကြည်နူးရဲ့ အသံလေးက ငိုသံပေါက်လာပြ…
ကံကြီးမောင်က စိတ်ထဲ မကောင်းလှသော်လည်း ကိုယ့်ဘာသ…
တောင် မာန်တင်းခံနေရသည့် အခြေအနေမို့ စကားက ပြောချ…
စိတ်မရှိဘဲ ဖြစ်နေရလေသည်။

"ကိုမောင် … နူးနူးကို သနားရင် တစ်ခုခုတော့ ပြန်ပြော…
ကိုမောင်ရယ်"

"ကိုယ် တကယ် စိတ်ညစ်နေတယ် နူးနူး"

"သိတယ်၊ ကိုမောင် အရမ်းစိတ်ညစ်မယ် ဆိုတာ နူး…
သိပါတယ်၊ ဒါပေမဲ့ ဖေဖေက တွေ့ချင်ပါတယ် ဆိုတာ…
ပေးမတွေ့လို့ကလည်း မဖြစ်ဘူးလေ၊ နဂိုကတည်း…
ဖေဖေက ကိုမောင့်ကို ကြည်လင်လှတာ မဟုတ်တော့…
သူက ခေါ်တွေ့ပါလျက်နဲ့ လာမတွေ့ဘူး ဆိုတာမျိုးလည်…
အဖြစ်ခံလို့ မရဘူးလေ"

ရွှင်ကြည်နူးက မျက်နှာငယ်လေးနှင့် ပြောရှာသည်…
သူမရဲ့ စိတ်က သူမ ပါးစပ်က ထုတ်ဖော်ပြောနိုင်တာထက် ပို…
ဆိုးဝါးစွာ ပျက်ယွင်းထိခိုက် နေခဲ့တာတော့ အမှန်ပင်။

ဒီလူတစ်ယောက်ကို စပြီး ချစ်မိကတည်းက ဒီအဖြ…
မျိုး ကြုံရတော့မည် ဆိုတာကိုတော့ နူးနူးက ကြိုသိထားပြီးသ…
ပင်။ ဘာမဆို အမြင့်ဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံး ဆိုတာကို…





လိုချင်တတ်သော ဖေဖေဟာ သူ့ရဲ့ တစ်ဦးတည်းသောသမီးလေး အတွက် အိမ်ထောင်ဖက်ကျမှ ဘာမဟုတ်သည့် စုတ်စုတ်ပြတ်ပြတ် ညံ့ညံ့ဖျင်းဖျင်း လူတစ်ယောက်ကို ရွေးချယ်မှာတဲ့လား။

ဒီလောက်သိနေလည်း ဘာလို့များ ဒီလိုလူမျိုးကိုမှ ချစ်သူတော်ခဲ့ရတာလဲလို့ လူတွေက မေးကြဦးမည်။ အဲဒီလို မေးလာလျှင်တော့ ရွှင်ကြည်နူးက အရိုးသားဆုံး အဖြေတစ်ခုကိုပဲ ပေးဖို့ရှိပါသည်။

အချစ်ကြောင့် …။ ကိုမောင်လို့ သူမက ခေါ်သည့် ကံကြီးမောင် ဆိုသည့် ဘယ်ဘက်ကမှ အထင်ကြီးစရာ မရှိသော လူသားတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ခဲ့ခြင်းမှာ အကြောင်းပြချက် တစ်စုံတစ်ရာ မရှိစွာ ဖြစ်ထွန်းလာခဲ့သော အချစ်ကြောင့်သာလျှင် ဖြစ်လေသည်။

"ဖေဖေက အရမ်းဆူလိုက်လို့လား … ဟင်"

ဟော …။ လာပြန်ပြီ ဒီမေးခွန်းမျိုးပဲ။ သူမ သိချင်လွန်းသည့် ကိစ္စတစ်ခုအတွက် မရ,ရအောင် လှည့်ပတ်မေးနေရှာသည့် ရွှင်ကြည်နူးဟာ သနားစရာကောင်းလှလေသည်။

"သူက ကိုယ့်ကို ဘာလို့ ဆူရမှာလဲ၊ ကိုယ်က သူ့လက်အောက်ငယ်သားလည်း မဟုတ်၊ ကျေးရူးခံ ကျေးငွေစား လည်း မဟုတ်ဘဲနဲ့ ဆူလို့ဟောက်လို့ရော ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပြေပြေလည်လည် ဆွေးနွေးကြတာမျိုးလားဟင်"

ဘယ်လိုပြောရပါ့။ နှစ်ယောက်သား ဆွေးဆွေးနွေးနွေး ပြောဖြစ်ကြတာတော့ မှန်သည်။ ဒါပေမဲ့ ပြေပြေလည်လည်လို့ သတ်မှတ်ဖို့ကတော့ ခက်လေသည်။

"ကိုယ် တစ်ခုပြောမယ် နူးနူး၊ ကိုယ့်ကို ယုံတယ်နော်"

"အင်း ယုံတယ်"

တကယ်တော့ ကံကြီးမောင်လို လူစားမျိုးဟာ ဘာအကြောင်းကြောင့်မှ ယုံစရာမရှိတာ ရွှင်ကြည်နူး ကိုယ်တိုင်လည်း အသိသားပင်။ ဒါပေမဲ့ ကိုယ့်ချစ်သူကိုမှ မယုံလျှင် ဘယ်သူ့ သွားယုံရတော့မှာလဲ။ သူ့ကို ကိုယ်က ချစ်သူအဖြစ် ရွေးချယ်ခဲ့ပြီးပြီမို့ ချစ်သူတို့ ဝတ္တရားအရ မျက်စိစုံမှိတ်ကာ ယုံရတော့မှာပါပဲ။

"ကောင်းပြီ၊ ယုံတယ်ဆိုရင် ကိုယ်တို့နှစ်ယောက် ဘာတွေပြောခဲ့ကြသလဲဆိုတာ ထပ်မမေးနဲ့၊ နောက်ပြီး ကိုယ့်ကိုလည်း လာမဆက်သွယ်နဲ့တော့၊ တစ်ချိန်မှာ ကိုယ်က မင်းကို လာပြီး ဆက်သွယ်မဲ့အချိန်ကိုသာ စိတ်ရှည်လက်ရှည် စောင့်နေပေတော့"

"ဟင် … ဘယ်လို၊ ကိုမောင့်ကို စောင့်နေရမယ်၊ ကိုမောင်က ဘယ်သွားမှာမို့လို့လဲ"





"ဘယ်သွားရမလဲဆိုတာ ကိုယ်ကိုယ်တိုင်လည်း မသိဘူး၊ ဘာလုပ်ရမလဲ ဆိုတာလည်း မသိသေးဘူး၊ သိလာတဲ့အချိန်ကျရင်လည်း ကိုယ်က နူးနူးနဲ့ အဝေးဆုံးကို ရောက်ချင်ရောက်နေမှာ"

ရွှင်ကြည်နူးရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်အိုင်လာပါပြီ။ ကံကြီးမောင်က သူမရဲ့ မျက်ရည်တွေကို မြင်နေသော်လည်း မမြင်ဟန်ဘဲ ဆောင်နေလိုက်သည်။

နူးနူး ငိုနေတာကို သနားမိပေမဲ့ ဘယ်လိုမှ မတတ်နိုင်ပါ။ ဦးကျော်ဇော်ထိုက်ကို ပေးထားသည့် ကတိက ရှိသေးသည်။ ယောကျာ်းဆိုတာ ကတိကို မြဲအောင် ထိန်းပါမှ။

နူးနူးဟာ ကိုယ်ပြန်အလာကို စိတ်ရှည်လက်ရှည် စောင့်ရှာလိမ့်မည်ဟု ယုံကြည်သော်လည်း ဘယ်အချိန် ပြန်လာမယ်မှန်း မသိနိုင်သော အခြေအနေမှာ ဘာတွေ ဖြစ်ပျက်ပြောင်းလဲသွားကြမည် ဆိုတာကိုလည်း မသိနိုင်ပါ။

အဲဒါမျိုးတွေ ဖြစ်လာအောင်ပဲ ဦးကျော်ဇော်ထိုက်က အကွက်ချ စီစဉ်ခဲ့တာ ဖြစ်နိုင်သည်ဟု ကံကြီးမောင်က ပြန်တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်ကံကြီးမောင်၊ အပေါစား ကလေကချေစကားတွေ မပါဘဲ ဦးတို့ တည်တည်တံ့တံ့ ဆွေးနွေးကြရအောင်"

ဟော ...။ လာပါပြီ။ တဲ့တိုးကျသည့် တိုက်ကွက်တွေ။ ကိုယ့်ရဲ့ စကားလုံးတွေဟာ ဦးကျော်ဇော်ထိုက်ကို မခံသာအောင် တိုက်ခိုက်နှိပ်စက်နိုင်လိုက်ပြီဟု ကံကြီးမောင်က တွေးလျက် တိတ်တဆိတ် ပြုံးလိုက်မိလေသည်။

"ရပါတယ် ဦး၊ ဆွေးနွေးပါ"

"အမှန်တော့ လူနှစ်ယောက် အိမ်ထောင်ပြုတော့မယ်ဆိုရင် အခြေခံ လိုအပ်ချက်ကလေးတွေတော့ ပြည့်စုံမှ ဖြစ်မယ်ကွ၊ ဥပမာ တိုက်တစ်လုံး၊ ကားတစ်စီး၊ အိမ်ထောင်ပရိဘောဂ အစုံအလင် စသည်ဖြင့်ပေါ့၊ အဲဒီနောက်မှ အလုပ်အကိုင်တစ်ခု၊ ဒါမှမဟုတ်ရင် ရင်းနှီးစားနိုင်မဲ့ငွေကြေး ထုထုထည်ထည်၊ ဒါတွေ ရှိထားရမယ်"





"ဟုတ်ကဲ့ ဆက်ပြောပါ ဦး"

"မင်း ပြောပုံအရဆို မင်းက ဦးသမီးကို တကယ်နှစ်သက်သဘောကျတယ်၊ သမီးရဲ့ အရည်အချင်း၊ စိတ်နေသဘောထားကို တန်ဖိုးထားတယ်လို့ ဦး ယုံကြည်ပါတယ်"

ဒါ ငါ့ကို ကြိုးနဲ့ ချည်နေတာပဲဟု ကံကြီးမောင်က သတိထားမိလိုက်သည်။ မဟုတ်လျှင် ဒီလိုလူကြီးမျိုးက ဒီလောက် သဘောကောင်းစွာ တွေးပေးနေမှာ မဟုတ်ချေ။

ဒီလောက် စကားကောင်းတွေ ပြောနေတာဟာ သူ့ကို တင်းနစ်ဘောလုံးတစ်လုံးလို အမြင့်ကြီးအထိ ပစ်တင်ပြီးမှ ခုတ်ဖြတ်ရိုက်ချလိုက်ဖို့ ပြင်ဆင်နေတာဟု ကံကြီးမောင်က ကောင်းကောင်း သဘောပေါက်လေသည်။

"အဲဒီတော့ကာ မင်း တန်ဖိုးထားတဲ့ မိန်းကလေးကို လက်ထပ်ပြီးရင် မင်းရဲ့ ရွှံ့ဖွက်တောထဲက တဲကုပ်သာသာ အိမ်လေးမှာပဲ မပြည့်မစုံနဲ့ ထားတော့မှာလား"

ထားရမှာပေါ့။ အဲဒါ ကျွန်တော့်အိမ်ပဲဟု ပြန်ပြောဖို့ စိတ်ကူးမိပြီးမှ အဲဒီလိုသာ ပြောလိုက်လျှင် မင်း ထွက်သွားတော့လို့ တစ်ခါတည်း မောင်းထုတ်ခံရတော့မည်ဆိုတာ ချက်ချင်းပဲ သတိရလိုက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အခြေအနေပေါ်မှာ မူတည်ပါတယ် ခင်ဗျာ"

"မင်းစကားက မရေမရာ နိုင်လွန်းတယ်၊ တို့ငယ်ငယ်တုန်းက လူပြက်တွေ ပြောသလို တို့လူလေးများ ဆိုသလေ ဝေလေလေ ... ဝေလေလေ၊ အစား ... ဘယ်နှယ်စားမယ်၊ ဒီနှယ်စားမယ်၊ ဝေသာလီပြည်ကြီး ဘယ်နှယ်လုပ်တိုက်မယ် ကြ[illegible]ကြတာပေါ့ဆိုသလိုပဲ ဖြစ်နေပြီ။ ကိုယ်အခွင့်အရေး ရဖို့ကျတော့ တက်တက်ကြွကြွ ရှိနေပြီး ကိုယ်က ပြန်ပေးဖို့ကျတော့ ဘာမှ တိတိကျကျ သေသေချာချာ မရှိပါလား"

ကံကြီးမောင် ခပ်မဲ့မဲ့ ပြုံးလိုက်မိပါသည်။ ဒီလူကြီး ပြောနေပုံက ကံကြီးမောင်နဲ့ လက်ထပ်ပြီးလျှင် သူ့သမီးကို လုံးဝ တာဝန်မယူတော့၊ လက်ထပ်ထားသည့် ခင်ပွန်းသည်ကသာ အပြည့်အဝ စောင့်ရှောက်ရတော့မည်ဆိုသည့် သဘောမျိုးပါလား။

ကံကြီးမောင်က ဆင်းရဲနွမ်းပါးသည့်ကောင် ဖြစ်ပေမဲ့ ရှင်ကြည်နူးကို သူဌေးသမီးမို့ဆိုပြီး ပိုင်းလုံးဆန်ဆန် ချစ်ခဲ့တာ မဟုတ်ပေလို့သာ။ တကယ်လို့များ သူ့သမီးကို ချစ်တာဟာ သူ့ဆီက အထောက်အပံ့ကို မျှော်ကိုးလို့သာ ဖြစ်လျှင်တော့ အတော် စိတ်ဓာတ်ကျမည်။





ကံကြီးမောင်ကတော့ 'ဦးကျော်ဇော်ထိုက်' ဆိုသည့် လူကြီးရဲ့ သမီးကို ယူခြင်းဖြင့် သူ့ရဲ့ စည်းစိမ်ပုံပေါ် အငြိမ့်သား တက်ထိုင်စားသောက်ခွင့် ရလိမ့်မည်လို့ ဘယ်တုန်းကမှ မျှော်လင့် မထားခဲ့တာပါ။

ထို့အတူပဲ ဦးကျော်ဇော်ထိုက်ရဲ့ သမီးကို ယူလျှင် အိမ်တစ်ဆောင် မီးတပြောင်နဲ့ တခမ်းတနား ထားရမည်လို့လည်း ကြိုတွေးထားတာမျိုးလည်း သူ့မှာ မရှိပါ။ သူ လက်ဝဝပ်လိုက်သည့် မိန်းကလေးဟာ သူနေသည့် အိမ်မှာနေ၊ သူစားသည့် အစားမျိုးစား၊ သူ ရှာဖွေလို့ရသည့်ငွေကို သုံးစွဲ၊ ဒါပဲပေါ့။

ဦးကျော်ဇော်ထိုက် အနေနဲ့ သူ့သမီးကို ဆင်းတောင့် ဆင်းရဲနေရတာမျိုး မကြည့်ချင်လျှင် လိုအပ်မည့် ထင်တာကို သူပဲ ဖြည့်ဆည်းပေးပေါ့။ အဲဒီလိုမှ မဟုတ်ရင်လည်း သူများ ထားသလိုပဲ နေခွင့်ပေးရမည်။

ဒီလူကြီး လုပ်ပုံက သူ့ဘက်ကရော့စည်း အထောက် အကူမပေး၊ သူ့သမီးကို ယူလျှင်လည်း သူထားသလို အကောင်း စားကြီး ထားရမည် ဆိုတာကတော့ တရားလွန်ရာ[illegible]ရောက်သည်။

"ကျွန်တော်က မချမ်းသာပါဘူး၊ ကြီးပွားမဲ့ [illegible] ငန်း တစ်ခုမှလည်း မရှိဘူး၊ ဒါကို နူးနူးက [illegible] ကျွန်တော့်ကို ယူရင် ဘယ်လိုဘဝမျိုးမှာ [illegible]ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နူးနူး သိတယ်၊ သိရက်နဲ့ ကျွန်တော့်ကို လက်ခံခဲ့တာဟာ ကျွန်တော့် ဘဝထဲမှာ နေနိုင်တယ်လို့ သူ ဆုံးဖြတ်လို့ ပေါ့”

“ဒါကတော့ လူငယ်ပီပီ စိတ်ကစားတဲ့ အချိန်မှာ အမှားအမှန်၊ ရှေ့ရေး နောက်ရေးကို ဘာမှ သေသေချာချာ မတွေးမိဘဲ ဆုံးဖြတ်လိုက်မိတာပေါ့ကွ၊ ဒါကို မင်းက အလှုင့်အရေး မယူသင့်ဘူး၊ သမီးက နေနိုင်ရင်တောင် မင်းက မထားရက်သင့်ဘူး”

မြတ်စွာဘုရား။ ကိုယ့်ချစ်သူကို ကိုယ့်ရှိတဲ့အတိုင်း အတာထက် အဆမတန် မြင့်မားစွာ မထားနိုင်တာနဲ့ဘဲ ရာဇဝတ် ဖြစ်မှုကြီး သင့်ရတော့မလို ဖြစ်နေပါရောလား။

“ကျွန်တော် ဒီလောက်ပဲ ထားနိုင်လို့ ထားတာပဲ ခင်ဗျာ၊ ကျွန်တော် ရှိတာတွေကို ဖွက်ထားပြီး သူ့ကို တမင် နှိပ်စက်နေတာ ဘာမှ မဟုတ်တာ၊ နောက်ပြီး ကျွန်တော့်မှာ မရှိတာတွေကိုလည်း အရှိထင်အောင် ဘာမှ လိမ်ညာခဲ့တာ မဟုတ်ပါဘူး၊ အဲဒီအတွက် ကျွန်တော့်မှာ အပြစ်မရှိဘူး ထင်ပါတယ်”

“မင်းကတော့ ဒီလိုပဲ ခပ်ပေါ့ပေါ့ တွေးမှာပေါ့ကွ၊ ဒါပေမဲ့ ယောက်ျားတစ်ယောက်ဟာ ကိုယ့်မိန်းမလေးကို တကယ်





တန်ဖိုးထားတယ်ဆိုရင် သူ့ရဲ့ လက်ရှိဘဝထက် မနိမ့်အောင် ထားနိုင်ဖို့ ကြိုးစားရမယ်ကွ”

“ဒါကတော့ လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်တာဘဲ ခင်ဗျာ”

“အဲဒါ မင်းရဲ့ ညံ့ဖျင်းမှုပေါ့ကွ၊ လောလောဆယ် မဖြစ်နိုင်ရင်တောင် တစ်နေ့ ဖြစ်ရမယ်လို့ ဆုံးဖြတ်ချက် ရှိရမယ်၊ နောက်ဆုံးကွာ သမီးကို ဦးထားသလို မထားနိုင်ရင်တောင်မှ သိပ်မကွာခြားတဲ့ အဆင့်အတန်းတစ်ခုမှာ ထားနိုင်အောင်တော့ ကြိုးစားရမယ်၊ အဲ ... ဦးဘက်က ဘာတွေ ပံ့ပိုးပြီး ဘယ်လို အကျိုးအမြတ်တွေ ခံစားရမလဲ ဆိုတာမျိုးကို ထည့်တွေးမထားရင်ပေါ့လေ”

ဒါတော့ ဦးကျော်ဇော်ထိုက်က သူ့ကို စော်ကားလိုက်တာပဲ။

ကံကြီးမောင်ဟာ (ဘုရားစူးရစေ့) ဒီလူကြီးရဲ့ စည်းစိမ်ချမ်းသာတွေကို တစ်ခါမှ ထည့်မတွေးဘူးပါ။ သူ့သမီးကို ယူရင် သူ့အဖေရဲ့ ပိုင်ဆိုင်မှုတွေကို ချောင်ချောင်လေးနဲ့ စံစားရမှာပဲလို့လည်း ဘယ်တုန်းကမှ မတွေးဘူးပါ။

ရွှင်ကြည်နူးနဲ့ သူ့ကို ဦးကျော်ဇော်ထိုက်က ဘယ်လိုမှ သဘောတူမှာ မဟုတ်တာ သေချာနေတာမို့ တကယ်လို့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဖွတ်လက်ထပ်ဖြစ်လျှင်လည်း ဦးကျော်ဇော်ထိုက်ဘက်က တုံ့ပြန်မှုဟာ အတင်းအဓမ္မ လိုက်ခဲ့ခြင်း၊ ဒါမှမဟုတ် အရွေပြတ်စွန့်လွှတ်ခြင်း ဆိုတာမျိုးသာဖြစ်မှာ။ အဲဒီအတွက် ဦးကျော်ဇော်ထိုက်ရဲ့ ဥစ္စာပစ္စည်းတွေကို သူ ဘယ်လိုမှ မျှော်လင့်ခွင့် မရှိဘူးဆိုတာ ကံကြီးမောင်က သိနေပြီးသားပါ။

"နှုးနှုးနဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကမ္ဘာမှာ ကျွန်တော်တို့နှစ်ယောက်ပဲ ရှိပါတယ်၊ တခြား ဘယ်သူ့ကိုမှ ထည့်တွက် မျှော်လင့်မထားပါဘူး"

သူ့ကို ထည့်မတွက်ဘူးဆိုသဖြင့် ဦးကျော်ဇော်ထိုက်က အနည်းငယ်တော့ အခံရခက်သွားပုံရသည်။ သို့သော် ချက်ချင်းပဲ မျက်နှာကို ပြင်ကာ ...

"ကောင်းပြီ၊ ဒါဖြင့် မင်းက မင်းရဲ့ ကိုယ်ပိုင်ခွန်အားနဲ့ သမီးကို စောင့်ရှောက်မယ်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါဖြင့် ဘယ်လို စောင့်ရှောက်မှာလဲ၊ ဘယ်အတိုင်းအတာ လုံခြုံအောင် စောင့်ရှောက်မှာလဲ၊ စိတ်ကူးယဉ်ကို ပြောတာ မဟုတ်ဘူးနော်၊ တကယ် လက်တွေ့ကို ပြောနေတာ ဦးသမီးလေးဟာ ရှုံ့တစ်စက်မစင်၊ ခြင်တစ်ကောင်အကိုက် မခံရဖူးဘဲနဲ့ ဒီအရွယ်အထိ နေလာခဲ့ရတာနော်"





"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ဦး၊ ဦးလို ကျွန်တော်က မချမ်းသာဘူး၊ အခြေအရံ မရှိဘူး၊ အဲဒီအတွက် နှုးနှုးကို ကိုယ်ချမ်းသာမှု အပြည့်အဝ မပေးနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော် တတ်နိုင်သလောက် စိတ်ချမ်းသာမှု ပေးမယ်၊ ဒါဆို လုံလောက်ပြီလို့ ထင်ပါတယ်"

"ဒီလောက်နဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝက လုံလောက်ပြည့်စုံမသွားနိုင်ဘူးကွ၊ စိတ်ချမ်းသာမှု ဆိုတာကလည်း ကိုယ်ချမ်းသာမှုနဲ့ တွဲမှ တာရှည်ခံတာ၊ မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတော့မယ်ဆိုရင် အရေးအကြီးဆုံး လိုအပ်ချက်က ဘဝအာမခံချက် ရှိဖို့ပဲ"

"ရှင်းရှင်းပဲ ပြောလိုက်ပါတော့ ဦးရယ်၊ ဦးတို့က ချမ်းသာလို့ ကျွန်တော်က ဆင်းရဲလို့ အဆင့်အတန်းချင်း မတူဘူး သဘောမတူနိုင်ပါဘူး ဆိုတာကို"

"မဟုတ်ဘူးကွ၊ ဦးက ဒီလောက်မတရား မလုပ်ပါဘူး၊ တရားမျှမျှတတပေါ့၊ မင်းနဲ့ ဦးနဲ့ အပေးအယူတစ်ခု လုပ်ကြရင် ကောင်းမလားလို့"

ကံကြီးမောင်က စိတ်ထဲက ကျိတ်ပြုံးလိုက်မိပါသည်။ တရားမျှတသတဲ့။ အကြောင်းမသိရင် ခက်မည်။ ဒီလို လူစားမျိုးကလား သူ့လို ဘာမဟုတ်သည့်ကောင်ပေါ် တရားမျှတနိုင်မှာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးကျော်ဇော်ထိုက်ဟာ အတင်းအဓမ္မ ပိတ်ပင်တားဆီးသည့် နည်းအားဖြင့် သူတို့နှစ်ယောက်ကို ခွဲလို့ မရမှန်း သိနေတာမို့ သူ့ကိုတားဆီးဖို့နည်းလမ်း ရှာတာပဲ ဖြစ်ရ မည်။

ဘာပဲဖြစ်ဖြစ် ကံကြီးမောင်ကလည်း ကိုယ့်ကို အထင်သေးချင်သော ဒီလူကြီးကို အကြောင်းပြချင်ပါသည်။ နုံးနုံးကို တကယ်ချစ်လို့ ပိုင်ဆိုင်ခွင့်ရချင်တာအပြင် ဒီလူကြီးကို မုန်းကိုမုန်းလို့ ပညာပြချင်တာလည်း ပါသည်။

"ကောင်းပြီလေ၊ ဦးရဲ့ အပေးအယူကို ပြောပါဦး"

"မင်းနဲ့ သမီးကိစ္စကို ဦး ကန့်ကွက်တားဆီးလို့ ရတယ် မိဘရဲ့ အာဏာရော၊ ကျော်ဇော်ထိုက် ဆိုတဲ့ လူရဲ့ အခွင့် အာဏာနဲ့ရော ဘာမဆို လုပ်လို့ရတယ်၊ ဒါပေမဲ့ ဦး သဘောထားကြီးပါတယ်၊ နားလည်မှုလည်း ရှိတယ် မင်းတို့ကိစ္စကို မကန့်ကွက်ဘူး၊ သဘောတူပေးမယ်"

"အဲဒီအတွက် ကျွန်တော်က ဘာပြန်ပေးရမှာလဲ"

"မင်းဘက်က သမီးကို ဦး စိတ်တိုင်းကျ ထားနိုင်ပါတယ် သက်သေပြရမယ်"

"ဘယ်လို သက်သေပြရမှာလဲ ခင်ဗျာ"





"သမီးအတွက် စိတ်ချလုံခြုံတဲ့ အခြေအနေတစ်ခု ဖန်တီး ပေးရမယ်၊ ဆိုလိုတာကကွာ အတိုင်းအတာ တစ်ခုအထိ တင့်တောင့်တင့်တယ် ထားနိုင်မဲ့ ငွေကြေးပမာဏနဲ့ တင် တောင်းရမယ်၊ ဘယ်လိုလဲ"

တွေ့လား။ နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာတော့တာပဲ။ ဦးကျော်ဇော်ထိုက်လိုလူဟာ ငွေမပါဘဲ စကားမပြောတတ်ပါဘူး။

"ကျွန်တော် ဘယ်လောက်များ တင်တောင်းရမှာပါလဲ"

ဦးကျော်ဇော်ထိုက်က ခဏငြိမ်သက်ကာ စဉ်းစား သလို လုပ်နေသည်။ နောက်မှ ကြောက်စရာကောင်းလောက်အောင် အေးစက်သော လေသံဖြင့် ...

"သိန်းငါးရာ"

မြတ်စွာဘုရား။ ဒီလူကြီး တယ်ရက်စက်ပါလား။

သူတို့လို လူတစ်ယောက်ရဲ့ ပါးစပ်ကတော့ သိန်း ဆယ်ရာ နှစ်ရာ ဆိုတာတွေဟာ အလွယ်တကူ ထမင်းစားရေသောက် ထွက်လာနိုင်သည့် အရေအတွက်ပင်။ အဲ ... ကံကြီးမောင်တို့လို သိန်းငါးရာတောင် လက်ထဲ ပိုင်ပိုင်နိုင်နိုင် ကိုင်ဖို့ မလွယ်ကူသူတွေ အတွက်ကတော့ သိန်းငါးရာဆိုတာ မမျှော်မှန်းနိုင်လောက်အောင် ကျယ်ပြောနက်ရှိုင်းသော သမုဒ္ဒရာကြီးပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားကြားများ လွဲသလား ဦးရယ်၊ သိန်းငါးရာ ဆိုတာ ကျွန်တော်တို့လို လူတွေအတွက် ကြားတောင် မကြားဘူးတဲ့ စကားပါ"

ကိုယ့်အခြေအနေလည်း သူ သိနေပြီးသားမို့ ကံကြီးမောင်က ဟန်လုပ်မနေနိုင်တော့ဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံပစ်လိုက်တော့သည်။

"မင်းပဲ ခုနက သဘောတူထားတယ်လေ၊ ဦးသမီးကို တန်ဖိုးထားပြီး ဦးသဘောကျလောက်တဲ့ အခြေအနေမျိုး ဖန်တီးပေးမယ်ဆို၊ အမှန်တော့ သိန်းငါးရာ ဆိုတာလည်း ဘယ်လောက်မှ ရှိတာတော့ မဟုတ်ဘူးကွ၊ ဦး မိတ်ဆွေတစ်ယောက်ဆို အပေါင်းအသင်းတွေ ဆုံတုန်း အပျော်ဝိုင်းလိုက်တာ သိန်းငါးရာ ခဏလေး ထွက်သွားတာပဲ၊ မင်းကို အဲဒီလောက်ပဲ ရှာခိုင်းတယ် ဆိုတာ မင်းရဲ့ အရည်အချင်း ဘယ်လောက် ရှိသလဲဆိုတာ အကြမ်းဖျင်း သိရုံလောက်ပဲ ခိုင်းလိုက်တာ၊ မတရားကြီး ခိုင်းလိုက်ရင် မင်းအတွက် အချိန်တွေ အဆမတန် ယူနေရမှာစိုးလို့"

ဪ ... ဒီသိန်းငါးရာ ဆိုတာတောင်မှ သူက ကိုယ့်ကို ညှာတာထားတာတဲ့လား။ အဲဒါကိုမှ သူက ဈေးသွားဆစ်နေလျှင် ပွဲပျက်ရုံပဲ ရှိတော့မည်။



ကံကြီးမောင်က မေးကြောတွေ ထောင်ထ,လာသည်အထိ အံကို ကြိတ်ထားလိုက်မိသည်။ ကိုယ့်ကို အထင်သေးသည့် မျက်လုံး၊ လှောင်ပြောင်သရော်သည့် အပြုံးတွေနဲ့ ကြည့်နေသော ဦးကျော်ဇော်ထိုက်ကိုလည်း အစွမ်းရှိသမျှ အာခံသည့် အကြည့်နဲ့ ဘုံပြန်ကြည့်ပစ်လိုက်သည်။

ကဲ ... ဘယ်လို ဆုံးဖြတ်မလဲ။ ကျွန်တော် မတတ်နိုင်ပါဘူးလို့ ကိုယ့်ရဲ့မာနကို ချခင်းကာ ဝန်ခံပြီး ချစ်သူလေးကို အပြီးတိုင် စွန့်လွှတ်လိုက်ရတော့မလား။

ဟင့်အင်း။ လုံးဝ မဖြစ်နိုင်ပါ။ ချစ်သူလေးကို ဘယ်လိုမှ မစွန့်လွှတ်နိုင်သလို ကိုယ့်ကို နှိမ်ချစော်ကားလာသူ တစ်ယောက်ကိုလည်း ဘယ်လိုမှ ခေါင်းငုံ့လက်ပိုက်ပြီး ကြည့်မနေနိုင်ပါ။

ကိုယ့်မှာ အစွမ်းအစ ရှိတာ မရှိတာ အသာထား၊ တတ်နိုင်သမျှတော့ ခုခံရမည်။ နွံနွံကို ပိုင်ဆိုင်ဖို့၊ အထင်သေးစော်ကားလာသည့်သူကို တန်ပြန်ဖို့ သူ့အသက်ကိုပဲ ရင်းရ ရင်းရ ကြိုးစားပြရတော့မည်။

"ကောင်းပြီလေ၊ ဦးနဲ့ ကျွန်တော် ကြားမှာ ကတိကဝတ် တစ်ခု ရှိသွားပြီလို့ပဲ ထားလိုက်ပါ၊ ဦးခိုင်းတဲ့ ငွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရအောင် ရှာခဲ့မယ်၊ အဲဒီအခါကျမှ ကတိမပျက်ပါစေနဲ့”

“စိတ်ချ မောင်ရင်၊ ကျော်ဇော်ထိုက်က ကတိတည်တဲ့သူပါ၊ အဲ ... တစ်ခုတော့ ရှိတယ်နော်၊ မင်း ရှာလာတဲ့ငွေဟာ သန့်ရှင်းပါစေ၊ သမာအာဇီဝ ဖြစ်ပါစေ”

“အထူးပြောစရာ မလိုပါဘူး ခင်ဗျာ၊ ဒီလောက်တော့ ကျွန်တော်လည်း သိပြီးသားပါ”





ပထမဆုံး သူ လုပ်ရသည့် အလုပ်မှာ သူ့ခြံကို ရောင်းဖို့ ကြိုးစားရခြင်းဖြစ်သည်။

သူ့ခြံလေးကို ရှင်ကြည်နူးက အင်မတန် ချစ်ခင်တော်မောသော်လည်း ကံကြီးမောင်က ဘယ်လိုမှ မတတ်နိုင်ပါ။ သူ ကိုယ်တိုင်သည်လည်း မိဘရဲ့ တစ်ခုတည်းသော အမွေမို့ တွယ်တာနေတာပါပဲ။ ဒါပေမဲ့ သူ့အတွက် သွားစရိတ်၊ စားစရိတ်က ရှိသေးသည်။ သူ ဒီက ထွက်ခွာသွားချိန်မှာ ဒီခြံကို ပိုင်ရှင်မဲ့အဖြစ်နဲ့ စိတ်မချ လက်မချ ထားခဲ့ရမည့်အစား ရောင်းသွားလိုက်တာကမှ စိတ်လည်းပြတ်၊ သူလည်း ငွေသုံးရသေးသည်။

သူ့လိုပင် တန်ဖိုးသိပ်မရှိသော သူ့ရဲ့ ခြံလေး ရောင်းရငွေဟာ မပြောပလောက်ပါ။ မြို့စွန်မြို့ဖျား နွံ့တောဗွက်သောထဲက မြေကွက်မို့ ဒီလောက်မြန်မြန်ဆန်ဆန်နဲ့ ရောင်းထွက်သာကိုတောင်မှ ကျေးဇူးတင်ရဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



ခြံလေးရောင်းပြီးသည့်နောက် ခြံဖိုးငွေရယ်၊ ရှိစုမဲ့စု အဝတ်အစား အသုံးအဆောင်လေးတွေရယ်၊ စုထည့်ထားသည့် လက်ဆွဲအိတ်တစ်လုံးနဲ့ ကျောပိုးအိတ် တစ်လုံးရယ်ကို ဆွဲလျက် ကံကြီးမောင်က ယောင်ချာချာနဲ့ ခရီးစဖို့ ပြင်ရသည်။

တကယ်တမ်းမှာတော့ စိတ်လောလောနဲ့သာ ဘုရင့်နောင် ဖောင်ဖျက်ခရီးကို စတင်ဖို့ ပြင်ရသည်။ သူ့မှာ ဘာစိတ်ကူးမှ သေသေချာချာ ရှိသေးတာ မဟုတ်ပါ။ ဘယ်ကို သွားရမလဲ။ ဘာလုပ်ရမလဲ။ ငွေသိန်းငါးရာကို ရှာဖို့နေနေသာသာ သူ့မှာ အခြေခံ မေးခွန်းတွေအတွက်တောင်မှ ဖြေစရာအဖြေ မရှိပါ။

ငွေဆိုတာ ရှိပြီးသားလူ ပိုင်ဆိုင်ပြီးသား လူတွေအတွက်သာ ထပ်ကာ ထပ်ကာ ရှာဖွေဖို့ လွယ်တာ။ တစ်ခါမှ မရှိဖူးသည့် လူတွေအတွက်ကျတော့ ရှာဖွေဖို့လမ်းစလေးတောင် မမြင်။ ငွေတွင်းနက်တယ် ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။

ထီဆိုင်ကြော်ငြာထဲကလို နေ့ချင်းညချင်း ကားကောင်းကြီးစီး၊ တိုက်အကြီးကြီးမှာ တက်နေ၊ လက်ထဲမှာ ငွေအထပ်လိုက် ကိုင်နိုင်သည့် ဘဝမျိုးရောက်သွားလျှင် ဘယ်လောက်ကောင်းမလဲ။

ခက်တာက ကံကြီးမောင် ဆိုတာကလည်း နာမည်မှာသာ 'ကံ'ပါတာ။ လူက ကံကို လုံးဝယုံကြည်သူ မဟုတ်။



တ်ပြီး သူလိုလူမျိုးမှာ ကံကောင်းခြင်းဆိုတာလည်း ဘယ်တော့မှ နိုင်ဟု ယူဆထားတာ။

အပေါင်းအသင်း အသိုင်းအဝိုင်းလည်း နည်းသော ကြီးမောင်မှာ ကူညီမည့်သူ မပြောနဲ့ ဘယ်သွားပြီး ဘာလုပ်လျှင် မ်းသာနိုင်သည်ကို လမ်းပြပေးမည့်သူတောင် မရှိပါ။

နောက်ဆုံးတော့ ကြားဖူးနားဝရှိထားသလို မိုးကုတ်သွား ကျောက်တူးလျှင် ချမ်းသာနိုင်သည်ဆိုသည့် မျှော်လင့်ချက် နှင့် ကံကြီးမောင်က မိုးကုတ်သို့ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သစ္စာပန်းတွေတော့၊ လှလိုက်တာ၊ အပြန်ကျ ဒီဘူတာရောက်ရင် ဝယ်သွားကြရအောင်နော်"

ဘေးခုံမှာ ထိုင်လာသည့် စုံတွဲတစ်တွဲမှ အမျိုးသမီးရဲ့ အသံကြောင့် ရထားမထွက်ခင်ကတည်းက အိပ်ငိုက်လာခဲ့သော ကံကြီးမောင်ရဲ့ မျက်လုံးတွေက ပြူးကျယ်သွားရသည်။

သစ္စာပန်းတဲ့ ...။

နှုန်းနှုန်းကလည်း သစ္စာပန်းဆို သိပ်ကြိုက်တတ်တာပဲ လေ။ သူ့ခုံဘေးက အမျိုးသမီးရဲ့ သစ္စာပန်းကြိုက်ပုံမှာ ပန်းရဲ့ လှပသော အပွင့်ပုံစံ၊ ထူထပ်သိပ်သည်းသောအနိုင်ကျအရောင်အဆင်း စတာတွေကို ကြိုက်နှစ်သက်ရုံသက်သက်ပဲဖြစ်မှာ။ သူ့ရဲ့ နှုန်းနှုန်း ကတော့ သစ္စာပန်းကို နာမည်လေးကအစ သိပ်ကြိုက်တာပါတဲ့။

'သစ္စာ' ဆိုတာ တည်ကြည်ခြင်း၊ စွဲမြဲခြင်း၊ လေးနက်ခြင်း၊ ခိုင်ခံ့ခြင်း၊ ဖြူစင်သန့်ရှင်းခြင်း တို့ရဲ့ အနှစ်ချုပ်ပဲတဲ့။





ကမ္ဘာလောကကြီးတစ်ခုလုံး တည်တံ့ရှင်သန်နေနိုင်တာဟာ သစ္စာတရားကြောင့်ပဲတဲ့။ ဒါကြောင့် သစ္စာတရားကို ကိုယ်စားပြုထားတဲ့ သစ္စာပန်းလေးတွေကို သူမက နှစ်သက်ချစ်ခင်ရတာပါတဲ့။

သူ ပိုင်ဆိုင်သမျှ ပိုက်ဆံနှင့် အဖိုးတန်ပစ္စည်းတွေ ထည့်ထားသည့် ကျောပိုးအိတ်လေးကို ရင်ခွင်မှာ ခပ်တင်းတင်း ပိုက်ထားရင်း ကံကြီးမောင်က နှုန်းနှုန်းကို လှိုက်လှိုက်လှဲလှဲ သတိရနေမိလေသည်။

အကယ်၍ နှုန်းနှုန်းသာ သူဌေးကြီး ဦးကျော်ဇော်ထိုက်ရဲ့သမီး မဟုတ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ သူမဟာ သာမန်လက်လုပ်လက်စား လူတန်းစားက ဆင်းသက်လာသည့် မိန်းကလေးတစ်ယောက်သာ ဖြစ်ခဲ့ရင် အခုလောက်ဆို သူတို့နှစ်ယောက်ဟာ လက်ထပ်ပြီးလို့ သားသမီးတွေတောင် ရလောက်ပြီ။

အခုတော့ သူ ချစ်မိသည့် မိန်းကလေးက မြန်မာပြည်မှာ အချမ်းသာဆုံးစာရင်းဝင်၊ အသိုင်းအဝိုင်း ဂုဏ်မနတောင့်တင်းလှသော သူဌေးကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသော သမီးကလေး ဖြစ်နေခဲ့သည်။ ဒါဟာ သူများတွေ အတွက်တော့ ကံကောင်းခြင်း ဖြစ်ချင်ဖြစ်မည်။ ကံကြီးမောင် အတွက်တော့ ကံဆိုးခြင်း သက်သက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နုံးနုံးကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် သူ့မှာ အဝေးကြီး လွင့်မျောခဲ့ရပြီ။ ရှေ့ဆက် ဘယ်လိုစခန်းသွားရမည် ဆိုတာလည်း မသိ။ အခြေအနေတွေ ဘယ်လိုပြောင်းလွဲကုန်မည် ဆိုတာလည် မသိ။ သူတို့နှစ်ယောက်ရဲ့ အနာဂတ်ဟာလည်း မှုန်တိမှုန်ဝါး ဝေဝေဝါးဝါး နိုင်လွန်းလှတော့တာ။

ပင်ယံထက်က ပွင့်ကြွေလာသော ရွက်ဝါလေးတ ရွက်လိုပဲ သူ့ဘဝက အဆုံးအစမရှိ ဘယ်လောက်ကြာကြာ မျော မျောနေရမှာလဲ မသိ။ ဒီလိုအချိန်မျိုးမှာ သူ ပိုင်ဆိုင်ခွင့် ရှိတ ဆိုလို့ လှပခဲ့သော အတိတ်လေးတွေပဲ ရှိတော့လေသည်။

❖





"တွေ့လား ... တွေ့လား ... ကိုကံကြီးမောင်၊ နုံးနုံးရဲ့ ဓာတ်ပုံက ဆုရတယ်၊ တွေ့လား"

ဂုဏ်ပြုကတ်ပြားလေး တကိုင်ကိုင်နှင့် ခုန်ဆွခုန်ဆွ ဖြစ်နေရှာသော ရွှင်ကြည်နုံးကို ကြည့်လျက် ကံကြီးမောင် ဘာမသိဘာမသိနဲ့ လိုက်ပြီး ပျော်မိလေသည်။

သူ့ဘဝမှာ အပျော်ဆိုတာ မရှိသလောက် ရှားပါး သည်။ မိသားစု ဆွေမျိုးအသိုင်းအဝိုင်းလည်း မရှိ။ အပေါင်းအသင်း လည်း မယ်မယ်ရရမရှိ။ ဘာပိုင်ဆိုင်မှုမှလဲ မရှိ။ ထူးခြားဆန်း သစ်သည့် အတွေ့အကြုံလည်း ဘာမှ မရှိ။ သူလို လူမျိုးဟာ ဘာအကြောင်းကြောင့်များ ပျော်ရွှင်ရဦးမှာတဲ့လဲ။

သူ့ရဲ့ ဘဝထဲကို ရွှင်ကြည်နုံး ရောက်လာခဲ့တာဟာ မှောင်နေသော အခန်းထဲ မာကျူရီမီးချောင်းတစ်ချောင်း ထွန်းညှိ လိုက်သလို ချက်ချင်း လင်းထိန်တောက်ပသွားစေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြည်နူးထံမှာ သူ တစ်ခါမှ မသိဖူးခဲ့သော အထူးအဆန်းတွေ ရှိသည်။ သူ့ပတ်ဝန်းကျင်က လူတွေမှ မြင်ရခဲ့သော စိတ်သဘောထားမျိုး ရှိသည်။ သူတစ်ခါမှ မကြုံဘူး သော အဖြစ်အပျက် အသစ်အဆန်းတွေ ရှိသည်။ အဲဒါတွေကြောင့် ရှင်ကြည်နူးဟာ ကံကြီးမောင်ရဲ့ ဘဝကို နိုးထရှင်သန်စေခဲ့တာ ဖြစ်လေသည်။

"ခင်ဗျား ဆုက ပထမလည်း မဟုတ်ဘူး၊ နှစ်သိမ့်ဆု ကြီး"

"အို ... ဘာဖြစ်လဲ၊ နှစ်သိမ့်ဆုလည်း ဆုပဲ"

သူမရဲ့ ဂုဏ်ပြုမှတ်တမ်းလေးကို ရင်မှာပိုက်ပြီ ကျေနပ်ပျော်ရွှင်နေသော ကောင်မလေးကို ကြည့်ကာ ကံကြီးမော က တစ်ခု မှတ်ချက်ချလိုက်မိသည်။ သူမဟာ ရသမျှနဲ့ ရောင့် တင်းတိမ်တတ်သူလေး။ ဖြစ်ပေါ်လာသည့် အခြေအနေ ကျေနပ်နှစ်သိမ့်မှုကို ရအောင် ယူတတ်သူလေးလို့ပင်။

"ရှင် ဘာသိလို့လဲ၊ ပထမ၊ ဒုတိယ၊ တတိယပေးပြီးသော နှစ်သိမ့်ဆုက သုံးဆုတည်းပေးတာ၊ စုစုပေါင်းမှ ခြောက်ဆု တည်းရှယ်၊ ဝင်ပြိုင်တဲ့လူက နှစ်ဆယ်ကျော်ကျော်မှာ ထ ဆုံးခြောက်ယောက်စာရင်းဝင်တာ မတော်ဘူးလား"

"တော်ပါ့ဗျာ"





"ဟွန်း ... ရှင် ပြောပုံကလည်း အားမရှိလိုက်တာ၊ ကာယကံ ရှင်တောင်မှ ကိုယ့်ဘာသာ ကျေနပ်နေတဲ့ဥစ္စာကို"

"ခင်ဗျားကတော့ အံ့ပါရဲ့၊ သူဌေးသမီးဖြစ်ပြီး လောဘ နည်းလိုက်တာ"

"ဟင် ... ရှင် ပြောပုံကြီးကလည်း သူဌေးသမီးဖြစ်ရင် လောဘကြီးရတော့မှာလား"

"မပြောတတ်ဘူးလေ၊ ခင်ဗျားတို့ သူဌေးသမီးတွေပဲ ချမ်းသာပြီးရင်း ချမ်းသာချင်နေကြတာ၊ ရပြီးရင်းရချင်နေကြတာ မဟုတ်လား၊ ခင်ဗျားတို့ပဲ လောဘကြီးကြတာပေါ့"

"လောဘဆိုတာ ကြီးချင်တဲ့လူကြီးမှာပဲ၊ သေးချင်တဲ့လူ သေးမှာပဲ၊ ဆင်းရဲချမ်းသာ မခွဲပါဘူး"

"ဟုတ်တော့ဟုတ်မှာပါလေ၊ ခင်ဗျားကြည့်ရတာ အားလုံးနဲ့ ဆန့်ကျင်ဘက်ပဲ၊ ခင်ဗျားကြောင့် လောကကြီး ဖောက်ထိုး မိုးမျှော်ဖြစ်မှာ"

"ရှင်"

"ဟုတ်တယ် ... ခင်ဗျားက စိတ်သဘောထား သိပ်ကောင်းတယ်လေ၊ လောဘနည်းတယ်၊ အဆင့်အတန်း မခွဲခြားတတ်ဘူး၊ မာနမရှိဘူး၊ တကယ်ပဲ သူဌေးသမီးနဲ့ကို မတူတာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြည့်ရတာ သူဌေးတွေဆိုရင် အမြင်ဆိုး ရှိနေတ
တူတယ်၊ ဒီလိုတော့ မဟုတ်ပါဘူး၊ လူတွေကို ကောင်း
ဆိုးတာ ခွဲချင်ရင် သူတို့ရဲ့ စိတ်သဘောထားနဲ့ပဲ ဆုံး
လို့မရပါဘူး"

"ဟုတ်ပါပြီဗျာ၊ လက်ခံပါပြီ၊ ခင်ဗျားတစ်ယောက်တည်
လက်ခံရဖို့ ဖြစ်လာပါပြီ"

"ဒါဆို ရှင်နဲ့ ကျွန်မ သူငယ်ချင်းတော်မလား"

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့"

"ဒါဖြင့်ရင် ရှင်နဲ့ကျွန်မ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအ
အနေနဲ့ လက်ဆောင်လဲရအောင်"

"လက်ဆောင်၊ ကျွန်တော့်မှာ ပေးစရာလက်ဆောင်ဆို
ပန်းတွေပဲ ရှိတယ်"

"အဲဒါဆိုလည်း ရှိတာပဲပေးပေါ့၊ ဒီပန်းတွေက ရှင့်လ
ရှင့်ခွန်အားနဲ့ စိုက်ထားတာ မဟုတ်လား၊ ပိုပြီးတော့တော
တန်ဖိုးရှိသေးတယ်၊ ကျွန်မကလည်း တန်ဖိုးမရှိပေမဲ့ ကျွ
ခွန်အားနဲ့ ရထားတဲ့ ပစ္စည်းကိုပဲ ပြန်ပြီး လက်ဆောင်
မယ်နော်"

"သိပြီ၊ ခင်ဗျားပေးမှာ ဒီဂုဏ်ပြုကတ်ပြားလေးမဟု
လား"





"သိပ်ဟုတ်တာပေါ့၊ နုံးနုံး ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဓာတ်ပုံ
တွေရယ်၊ ဖြိုင်ပွဲကရတဲ့ ဆုတွေရယ်ပဲ ရှိတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ အဖိုးတန်မှ အမှတ်တရ ဖြစ်တာ
မဟုတ်ပါဘူး၊ ကိုယ့်ခွန်အားနဲ့ ရထားတဲ့ ပစ္စည်းဖြစ်ရင်
ပိုပြီးတော့တောင် တန်ဖိုးရှိပါသေးတယ်"

"ဒါဖြင့် ဒီကတ်ပြားလေးကို ရှင် ကောင်းကောင်းသိမ်းထား
နော်၊ နုံးနုံးကိုတော့ သစ္စာပန်းအဖြူလေး တစ်ပွင့်တည်းပဲ
ပြန်ပေး"

"သိပါ့ဗျာ၊ ခင်ဗျားအကြောင်းတော့ ကောင်းကောင်းသိနေ
ပါပြီ"

"သိရမယ်လေ၊ နုံးနုံးက သစ္စာမရှိတဲ့ လူတွေဆို သိပ်မုန်း
တာ၊ လူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ လိမ်ညာနေ
ကြမယ်၊ သစ္စာဖောက်ဖျက်နေကြမယ်ဆိုရင် ဒီလောကကြီး
က ဘယ်လိုလုပ်ပြီး နေဖို့ကောင်းတော့မလဲ"

လာပါပြီ။ သူမရဲ့ သစ္စာဒဿနတွေ။ ရွှင်ကြည်နုံးနဲ့
တောင်ရင်းနီးခဲ့သည့် နေ့ကစပြီး ကြားလိုက်ရသမျှမှာ သစ္စာတရား
အကြောင်းတွေချည်း။

တစ်ခါတစ်ခါတော့ ရွှင်ကြည်နုံးရဲ့ အတွေးအခေါ်
တွေဟာ သိပ်ကို စည်းကမ်း တင်းကျပ်လွန်းအား ကြီးနေပါ



www.burmeseclassic.com

www.burmeseclassic.com



ဆည်။ ဒါဟာ သူမ ဘဝမှာ ဘာကိုမဆို အလိုရှိတိုင်း ရနေ
လို့ပဲ။

လိုချင်တာ တစ်ခုရဖို့ ပင်ပန်းကြီးစွာ ကြိုးစား
တွေအတွက်ကျတော့ လောကကြီးကို အလှဆင်နေဖို့အချိန်မ
ကိုယ့်ဘဝ ရှင်သန်ရပ်တည်ရေးအတွက် အမြီးကျက်လည်း အ
စားရမှာပဲ၊ ခေါင်းကျက်လည်း ခေါင်းစားရမှာပဲ။ ဟိုကွေ့လ
ဟိုတက်နဲ့လှော်ရမှာပဲ၊ ဒီကွေ့လည်း ဒီတက်နဲ့ လှော်ရမှာ

ဒါတွေကို သစ္စာရှင်မလေးကို ပြောပြနေလို့
မဖြစ်ပေ။ အခုမှ ပူပူနွေးနွေး တော်ထားရသည့် သူငယ်ချင်းမ
ဟာ ကိုယ့်စကား အမှားတစ်ခွန်းကြောင့် ကိုယ့်အပေါ် အခင်အ
ပျက်သွားမှာမျိုးကိုတော့ အဖြစ်ခံလို့ မရချေ။

"နှုးနှုး သဘောကျမယ်ဆိုရင် ကျွန်တော့်ခြံထဲက ပန်း
ကြိုက်သလောက်လာခူးလေ၊ သူငယ်ချင်းအရင်းကြီးဆို
အလကားပေးပါ့မယ်"

"တကယ်လား၊ ဝေး ... ရှင်နဲ့ သူငယ်ချင်းဖြစ်ရတာ
သွားပြီ၊ အရမ်းကျေးဇူးတင်တာပဲ"

လက်ခုပ်လက်ဝါးတီးကာ ပျော်နေသည့် ရှင်ကြည်
ရဲ့ မှုံစံလေးဟာ ဘယ်လောက် လွတ်လပ်ပေါ့ပါးပြီး ချစ်စရာကေ
လိုက်သလဲ။





ထိုအချိန် တစ်ထိုင်တည်းနှဲ့ပင် ရှင်ကြည်နူးကို
ကြီးမောင်က တမြတ်တနိုး ချစ်သွားမိခဲ့တာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား ... ရှင်က နူးနူးကို ချစ်တယ် ဟုတ်လား"

မျက်လုံးပြူးမျက်ဆံပြူးနဲ့ အထိတ်တလန့်၊ တအံ့တသြဖြစ်နေသော ရွှင်ကြည်နူးရေ့မှာ ကံကြီးမောင်က မျက်နှာမထားတတ်တော့ချေ။

ဒီစကားတစ်ခွန်းကို ပြောဖြစ်ဖို့ သူက အကြိမ်ကြိမ်စဉ်းစားချင့်ချိန်ခဲ့ရတာပါဆိုလျှင် ယုံကြပါမည်လား။

သူငွေးသမီးတစ်ယောက်ကို ရလို့ကတော့ ငါဘဝအဆင်ပြေပြီဆိုသည့် အတွေးမျိုး ယောင်လို့မှတောင် မတွေးခဲ့မိသော ကံကြီးမောင်က ဘာကို အဓိကထားတွေးခဲ့သလဲ ဆိုလျှင် သူ့ဘဝထဲကို နူးနူးတစ်ယောက် သက်သောင့်သက်သာမှ တိုးဝင်နိုင်ပါ့မလား ဆိုတာကိုပင်။

သူ့ခြံထဲမှာ ပျော်ရွှင်ကြည်မွေ့နေတတ်သော နူးနူးကိုကြည့်ပြီး သူမကို ဒီအိမ်ရဲ့ အရှင်သခင်မကလေး နေရာထားလို့





ကြိုးယဉ်မိတာ မှန်သော်လည်း လက်တွေ့မှာ ကိုယ့်ရဲ့ စုတ်ချာလှသော အိမ်ကလေးမှာ သူမ ကြာရှည်နေနိုင်ပါ့မလားလို့ တွေးမိရတာကလည်း တစ်ပိုင်းပင်။

ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲက ခံစားချက်ကို နူးနူးကတော့ နားလည်နိုင်လိမ့်မည်လို့ ကံကြီးမောင်က ယုံကြည်မိသည်။ နူးဟာ ရေလိုကြည်စင်သော မိန်းကလေးမို့ သူမကိုယ်ပေါ်မှာ ဝင်သော ပုံရိပ်တိုင်းဟာလည်း နဂိုမူလအတိုင်းပဲ ရောင်ပြန်ဟပ်ပါလိမ့်မည်လို့ သူက စိတ်ချသေချာထားခဲ့တာပင်။

အခုတော့ နူးနူး သူ့ကို မယုံချင်ဘူးလား။ အနူလက်နဲ့ ထွက်နိုက်သူလို့ အပြစ်တင်တော့မှာလား။

"နူးနူး ကိုယ့်ကို မယုံဘူးလား"

"ဟင် ... ဘာဖြစ်လို့ မယုံရမှာလဲ"

"မသိဘူးလေ၊ နူးနူး ပုံစံက အရမ်းတအံ့တသြ ဖြစ်နေတော့ ကိုယ် ပြောလိုက်တဲ့စကားကို ဘယ်လိုများ အဓိပ္ပာယ်ကောက်သွားသလဲလို့"

"မကောက်ပါဘူး၊ ဒါပေမဲ့ အံ့သြတော့ရော ဘာဖြစ်လဲ၊ နူးနူးနဲ့ ကိုကံကြီးမောင်က သူငယ်ချင်းတွေလို ခင်ကြတာ မဟုတ်ဘူးလား၊ ဘာလို့ စိတ်ပြောင်းသွားရတာလဲ"

"စိတ်က ပြောင်းတာ မဟုတ်ဘူး နဂိုအတိုင်းပဲ၊ နူးနူးနဲ့ သူငယ်ချင်း မဖြစ်ခင်ကတည်းက ကိုယ်က နူးနူးကို ချစ်နေတာ"

ကလေးမလေး မျက်နှာက ရဲရဲတွတ်အောင် နီရွေးသွားရသည်။

အင်းပေါ့လေ။ ဘယ်မိန်းကလေးကများ ယောကျ်ားလေးတစ်ယောက်က သူမကို ချစ်သည့်အကြောင်း မျက်နှာချင်းဆိုင်ပြီး လာပြောတာကို မရှက်ဘဲ နေနိုင်မှာလဲ။

"ဒါဖြင့် ရှင်က နူးနူးကို ခင်တာ အကြံကြီးနဲ့ပေါ့ — ဟုတ်လား"

"အကြံလို့တော့ မသုံးနှုန်းပါနဲ့ကွာ၊ အကြံဆိုတာက မကောင်းတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်၊ ကိုယ် နူးနူးကို သူငယ်ချင်းတော်တာက ခင်ဖို့ကောင်းတဲ့ မိန်းကလေးမို့ ခင်ချင်လို့သတ်သတ်၊ ချစ်တာကလည်း ချစ်ချင်စရာ ကောင်းတဲ့ အရည်အချင်းတွေကြောင့်သတ်သတ်၊ ဘာမှ မဆိုင်ဘူး၊ တကယ်လို့ နူးနူးက ကိုယ့်ကို ပြန်မချစ်လည်း ကိုယ်ကတော့ သူငယ်ချင်းဆက်တော်ချင်နေမှာပဲ"

"တကယ်လား ..."

"ဘာကို မေးတာလဲ"





"နူးနူးက ငြင်းလိုက်ရင်လည်း အခုလို သူငယ်ချင်းအနေအထားက ပျက်မသွားဘူး ဆိုတာလေ"

ကံကြီးမောင်က အနည်းငယ် ဆုတ်ဆိုင်းသွား ဟာ ...

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အခင်အမင် ပျက်စရာ မလိုတော့ဘူးဆိုပြီး စွတ်စွတ်ရွတ်ရွတ်တော့ မငြင်းပစ်လိုက်ပါနဲ့နော်"

မျက်နှာငယ်လေးနဲ့ ပြောနေသော ကံကြီးမောင်ကို နူးနူးက ငေးငေးလေး စိုက်ကြည့်နေရှာပါသည်။

သူမမှာလည်း တွေးစရာတွေ အများကြီးရှိရှာမှာပေါ့။ ပိုင်ဆိုင်ရမည့် ကံကြီးမောင်တောင်မှ လက်လှမ်းဖို့ တွန့်ဆုတ်နေသေးတာ၊ စွန့်လွှတ်ပေးဆပ်ရမည့် ရှင်ကြည်နူး အတွက်ကတော့ လို့တောင် နက်နက်နဲနဲ တွေးသင့်သေးတာပေါ့။

သူတို့နှစ်ယောက်ရဲ့ အခြေအနေနှစ်ခုဟာ ဘာကြောင့်များ ဒီလောက်ထိ ကွာဟခြားနားနေရတာပါလိမ့်။ မိုးနဲ့မြေလို ကွာတယ်ဆိုတာ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာသာ ရှိတယ်ထင်နေတာ။ အခုကျတော့ သူတို့နှစ်ယောက်ဘဝသည်လည်း တကယ် လက်တွေ့ မိုးနဲ့မြေလို ကွာတာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ ... မငြင်းပါနဲ့လို့ တားရင်တော့ ကိုယ်ပဲ တရားမမျှတရာ ရောက်မှာပေါ့၊ ကိုယ်လိုကောင်ကို မစဉ်းစားဘူး ဆိုရင်လည်း နူးနူးကို အပြစ်ပြောဖို့ မရှိပါဘူး။ ကိုယ့်ဘဝက မိန်းကလေးတစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို မခံသင့်တဲ့ ဘဝမျိုးပါ"

"ဘယ်သူက ပြောလို့လဲ"

"ဟင် ... ဘာကိုလဲ"

"ကိုကြီးမောင်ဟာ မိန်းကလေးတစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို မခံသင့်ဘူးလို့ ဘယ်သူက ပြောလို့လဲ"

"မဟုတ်လို့လား၊ အခုပဲ နူးနူးက ငြင်းပြီလေ"

"ဘယ်မှာ ငြင်းသေးလို့လဲ"

"ဟင် ... မငြင်းဘူးလား၊ ဒါဖြင့် ကိုယ့်ကို လက်ခံမှာလားဟင်"

အငိုက်ဖမ်းကာ မေးလိုက်တော့ ရှင်ကြည်နူး ခမျာ ပါးစပ်အဟသားလေးနဲ့ ဘာပြန်ဖြေရမှန်း မသိတော့ရှာ။

"ပြောလေ နူးနူးရဲ့၊ ကိုယ်ဟာ မိန်းကလေးတစ်ယောက်ရဲ့ ရွေးချယ်လက်ခံခြင်းကို ခံသင့်ခံထိုက်တဲ့ သူလားလို့"

နူးနူးက တော်တော်နဲ့ ပြန်မဖြေ။ အချိန်အကြာကြီး ခေါင်းငုံ့ထားပြီးတော့မှ ...





"အင်း"

"နူးနူး ... အဲဒါ ကိုယ့်ကို အဖြေပေးတာလားဟင်"

ရှည်ကြည်နူးက ဘာမှ ပြန်မပြောဘဲ ငြိမ်နေတာမို့ ကိုကြီးမောင်က အနည်းငယ် ရဲတင်းလာကာ သူမရဲ့ မေးဖျားလေးကို လက်ညှိုးနဲ့ အသာတို့ထိ ပင့်မော့စေလျက် ...

"ပြောလေ ... ကိုယ် ကြားချင်လွန်းလို့ပါကွာ၊ ဒီနေ့ ကြားရမှကို ဖြစ်မှာ၊ မဟုတ်ရင် ကိုယ် စားလို့လည်း ဝင်မှာ မဟုတ်ဘူး၊ အိပ်လို့လည်း ပျော်မှာမဟုတ်တော့ဘူး"

"ဖြေပြီးပြီပဲ"

"အဲလို ပစ်စလက်ခတ် မဖြေနဲ့လေ၊ ဒါ တစ်သက်လုံးအတွက် အရေးကြီးတဲ့စကား၊ သေသေချာချာ တိတိကျကျ ဖြေမှပေါ့"

"စဉ်းစားချိန်တောင် မပေးတော့ဘူးလား"

"မပေးဘူး၊ စဉ်းစားပြီးမှ ဖြေတယ်ဆိုတာ ရင်ထဲက ခံစားချက် အစစ်အမှန်မှ မဟုတ်တာ၊ ကိုယ့်ကို ငြင်းချင်ငြင်း၊ လက်ခံချင်လက်ခံ၊ နူးနူး ရင်ထဲက တကယ့်အစစ်အမှန်အဖြေကိုပဲ လိုချင်တာ"

"နူးနူး ဘယ်လိုပြောရမှာလဲ၊ ခုနက ဖြေပြီးတာ မရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မှ သေချာမကြားလိုက်တာ"

"ညစ်တာ"

"ညစ်တော့ ဘာဖြစ်လဲ ကြားချင်လို့ပဲဟာ"

ရွှင်ကြည်နူးက ချစ်စဖွယ် မျက်စောင်းလေး ထိုးလေသည်။ ကဲ ... ဒီမျက်စောင်းလေးမြင်ရင် ဘယ်အတောင်နှစ်ဆယ်ဝတ် ယောက်ျားသားကများ အဖြေကို မသိဘဲ ရှိတော့မလဲ။

"ကိုကံကြီးမောင်ကို နူးနူး လက်ခံပါတယ်"

"နားမလည်ဘူးကွာ၊ လက်ခံတယ်ဆိုတာ ဘာလဲ၊ ဘာကို လက်ခံတာလဲ၊ ရှင်းအောင်ပြော"

"ကိုကံကြီးမောင်ရဲ့ အချစ်ကို လက်ခံပါတယ်လို့ ပြောတာ၊ သွားကွာ၊ သိပ်ရှက်စရာ ကောင်းတာပဲ"

နူးနူးက ရှက်ရှက်နှင့် ကံကြီးမောင်ကို ပိတ်တွန်းပစ်လိုက်သည်။

ဟန်ဆောင်ပန်ဆောင် တွန်းတာမျိုး မဟုတ်ဘဲ ရှက်ရှက်နဲ့ တကယ်အားစိုက်တွန်းပစ်လိုက်တာမျိုး ဖြစ်ပေရာ ကံကြီးမောင်မှာ ထိုင်နေရာကနေ မြေကြီးပေါ် လွင့်ခနဲတောင် ပစ်ကျသွားရသည်။





ဒါပေမဲ့ မနာပါ။ ဘာလို့ နာရမှာတဲ့လဲ။ ကိုယ့်ကို တွန်းလိုက်သူက ပူပူနွေးနွေး ကိုယ့်ချစ်သူလေးပဲလေ။ ချစ်သူအတွက် အနာခံရမည်ဆိုလျှင်တော့ ဒီထက်မက အနာခံပေးလိုက်နိုင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ကိုရောက်လျှင် စားသောက်ဆိုင်တစ်ခုမှာ ခဏနားရင်း ကံကြီးမောင်က တစ်နေ့ကုန် ဘာမှ မစားဖြစ်သော ဗိုက်ကို ဖြည့်လိုက်ပါသည်။

ကိုယ် မကျွမ်းကျင်သော ဒေသမို့ အလျင်စလို လျှောက်မသွားဘဲ နည်းနည်းပါးပါး စနည်းနာရဦးမည်။

သူ့အဖြစ်က ရယ်စရာတော့ကောင်းသား။ ကိုယ်တစ်ခါမှ မရောက်ဖူးသည့် အရပ်ဒေသတစ်ခုကို ရည်ရွယ်ချက်လည်း မပယ်မယ်ရရ မရှိဘဲ ရောက်ချလာရတာဟာ အဓိပ္ပာယ်မဲ့လွန်းလှသည်။

ဟာ ... မဟုတ်ဘူး။ မဟုတ်သေးဘူး။ အဓိပ္ပာယ်မဲ့တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ သူ့မှာ အဓိပ္ပာယ်အပြည့်အဝရှိသည်။





ချစ်သူလေးကို ပိုင်ဆိုင်ဖို့။ ငွေကြေးစကား သိပ်ပြောလွန်းသည့် ယောက္ခမလောင်းကြီးကို သူ တောင်းသည့်ငွေတွေနဲ့ ပိတ်ဆို့ပြီး ကိုယ့်ချစ်သူလေးကို အပြီးအပိုင် ရယူနိုင်ဖို့အတွက် ဒီခရီးကို ထွက်လာခဲ့ရတာ။ ဒီထက်အဓိပ္ပာယ် ပြည့်ဝတာ ရှိပါဦးတော့မလား။

ခက်နေတာက ဘယ်ကိုသွားလို့ ဘာစ,လုပ်ရမှန်း မသိခြင်းပင်။

စေ့စေ့တွေးကြည့်တော့ သူ့ဘဝဟာ ဘယ်လောက်များ အားကိုးရာမဲ့ လိုက်သလဲ။ သိန်းငါးရာဆိုသည့် ငွေကြေးကို ပြောနဲ့၊ ငွေငါးရာတောင် ဘယ်ကစ,ရှာရမှန်း မသိလောက်အောင် ရေမရာနိုင်လှသည့် ဘဝကြီးမှာ ကိုယ်နဲ့ မရင်းနှီးသည့် သူစိမ်းတရံစာ နယ်မြေတစ်ခုထဲ သူ ဘယ်လို ရှင်သန်ရပ်တည်ရပါ့မလဲ။

ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြစ်ချင်ရာဖြစ် ထွက်လာခဲ့တာ ဖြစ်သော်လည်း အခုကျတော့ တစ်ရပ်တစ်ရွာမှာ မျက်စိသူငယ်လေးနဲ့၊ ကံကြီးမောင်ဟာ တုံးတိုက်တိုက် ကျားကိုက်ကိုက် ခိုက်ရဲတေရဲသော လူဆိုးတစ်ယောက် ဖြစ်တာ မှန်ပေမဲ့ မိုးကုတ်ဆိုတာ သူ့နယ်မြေ မဟုတ်ဘူးလေ။ ဒီအရပ် ဒီဒေသမှာ ဘယ်လို လူမျိုးတွေကို တွေ့ရမှာလဲ မသိ။ ဘယ်လိုအခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြုံရဦးမည်မှန်းလည်း မသိ။ ဘာအလုပ်ကို စ,လုပ်ရမည် မှန်းလည်း မသိ။ အရှင်းဆုံးပြောရလျှင် ဒီတစ်ည ဘယ်မှာ တည်းခိုအိပ်စက်ရမည်မှန်းပင် မသိချေ။

"ဒီခွင်သာ အဆင်ပြေသွားလို့ကတော့ တို့အတွက် တ... သက်စာ ပြီးပြီကွ"

အနည်းငယ် ကျယ်လောင်စွာ ထွက်လာသော စကား သံတစ်ခုကြောင့် ကံကြီးမောင်က အသံလာရာ စားပွဲဆီသို့ ခပ်ငိုင်ငိုင် ကြည့်လိုက်မိပါသည်။

သာမန်အချိန်ဆိုလျှင်တော့ သူများစကားကို စိတ် ဝင်တစား နားထောင်နေဖို့ အချိန်မရှိပါ။ ဒီလို စကားမျိုးတွေ တာက ပွဲစားလူတန်းစားတွေ အပြောများသည့် စကားမျိုး ကံကြီးမောင်ကလည်း ပွဲစားတွေနဲ့ ရောရောနှောနှော ပေါင်းဖေ ရှိသူ ဖြစ်လေရာ ဒီစကားမျိုးတွေနဲ့ မစိမ်းပါ။ အထူးတလည် စိတ်ဝင်စားစရာလည်း မရှိ။

ဒါပေမဲ့ အခုချိန်က ငွေကို ငမ်းငမ်းတက် လိုချင်နေပြီ ငွေရအောင်တော့ ဘယ်လို ရှာရမှန်းမသိ ဖြစ်နသည့်အချိန် ထိုအချိန်မျိုးမှာ ငွေကြေးနဲ့ပတ်သက်သည့် အလွယ်လမ်းနဲ့ ပိုက်ဆံ ရဖို့ရှိသည့် အလုပ်အကြောင်းပြောသည့် စကားမှန်သမျှ စိတ်ဝင် စားရမှာပင်။





"ခွင်မိရင် ထောမဲ့အကြောင်းသာပြောနေ၊ ခွင်မမိရင် ခံရမှာ ကျတော့ မင်းတို့ ထည့်မတွေးကြဘူး"

"ဟေ့ကောင် ...၊ စစ်မရောက်ခင် မြားကုန်တဲ့၊ ဂန်ဒူးစကား မပြောနဲ့ကွ၊ ယောကျ်ားပဲ၊ သေမြေကြီး ရှင်ရွှေထီးပေါ့"

"အပြောကတော့ ကောင်းပါ့၊ အဲဒီမိန်းမက နှယ်နှယ်ရရ ထဲက မဟုတ်တာလည်း သိသားနဲ့"

"ဒီကောင်တော့ ခက်နေပါပြီ၊ မင်း ငါတို့လူ လား၊ ဟိုမိန်းမ ရဲ့လူလား"

"မင်းတို့ကလည်းကွာ၊ ငါက ဖြစ်နိုင်ခြေ ရှိတာတွေကို ပြောပြနေတာ၊ လူဆိုတာ အကောင်းဆုံးကို မျှော်လင့်သလို အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားသင့်တယ် မဟုတ်လား"

ဗဟုသုတ တိုးပွားပါပေ့ခင်ဗျာ၊ ဒီလူတွေရဲ့ စကား ...တို နားထောင်ရတာ စကားပုံတွေ၊ အဆိုအမိန့်တွေနဲ့ မြိုင်မြိုင် ...ဆိုင် ရှိလှပါပေ့။

သူတို့ ပြောနေဆိုနေပုံတွေကို ကြည့်ရတာ မရိုးမသား ...ကြံအစည် တစ်ခုခုတော့ ကြံစည်နေပုံပင်။ နောက်ပြီး သူတို့ ...ညှိနေသည့်သူဟာ အမျိုးသမီးတစ်ယောက် ဖြစ်တာလည်း ...နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကသာ အထင်ကြီးနေကြတာပါကွာ၊ ဒီမိန်းမမှာ တကယ်တမ်း အားကိုးစရာ ဘယ်သူမှ မရှိဘူး။ သူ့အတွက် ကာကွယ်စောင့်ရှောက်ပေးမဲ့သူဆိုတာ နတ္ထိပဲ"

"ဒါပေမဲ့ သူက ငွေတော့ ထောတယ်ကွ၊ သူ့ငွေနဲ့ပေါက်ပြီး ခိုင်းလို့ရတဲ့ လူတွေမှ အများကြီး"

"ငွေနဲ့ပေါက်ပြီး ခိုင်းလို့ရတဲ့လူဆိုကတည်းက စေတနာမပါ တာ သေချာနေပြီပဲ၊ သူ့အတွက် အရိုးကြေကြေ အရေ ခန်းခန်း အလုပ်လုပ်ပေးမဲ့သူ ဘယ်ရှိမှာလဲ"

ဒီလူတွေ ပြောနေတဲ့စကားကို နားထောင်ရခြင်းအား ဖြင့် သူတို့စကားထဲက အမျိုးသမီးဟာ အတော်ကံဆိုးတဲ့သူပဲလို့ သတ်မှတ်ရမှာပင်။

ပိုက်ဆံချမ်းသာပေမဲ့ အားကိုးစရာလူ မရှိ၊ ကိုယ့် အပေါ် စေတနာထားမည့်သူ မရှိ။ ကိုယ့်ဘက်က ရပ်တည်ပေးမည့် သူ မရှိ၊ အခုလို သူများက အင်္ကောက်ကြံဖို့ စီစဉ်နေကြချိန်မှာ သူမကရော ဘယ်သူ့အားကိုးနဲ့ ဒီအန္တရာယ်ကို ကာကွယ်မလဲ။

ကိုယ်နဲ့ မဆိုင်သည့်ကိစ္စလည်းဖြစ်၊ ကိုယ်လည်း ဘာမှ ရေရေရာရာမသိသော ကိစ္စလည်း ဖြစ်ပေမဲ့ ကံကြီးမောင်က ဘယ်သူမှန်း မသိသော အမျိုးသမီးဘက်က လိုက်ပြီး တွေးပူနေ နေမိသည်။





"ငါတို့ ရောက်ရောက်ချင်းပဲ လုပ်ငန်းစ,ရင် ကောင်းမယ် ထင်တယ်"

"ခဏနေစမ်းပါဦးကွာ၊ သိပ်မလောပါနဲ့"

"ဟိုတစ်ခေါက်ကတည်းက အခြေအနေကို လေ့လာထားပြီး သားပဲကွ၊ ဘာနှောင့်နှေးစရာရှိသလဲ၊ မြန်မြန်လုပ်ငန်းစ, တော့ မြန်မြန်အကျိုးရှိတာပေါ့"

"ဒေါ်ခင်စွမ်းရည် ဆိုတဲ့ အမျိုးသမီးက လွယ်လွယ်နဲ့ ထိလို့ရတာမဟုတ်ဘူးနော်၊ မြွေပွေးကို ဖမ်းသလိုပဲ ခေါင်းကို အမိအရချုပ်နိုင်မှ ပိုင်မှာ"

"အဲဒီအတွက် ငါတို့ ကြိုတင်ပြင်ဆင်ထားပြီးသားပဲ မဟုတ် လား၊ ဘာစိုးရိမ်နေစရာ လိုသလဲ"

"ဒါပေမဲ့ တစ်ခေါက်လောက်တော့ အသေအချာ ပြန်ပြီး တိုင်ပင်ဆွေးနွေးကြရအောင်ကွာ၊ အခြေအနေလည်း ကြည့် ရသေးတာပေါ့"

"ဒါဆိုလည်း ရွှေကောင်းကင်ကိုတော့ တစ်ခေါက်လောက် သွားကြည့်ရအောင်ကွာ၊ လူဝင်လူထွက်လည်း အကဲခတ် ရတာပေါ့ကွာ"

"အေး ... သွားတာပေါ့၊ ဘယ်လိုသွားမလဲ၊ ကားငှားသွား ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ့အုပ်စု သူတို့ဘာသာပင် ဆွေးနွေးပြီး တဝုန်း

အသွားကြလျှင် ကံကြီးမောင်ကလည်း ဘာသိဘာသာပင် စားေ

မှီတာစားပြီး ကျန်ရစ်ခဲ့တာပင်။

သူတို့တွေ ကိုယ်မျက်စိအောက်က ပျောက်ကွယ်သွ

တာနှင့် သူတို့ပြောခဲ့သည့် စကားတွေကိုလည်းမေ့၊ သူတို့နဲ့ ဆ

သက်သည့် စိတ်ဝင်စားမှုတို့လည်း ပျောက်ဆုံးကုန်ကြသည်

ကိုယ် သွားရမည့်ခရီးက အရှည်ကြီးလေ၊ တွေ့က

လူကို လိုက်စိတ်ဝင်စားဖို့ အချိန်မပေးနိုင်သေးပါဘူး။





"ဟေ့ကောင်တွေ ... မြန်မြန်လုပ်ကြ၊ ကားလာတော့မယ်"

လမ်းထောင့်ချိုးအကွေ့တစ်ခု အရှေ့က်မှာ အော်သံ

တစ်ခုကို ကြားလိုက်ရတာမို့ ကံကြီးမောင်ရဲ့ ခြေလှမ်းတွေက

အလိုလို တုံ့ရပ်သွားရလေသည်။

လူတစ်ယောက်ရဲ့ မနောစိတ်မှာ ရှိတတ်သော

အန္တရာယ်ဆိုလျှင် ကြိုတင်သိတတ်သည့် အသိစိတ်ကပဲ တိုက်တွန်း

အလို့လား မပြောတတ်။ ကံကြီးမောင်က ရှေ့ဆက်မလျှောက်ဖြစ်

ဘဲ ရောက်ရာနေရာမှာပဲ ဆက်ရပ်ကာ အခြေအနေကို စောင့်ကြည့်

ဖို့ စိတ်ကူးမိလေသည်။

သူရှိသည့်နေရာက လမ်းထောင့်ချိုး။ အသံထွက်ပေါ်

လာရာနေရာက ဟိုဘက်လမ်းထောင့် အကွယ်။ ဒီအတိုင်းသာ

ဆက်နေလျှင်တော့ ဟိုဘက်က အခြေအနေကို မြင်လို့ယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



မသိစိတ်ရဲ့ လှုံ့ဆော်မှုလား၊ လူ့သဘာဝ စပ်စု
စိတ်ကြောင့်ပဲလားတော့ မသိ။ ကံကြီးမောင်က ကိုယ့်ရှေ့
ဘာတွေဖြစ်နေမလဲ ဆိုတာ သိချင်စိတ်နဲ့ ကျောပိုးအိတ်ကို
နှစ်ဖက်မှာချိတ်အောင် ပြင်ပြီးလွယ်ကာ အနီးဆုံးက သစ်
တစ်ပင်ပေါ် တွယ်တက်လိုက်လေသည်။

ဟော ... မြင်ရပါပြီ။ လမ်းခွဆုံမှာ ပေါက်နေသေ
သစ်ပင်ပေါ်လည်း ရောက်ရော တစ်ဖက်က တောင်ကမ်းပါးယံ
မြေသားနံရံမြင့်မြင့်ကြီး ကွယ်နေလို့ မမြင်ခဲ့ရသည့် ဟိုဘက်
တစ်ချိုးက မြင်ကွင်းကို မြင်ရပါလေပြီ။

လမ်းမပေါ်မှာ လူတစ်ယောက်က ကန့်လန့်ဖြ
စင်းစင်းကြီး လဲကျနေသည်။ သူ့ဘေးမှာ လူတစ်ယော
နောက်တစ်ယောက်ကတော့ လမ်းဘေးချုံကွယ်နားမှာ မလှုံ့တ
ရပ်နေသည်။

ထိုလူသုံးယောက်ကို ကြည့်ပြီး ကံကြီးမောင်
မျက်မှောင်ကုတ်သွားရသည်။

မြင်ဖူးသလိုလိုပဲ။

သူတို့သုံးယောက်ထဲက တစ်ယောက်တည်းကို ရေ
ရတာဆိုလျှင် မှတ်မိချင်မှ မှတ်မိမည်။ သို့သော်လည်း သုံးယော
စလုံးကို တစ်တွဲတည်း တွေ့လိုက်ရသောအခါမှာတော့ ဒီလူ





ယောက်တွဲကို တစ်နေရာရာမှာ တွေ့ခဲ့ဖူးတယ်ဆိုတာ သေချာသွား
လေသည်။

ဟုတ်ပြီ။ ဒီလူသုံးယောက်ဟာ သူ မိုးကုတ်ကို
ရောက်ရောက်ချင်း စားသောက်ဆိုင်မှာ တွေ့ခဲ့သည့် လူတွေပဲ
ဟုတ်လား။

ဒါဆိုရင်တော့ ဒီကိစ္စဟာ သွေးရိုးသားရိုး မဟုတ်တာ
သေချာနေပြီ။ ဒီလူတွေဟာ အမျိုးသမီးတစ်ယောက်ကို အကောက်
ကြံကြမည့်သူတွေ။ အခုလည်း (အကောင်းပကတိကြီး ဖြစ်ပုံရ
သည့်) လူတစ်ယောက်က လမ်းမလယ်ကောင်မှာ လှဲချပြီး တစ်
ယောက်က ဘေးမှာစောင့်နေ၊ နောက်တစ်ယောက်က ပုန်းကွယ်
ချောင်းမြောင်းနေဆိုသည့် အခြေအနေဟာ ဘယ်လိုမှ သွေးရိုးသားရိုး
မဖြစ်နိုင်ချေ။

ကံကြီးမောင်က လူရှင်းတိတ်ဆိတ်လှသော လမ်း
တစ်လျှောက် တစ်မျှော်တစ်ခေါ် လှမ်းကြည့်လိုက်ပါသည်။ သူ
လာခဲ့သော လမ်းတစ်လျှောက်မှာတော့ စိုက်ခင်းကျဲကျဲတွေကလွဲ
လျှင် ဘာမှ မရှိ။ ရှေ့တည့်တည့်မှာလည်း ထိုနည်းလည်းကောင်း
သာ။

တစ်ဖက်ချိုးကွေ့သွားသော ဟိုဘက်လမ်းကတော့
ကိုယ်ပိုင်လမ်းဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမူတစ်ခုကို ခပ်ကွေ့ကွေ့ပတ်ပြီး တဖြည်းဖြည်း မြင့်တက်သွားသော ထိုလမ်းရဲ့အဆုံးမှာ အလွန်ကြီးမားခံ့ထည်သော တိုက်ကြီးတစ်လုံး ရှိလေသည်။

တိုက်ကြီးတစ်လုံးလို့သာ ပြောရ တစ်လုံးတည်းတောင်က,ရဲ့လား မသိနိုင်ပါ။ မူရင်းအိမ်မကြီးဟာ လမ်းအဆုံးကုန်းမြင့်လေးပေါ်မှာ ရှိလျက် ခြံဝင်းအနေနဲ့ ထိုကုန်းမြင့်တစ်ခုလုံးရော၊ အောက်တစ်ထစ် မြေပြန့်တစ်ခုလုံးရောကို ပိုင်ဆိုင်လေသည်။

ခြံဝင်းရဲ့ အဝမှာတော့ အလွန်ကြီးမားသည့် ဆိုင်းဘုတ်ကြီး။ ရွှေရောင်တလက်လက် ဝင်းပလျက် အနက်ရောင်စာလုံးတွေ ထွင်းထားသည်မှာ သူ့နေရာ ခပ်ဝေးဝေးက ကြည့်လျှင်တောင် ဖတ်လို့ရလေသည်။

**ရွှေကောင်းကင်** ...

နေပါဦး၊ ဒီနာမည်မျိုး ကြားဖူးပါတယ်။

ကံကြီးမောင်က မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်သည်။ သိပ်မကြာသေးခင်ကမှ ကြားဖူးထားတာ။

ဩော် ... သိပြီ။ ဟိုလူတွေ ပါးစပ်ကပဲ ကြားဖူးထားတာ။ သူတို့တွေ ရွှေကောင်းကင်ကို အရင်သွားကြည့်ဦးမယ်လို့ပြောတာ။





အဲဒီတုန်းကတော့ ရွှေကောင်းကင်ဟာ ဆိုင်တစ်ခုခု၊ ဒါမှမဟုတ် အထင်ကရနေရာ တစ်ခုခု ဖြစ်မည်ဟု ထင်ထားသော။

အခုမှပဲ သူတို့ပြောသည့် ရွှေကောင်းကင်ဟာ အလွန်ကြီးမားသည့် အိမ်ကြီးတစ်လုံးရဲ့ နာမည်ဖြစ်နေမှန်း သိရတော့သော။

သူမှန်းတာ မမှားဘူးဆိုလျှင်တော့ သူတို့ အကောက်ခံကြမည့် အမျိုးသမီးဟာ 'ရွှေကောင်းကင်'ဆိုသည့် အိမ်ကြီးထဲမှာ နေလိမ့်မည်။ ဒီလူတွေဟာ လမ်းပေါ်မှာ ကိုးရိုးကားရားပုံစံနဲ့နေပြီး အိမ်ထဲက အမျိုးသမီး ထွက်အလာကို စောင့်ဆိုင်းနေကြတာဖြစ်မည်။

ဒါဆိုရင်တော့ ဒီလူတွေဟာ ဟိုသူ့ဌေးမကြီးကို လမ်းမှာတားပြီး ပြန်ပေးဆွဲကြမှာလား မသိ။

ထိုအတွေးဝင်လာလျှင် ကံကြီးမောင်ရဲ့ တစ်ကိုယ်လုံးက သွေးတွေ ပွက်ပွက်ဆူလာသည်။

ကံကြီးမောင်က မတရားမှုမှန်သမျှကို ဝင်ရောက်စွက်ဖက်တားဆီးပေးတတ်သည့် ရုပ်ရှင်မင်းသားလည်း မဟုတ်ပါ။ သူရဲကောင်းကြီးလည်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့်ရင် ဘာကြောင့်များ ဒီကိစ္စမှာ ဝင်ရောက်စွ
ဖက်ဖို့ စိတ်ကူး ပေါ်ပေါက်လာရသလဲဟု မေးလျှင် သူလည်
မဖြေတတ်ပါ။

ကိုယ့်မျက်စိရှေ့မှာ အလွန်ဆိုးဝါးသော ပြစ်မှုကြ
တစ်ခု ဖြစ်ပေါ်တော့မည် ဆိုတာတော့ တွေ့တွေ့ဆိုင်ဆိုင် သိနေ
သူတစ်ယောက်အနေနဲ့ ဘယ်လိုမှ လက်ပိုက်မကြည့်နေနိုင်လေ
သဘာဝကျသော ကိစ္စတစ်ခုပဲ ဖြစ်မည်ထင်ပါရဲ့။

သစ်ပင်ပေါ်က လှမ်းကြည့်နေသော ကံကြီးမောင်
မြင်ကွင်းထဲသို့ ရွှေကောင်းကင်ခြံကြီးထဲက လှစ်ခနဲ ထွက်လာ
သော ကားလေးတစ်စီးက ဝင်လာသည်။

ထိုခဏမှာ ကံကြီးမောင်က ကိုယ့်မျက်စိရှေ့ ဖြစ်လေ
လာတော့မည့် မကောင်းမှုတစ်ခုကို ကာကွယ်တားဆီးဖို့ ဆုံးဖြတ်
ချက် ချပြစ်လိုက်လေသည်။





"ဟော ... ကားထွက်လာပြီ တားစမ်း၊ တား ... တား"

လမ်းမပေါ်က လူနှစ်ယောက်ရဲ့ အသံအဆုံးမှာ
တောင်ကုန်းကို ကွေ့ပတ်ဖောက်ထားသော လမ်းလေးထဲကနေ
ရွှေအိုရောင် ကားကလေးက ထွက်လာခဲ့သည်။

လမ်းမတစ်ခုလုံးကို ကန့်လန့်ဖြတ် ပိတ်ဆို့နေသော
ထိုလူတွေနားရောက်လျှင် ကားက ဘာလုပ်ရမှန်း မသိသလို
တုံ့ခနဲ ရပ်သွားလေသည်။

ကံကြီးမောင်က သစ်ပင်ပေါ်က အပြေးဆင်းလာခဲ့
သည်။ ပါးစပ်ကလည်း မနားတမ်း အော်ဟစ်လျက် ကားရှေ့သို့
ပြေးသွားလိုက်လေသည်။

"နောက်ဆုတ်၊ နောက်ဆုတ်၊ ကားကို ရပ်မပေးနဲ့၊ ဒီလူ
တွေ လူဆိုးတွေ"



www.burmeseclassic.com

www.burmeseclassic.com



အားကုန်အော်ဟစ်ပြေးထွက်လာသော ကံကြီးမောင်ကို မြင်လျှင် အားလုံး အံ့အားသင့် မှင်သက်မိကုန်ကြသည်။

ပထမဆုံး သတိဝင်သူမှာ ခင်စွမ်းရည်သာဖြစ်သည်။ သူမက လမ်းမပေါ်မှာ ကန့်လန့်ဖြတ် လဲနေသူနဲ့ ထိုလူ့ဘေးမှာ ရှိနေသူ နှစ်ယောက်အပြင် လမ်းဘေးချုံကြားထဲကနေ ပုန်းကွယ်လျက် (ဘာတွေ ဖြစ်ကုန်ကြပြီလဲလို့ စိတ်စောစွာ ထွက်ချောင်းနေတာမို့ အခုအချိန်မှာတော့ မကွယ့်မတကွယ် မြင်သာထင်သာဖြစ်နေပြီ)နေသော လူတစ်ယောက်ကိုပါ လှမ်းကြည့်ပြီး အခြေအနေကို ရုတ်ချည်းသဘောပေါက်လိုက်လေသည်။

သဘောပေါက်လိုက်တာနှင့် ကားကို ဘက်(ခ်)ဂီယာထိုးကာ တရမန်းကြမ်း- ပြန်ဆုတ်ပစ်ချလိုက်သည်။ လမ်းက ကွေ့ကွေ့ကောက်ကောက်လည်းဖြစ်၊ မြင့်လည်းမြင့်တက်သွားတာပေမဲ့ ဒီလမ်းတွေမှာ ကျင်လည်ကျက်စားခဲ့တာ ကြာပြီမို့ သူမအတွက်ကတော့ ခက်ခဲသည် မရှိပါ။

ကံကြီးမောင်က အော်ရင်းပြေးရင်း နောက်ပြန်ဆုတ်နေသော ကားနားရောက်လျှင် စိတ်ကူးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

ကိုယ်က သူမကို စေတနာနဲ့ သတိပေးလိုက်တာက တော့ ဟုတ်ပြီ။ ကိုယ်ရဲ့ လုပ်ရပ်ကို ဒီလူသုံးယောက်က ဘယ်လို





မှ သည်းခံနေမှာ မဟုတ်။ သူတို့ရဲ့ စကားတွေအရ သူတို့ ကြိုးစားခမ်းစား စီစဉ်ထားပုံရသော အစီအစဉ်တစ်ခုကို ဝင်ဖျက်ပစ်လိုက်သည့် ကံကြီးမောင်ဟာ သူတို့တွေရဲ့ အခိုကရန်သူ ဖြစ်သွားပြီ။

ဟိုအမျိုးသမီးက ကားကို သူမအိမ်ထဲ ပြန်လည်ဆုတ်ခင် လုံခြုံသွားချိန်မှာ ကံကြီးမောင်ကတော့ အပြင်မှာ လူဆိုးသုံးယောက်နဲ့ တစ်ယောက်တည်း။

မဖြစ်သေး။ ။အဲဒီလို ကျန်ခဲ့လို့ကတော့ ဘယ်လိုမှ ကို မဖြစ်နိုင်ချေ။

ကံကြီးမောင်က ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချလိုက်ကာ အရှိန်ပြင်းပြင်းနဲ့ ပြေးနေသော ကားရှေ့ဖုံးပေါ်သို့ ဖျတ်ခနဲ ခုန်တက်လိုက်လေသည်။

ကားကို နောက်ပြန်ဆုတ်မောင်းနေသော ခင်စွမ်းရည်အ ကားပေါ် လူတစ်ယောက် ခုန်တက်လိုက်တာကို သိပင်သိသော်ငြား ဂရုမထားအားပါ။ ကားကို ခြံဝင်းထဲ အမြန်ပြန်ရောက်ရေးကိုသာ ဂရုထားနေရသည်။

ခင်စွမ်းရည်ရဲ့ကား ပြန်ဆုတ်လာတာကို ခြံစောင့်က မြင်လျှင် ခြံဝင်းတံခါးကို ပြန်လည်ဖွင့်ပေးလိုက်ပါသည်။

ခင်စွမ်းရည်က ကားကို ဆုတ်ဝင်လိုက်ရင်း...

"မြန်မြန်၊ တံခါးကို မြန်မြန်ပြန်ပိတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမလေး"

ခြံစောင့်က ဘာမှန်းမသိသော်လဲ သူတို့ သခင်မရဲ့ အလောတကြီးပုံစံကြောင့် တံခါးကို အမြန်ပြန်ပိတ်ကာ သော့ခတ်ချလိုက်လေသည်။

ခင်စွမ်းရည်က ကားကို ကြီးမားသော ပေါ်တီကိုကြီးအောက် တုံ့ခနဲ ရပ်လိုက်ပြီးမှ ကားရှေ့ခန်းမှာ ကိုးရိုးကားရားဖက်တွယ်လိုက်ပါလာသော ကံကြီးမောင်ကို သတိထားမိတော့သည်။

"ဟော့ ... မင်းက ဘာလဲ၊ ဘယ်သူလဲ၊ တို့ကားပေါ်ကို ဘာလို့ လိုက်လာတာလဲ ပြောစမ်း"

ကံကြီးမောင်က ခင်စွမ်းရည်ရဲ့ အမေးကို မဖြေနိုင်အားသေးပါ။ ကားခေါင်မိုးတွေကို ကုတ်ခြစ်တွယ်ဖက်ပြီး လိုက်လာခဲ့ရတာမို့ ညောင်းညာနာကျင်နေသော လက်တွေကို တဖျောက်ဖျောက် မြည်အောင် ချိုးခြေလျက် အမောဖြေနေရသေးသည်။

"ပြောလေ၊ ဟိုလူတွေနဲ့ မင်း ဘာပတ်သလဲ၊ မင်း ပြောမလား မပြောဘူးလား၊ ရဲခေါ်လိုက်ရမလား"

"ကျွတ် ... ခင်ဗျားက ဘယ်လိုလဲဗျ၊ ကိုယ့်ကို စေတနာနဲ့ ဝင်ကူတဲ့သူကို ဒီလိုပဲ ပြောရသလား"





"စေတနာနဲ့ ဟုတ်မဟုတ် ဘယ်သူ သိနိုင်မှာလဲ၊ မင်းကို တို့က သိတာလည်း မဟုတ်ဘူး၊ မင်းက ဘယ်သူလဲ"

"ကျွန်တော့်နာမည် ကံကြီးမောင်၊ မိုးကုတ်ကို တစ်နေ့ကမှ ရောက်လာတဲ့ညည်သည်"

"ဒီလောက် ပြောရုံနဲ့ ပြီးမလား၊ မင်းဟာ ရိုးသားပါတယ်၊ ဟိုလူတွေနဲ့ မပတ်သက်ပါဘူး၊ မကောင်းတဲ့ အကြံအစည် မရှိပါဘူးဆိုတာ ဘယ်လိုလုပ်ပြီး သက်သေပြမလဲ"

"ဒါတော့ မပြောတတ်ဘူးဗျာ၊ လူတစ်ယောက် ရိုးသားပါတယ် မရိုးသားပါဘူးဆိုတာ ဘာနဲ့မှ သက်သေပြလို့မရဘူး၊ ခင်ဗျားဘာသာ ယုံချင်ယုံ မယုံချင်နေ၊ ကျွန်တော်နဲ့ မဆိုင်ဘူး၊ လမ်းကြုံလို့ ဝင်ကူညီရုံပဲ"

ကိုယ်က စေတနာနဲ့ အသက်စွန့်ပြီး ဝင်ကယ်ရတာ ...အကောင်းပြောမခံရသည့်အပြင် အထင်လွဲခံနေရသေးတာမို့ ...ကြီးမောင်က အတော်ပဲ အခံရခက်သွားလေသည်။ စိတ်ထဲ ...ချုနှပ်သည့်အတိုင်း ဘုကျကျ ပြန်ပြောလိုက်သော်လည်း ...မိုးသမီးက မှုမသွားသည့်အပြင် သူနဲ့အပြိုင်စောင်မှ မျက်နှာကို ...င်းလိုက်သေးကာ ...

"ကောင်းပြီ၊ မင်း တို့ကို ဝင်ကူညီတာ ဆိုရင်လည်း ကျေးဇူးတင်တယ်၊ မင်း ပြန်လို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဖြန်ရမယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ တို့အိမ်ပဲ၊ မင်းက တို့ကား

တွယ်တက်ပြီး လိုက်လာတာ၊ ပြန်မှ ဖြစ်မှာပေါ့"

"ပြန်လို့ မဖြစ်သေးဘူးလေ"

"ဘာလို့ မဖြစ်ရမှာလဲ"

"ခြံဝမှာ ဟိုလူတွေ ရှိနေသေးတယ်လေ၊ ကျွန်တော် သူတို့ပွဲကို ဝင်ဖျက်ထားတာ၊ အခုနေ ကျွန်တော် ပြန်ထွ သွားရင် အဲဒီကောင်တွေက ဝိုင်းပြီး အရေခွံဆုတ်ပစ် မှာပေါ့"

"ဒါကတော့ မင်းအပြစ်နဲ့ မင်းပဲလေ"

ဟင် ...။ ဘယ်လို မိန်းမလဲ။ သူမကိုလည်း စေတ နဲ့ကယ်တင်ရသေးသည်။ ကိုယ့်အတွက်ကျတော့လည်း နည်းနည် ကြည့်မပေးပါလား။

ကံကြီးမောင်က ကိုယ့်ရှေ့က မိန်းမကို ဆောင့်ဆ လှုပ်ပစ်လိုက်ချင်လောက်အောင် ဒေါသထွက်လာရသည်။

သူဟာ ကံဆိုးလို့ ဒီလို မိန်းမမျိုးကို ကူညီဖို့ စိ ကူးမိတာ။ အစောကြီးကတည်းကသာ ဖြစ်ချင်ရာဖြစ် ပစ်ထားလို မိလျှင် ဒီလိုမိန်းမမျိုး လူဆိုးသုံးယောက် ကြားထဲမှာ ဒုက္ခ အလီလီရောက်နေလောက်ပြီ။ ဘယ်လောက် ကြည့်ကောင်းလို မလဲ။





"ဒီမှာ ... ခင်ဗျား ကျွန်တော့်စေတနာကို စော်ကားတာ စော်ကား၊ အယုံအကြည်မရှိချင်လည်းနေ၊ လူတစ်ယောက်ရဲ့ ဒုက္ခကိုတော့ ဒီအတိုင်း လက်ပိုက်ကြည့်မနေသင့်ဘူးဗျ"

"လာပြီး ဟန်ဆောင်မနေစမ်းပါနဲ့၊ မင်းနဲ့ဟိုလူတွေ တစ်ကျိတ် တည်း တစ်ဉာဏ်တည်းပဲ ဖြစ်ရမယ်"

"ကျွတ် ... ဘာလို့ ဖြစ်ရမှာလဲ၊ ကျွန်တော်က အခုမှ မိုးကုတ်ကို ရောက်ဖူးတာ၊ ခင်ဗျားကိုလည်း အခုမှ မြင်ဖူးသိဖူးတာ၊ ဟိုလူတွေက ခင်ဗျားအကြောင်း ကောင်း ကောင်းသိပြီး ခင်ဗျားကို ပြန်ပေးဆွဲဖို့ စီစဉ်ကြတာဗျ သိရဲ့လား"

ဒေါနဲ့မောနဲ့ ပြောနေသော ကောင်လေးကို ကြည့် ကျ် ခင်စွမ်းရည်က စိတ်ကူးတစ်မျိုး ပေါက်လာသည်။

ကောင်လေးဟာ လူငယ်ဆန်ဆန်၊ ဂျစ်ကန်ကန် တူးတူး၊ ကလေကချေပုံစံမျိုး ပေါက်သော်လည်း လူလိမ်လူညာ မျိုးတော့ မပေါက်ချေ။ ကိုယ်ရဲ့ သက်ာမကင်း ဖြစ်မှုအတွက် တ်ဆတ်ခါအောင် နာကျင်နေပုံရသော သူ့မျက်နှာမှာ ဟန်ဆောင် ထားခြင်းတွေ ဘာတစ်ခုမှ မတွေ့ရ။

တကယ်ပဲ ကောင်လေးဟာ မတရားမှု တစ်ခုကို သွားဟန့်လွှဲ ကာကွယ်ခဲ့သူလား။ သူမအပေါ် စေတနာထား မရဲ့ အန္တရာယ်တွေကို ဖြေရှင်းတားဆီးပေးခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို ယုံကြည်သက်ဝင်ခဲ့လှသော ခင်စွမ်းရည်

ရဲ့ *စိတ်ထဲမှာ ကောင်လေးကို ယုံကြည်သွားမိတာကတော့*

ထူးဆန်းသားပင်။

"ခင်ဗျား မယုံသေးဘူးလား၊ ကဲ ... ဒါဖြင့် ကျွန်တော်

ခင်ဗျား အိမ်ထဲက ပြန်ထွက်သွားမယ် ဆိုပါတော့၊ ဟိုလူ

တွေက ကျွန်တော့်ကို ဝိုင်းသတ်ကြလို့ ကျွန်တော် သေသွား

ရင် ဘယ်လို လုပ်မလဲ၊ မင်းဘာသာမင်း သေလို့ မပြောနဲ့

နော်၊ ခင်ဗျားရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရင်း

လူတစ်ယောက် အသက်စတေးမဲ့ကိစ္စမျိုးကို ခင်ဗျား မျက်နှာ

လွှဲခဲပစ် လုပ်နိုင်သလား"

အောင်မယ်လေး။ အပြောကတော့ ကောင်းပါပေ

သူ့ကို အကာအကွယ် ပေးမထားရင်ပဲ ခင်စွမ်းရည်ဟာ လူတစ်

ယောက်ကို ကိုယ့်ပယောဂနဲ့ သေအောင်သတ်မိသော လူသတ်

သမားကြီး ဖြစ်ရဦးတော့မည်။

"နေပါဦး၊ မင်းကို တို့က လောလောဆယ် ကာကွယ်ပေး

ထားတယ်ပဲ ထားပါတော့၊ တစ်ချိန်ကျရင်တော့ မင်း

ဒီကထွက်သွားရမှာပဲ၊ အဲဒီအခါကျတော့ ဘယ်လို လုပ်မလဲ"

"အချိန်အခါသင့်လို့ ထွက်သွားပြီးတဲ့ နောက်ပိုင်းဖြစ်သွား

ကိစ္စတွေက ခင်ဗျားနဲ့ မဆိုင်တော့ပါဘူး၊ အခုလောလော





ဆယ် ဟိုလူတွေ အပြင်မှာရှိနေတုန်း ဒီခြံထဲမှာ ခဏခိုနေ

ခွင့် ပေးလိုက်ရင် ခင်ဗျား တာဝန်ကျေပြီ"

"ကောင်းပြီလေ၊ ဒါဆိုလည်း မင်း အိမ်ထဲ ခဏဝင်ထိုင်ပါ"

နောက်ဆုံးတော့ ခင်စွမ်းရည်မှာ ကောင်လေးကို

ဖိတ်ခေါ်ကာ နေရာချပေးလိုက်ရတာပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်ဗျ"

သူ့ကို ခပ်သေးသေး ဧည့်ခန်းတစ်ခုထဲထည့်
တံခါးပိတ်သွားခဲ့ပြီးကတည်းက ဘယ်သူမှ ပေါ်မလာဘဲ
အတော်ကြာသွားလျှင် ကံကြီးမောင်က မနေတတ် မထိုင်
ဖြစ်လာသည်။

သူလိုလူမျိုးက တစ်နေရာတည်းမှာ ငြိမ်ငြိ
ကျောက်ချနေတတ်သည့်လူမျိုး မဟုတ်။ သွားလာလှုပ်ရှား
သွက်လက်တက်ကြွနေရမှ ကျေနပ်တတ်သည့်လူစား။

အဲဒီလို လူမျိုးကို အခန်းတစ်ခုထဲ ပိတ်လှော
တာမှာ အကျဉ်းချခံထားရသလိုပဲ အနေရခက်စေလေ

နောက်ဆုံး သည်းမခံနိုင်တော့သည့်အဆုံး
မောင်က ကိုယ့်ဘာသာပဲ အခန်းတံခါးဖွင့်ပြီး ထွက်လ
တစ်အိမ်လုံးအနှံ့ လူရိပ်လူယောင်ကို ရှာဖွေကြည့်သည်။



အိမ်ကြီးမှာ အိမ်သားဘယ်နှယောက် ရှိသလဲတော့
။ သူ ရှာဖွေသမျှ အခန်းတွေမှန်သမျှမှာတော့ လူရိပ်လူယောင်
လို့ မတွေ့ချေ။

မတတ်သာတော့သည့်အဆုံးမှာတော့ ကံကြီးမောင်
နှတ်ခမ်းနားမှာ လက်ဝါးနှစ်ဖက်တပ်ကာ သံကုန်ဟစ်ပြီး
ခ်မိတော့သည်။

ဒါတောင် လူက တော်တော်နဲ့ ထွက်မလာပါ။
ကြာတော့မှ ...

"ဟေ့ ... ဘယ်သူလဲ၊ ဒီလောက်တောင် အော်နေတာ"

အသံက ကြားသာကြားရသည်။ ဘယ်ကလာနေမှန်း
သိ။ တစ်ခန်းလုံးအနှံ့ လှည့်ပတ်ကြည့်ပြီးတော့မှ သူ့ကို လှမ်း
လိုက်သူမှာ သူရပ်နေရာ ဧည့်ခန်းမရဲ့ အပေါ်တည့်တည့်၊
တော်မြင့်မားသည့် နေရာကနေ ဧည့်ခန်းကို စီးမိုးပြီး ကြည့်လို့
အောင် ဝိုင်းပတ်ဆောက်ထားသော ဝရန်တာကနေ ငုံ့ကြည့်နေ
သကို တွေ့လိုက်ရလေသည်။

"ဩော် ... ဘယ်သူများလဲလို့၊ မင်းကိုး"

"ကျွန်တော်ပဲပေါ့ဗျ၊ ဘယ်သူရှိဦးမှာလဲ"

"ဘာကြောင့် သူများအိမ်မှာ ဆူဆူညံညံတွေ လုပ်နေရတာ
လဲ၊ တို့အိမ်မှာ အဲဒီလို စည်းမရှိကမ်းမရှိ အော်ခွင့်မရှိဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိရှိ မရှိရှိ ကျွန်တော် မသိဘူး၊ ကျွန်တော့်ကို တရား အခန်းထဲ ပိတ်လှောင်ထားလို့ကတော့ လျှောက် မှာပဲ"

"ကျွတ်"

ခင်စွမ်းရည်က 'ကျွတ်'ခနဲ တစ်ချက်စုတ်သတ် ကာ အပေါ်ထပ်ကနေ အောက်ကို ဆင်းလာလိုက်ပါသည်။ အနေနဲ့ ဝရန်တာကနေ ကိုယ်တစ်ပိုင်းထွက်ကာ ငုံ့ကိုင်းစကား ဖို့ အဆင်ပြေသလို အပေါ်ထပ်အောက်ထပ် ဆိုပေမဲ့ သာမန်တို သုံးထပ်စာလောက် ကွာဝေးသော အနေအထားကနေ အော်ဟစ် ဖို့လည်း မတင့်တယ်လှချေ။

"မင်း ဘယ်လို ကောင်လေးလဲ၊ သူများအိမ်လည်း အတ တက်နေသေးတယ်၊ သူကလည်း အထက်စီးနဲ့၊ ဘယ်သူ မင်းကို ကြွပါ၊ အိမ်မှာနေပါလို့ ဖိတ်ခေါ်ထားလို့လဲ"

"ဖိတ်ခေါ်မထားပေမဲ့ ထားသင့်တယ်လေ၊ ခင်ဗျားသ ကျေးဇူးမသိတတ်လို့ ကျေးဇူးရှင်က အတန်တန်ပြော သိတာ၊ တခြားကျေးဇူးသိတတ်တဲ့ သူတွေသာဆို ကျွန်တော် ကို အိမ်ပေါ်ခေါ်ပြီး ဖူးဖူးမှုတ်ထားရလောက်ပြီ"

ကောင်လေးရဲ့ ဂျစ်ကန်ကန် ကြွစောင်းစောင်း ပြောနေပုံဟာ အင်မတန်မှ အမြင်ကတ်စရာ ကောင်းလှသည်





သို့သော်လည်း ဘာကြောင့်မှန်းမသိ ခင်စွမ်းရည်က သူ့ရဲ့ ပေကတ်ကတ် ညစ်ကျယ်ကျယ်ပုံစံကိုပင် သဘောကျမိသလို ဖြစ်သွားလေသည်။

လူတိုင်းအပေါ် အထက်စီးက အနိုင်ယူဆက်ဆံတတ် သော ခင်စွမ်းရည်အဖို့ ဒီလူသားတစ်ယောက်ကို ပထမဆုံး အလျှော့ပေးလိုက်လျှာမိကာ ...

"ကောင်းပြီ၊ မင်း ကျေးဇူးအတွက်ကြောင့်တော့ မဟုတ်ဘူး၊ ကိုယ့်အိမ်ရောက်လာတဲ့ ဧည့်သည်တစ်ယောက် အနေနဲ့ အခွင့်အရေးပေးမယ်၊ မင်း ဘာလုပ်ချင်တာလဲ ပြော"

"ကျွန်တော် ဗိုက်ဆာတယ်၊ ထမင်းကျွေးပါ"

မြတ်စွာဘုရား။ ခင်စွမ်းရည် မျက်ခုံးတွေ ပင့်တက်သွားရသည်။

ဒီဧည့်သည်က ဘယ်လိုဧည့်သည်မျိုးလဲ။ သူများအိမ်ပေါ် အတင်းလည်း တက်နေသေးသည်။ ထမင်းလည်း ကျွေးခိုင်းသေးသည်။ အရှက်မရှိ စီးစီးပိုးပိုး နိုင်လွန်းလှချည်ရဲ့။

ကဲ ... ကောင်းပြီ။ ထမင်းတစ်ပွဲလောက်တော့ ခင်စွမ်းရည်အတွက် ဘာမှ မခက်ခဲပါ။ သူမအိမ်မှာ အလုပ်သမားတွေလည်း အများကြီး။ သူတို့အတွက် ချက်ရသည့် ထမင်းဟင်းတွေဟာ တစ်နေ့တစ်နေ့မှာ ဘယ်လောက်ပိုလျှံသလဲ ခင်စွမ်းရည်ပင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ကျွေးတာကို ထားဦးတော့။ သူမ မွေးထားသည့် အချစ်တော် အယ်လ်ဖေးရှင်းခွေးကြီးတွေ အတွက်တောင် တသီးတသန့် ချက်ပြုတ်ကျွေးရသေးတာ။

"ကောင်းပြီလေ ရမယ်၊ မင်းအတွက် ထမင်းပွဲပြင်ခိုင်းလိုက်မယ်"

"ဒီမှာ ဟင်းကောင်းကောင်းနဲ့ စုံစုံလေးလုပ်နော်၊ ခင်ဗျားက သူဌေးမကြီးဆိုတော့ ဟင်းကောင်းတွေ ဖွယ်ဖွယ်ရာရာ ချက်စားမှာပဲ၊ အဲဒါတွေ အကုန်ထည့်ကျွေးရမှာနော် ဟိုချန်ဒီချန် မလုပ်နဲ့"

အလိုလေးလေး။ အိမ်ရှင်က ထမင်းကျွေးပါမည်ဆိုတာတောင်မှ သူက ကျေးဇူးမတင်သည့်အပြင် အိမ်ရှိဟင်းအစုံ ချပေးရမတဲ့။ စေတနာ ပျက်ချင်စရာ ကောင်းလိုက်ပုံမှာ။

ခင်စွမ်းရည်က ရှုံ့မဲ့မဲ့နှင့်ပင် နံရံတစ်ခုဆီ ဦးတည် လျှောက်သွားကာ ဘဲလ်လေးတစ်ခုကို တီးလိုက်လျှင် ကောင်မလေး တစ်ယောက် အပြေးအလွှား ရောက်လာသည်။

"မမလေး ဘာခိုင်းစရာ ရှိလို့ပါလဲရှင်"

"ဆွေဆွေရေ ထမင်းတစ်ပွဲပြင်လိုက်စမ်းပါ၊ ဧည့်သည်ကျွေးဖို့"

"ဟင်းစုံပါပစေလို့လည်း ပြောဦးလေ"





မနေနိုင် မထိုင်နိုင် ဝင်ပြောလိုက်သော ကောင်လေးကို ခင်စွမ်းရည်က အမြင်ကတ်ကတ်လှသည်။ ကိုယ်သာ မြီးကောင်ပေါက်မလေးဆိုလျှင်တော့ အားရပါးရ မျက်စောင်းထိုးလိုက်မိမှာ သေချာပါရဲ့။

"ကဲ ... ကြားတဲ့အတိုင်းပဲ၊ အိမ်မှာရှိတဲ့ ဟင်းအကုန် အထည့်ပေးလိုက်၊ ကြားလား ဆွေဆွေ"

"ဘလက်(ခ်)ဝှိုက် အတွက် ချက်ထားတဲ့ အမဲသားတွေရော မမလေး"

"အေး ... သူ စားချင်တယ်ဆိုရင် ထည့်ပေးလိုက်"

"ဘယ်သူတွေလဲဗျ ဘလက်(ခ်)ဝှိုက် ဆိုတာ"

"အိမ်မှာမွေးထားတဲ့ ခွေးတွေ"

"ဟာ ... ခင်ဗျား တော်တော်မိုက်ရိုင်းပါလားဗျ၊ ကျွန်တော့်ကို ခွေးစာကျွေးရလား"

"မသိဘူးလေ၊ မင်းပဲ အိမ်မှာရှိသမျှဟင်း အကုန်စားချင်တယ် ဆိုတော့ ဆွေဆွေက မေးမိတာပေါ့"

"ခွိ ... ခွိ"

ဆွေဆွေ ဆိုသည့် အလုပ်သမားကောင်မလေးက အခွိခွိနေအောင် ကျိတ်ရယ်နေသည်။ ရယ်ရင်းနဲ့လည်း သူ့တို့ ... လေးကို ခိုးပြီး အကဲခတ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မမလေးဟာ အင်မတန် တည်တံ့သည့် မိန်းမတစ်ယောက်။ အသက်က သုံးဆယ့်ငါးနှစ်ပဲ ရှိသေးပေမဲ့ မိဘတွေဆုံးပါးသွားကတည်းက ကြီးမားလှသော စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးနဲ့ လက်အောက်ငယ်သား ဝန်ထမ်းပေါင်းမြောက်မြားစွာကို အုပ်ချုပ်ခဲ့ရတာမို့ ရင့်ကျက်တည်ငြိမ်လှတာ။ ရင့်ကျက်တည်ငြိမ်တာတင် မကသေးပါ။ အသက်ငယ်ငယ်နဲ့ သူဌေးမလေးဖြစ်ကာ တစ်ယောက်တည်း ရပ်တည်နေရသူမို့ လူတကာက လေးစားခန့်ညားရအောင် မျက်နှာကို ပိုလို့ တင်းမာထားတတ်သေးသည်။

မမလေးဟာ တော်ရုံလူကိုလည်း အထင်မကြီးတတ်၊ ဘယ်သူ့ကိုမှလဲ ဂရုမစိုက်တတ်။ ပျော့ပျောင်းနူးညံ့မှုလည်း ကင်းကာ အလွန်မှ စိတ်ဆတ်ထက်မြက်သူ။

အဲဒီလို အမျိုးသမီးတစ်ယောက်ဟာ ဘာမဟုတ်သည့် စုတ်တီးစုတ်ပြတ်၊ ဂျာလေးကချေပုံစံနဲ့ လူတစ်ယောက်ကို ပြေပြေပြစ်ပြစ် လျှော့လျှော့ပေါ့ပေါ့ ဆက်ဆံနေသည်ဆိုတာ ထူးခြားမှုတစ်ခုပဲ။

"မင်း ဆွေဆွေနဲ့ လိုက်သွားလို့ ရပြီ"

ခင်စွမ်းရည်က တစ်ခွန်းတည်း အပြတ်ပြောခဲ့ကာ ကောင်လေးကို ကျော်ခိုင်းထွက်ခဲ့လိုက်သည်။ စိတ်ထဲကတော့





ကိုယ့်အပေါ် ဒီလောက်လူလည်ကျ အကျော့တင်ချင်သော လူတစ်ယောက်ကို ဘာကြောင့် ခွင့်လွှတ်ပြေလည်နေမိသလဲလို့ ကိုယ့်ဘာသာ အံ့ဩနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ညှိသည်က တွေ့ခွင့်တောင်းနေပါတယ်"

အခန်းတံခါးခေါက်သံ တခေါက်ခေါက်နဲ့အတူ ဆွေဆွေရဲ့ အသံကိုပါ ကြားလိုက်ရတာမို့ ခင်စွမ်းရည်က စိတ်ရှုပ်ထွေးသွားရသည်။

ဒီနေ့အဖို့တော့ စိတ်လှုပ်ရှားစရာ၊ စိတ်ပင်ပန်းစရာ၊ စိတ်ရှုပ်စရာတွေ များလှတာမို့ အေးအေးဆေးဆေး အနားယူမည်ကြံကာမှ ဘယ်က ညှိသည်က ရောက်လာတာတဲ့လဲ။

"ဘယ်သူလဲ ဆွေဆွေ"

"ခုနကလူပဲ မမလေး"

"ဘယ်သူ"

"ခုနက မမလေး ထမင်းကျွေးခိုင်းလိုက်တဲ့လူလေ"

"ဘာရယ်၊ သူက ဘာကိစ္စနဲ့ ငါ့ကို တွေ့ချင်ရပြန်တာလဲ၊ သွား ... သွား ... မတွေ့နိုင်ဘူးလို့ ပြောလိုက်"





"မရဘူး မမလေးရဲ့"

တစ်သက်လုံး သူမက တစ်ခွန်းဆိုတစ်ခွန်း၊ သူမရဲ့ ဩဇာကို မြေဝယ်မကျ နားထောင်နေကျဖြစ်သည့် ဆွေဆွေ့ထံက အငြင်းဝါကျတစ်ခု ထွက်ပေါ်လာတာမို့ ခင်စွမ်းရည်က မျက်မှောင်ကုတ်လိုက်မိသည်။

"ဘာလဲ ... ဘာဖြစ်လို့ မရ,ရမှာလဲ"

"ဟို ... သူက မမလေးနဲ့ မဖြစ်ဖြစ်အောင် ပေးတွေ့ရမယ်တဲ့၊ ပေးမတွေ့ရင် မီးဖိုထဲက ပန်းကန်တွေ အကုန်ဖျက်ဆီးပစ်မယ်တဲ့"

"တောက် ... ဒီကောင်လေးတော့ ပြဿနာပဲ၊ ငါ ဒီလောက်သည်းခံနေတာတောင် သူက အခွင့်အရေး ယူချင်သေးတယ်၊ သူ့လုပ်ရပ်က ဘယ်လောက်များ အဖိုးတန်ကြီးကျယ်သွားတယ် ထင်နေလဲ မသိဘူး၊ ကဲ ... ဟုတ်ပြီလေ၊ သွားခေါ်လာခဲ့"

ကိုယ့်တစ်သက်မှာ ဘယ်သူ့ကိုမှ အလျှော့မပေးခဲ့ဖူးပါပဲ ဒီမလောက်လေး မလောက်စား ကောင်လေးကိုမှ တစ်ထစ်ပြီးတစ်ထစ် လျှော့ပေးနေရတာကို ခင်စွမ်းရည်က ပေါ့ချင်စိတ်ဖြစ်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး။ အခန်းထဲကို ဝင်လာပုံကိုက ဗိုက်ကို လက်နဲ့ပွတ်ကာ ပါးစပ်က တဝါးဝါး သမ်းဝေနေလိုက်တာ ရိုက်ချင်စရာကောင်း ကောင်းသည်။

"ကဲ ... ပြော၊ မင်း ဘာလိုချင်လို့လဲ"

"ခင်ဗျား မေးပုံကြီးကလည်းဗျာ၊ အဆင်မပြေလိုက်တာ၊ ကျွန်တော်က ခင်ဗျားအိမ်မှာ အကျိုးအမြတ် တစ်ခုခုကြောင့် ကပ်ရပ်နေသလိုပဲ"

"မဟုတ်ဘူးလား၊ မင်း အခုလို ဖွတ်အတင်းကပ်ရပ်နေတာ အကျိုးအမြတ် တစ်ခုခုကို မျှော်ကိုးလို့မဟုတ်ဘူးလား"

"ကျွန်တော် ဒီလိုကောင်စားမျိုး မဟုတ်ဘူးဗျ၊ အခု ခင်ဗျား အိမ်မှာ အတင်းကပ်နေတယ်ဆိုတာ အပြင်ထွက်ရင် ဟိုလူတွေ အန္တရာယ်ပြုတာ ခံရမှာစိုးလို့၊ နောက်တစ်နေ့ ကျ ခင်ဗျားအိမ်က ထွက်သွားပြီးရင် ကျွန်တော် ဘာအနှောင့် အယှက်မှ ဆပ်မပေးတော့ဘူး စိတ်ချ"

သူက ဒီလိုပြောလာတော့လည်း ခင်စွမ်းရည်က စိတ်မကောင်း ဖြစ်မိသလိုလို ရှိသွား။ ကိုယ်က အလေးအနက်မထားပေမဲ့ သူ့ရဲ့ လုပ်ရပ်ကလည်း သူ့အတွက်တော့ မဟာစွန့်စားခန်း တစ်ခုပဲ။





နောက်ပြီး သူသာ အချိန်မီ သတိပေးကယ်တင်ခြင်း မရှိခဲ့ဘူးဆိုလျှင် သူမဟာ ဟိုပြန်ပေးတွေနောက် ပါချင်ပါသွားနိုင်သည်။ ထိုအခါ ဘယ်လိုဒုက္ခတွေ၊ ပြဿနာတွေ၊ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာဦးမလဲ ဆိုတာ မသိနိုင်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ကိုယ့်အတွေးနဲ့ကိုယ် ကောက်ကာငင်ကာ နာမည်ကို မေးလိုက်သော ခင်စွမ်းရည်ကြောင့် ကံကြီးမောင်က အံ့အားသင့်သွားရသည်။

ဒီအမျိုးသမီး ဘယ်လိုဖြစ်တာလဲ။ စောစောကတော့ ကိုယ့်ကို ဒေါသထွက်ပြီး ပစ်ပစ်ခါခါ ပုတ်ခတ်စွပ်စွဲတော့မည့်ပုံ။ အခုကျတော့ အလုပ်အင်တာဗျူး လာဖြေသူတစ်ယောက်ကို လူတွေ့စစ်ဆေးနေသလိုမျိုး အေးအေးဆေးဆေး ဖြစ်သွားပြန်ပါရောလား။

"ကျွန်တော့်နာမည် ကံကြီးမောင်"

"ဘာ"

"ကံကြီးမောင်"

"အဟင်း ... ဟင်း ... ဟင်း"

"ဘာလဲ ... ကျွန်တော့် နာမည်မှာ ဘာများ ရယ်စရာ ပါသွားလို့ ခင်ဗျားက ရယ်နေရတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်က စိတ်တိုသွားကာ အော်ပစ်လိုက်သ
သည်။ ဟုတ်တယ်လေ၊ ဘယ်သူကများ ကိုယ့်နာမည်ကို လှော
ပြောင်တာမျိုး ခံချင်မှာလဲ။

"မဟုတ်ပါဘူး ဆောရီး၊ တို့ တမင်လှောင်တာ မဟုတ်ဘူ
မင်းရဲ့ နာမည်က မင်းလို အသက်အရွယ်နဲ့ လူငယ်တ
ယောက် မှည့်လေ့မှည့်ထ,မရှိတဲ့ နာမည်မျိုး ဖြစ်နေ
ပါ"

"ဘာဖြစ်လဲ နာမည်ပဲ၊ ကိုယ်မှည့်ချင်သလို မှည့်မှာပေ

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တို့နာမည်ကိုရော မင
သိသလား"

"ဟိုလူတွေ ပြောတာတော့ နည်းနည်းကြားလိုက်သလို
စွမ်း ... အဲ"

"တို့နာမည် ခင်စွမ်းရည် တဲ့"

အင်း ... နာမည်နဲ့ လူနဲ့ကတော့ လိုက်ပါ
သူမရဲ့ ပုံစံဟာ ထက်မြက်တက်ကြွပြီး အားအင်အပြည့်ရှိသ
ပုံစံ။

"မင်းက မိုးကုတ်ကို အလည်လာတာလား"

"ခင်ဗျားတို့ မိန်းမတွေ အားလုံး အတူတူပဲ၊ ဘာလေ
ဖြစ်ဖြစ် စပ်စုလိုက်ရမှ ကျေနပ်တာ"





"တို့က စပ်စုနေတာ မဟုတ်ဘူး၊ လူကဲခတ်နေတာ၊ ကိုယ့်အိမ်မှာ တစ်နေ့ပေးနေရမဲ့ ဧည့်သည်တစ်ယောက်ရဲ့ ရာဇဝင်ကို တတ်နိုင်သလောက် သိထားအောင် လုပ်ရမှာပေါ့"

"ကောင်းပြီဗျာ၊ ဒါဖြင့် ပြောပြမယ်၊ ကျွန်တော့်နာမည် ကံကြီးမောင်၊ ရန်ကုန်မှာနေတယ်၊ မိဘမရှိ၊ ဆွေမျိုးမရှိ၊ ပညာအရည်အချင်း ဆယ်တန်းမအောင်ဘူး၊ အလုပ်အကိုင်လည်း မယ်မယ်ရရ မရှိဘူး၊ အရင်ကတော့ ကိုယ့်ခြံထဲမှာ ပန်းစိုက်ပြီး ရောင်းတယ်၊ ပွဲစားလေး ဘာလေး လုပ်တယ်၊ အခုကျတော့ ..."

ကံကြီးမောင်က စကားကို ခဏရပ်လိုက်သည်။

သူ ဒီကို ရောက်လာခြင်းအကြောင်းတရားကို အမှန်
တိုင်း ဖွင့်ပြောလိုက်ရမလား။ ဒီလောက်အထိတော့ မလိုသေးဘူး
ဟု ထင်သည်။ အခုမှတွေ့ရသည့် မိန်းမတစ်ယောက်ကိုကိုယ့်အကြောင်း
တွေ ဒီလောက် စေ့စေ့စုံစုံ ပေးသိလို့ ဘယ်ဖြစ်ပါမလဲ။

"ဆက်ပြောလေ ... အခုကျတော့ ဘာဖြစ်လဲ"

"အခုကျတော့ ကျွန်တော် လုပ်သလောက် အလုပ်ကလေးနဲ့ ဘယ်လိုမှ မကြီးပွားနိုင်ဘူးဆိုတာ သိလာတယ်၊ ယောက်ျား တစ်ယောက်ဟာ ဒီထက်ခွန်အားစိုက်ထုတ်ပြီး ကြိုးတက်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာဖို့ ကြိုးစားသင့်တယ်လို့ မြင်လာတယ်၊ အဲဒါ အလုပ်ကောင်းကောင်းလေးများ ရမလားလို့ ထွက်လာခဲ့တာ”

“အလုပ်က ရှာလို့ကော တွေ့ပြီလား”

“ဘယ်တွေ့ဦးမှာလဲ၊ ကျွန်တော် ဒီကို ရောက်တာ နှစ်ရက်ပဲ ရှိသေးတယ်၊ ဒီနှစ်ရက်အတွင်း ဟိုဟိုဒီဒီလျှောက်သွားတာ အလုပ်တော့ ရှာမတွေ့ဘူး၊ သပွတ်အူပဲ တွေ့လာတယ် ခင်ဗျားကို ကူညီမိတဲ့အတွက် ဟိုလူတွေကိုလည်း ရန်ရတိမ်းရတော့မယ်”

ကံကြီးမောင်ရဲ့ မျက်နှာကို ခင်စွမ်းရည်က သေချာချာ စိုက်ကြည့်လိုက်သည်။

အံ့သြစရာ ... သူမရဲ့ လူတစ်ယောက်ကို ထွင်းဖောက်ဖောက် ကြည့်ပစ်လိုက်နိုင်သော စူးရဲတောက်ရှသည့် အကြည့်ကို ကံကြီးမောင် ဆိုသည့် ကောင်းလေးက ရင်ဆိုင်တုံ့ပြန်သတဲ့။

သူမရဲ့ လူတစ်ကိုယ်လုံးကို ထက်ခြမ်းခွဲပစ်မတတ် အင်အားကောင်းလှသော အကြည့်ကို တုံ့ပြန်ကြည့်ရှုရှားလှပါသည်။ ဘယ်သူမဆို စက္ကန့်ပိုင်းလောက် အတွင်း ခေါင်းငုံ့ မျက်နှာလွှဲပစ်လိုက်ရတတ်မြဲ။





အခုတော့ ဒီလိုကောင်လေးက သူမကို တုံ့ပြန်ပြိုင်ဆိုင်ကြည့်ရဲသည်။ ဒါဟာ မကြုံစဖူး ထူးခြားမှုပဲ။

ခင်စွမ်းရည်က ကောင်လေးကို အမြင်ကတ်သွားသလို သဘောလည်း ကျသွားမိသည်။ ကောင်လေးဟာ ဆင်းဆင်းရဲရဲ မျက်နှာခွဲလေးဖြစ်ပေမဲ့ အရည်အချင်းတော့ သိပ်ညံ့ပုံမရချေ။

“ဒါဖြင့် မင်းက ဘာအလုပ် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက် မရှိသေးဘူးပေါ့”

“ဟုတ်ကဲ့ ... အမှန်အတိုင်း ဝန်ခံရရင် မိုးကုတ်လို နေရာမျိုးမှာ အလုပ်လာလုပ်ရင် ချမ်းသာဖို့ လွယ်မယ်ထင်လို့ ထွက်လာခဲ့တာပါပဲ၊ ဘာလုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ မရှိသေးဘူး”

“ဒါဖြင့် မင်း တို့ဆီမှာ အလုပ်လုပ်မလား”

“ဗျာ”

“တို့က ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီ တစ်ခုရှိတယ်၊ အဲဒီ ကုမ္ပဏီက ဒီမိုးကုတ်ရယ်၊ မန္တလေးရယ်၊ ရန်ကုန်ရယ်မှာ ရုံးခွဲတွေရှိတယ်၊ ဒီမှာ ကိုယ်ပိုင်ကျောက်တွင်းတွေလည်း ရှိတယ်၊ နောက်ပြီး မိုးကုတ်၊ မန္တလေး၊ ရန်ကုန်မှာ ဟိုတယ်ကြီးတွေ ရှိတယ်၊ တို့က မိုးကုတ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်နဲ့ မန္တလေးရယ်ကို အလှည့်နဲ့နေပြီး အလုပ်တွေကို စီမံခန့်ခွဲတာပေါ့၊ မင်းကတော့ ဒီက ကျောက်လုပ်ငန်းမှာပဲ ဖြစ်ဖြစ် ဟိုတယ်မှာပဲဖြစ်ဖြစ် တစ်နေရာရာ ဝင်လုပ်ပေါ့"

"ဖြစ်ရဲ့လား ခင်ဗျား၊ ကျွန်တော့်ကို ကျေးဇူးဆပ်ဖို့အတွက်နဲ့တော့ အလုပ်တစ်ခု မဖြစ်မနေ စီစဉ်ပေးတာမျိုး မလိုချင်ပါဘူး"

"စိတ်ချ ... တို့ကလည်း တို့လုပ်မပေးနိုင်တဲ့ အလုပ်ကို ဘာအတွက်ကြောင့်မှ လုပ်မပေးဘူး၊ တို့မှာ အလုပ်တွေ ဒီလောက်များတာ မင်းအတွက် တစ်နေရာတော့ ဘယ်မှာ ထည့်ထည့် ရနေလို့ လုပ်ပေးတာ"

အလုပ်ရတော့မှာမို့ ဝမ်းသာသားသလို ရှိသော်လည်း ပြန်တွေးကြည့်တော့ သိပ်ပျော်စရာရှိတာတော့ မဟုတ်ချေ။

ကိုယ် လုပ်ချင်တာက တစ်လ တစ်လကို သိန်းနဲ့ချီဝင်သည့် အလုပ်ကြီးအကိုင်ကြီးတွေ လုပ်ချင်တာ။ ဒီအမျိုးသမီးပေးမှာက စာရေးစာချီသဘော ခပ်သေးသေး အလုပ်မျိုး။

အို ... ဘာပဲဖြစ်ဖြစ် နယ်မြေစိမ်းမှာ ကိုယ့်ဘာသာ အလုပ်ရှာလည်း တစ်မူးတစ်ပဲတန်အလုပ်ပဲ ရမည့်အတူတူ အပင်ပန်းခံ ရှာစရာ မလိုဘဲ အလွယ်တကူနဲ့ အလုပ်တစ်ခု ရတော့လည်း ပြီးတာပဲပေါ့။





ဒီအလုပ်ကို မှေးလုပ်ပြီး မိုးကုတ်မှာ အခြေကျအောင် ထိုင်ရမည်။ ဒီအတွင်း အမြင်ကျယ်အောင် လေ့လာပြီးမှ ကိုယ့်အတွက် အကျိုးရှိမည့် အလုပ်တစ်ခုခုကို ပြောင်းလည်းဖြစ်တာပဲ။ ခြေကုပ်ရတာပေါ့။

"ဘယ်လိုလဲ လုပ်မှာလား"

"ဟာ ... လုပ်ရမှာပေါ့၊ ဒါ ကျွန်တော့်အတွက် အခွင့်အရေးပဲ"

နုံးနုံးရေ ...။ အခုတော့ ကိုယ့်ဘဝသစ်စပြီ။ တစ်ချိန်မှာတော့ ဒီထက်ပိုလှပသာယာတဲ့ ဘဝတစ်ခုကို မင်းနဲ့အတူ သက်တွဲတည်ဆောက်နိုင်လိမ့်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ထမင်းမစားသေးဘူးလား"

"စားမယ် ဖေဖေ၊ ရင်ပြည့်နေလို့"

မပိမရိ လိမ်ညာလိုက်တာမှန်း သိသာစွာ မျက်
လေး ညှိုးမှိန်နေသော သမီးဖြစ်သူကို ဦးကျော်ဖော်ထိုက်က မ
မှသာ အကဲခတ်ကြည့်လိုက်သည်။ သက်ပြင်းတစ်ချက်ကိုလည်
ခပ်သာသာ ချမိပါရဲ့။

"သမီး အခုတလော ထမင်းလည်း ကောင်းကောင်းမ
ဘူး၊ ရွှင်ရွှင်ပျပျလည်း မရှိဘူး၊ ဘာဖြစ်တာလဲ"

မေးမှမေးရက်ပလေလို့ နူးနူး စိတ်ထဲကပဲ ပြန်
ဖြစ်လိုက်သည်။

အချစ်ရဆုံးသော ချစ်သူကို နူးနူးဘဝထဲက
ထွက်သွားအောင် မောင်းထုတ်ပစ်လိုက်သူဟာ ဖေဖေပဲ မဟု
လား။ နူးနူးရဲ့ စိတ်ရွှင်လန်းကြည်မြမှုတွေကို ဆွဲသိမ်းဖယ်ရှာ
လိုက်တာဟာလည်း ဖေဖေ ကိုယ်တိုင်ပဲ မဟုတ်လား။





ဖေဖေ့ကို ပါးစပ်က ထုတ်ဖော်မပြောဝံ့ပေမဲ့ နူးနူး
တ်ထဲမှာ ပြောချင်တာတွေမှ အများကြီး။

နူးနူးရဲ့ ဘဝက အားနည်း ပျော့ညံ့လွန်းလှပါရဲ့။
ယ့်ချစ်သူတစ်ယောက်လုံးကို ကမ်းမမြင် လမ်းမမြင် ခွဲခွာလိုက်
တောင်မှ စကားတစ်ခွန်း ပြောခွင့်မရှိ။ တားဆီးခွင့် တစ်စုံ
စ်ရာမရှိ။ အပြစ်တင်ခွင့် မရှိ။ အို ... ဘယ်လောက်များ အဓိပ္ပာယ်
င်းမဲ့လိုက်သလဲ။

နူးနူးဟာ ယုန်သူငယ်လေး တစ်ကောင်လိုပဲ ကိုယ့်
ကို အပြစ်ရှာ တိုက်ခိုက်လာသူတွေရှေ့မှာ လည်စင်းခံပေးလိုက်
တော့မှာ ထင်ပါရဲ့။

"သမီး ဘာမှ မဖြစ်ပါဘူး ဖေဖေ၊ အရင်ကလည်း ဒီလို
ပါပဲ၊ ဖေဖေ စိတ်ထင်လို့ ဖြစ်မှာပါ"

"ဒါပေမဲ့ သမီး အရင်လို သွက်သွက်လက်လက် ရွှင်ရွှင်
ပျပျ မရှိတော့တာတော့ အမှန်ပဲ၊ ဖေဖေက ကိုယ့်သမီးကို
အရိပ်လို ကြည့်နေတာ၊ မသိဘဲ နေပါ့မလား"

အရိပ်လို ကြည့်နေတာတဲ့ ... အဲဒီလိုဆိုရင်လည်း
ဖေဟာ သူ့ကြည့်နေတဲ့ အရိပ်လေးကို ဘာကြောင့် လှပလန်း
န်းနေတာမျိုး မမြင်ချင်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



“သမီး စိတ်ထဲဘာတွေ တွေးနေမလဲဆိုတာ ဖေဖေ သိ
တယ်၊ ဖေဖေ့ကိုလည်း အပြစ်တင်နေမယ်၊ စိတ်ခုနေမ
ဆိုတာသိတယ်၊ ဒါပေမဲ့ သမီး ... ဖေဖေဟာ သမီးလေး
မိတဆိုးဘဝနဲ့ ဒီအရွယ်ရောက်အောင် စောင့်ရှောက်
လာတာ၊ ဖေဖေ တတ်နိုင်သမျှ သမီးလေးကို အကောင်း
အပြည့်စုံဆုံး ဖြစ်အောင်ထားတယ်၊ သမီးလေး အိမ်ထော
ကျသွားတဲ့အခါမှာလည်း ဖေဖေ့လက်ထဲမှာ ရှိစဉ်က
မတောင့်မတ မကြောင့်မကျဘဝနဲ့ နေစေချင်တယ်၊ ဒ
ဖေဖေမှ မဟုတ်ဘူး သမီး၊ မိဘတိုင်းရဲ့ သားသမီးအ
ထားတဲ့ စေတနာပဲ၊ ဆင်းရဲလည်း ဆင်းရဲတဲ့အလျော
ချမ်းသာလည်း ချမ်းသာတဲ့အလျောက် ကိုယ့်သားသမီးဘ
မြင့်မားကောင်းစားတာကို မြင်ချင်မှာပဲ၊ သမီးတို့ လူင
တွေက မျက်တောင်မွေး တစ်ဆုံလေးပဲကြည့်ပြီး ဘဝ
စိတ်ကူးယဉ်စရာလို့ မြင်နေပေမဲ့ သမီးတို့ အရွယ်တွေ
ဖြတ်ကျော်ပြီး ဘဝရဲ့ အခက်အခဲ အမျိုးမျိုးကို ကြုံခဲ့ရ
လူကြီးတွေ အတွက်ကတော့ ကိုယ့်သားသမီးကို သက်သော
သက်သာ ဘဝလမ်းကိုပဲ လျှောက်စေချင်မှာပဲ၊ အဲဒါ ဖေ
အလွန်လို့ ဆိုမလား သမီး”





ရှည်ရှည်လျားလျား ရှင်းပြနေသော ဖေဖေ့စကားတွေ
ကို ကြားရတော့လည်း စိတ်ထဲမကောင်းမိ။

ဖေဖေ့ကို နားမလည်တာတော့လည်း မဟုတ်ပါ။ မိဘတွေရဲ့ မေတ္တာနဲ့စေတနာကို နွေးနွေးလည်း နားလည်တတ်ပါသေးသည်။

ဒါပေမဲ့ နားလည်တာကလည်း လည်တာတခြားပဲဆေး၊ လိုက်နာလက်ခံဖို့ ခဲယဉ်းနေတာကတော့ ခဲယဉ်းနေဆဲ။

ဖေဖေ ပြောသလို နွေးနွေးတို့အရွယ်က နှလုံးသားကို ဦးစားပေးတတ်တဲ့အရွယ်။ ဒီအရွယ်မှာ ချစ်သူနဲ့ ပေါင်းဖက်ရဖို့သည်သာ အဓိကဖြစ်ပြီး ကျန်တာတွေ ဖြစ်ချင်ရာဖြစ် အရေးမကြီး။

“သမီး သိထားဖို့က သမီးတို့ကိစ္စကို ဖေဖေ ကန့်ကွက်
တားဆီးတာ မဟုတ်ဘူးနော်”

မကန့်ကွက်ပေမဲ့ ဖေဖေ့ကြောင့် ကိုမောင် ထွက်သွားတော။ အဲဒါကိုရော ဖေဖေ ဘယ်လိုပြောမလဲ။

နွေးနွေးက (ငရဲကြီးချင်လည်း ကြီးပါစေတော့) ဖေဖေ့ကို စိတ်ထဲကနေ ရန်တွေ့နေမိသည်။

ဖေဖေက ဘာတွေ ပြောလိုက်လို့ ကိုမောင် ထွက်သွားရသည်ဆိုတာ နွေးနွေးက ခုထက်ထိ မသိသေးပါ။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



ရော ကိုမောင်ကရော ဒီကိစ္စကို လျှို့ဝှက်ချက်ကြီး တစ်ခုအဖြစ် ထားကာ နူးနူးကို လုံးဝ ပေးမသိ။

ဘာတစ်ခုမှ သိခွင့်မရှိသောအခါ နူးနူးတစ်ယောက် တည်း ဘာကို စိတ်ပူရမှန်းလည်းမသိ၊ ဘာကို မျှော်လင့်ရမှန်း လည်းမသိ၊ ဘာတွေဖြစ်လာမည်ဆိုတာကိုလည်း ခန့်မှန်းခွင့်မရှိ။

နူးနူးအဖြစ်က ဘာနဲ့တူနေသလဲဆိုလျှင် လကွယ်ည မှောင်မှောင်မှာ အဆုံးအစမဲ့ နက်ရှိုင်းမှောင်မည်းနေသော တောနက် ကြီးထဲ လျှောက်သွားနေရလိုမျိုး။

ကဲ ... အဲဒီလို အခြေအနေမျိုးမှာ နူးနူး စိတ်အားငယ် ချောက်ချားမိတာ အလွန်လို့ ပြောရဦးမှာလား။





"ဟော ... တို့ ရုံးခန်းထဲကို တံခါးမခေါက်ဘဲနဲ့ ဘာလို့ စွပ်ခနဲ ဝင်ချလာရတာလဲ"

အခန်းတံခါးကို ဖွင့်ပြီး ဖျတ်ခနဲ ဝင်ချသွားလျှင်သွား ချင်း ဆီးကြိုအပြစ်တင်သံတစ်ခုကို ကြားလိုက်ရပါလေပြီ။

ကံကြီးမောင်ကဖြင့် မမှုချေ။ သူ့ဘဝမှာ ဘယ်သူ့ ဆီမှ ဂရုစိုက်စရာ မလိုဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်ပိုင်ခွင့်ရခဲ့တာ မို့ ဘယ်သူ့ရဲ့ ချုပ်ချယ်တားဆီးမှုကိုမှ ခံယူကျင့်လည်း မရှိ၊ ဘယ်သူ့ရဲ့ စည်းကမ်းကိုမှလည်း လိုက်နာကျင့် မရှိခဲ့တာလေ။

"ကျွန်တော် ကိစ္စတစ်ခုပြောစရာရှိလို့"

"ခဏနေဦး၊ မင်း ပြောချင်တာ မပြောခင် ခုနက မင်း လုပ်ပုံကို အရင်ဆုံး ဖြေရှင်းချက်ပေးဦး"

ကံကြီးမောင်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဘာမှ ပြန်မပြောဘဲ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ကြည့်ပါဦး။ ဘယ်လောက်များ အသည်းယား စရာကောင်းလိုက်သလဲလို့။ ရုပ်ကိုက ဂျစ်ကန်ကန် ပေကတ်ကတ် နဲ့။ ခင်စွမ်းရည်ဟာ သူ့ကို အလုပ်ပေးထားသူ၊ ထမင်းကျွေးထား သူဆိုတာမှ သိရဲ့လား မပြောတတ်။

သူ့ပုံစံကြည့်ရတာ ခင်စွမ်းရည်က အလုပ်ရှင် သူက အလုပ်သမား ဆိုတာကို မေ့ပြီး သူကသာ ခင်စွမ်းရည်ရဲ့ ကျေးဇူးရှင် ထမင်းရှင် အားကိုးရာကြီး ကျနေတာပဲ။

"ကျွန်တော် ဘာဖြေရှင်းရမှာလဲ"

"ဘာဖြစ်လို့ ကိုယ့်အလုပ်ရှင် လူကြီးတစ်ယောက်ရဲ့ ရုံးခန်း ထဲကို အကြောင်းမကြား တံခါးမခေါက်ဘဲ ဝင်ချလာရတာ လဲ"

"အခန်းထဲ ဝင်တာပဲဗျာ၊ လူရောက်လာဖို့ လိုရင်းပဲ မဟုတ်လား၊ အကြောင်းကြားတာ မကြားတာက အရေး မကြီးပါဘူး"

"ဘယ်ဟုတ်မလဲ ... ဒါ ရုံးစည်းကမ်းပဲ၊ နောက်ပြီး ယဉ်ကျေးမှုနဲ့လည်း ဆိုင်တယ်၊ ယဉ်ကျေးတဲ့ လူတစ် ယောက်ဟာ သူများအခန်းထဲ စည်းမရှိ ကမ်းမရှိ ဝင်လေ့ မရှိဘူးကွ"





"ယဉ်ကျေးမှုအတွက်ဆိုရင်တော့ ခင်ဗျားပြောတဲ့လူက လွဲနေ ပြီလို့ ပြောရမှာပဲ၊ ကျွန်တော်က ခင်ဗျားပြောတဲ့ လူယဉ် ကျေး အသိုင်းအဝိုင်းထဲက လာတာ မဟုတ်ဘူး၊ ကျွန်တော့် မှာ ပုံစံမရှိဘူး၊ စည်းတွေ ဘောင်တွေ မရှိဘူး၊ ကိုယ် နေချင် သလိုနေ၊ လုပ်ချင်တာ လုပ်လာခဲ့တာပဲ၊ အဲဒီအတွက် ကျွန်တော့်ကို အပြစ်တင်ဖို့တော့ မစဉ်းစားနဲ့"

လာ,လာချေသေး။ သူကပဲ စည်းမရှိ ကမ်းမရှိ လုပ်ချင်တာ လုပ်သေးသည်။ ပြောဆိုဆုံးမတော့လည်း နာခံမည် ...ပက်ခနဲ ပြန်ပက်လိုက်သေးသည်။ အခုနေ စည်းကမ်းသတ် ...တ်လိုက်မယ် ဆိုရင်လည်း သင်းက နာခံမှာ မဟုတ်တာ သေချာသည်။

ဒီပုံနဲ့ဆိုရင်တော့ ခင်ရချည်ရဲ့။ ကံကြီးမောင်ကို ...ပေးထားသည့် ရာထူးဟာ မက်လောက်ဖွယ် ဟုတ်ဟုတ်ငြား ...ရာထူးမျိုး မဟုတ်ပေမဲ့ သူမရဲ့ အမိန့်နဲ့ ကောက်ခါငင်ခါ ...ဖြုတ်ခန့်လိုက်ရတာမျိုး ဖြစ်နေ၍ အားလုံးက စိတ်ဝင်တစား ...နေကြတာ။

ဒီကြားထဲမှာ ဝန်ထမ်းအသစ်ဟာ အလုပ်ရှင်ကိုလည်း ...ခနဲ ခံပြောရဲ့၊ စည်းကမ်းလည်း မလိုက်နာ၊ လုပ်ချင်တာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေချင်သလိုနေသော ဖြစ်နေရင် အားလုံးရဲ့ အပြောအဆိုကို
ဦးတော့မည်။

"ဒီမှာ မောင်ကံ"

"ဟာ ... ခင်ဗျား ကျွန်တော့်နာမည်ကို ဘယ်လိုခေါ်လို
တာလဲဗျ"

"နာမည်ပဲ၊ ဘယ်လိုခေါ်ခေါ် ရတယ် မဟုတ်ဘူးလား"

"မဟုတ်သေးပါဘူး၊ ခင်ဗျား ခေါ်ပုံက တမင် နာမ
ခေါ်တာနဲ့ တူနေတယ်၊ နောက်ပြီး အဲဒီ နာမည်က ဝင်
ပါတဲ့ ရုပ်ရှင်တစ်ခုထဲက ရှေ့နေမောင်ကံ တစ်ကြိမ် တစ်
ဆိုတဲ့ ဟာသဇာတ်ဆောင် တစ်ယောက် နာမည်မျိုး
နေတယ်ဗျ"

ဩော် ... သူ့လှည့်ကျတော့ သိကတ်ပေါ
ကံကြီးမောင်ဆိုသည့် သူ့နာမည်ကို ကြံ့သလို အဖျားဆွတ်
တာကိုတောင်မှ နာမ်နှိမ်ရာ ရောက်သတဲ့။

"မင်း ကြိုက်ကြိုက်မကြိုက်ကြိုက် တို့ကတော့ ခေါ်ချင်သ
ခေါ်မှာပဲ"

"ဒါဖြင့်လည်း ခေါ်ဗျာ၊ ခင်ဗျားက အာဏာကို ပြချင်
အားကြီးတယ်"





"ဟုတ်တယ်၊ တို့က အာဏာပြချင်တယ်၊ ပြချင်လည်း ပြလို့ရတဲ့ အနေထားတစ်ခုကို တို့က ခံယူထားတယ်၊ မင်းသာ ကိုယ့်မှာ ဘာအရည်အချင်းမှ မရှိဘဲ အလကား သက်သက် ဘဝင်မြင့်ချင်နေတာ"

ခင်စွမ်းရည်က ဝေဖန်လိုက်လျှင် ကံကြီးမောင်မှာ အရိုက်ကို ထိသွားသလို အင့်ခနဲ နာကျင်ရှုံ့မဲ့သွားရလေသည်။

"ဒါကတော့ ဘဝပေး ကုသိုလ်ချင်း ခြားနားတာကိုးဗျ၊ ခင်ဗျားက ဒီတ်ဒီတ်ကြဲ သူဌေးမိဘတွေ ဗိုက်ထဲမှာ ဝင်စားတယ်၊ ခင်ဗျား မိဘတွေ ဆုံးသွားတော့ အိမ်ကြီးခြံကြီး လုပ်ငန်းကြီးတွေကို အမွေဆက်ခံခွင့် ရလိုက်တယ်၊ ကျွန်တော်ကျတော့ ဆင်းရဲမွဲတေနေတဲ့ မိဘတွေရဲ့ ဗိုက်ထဲမှာ ဝင်စားတယ်၊ မိဘတွေ ဆုံးသွားတဲ့အခါကျတော့ ဆင်းရဲစုတ်ပြတ်မှုနဲ့ မဖြစ်ညစ်ကျယ် အလုပ်ကလေးကိုပဲ အမွေရလိုက်တယ်၊ ဒီလောက်ကွာခြားနေမှတော့ အောင်မြင်မှုချင်းလည်း တခြားစီဖြစ်ပြီပေါ့"

"တော်ပြီ၊ တော်လောက်ပြီ၊ တို့မှာ အချိန်တွေ သိပ်ပေါများ မနေပါဘူးကွ၊ မင်းနဲ့ ဒီလောက်ဆွေးဆွေးနွေးနွေး မပြောနိုင်ဘူး၊ ကဲ ... မင်းရဲ့ လာရင်းကိစ္စကိုသာ ပြော"

www.burmeseclassic.com



အမြွတ်ကာတ်ဖို့ ကောင်းလိုက်တဲ့မိန်းမ။ လူကို ရူ လို့တောင် ထင်ပါရဲ့လား မသိ။ စကားပြောပုံက မောက်မော မာမာ ရှိလိုက်တာ။

အင်းလေ။ လူတိုင်းဟာ သူ့ရဲ့ နှုန်း လိုတော့ ကြည်လင်သန့်စင်လို့ ဘယ်နေနိုင်ပါ့မလဲ။ ပင်ကိုယ်စရိုက် သဘာ အရ၊ ပတ်ဝန်းကျင် အနေအထားအရ၊ ဘဝပေး အခြေအနေအ အပြောင်းအလဲတွေရှိမည်။ ညစ်ပတ်ကောက်ကျစ်မှုတွေ ရှိမည် ရက်စက်ကြမ်းကြုတ်ခြင်းတွေ ရှိမည်။ မာန်မာန ခက်ထန်ခြင် တွေ ရှိမည်။ အဆင့်အတန်း ခွဲခြားမှုတွေ ရှိမည်။

ကဲ ... ဒါတွေ ထားတော့။ သူက ပြောခိုင်းမှတော့ ကိုယ့်ရဲ့ လာရင်းကိစ္စကိုသာ ပြောဖို့ရှိတော့သည်။

"ကျွန်တော် အခုနေတဲ့အိမ်က အဆင်မပြေဘူး"

"အဲဒီတော့"

"အဲဒီတော့ ကျွန်တော့်အတွက် နေစရာတစ်ခုခုလော စီစဉ်ပေးပါ"

"မင်းက ဘယ်လိုလဲကွ၊ ပြောပုံဆိုပုံက ပိုင်စိုးပိုင်နှင် နိုင်လှချည်လား၊ မင်းလို လူလိုမျိုးမှာ ဒီလိုပုံစံနဲ့ ပြောဆ ဆိုခွင့် မရှိဘူး ဆိုတာရော သိရဲ့လား"





"စကားပြောတယ်ဆိုတာ ကိုယ်ပြောတတ်တဲ့ပုံစံနဲ့ ပြောမှာပဲ၊ ဘယ်လို ပြောခွင့်ရှိတယ်၊ မရှိဘူးလို့ ကန့်သတ်ထားလို့ မရဘူးဗျ"

ကံကြီးမောင်က ဒီမိန်းမနဲ့ စကားပြောရတာကို ာ်တော်ပဲ စိတ်တိုနေပြီ။

ကိုယ့်မှာ မှီခိုစရာ မရှိလို့သာ ယာယီသဘောနဲ့ တ်မှိတ် မှီခိုနေရတာ။ မိန်းမတစ်ယောက်ရဲ့ ဩဇာပေးဆရာ ယ်တာမျိုး မခံနိုင်ပေါင်။

ခင်စွမ်းရည်ကလည်း ကိုယ့်လက်အောက်ငယ်သား ါလျက် ကိုယ့်အပေါ် နည်းနည်းလေးမှ ရိုသေခန့်ညားမှုမရှိသော ကြီးမောင်ကို စိတ်ကုန်တာပင်။

သူကတော့ သူ့ထုံးစံမို့ ပြောချင်သလိုပြော၊ ဆိုချင် ဆိုတာ ကိစ္စမရှိ။ ကိုယ့်လက်ရှိဝန်ထမ်းတွေက မြင်သွားလျှင် ယ့်အပေါ် အရိုအသေတန်မည်။ အတုမြင် အတတ်သင်ဖြစ်ကာ တို့တွေကပါ မလေးမစား လုပ်လာကြတော့မှာ။

"မောင်ကံ ... မင်းကို အရှင်းဆုံးတစ်ခုပဲ ပြောမယ်၊ မင်း ဘာသာမင်း ဘယ်လိုပုံစံပဲ နေခဲ့နေခဲ့၊ ဒါ တို့လုပ်ငန်းခွင်၊ တို့ထားတဲ့စည်းကမ်းအတိုင်း နေရမယ်၊ မနေနိုင်ရင် မင်း ဒီက အချိန်မရွေး ထွက်သွားလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျွန်တော့်ကို မခြိမ်းခြောက်ပါနဲ့။ ကျွန် မကြိုက်ဘူး။ ကြောက်မှာလည်း မဟုတ်ဘူး"

ပြောသာပြောလိုက်ရသည် စိတ်ထဲမှာတော့ ခ ထင့်။ အခုအခြေအနေမှာ ကိုယ်က ဒီအလုပ်ကလေး တစ် အမိအရ တွယ်ဆုပ်ထားရတာ။ ဒီအလုပ်သာ မရှိတော့ရင် ဆက်နေဖို့တောင်မလွယ်။

"ကျွန်တော့်အတွက် နေစရာတစ်ခုပဲ အမြန်ဆုံး စီစဉ်

ကံကြီးမောင်က တစ်ခွတ်ထိုးပြီး ပြောလိုက် ခင်စွမ်းရည်က ဒေါသတော့ထွက်သွားတာ အမှန်ပင်။ တ တည်းမှာပဲ သူ့ရဲ့ ဘာကိုမှ မကြောက်မရွံ့ ဂျစ်တိုက်ရဲ ကလည်း သူမကို တစ်နည်းတစ်ဖုံ ဆွဲဆောင်သိမ်းသွင်းလို သည်။

"မင်းက ဘာဖြစ်ချင်တာလဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင်ဗျာ ခင်ဗျားအိမ်က အ ကြီး၊ အိမ်မှာရှိနေကြတဲ့ အလုပ်သမားတွေလည်း အ ကျွန်တော့်ကိုလည်း ခင်ဗျားအိမ်မှာ တစ်နေရာလော ဖို့"

ကံကြီးမောင်က မဖြစ်နိုင်ဘူးထင်ပေမဲ့ ဖွတ် ဆိုလိုက်တာပင်။





ခင်စွမ်းရည်က သူ့ကို ကြည့်ကာ ခဏစဉ်းစားသည်။ ပြီးလျှင် ...

"ကောင်းပြီ"

တစ်ချက်တည်း သဘောတူလိုက်လျှင် ကံကြီးမောင် ဘ မအံ့သြဘဲ မနေနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကံ"

မျက်နှာချင်းဆိုင် တွေ့လိုက်တာနဲ့ ခင်စွမ်းရည်
မပြောင်းလဲသော အခေါ်အဝေါ်ကို ကြားရပါပြီ။

ကြားနေကျ ဖြစ်သွားတော့လည်း မတတ်သာ
နားရည်ဝခဲ့ရပြီ။

သူမရဲ့ ခပ်နှိမ်နှိမ် ဆက်ဆံတတ်သည့် အမူအကျ
တွေကို ကံကြီးမောင်က တဖြည်းဖြည်း ယဉ်ပါးခဲ့ပြီး ထိုအ
ကံကြီးမောင်ရဲ့ ကြွစောင်းစောင်း ပေကတ်ကတ် အကျင့်စရိုက်
ကိုလည်း ခင်စွမ်းရည်က အလေ့အကျင့် ရခဲ့ပေပြီ။

"မင်းမှာ အဝတ်အစားကောင်းကောင်း ဘယ်နှထည်
သလဲ"

"ကျွန်တော့်ကိုယ်ပေါ်မှာ ဝတ်ထားတာ အကောင်း
ပဲ"





ခင်စွမ်းရည်က ကံကြီးမောင် တစ်ကိုယ်လုံးကို ခြေ
ဆုံးခေါင်းဖျား တစ်ချက်ကြည့်လိုက်ပြီးလျှင် မျက်နှာကို ရှုံ့မဲ့ပစ်
လိုက်ကာ ...

"ဒါနဲ့တော့ ဖြစ်မှာ မဟုတ်ဘူး"

"ခင်ဗျားက ဘာလုပ်မလို့လဲ၊ ရောင်းစားမလို့လား"

"မင်းဟာလေ စကားပြောရင် ဘယ်တော့မှ ရိုသေသမှု
မရှိဘူး၊ သိပ်ပြီး ကလေကချေ ဆန်တာပဲ"

"ခင်ဗျားဟာလေ စကားပြောရင် မောက်မောက်မာမာနဲ့
သိပ်ပြီး နိုင်ထက်စီးနင်း ဩဇာပြချင်တာပဲ"

တစ်ခွန်းမခံ ပြန်ပြောတော့မှာ သေချာနေသည့်
ကံကြီးမောင်နဲ့ ဖက်ပြိုင်မပြောတော့ဖို့ ခင်စွမ်းရည်က ဆုံးဖြတ်
လိုက်လေသည်။

"နေ့လယ် ထမင်းစားချိန်ကျရင် မင်းနဲ့တို့ အပြင်ခဏ
ထွက်မယ်"

"ဘာကိစ္စလဲဗျ"

"မင်းအတွက် ဝတ်စုံကောင်းကောင်းတစ်စုံ ဝယ်ဖို့ပေါ့"

"ဝတ်စုံ ... ကျွန်တော့်အတွက် ဘာလုပ်ဖို့လဲ၊ ဒီဝတ်စုံက
ကျွန်တော့်အတွက် အကောင်းဆုံးပဲ"

"မင်းအတွက်ကောင်းပေမဲ့ တို့အတွက် မကောင်းဘူးလေ"

"ဘာဖြစ်လဲဗျ၊ ဒါ ကျွန်တော်ဝတ်ရမှာပဲ၊ ခင်ဗျားအတွက် ကောင်းတာ မကောင်းတာနဲ့ ဘာဆိုင်လို့လဲ"

ခင်စွမ်းရည်က စိတ်ရှုပ်ရှုပ်နဲ့ ကျွတ်ခနဲ စုတ်သတ် လိုက်ကာ

"မင်းကို ညှော်ခံပွဲတစ်ခု ခေါ်သွားမလို့ကွ၊ အဲဒီအတွက် ဝတ်စုံတစ်စုံလိုနေတာ"

"ညှော်ခံပွဲခေါ်သွားမလို့"

အံ့သြစရာတွေချည်းပါပဲလား။ ဒီနေ့ ခင်စွမ်းရည် ပြောသမျှ စကားတွေဟာ ကံကြီးမောင်ကို အံ့အားတသင့် သံယောင် လိုက် ရေရွတ်မိစေသည့် စကားတွေချည်းသာ ဖြစ်နေလေသည်။

"ဘာတွေ ဒီလောက် အံ့သြနေရတာလဲ၊ လွန်ခဲ့တဲ့ သုံးရက် ကပဲ မင်းကို တို့ရဲ့ ဘော်ဒီဂတ် ခန့်ထားပြီးသားလေ။ သက်တော်စောင့် တစ်ယောက်ဟာ ကိုယ့်အလုပ်ရှင် သွားရာ ကို လိုက်ပြီး စောင့်ရှောက်ဖို့ တာဝန်ရှိတယ် မဟုတ် လား"

ဟုတ်တော့လည်း ဟုတ်သားပင်။ ကံကြီးမောင်၏ တောင်းဆိုမှုကြောင့် သူ့ကို ခြံကောင်းကင်အိမ်ကြီးမှာ ပေးနေဖို့ ဆုံးဖြတ်လိုက်ရသော ခင်စွမ်းရည်က အစီအစဉ်တစ်ခုကို ရေးဆွဲခဲ့ သည်။





အလုပ်ထဲက ရိုးရိုးအလုပ်သမားတစ်ယောက်ကို အိမ် ခေါ်ပြီး နေရာပေးထားသည်ဆိုလျှင် မကောင်း။ တခြားနေရေး ထိုင်ရေး အဆင်မပြေသော အလုပ်သမားတွေ အတွက်ကျတော့ ညှိုခံပြောစရာဖြစ်မည်။

အဲဒါကြောင့် ဘယ်သူမှ အပြစ်မပြောနိုင်အောင် ခင်စွမ်းရည်က ကံကြီးမောင်ကို သူမရဲ့ သက်တော်စောင့် ခန့်ပစ် လိုက်လေသည်။

သက်တော်စောင့်တစ်ယောက်ဖြစ်သွားလျှင်တော့ သူနဲ့အလုပ်ရှင်နားမှာပဲ နေ့ညမပြရတော့မှာမို့ အိမ်မှာ လိုက်နေလည်း ပြောစရာ မဖြစ်တော့။

ကံကြီးမောင်က သူ့ရဲ့ ရာထူးရာထူးပုဒ်ကို ခင်စွမ်းရည် လိုပဲတပ်တပ် နေစရာတစ်ခု ချောင်ချောင်ချိချိရရင် ပြီးရော ဆိုသည့် သဘောနဲ့ ကျေနပ်လက်ခံခဲ့တာ။

အခုလို သူမနဲ့အတူ ပွဲလမ်းသဘင်တွေ လိုက်တက် ရမည်ဆိုတော့ အနည်းငယ် တွန့်ဆုတ်ချင်မိသားပင်။

"မင်းက ဘာဖြစ်နေရတာလဲ"

"ဟို ... ကျွန်တော် မလိုက်လို့ မရဘူးလား"

"မလိုက်ချင်ဘူး ဆိုရင်လည်း ရတယ်လေ"

"ဒါဆို မလိုက်ချင်ဘူး"

www.burmeseclassic.com



"ခဏာနေဦး၊ စကားကို ဆုံးအောင်နားထောင်၊ မလိုက်ချင်ဘူးဆိုရင်လည်း ရတယ်၊ ဒါပေမဲ့ မင်းကို ဒီအလုပ်မှာ ဆက်မထားနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အလုပ်ရှင်မှ ကိုယ့်အနားမှာ အချိန်ပြည့်မစောင့်ရှောက်နိုင်တဲ့ သက်တော်စောင့်မျိုးကို အလိုရှိမှာ မဟုတ်ဘူး"

ကံကြီးမောင်က သူမကို စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲလိုက်မိသည်။ ဒီမိန်းမဟာ လူတစ်ယောက်အပေါ် သူပေးရသည့် အခွင့်အရေးနဲ့တန်အောင် ပြန်ယူတတ်သည့် လူစားမျိုးပဲ။ ဘူးစွာစိတ်ဓာတ်ပေါ့။

မတတ်နိုင်ပါဘူးလေ။ သူ့ဆန္ဒစား ရဲမှာပေါ့။ ကိုယ်က ဒီအလုပ်ကို လက်ခံမိပြီးပြီ ဆိုမှတော့ သူမ ပြုသမျှ နုရဲ့သာရှိတော့ လေသည်။





"ဟော့ … ခင်စွမ်းရည်နဲ့ တွဲလာတဲ့ ကောင်လေးက ဘယ်သူလဲ"

"မသိဘူး၊ ရုပ်ရည်ကတော့ အချောစား အဖြေဖြင့်စားမဲ့နော်"

နားထဲ တည့်တည့်တိုးဝင်လာသော စကားသံတွေကြောင့် ကံကြီးမောင်က ရှေ့ဆက်မလျှောက်ဝံ့တော့ဘဲ အမှောင်ရိပ်ထဲ ခေတ္တ ခိုနေလိုက်ရပါသည်။

ခင်စွမ်းရည်က သူမရဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေနဲ့ စကားပြောနေခိုက်မှာ အနားမှာနေဖို့ မသင့်ဘူးဟု ယူဆမိသော ကံကြီးမောင်က ဧည့်ခံပွဲကျင်းပရာ ခြံကြီးထဲမှာ ဟိုဟိုသည်သည် လျှောက်ကြည့်နေမိတာ။

သူ ရောက်သည့်နေရာက ခြံထောင့်က ပန်းချုံကြီး တစ်ခုနားမှာ။ သူ့ရှေ့မှာတော့ ဘူဖေးစားသောက်ဖွယ်ရာတွေ ခင်းကျင်းထားသော စားပွဲရှည်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



စောစောက စကားပြောလိုက်သော အမျိုးသမီးနှစ်ယောက်က စားပွဲရှည်ကြီးနားမှာ ရပ်ကာ စားသောက်စရာတွေကို ခပ်ယူရင်း စကားပြောနေကြတာ။

တကယ်လို့ ကံကြီးမောင်သာ ရှေ့ဆက်လျှောက်သွားရင် အမှောင်ရိပ်ထဲကနေပြီး ဘူဖေးစားပွဲရှိရာ အလင်းရောင်ထဲကို ဖြတ်ထွက်ရမည်။ ထိုအခါ အမျိုးသမီးနှစ်ယောက်က သူ့ကို မြင်သွားတော့မှာမို့ ကံကြီးမောင်မှာ မတတ်သာစွာပဲ နေရာမှာတင် ဆက်ရပ်နေရတော့သည်။

"ဒီမိန်းမ တစ်ခုခု ကြံစည်နေပြီထင်တယ်"

"ဟုတ်ပါ့မလား၊ ကောင်လေးကြည့်ရတာ အသက်အစိတ်တောင် ကျော်မဲ့ပုံ မရဘူး၊ ခင်စွမ်းရည်က တို့နဲ့အတူတူ သုံးဆယ့်ငါးကွာ၊ ဆယ်နှစ်တောင်ကွာတာပဲ"

သူတို့တွေက ခင်စွမ်းရည်နဲ့ ကိုယ့်ကို စွပ်စွဲသမုတ်နေကြတာပါလားဟု သဘောပေါက်လိုက်လျှင် ကံကြီးမောင်က ကျောထဲ စိမ့်ခနဲဖြစ်ကာ မျက်နှာကတော့ ဖြန်းခနဲ ပူနွေးသွားရလေသည်။

ခင်စွမ်းရည်ကို သူက တစ်ခွန်းမခံ အခြေအတင် တုံ့ပြန်နေကျ။ မလေးမစား ဆက်ဆံနေကျ ဖြစ်သော်လည်း တကယ်တမ်းကျတော့ ခင်စွမ်းရည်ဟာ သူ့ရဲ့ အလုပ်ရှင်သာ





[illegible]သည်လေ။ သူ့အနေနှင့်လည်း ခင်စွမ်းရည်အပေါ် အထက်လူ[illegible]တစ်ယောက်လိုရော အရည်အသွေးပြည့်ဝထက်မြက်သည့် အမျိုး[illegible]မီးတစ်ယောက်အဖြစ်နဲ့ပါ လေးစားမှုတော့ ရှိနေတာ။

အဲဒီလို လူတစ်ယောက်နဲ့ စွပ်စွဲပြောဆိုခံလိုက်ရ[illegible]သည့်အတွက် ကံကြီးမောင်က အားတုံ့အားနာ ဖြစ်မိလေသည်။

ခက်တာက သူတို့စကားပြောတာကို ကိုယ်က [illegible]င်းနားထောင်မိသလို အနေအထားမျိုးမို့ သွားပြီး ကန့်ကွက်ဖြေ[illegible]င်းပြလို့ကလည်း မဖြစ်နိုင်ချေ။

"အသက်အရွယ် ကွာခြားချက်ဆိုတာ ဒီခေတ်ထဲမှာ ဘာများအရေးပါလို့လဲကွာ၊ အထူးသဖြင့် ခင်စွမ်းရည် တို့လိုလက်ညှိုးထိုးရာ ရေဖြစ်တဲ့သူဌေးတွေအတွက် ပိုပြီးတောင်ဖြစ်နိုင်သေး"

"ဟုတ်တော့ ဟုတ်တယ်နော်၊ ခင်စွမ်းရည်တို့က တို့နဲ့အသက်တူတူသာ ဆိုတယ် အခုထိ နုပျိုချောလှနေတာ မသိတဲ့လူတစ်ယောက်ကို အသက်မှန်းခိုင်းရင် သုံးဆယ်အောက်ကို မှန်းကြမှာပဲ"

"နောက်ပြီး ယူ တစ်ခုသတိထားမိလား"

"ဘာလဲ"

"အဲဒီကောင်လေးက ကိုသီဟနဲ့ မတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“ကိုသီဟ ... ဆုံးသွားတဲ့ ခင်စွမ်းရည်ရဲ့ ရည်းစားကို ပြောတာလား”

“ဟုတ်တာပေါ့”

“မပြောတတ်ဘူး၊ တို့ သေချာမကြည့်မိသေးဘူး”

“အိုင်ကတော့ သေချာကြည့်လိုက်မိတယ်၊ သူတို့နှစ်ယောက် တွဲဝင်လာတော့ အိုင့်စိတ်ထဲ အရင်ကလိုပဲ ကိုသီဟနဲ့ ခင်စွမ်းရည် တွဲလာတာ မှတ်နေတာ၊ နောက်မှ ကိုသီဟ ဆုံးသွားတာ ဆယ့်သုံးနှစ်တောင် ရှိပြီလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရတယ်”

“အဲဒီလောက်တောင် တူလို့လားကွယ်”

“ချွတ်စွပ်ကြီးတော့ ဘယ်ဟုတ်မလဲ၊ အရုပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကတော့ အရမ်းတူတယ်၊ နှာခေါင်းနဲ့ ပါးစပ်ကတော့ မတူလှဘူး၊ ဒါပေမဲ့ သိသိသာသာ ခြားနားနေတာလည်း မဟုတ်ဘူး၊ ဆံပင်ပုံစံလေးသာ နည်းနည်းကွာတာ၊ နောက်ပြီးတော့ သူ ဝတ်စားထားတာကလည်း ကိုသီဟ ဝတ်စားနေကျ ပုံစံမျိုးပဲ ဆိုတော့ အမှတ်တမဲ့ ကြည့်ရင် တူနေတာပေါ့”

ကံကြီးမောင်က အမှောင်ထဲမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်မိပါသည်။





နက်ပြာရင့်ရင့် ရှပ်အင်္ကျီနှင့် အသားရောင်ကုတ်အင်္ကျီက တချို့အနောက်တိုင်းဝတ်စုံတွေလိုမျိုး အတိအကျ တောင့်တင်း သေသပ်တာမျိုး မဟုတ်ဘဲ ပွပွလျှလျှနဲ့ အိတွဲတွဲ။ ကုတ်အင်္ကျီနှင့် ဆင်တူ ဘောင်းဘီကလည်း ကိုယ်တိုင်းထက်စာရင် ပွအိ ပုံကျနေတာ။

တချို့လူကြီးတွေ ဝတ်ဆင်တတ်သည့် တောင့်တောင့် ကြွပ်ကြွပ် ကိုယ်နဲ့ တတိတည်း အနောက်တိုင်းဝတ်စုံ စစ်စစ်ကြီးတွေနဲ့စာလျှင် ဒီဝတ်စုံမျိုးက အနေရချောင်သေးတာမို့ ခင်စွမ်းရည် ဝယ်ပေးတုန်းက ကံကြီးမောင် သဘောကျနေမိသေးတာ။

အခုတော့ ဒီအဝတ်အစားတွေ ကိုယ်ပေါ်တင်ထားရတာတောင်မှ လေးပင်နေသလိုလို၊ ယားကျိကျိ ဖြစ်လာသလို သောက်မသာ ခံစားလာရသည်။

ဒီအမျိုးသမီးနှစ်ယောက် ပြောသည့် စကားအရ ဒေါ်ခင်စွမ်းရည်မှာ သူနဲ့အလွန်တူသည့် ကိုသီဟဆိုသော ချစ်သူတစ်ယောက် ရှိခဲ့ဖူးတာ။ သူမတို့နှစ်ယောက်ဟာ ကိုသီဟ မဆုံးခင်က ပွဲလမ်းတွေ အတူတွဲ သွားလာဖူးတာကို သိလိုက်ရပြီ။

ဒါဖြင့် ဒေါ်ခင်စွမ်းရည်ကရော သူ့ကို သူမရဲ့ ဆုံးသွားတဲ့ချစ်သူနဲ့ တူတယ်လို့ သတိမထားမိခဲ့သလား ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုသီဟ ဝတ်နေကျ အဝတ်အစား
သေခဲ့တာကရော တမင်တကာလား။ မထင်မှတ်ဘဲ တိုက်ဆိုင်သွ
တာမျိုးလား။

တကယ်လို့ တမင်တကာဆိုရင် သူမဟာ ရည်
ချက်တစ်ခုခုနဲ့ သူ့ကို ဘော်ဒီဂတ်ရာထူး ပေးကာ ကိုသီဟ
တူအောင် ဆင်ပေးနေတာမျိုးလား။ အဲဒီရည်ရွယ်ချက်ကအ
ဘာများ ဖြစ်နိုင်မည်လဲ။

တွေးရင်းတွေးရင်း စိတ်ထဲမသိုးမသန့် ဖြစ်လာသည်
ဒေါ်ခင်စွမ်းရည့်ကိုလည်း သိပ်မယုံကြည်ချင်တော့။

နီးကြွဖျတ်လတ်သော သူ့ရဲ့အာရုံထဲမှာ မကြာ
တစ်စုံတစ်ခု ဖြစ်လာတော့မည်ဆိုသည့် အသိက ကြီးစိုးနေ
သည်။





"ဟော့ကောင်မလေး ... ဘာကြည့်နေတာလဲ"

စားပွဲပေါ် တံတောင်ဆစ်နှစ်ဖက်ထောက်ကာ ဖြန့်ထားသော လက်ဖဝါးလေးတွေပေါ် မေးတင်လျက် သူ့ကို ခပ်စိုက်စိုက် ငေးကြည့်နေသော ရွှင်ကြည်နူးကို ကံကြီးမောင်က မေးလိုက်တာပင်။

"ရှင်ကြီးက ကြည့်လို့ကောင်းလို့ ကြည့်နေတာပေါ့"

"ဟား ... ဟား ... ဟား"

ရွှင်ကြည်နူးက အမှန်အတိုင်း မကွယ်မဝှက် ဝန်ခံလိုက်လျှင် ကံကြီးမောင်က သဘောကျစွာ ရယ်မောလိုက်မိလေသည်။

ဒီကလေးမကို အဲဒါလေးတွေကြောင့်ပဲ သဘောကျမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ကြည်နူးဟာ ပွင့်လင်းရိုးသားလွန်းသည်။ သို့သော်လည်း သူမရဲ့ ပွင့်လင်းမှုမှာ အရှက်ကင်းမဲ့စွာ ရဲတင်းခြင်းတွေ မပါ။ ရိုးသားဖြူစင်မှုတွေသာ အထင်းသား ပါဝင်သည်။

"ဘာရယ်တာလဲ ... နူးနူး ရှက်တောင်သွားပြီ"

"မရှက်ပါနဲ့ကွာ၊ ကိုယ်က သဘောကျလို့ ရယ်တာပဲဟာ ကိုယ့်ချစ်သူက ကိုယ့်ကို မြှောက်ပြောတာကို ဘယ်မိုက်သားကများ သဘောမကျဘဲ နေမှာလဲ"

"နူးနူးက မြှောက်ပြောတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ကိုမောင့် မျက်နှာကလေ မှုန်နေအောင်ချောတာမျိုး မဟုတ်ဘဲ တအားကြည့်လို့ကောင်းတာ၊ အထရက်တစ်(ဖ်) ဖြစ်တာမျိုး"

"ကိုယ်က ပညာသိပ်မတတ်ဘူး၊ နီးနီးပြောတဲ့ ထရပ်ကားဆိုလား ဘာလား အဲဒီစကားကို နားမလည်ဘူး မြန်မာလို အနက်ဖွင့်ပါဦး"

"ကိုမောင်နော်၊ လာမနောက်နဲ့၊ အထရက်တစ်(ဖ်) ဖြစ်တယ်ဆိုတာ မြန်မာလို ဆွဲဆောင်မှုရှိတယ်လို့ ပြောတာ၊ ဟွန်း ... ဒီလောက်ကလေးကို မသိစရာအကြောင်း မရှိဘဲနဲ့"





မျက်စောင်းလေး မထိုးတတ် ထိုးတတ် ထိုးကာ ပြောနေသော နူးနူးရဲ့ ပုံစံလေးဟာ ဘယ်လောက်တောင် ချစ်ဖို့ကောင်းလိုက်ပါသလဲ '...'။

ရွှင်ကြည်နူးဟာ နံမည်နဲ့လိုလ်အောင်ပဲ သူမအနားမှာ ရှိနေသူတွေကို သူမကြောင့် စိတ်ကြည်နူးချမ်းသာမှုကို ဖြစ်စေသည်။

သူ့ဆီမှာ အခက်အခဲတွေ ဘယ်လောက်ရှိရှိ၊ စိတ်မာတ်ကျစရာတွေ ဘယ်လောက်ပဲကြုံကြုံ နူးနူးကို မြင်လိုက်ရသည်နှင့် အားလုံး ပျောက်ပျက်လွင့်ပြယ်သွားတတ်မြဲ။

"နူးနူး ကိုယ် အလေးအနက် တစ်ခုပြောမယ်နော်"

ကံကြီးမောင် မျက်နှာက တည်ငြိမ်လျက် လေသံက အနေလေးအနက် ဖြစ်လာလျှင် ရယ်မောနေသော ရွှင်ကြည်နူးကလည်း အလိုလို ငြိမ်ကျသွားကာ သူ ပြောလာမည့် စကားကို စိတ်ပါလက်ပါ နားထောင်နေသည်။

"နူးနူးဟာ ကို့ဘဝရဲ့ အလင်းရောင်ပဲ၊ နူးနူး ရောက်မလာခင်ကဆိုရင် ကိုယ်နေရတဲ့ဘဝကြီးက သိပ်ကို ခြောက်သွေ့ အထီးကျန်တာ၊ နူးနူးနဲ့ တွေ့ပြီးတော့မှ လောကကြီးဟာ လှပပါလား ဆိုတာကို သိတတ်လာတာလေ၊ အဲဒီအတွက် နူးနူးကို ကျေးဇူးတင်တယ်၊ ပိုပြီးတော့လည်း ချစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတယ်၊ ကိုယ့်ဘဝမှာ နုနုသာ ရှိနေရင် အားလုံး ပြည့်စုံပြီ"

"အဲဒါ တကယ်ပြောတာလားဟင်"

"တကယ်ပေါ့၊ နုနုဟာ ကိုယ့်အတွက် ဘုရားသခင်က ဖန်ဆင်းပေးလိုက်တဲ့ လက်ဆောင်ပဲ"

"အပြောကတော့ ဟုတ်နေတာပဲနော်၊ တစ်ချိန်ကျမှ နောက်ထပ် အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်အသစ်တစ်ခု ထပ်တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

"ဒါက လုံးဝ မဖြစ်နိုင်တာဘဲ၊ သေချာတယ်၊ နုနုထက်ပိုပြီး ချစ်စရာကောင်းတဲ့ မိန်းကလေး ဒီလောကမှာ မရှိနိုင်တော့ဘူး"

စကားကို ခဏရပ်ထားလိုက်ပြီးလျှင် ကံကြီးမောင်က ကျီစယ်လိုသောစိတ်လေး ပေါ်လာကာ ...

"ကိုယ်လိုကောင်အတွက် နုနုလို မိန်းကလေးမျိုး နောက်ထပ်တစ်ယောက် တွေ့ဖို့ဆိုတာလည်း လွယ်တာမှ မဟုတ်တာ၊ ဒီတစ်ယောက်တောင် မျက်စိလည်လမ်းမှားပြီး ရောက်လာပေလို့"

"ကြည့်စမ်း ... ကြည့်စမ်း ... ဇာတ်ရုပ်က ပေါ်လာပြီ နောက်တစ်ယောက် မရှိနိုင်တော့ဘူး ဆိုတာ နောက်တစ်





ယောက် မတွေ့နိုင်တော့မှာ သေချာလို့ ပြောတာ မဟုတ်လား"

ကြည့်စမ်းပါဦးဗျာ။ သူ့ချစ်သူလေးဟာ စိတ်တိုနေအောင်မှ ချစ်ဖို့ကောင်းနေတုန်းပဲ။

ကံကြီးမောင်က မျက်နှာလေးရှုပုပ်လျက် နှုတ်ခမ်း စူထော်နေသော ရွှင်ကြည်နုရဲ့ မျက်နှာလေးကို နှစ်နှစ် ငေးစိုက်ကြည့်နေမိသည်။

အမြဲတမ်း စိတ်သဘောထားကောင်းစွာ ပြုံးနေတတ်သူကို တစ်ခါတစ်ရံတော့လည်း စ,နောက်ကြည့်ချင်သေးတာ ချစ်သူတွေရဲ့ ဘဝဆိုတာ စိတ်ဆိုး စိတ်ကောက်ခြင်းတွေ၊ ညည်းချော့မော့ အဆင်ပြေခြင်းတွေနဲ့ တန်ဆာဆင်ထားမှ ပြည့်ဝနိုင်မှာ မဟုတ်လား။

သို့သော်လည်း ကြာကြာတော့ မခံလိုက်ပါ။ ဘယ် အချိန်ကြာကြာ စိတ်မဆိုးတတ်သော အရိုးခံမ,ကလေး သူထိုင်ကြည့်နေစဉ်အတွင်းမှာပဲ စိတ်ကောက်ပြေသွားခဲ့ပြီး ...

"တော်ပြီ၊ ဆက်ပြီး စိတ်မကောက်တော့ဘူး၊ ကိုမောင် နုနုကို စိတ်တိုအောင် တမင်စနေတာ မဟုတ်လား"

"ဘာလို့ စောစောစီးစီး သိသွားရတာလဲကွာ၊ ကိုယ် ပြန်ချော့တဲ့ အထိများ စောင့်ပါဦးတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"နူးနူး အကြာကြီး စိတ်ကောက်နေရင် ကိုမောင် အကြ[...] ကြီး စိတ်ညစ်ရမှာစိုးလို့"

ကဲ ... ဘယ်လောက်တောင် အလိုက်သိတတ်သ[...] ချစ်သူလေးလဲလို့။ စိတ်ကောက်နေသည့် အချိန်မှာတောင် [...] အတွက် ထည့်တွေးငဲ့ညှာပေးတတ်သေးသည်။

"နူးနူး တစ်ခုပဲ ပြောမယ်နော်၊ ကိုမောင့်ကို နူးနူးရဲ့ အ[...] ကရော အသိုင်းအဝိုင်းကရော လက်မခံဘူး၊ ဒါ[...] သူတို့ ပြောစကားတွေကို နူးနူး နားမယောင်ဘူး၊ ကိုမော[...] ဘက်ကပဲ အပြည့်အဝ ရပ်တည်ခဲ့တယ်၊ အဲဒါ ဘာ[...] လို့လဲဆိုတော့ သူတို့တွေနဲ့ နူးနူး လိုအပ်ချက်ချင်း မ[...] လို့ပဲ"

ရွှင်ကြည်နူးက မျက်နှာတည်တည်လေးနှင့် ကို[...] လေးရှေ့သို့ ကိုင်းငုံ့ကာ အလေးအနက် ပြောလာသည်။ သူ[...] မျက်နှာလေးက အတည်ပေါက် ဖြစ်လာတော့ ကံကြီးမောင်[...] လည်း နောက်ပြောင်ရယ်မောဖို့ စိတ်မကူးတော့ဘဲ အသေအခ[...] နားထောင်ရလေသည်။

"သူတို့တွေက ကိုယ့်အိမ်ထောင်ဖက်ဆီက လိုချင်တာ[...] ငွေကြေး၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်ပကာသန၊ ကျော်ကြားထ[...] ရှားမှု အဲဒါတွေ။ နူးနူး လိုချင်တာက စိတ်တူကိုယ်တူ[...]





အေးချမ်းသာယာတဲ့ ဘဝလေးတစ်ခု အဲဒါပဲ။ အထူးသဖြင့် ကတော့ သစ္စာတရားကို နူးနူးက တန်ဖိုးအထားဆုံးပဲ၊ ကိုမောင်ဆီက တခြားဘာမှ မရချင်နေ၊ သစ္စာတရားကိုတော့ ရာနှုန်းပြည့်ရချင်တယ်၊ ချွေးစေးလေးတစ်စေ့တောင်မှ အပွန်းအပဲ့ အစွန်းအထင်း မခံနိုင်ဘူး၊ နူးနူးဘက်ကလည်း အဲဒီ သစ္စာတရားကို အပြည့်အဝ ပြန်ပေးမယ်၊ သစ္စာတရားဆိုရာမှာလည်း ဒီလူနဲ့ ဒီလူ တွဲဖက်ပြီးသားမို့ တာဝန်အရ မဖြစ်မနေ စောင့်သိလိုက်ရတဲ့ သစ္စာမျိုးကို မဟုတ်ဘူးနော်၊ ကိုယ့်နှလုံးသားထဲက စစ်စစ်မှန်မှန် လှိုက်လှိုက်လှဲလှဲနဲ့ ပေးအပ်တဲ့ သစ္စာတရားမျိုး၊ တခြားတစ်ယောက်နဲ့ ဘယ်လိုမှ အစားမထိုးနိုင်တော့လို့ အလိုလိုဖြစ်ပေါ်လာတဲ့ သစ္စာမျိုးကိုပဲ လိုချင်တာ"

စကားရှည်ကြီးကို မနားတမ်း ပြောနေပေမဲ့ သူမ [...]တ်ပါဝင်စားလွန်းသော ခေါင်းစဉ်မို့ပဲလားမသိ နူးနူး ပုံစံက [...]း၀ မောဟိုက်နွမ်းနယ်သည့်ပုံ မပေါ်ချေ။ နားထောင်ရသည့် [...]ံကြီးမောင်ကသာ သူမ အစား မောနေမိတာ။

နူးနူးဟာ သူမ အလွန်တန်ဖိုးထားသော သစ္စာတရား [...]ကြောင်း ပြောရမည်ဆိုလျှင် စိတ်အားထက်သန်လွန်းလှသ[...]။ [...]က်လုံးတွေက တဖျပ်ဖျပ် အရောင်လက်ကာ လှပ [...]ာ်မတ်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ဆန့်လေး ဖြစ်လာကာ စကားပြောပုံက အစ အား
အပြည့်။ ပြောစရာစကားတွေကလည်း ဘယ်တော့မှ ကုန်
မရှိချေ။

"ကဲ ... ဘယ်လိုလဲ ကိုမောင်၊ ကတိပေးမှာလား"

"ဟင် ... ဘာလဲ ... ဘာကတိလဲ"

"ကြည့်ဦး ... ဒီလောက်ပြောတဲ့သူက အမြှုပ်ထွက်
ပြောနေတာတောင်မှ သူက စိတ်မဝင်စားသေးဘူး"

"မဟုတ်ပါဘူး၊ စိတ်ဝင်စားပါတယ်၊ နူးနူးရဲ့ စကား
အစအဆုံးတောင် အလွတ်ပြန်ပြောနိုင်သေးတယ်"

"ဒါဆို ဘာဖြစ်လို့ ကတိကျတော့ မပေးနိုင်တာလဲ"

"ဘာကတိပေးရမယ်မှန်းမှ မသိတာ၊ နူးနူးရဲ့ စကား
ဘာကို ကတိပေးရမယ် ဆိုတာ ပါလို့လား"

"ကဲလေ ... ကောင်းပြီ၊ ဒါဆိုလည်း ပြောမယ်၊ ကို
နူးနူးကို တစ်သက်လုံး လိုက်လိုက်လဲ့လဲ့ သစ္စာထား
မယ်လို့ ကတိပေးနိုင်မလား"

"အောင်မယ်လေးဗျာ၊ ဒီကတိလောက်တော့ မေးစရာ
ဘူး၊ ပေးပြီးသားပဲ၊ ဒီတစ်ဘဝအတွက်တင် မဟုတ်
နောက်ထပ် ဆယ်ဘဝစာလောက်တောင် ကြိုပြီးပေးထား
ရသေးတယ်"





ရွှင်ကြည်နူးက အပိုတွေ ဆိုသည့် သဘောနှင့်
မျက်စောင်းလေးထိုးလိုက်သော်လည်း ပြုံးရွှင်ချိုမြနေသည့်
မျက်နှာလေးက ကျေနပ်ပီတိ ဖြစ်နေမှုကို အထင်းသား ဖော်ပြနေ
လေသည်။

ကံကြီးမောင်ကလည်း ချစ်သူ၏ အပြုံးမျက်နှာလေး
ကို ကြည့်ပြီး နှစ်သက်ပျော်ရွှင်ရတာပင်။ ကိုယ့်ချစ်သူ ကိုယ့်ကြောင့်
ပျော်ရွှင်နေတာကို တွေ့ရင် ဘယ်သူကများ မပျော်ရွှင်ဘဲ ရှိနိုင်ပါ
မလဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com



“မောင်ကံ … ဟဲ့ … မောင်ကံ … မင်း အသက်မှ ရှိသေးရဲ့လား”

“ဟာ … အဘကျော်၊ ဘာလဲဗျ စိတ်ကူးကို ပျက်သွားတာပဲ”

သူနဲ့ တစ်ခန်းတည်းနေသော ခြံအလုပ်သမားကြီး ဦးကျော် လာခေါ်မှ ခုတင်ပေါ်တွင် ငြိမ်ငြိမ်သက်သက် လှဲလျောင်းကာ အတိတ်ဆီ အလည်သွားနေသော ကံကြီးမောင်က အလန့်တကြား သတိဝင်လာသည်။

“မသိဘူးလေကွာ၊ မင်းက ပက်လက်ကြီးနဲ့ မျက်ဖြူကြီးလန်ပြီး ငြိမ်နေတော့ ငါ့စိတ်ထဲမှာ ရွာသူပြုစားလို့များ လိပ်ပြာလွင့်သွားပြီလားလို့”

“ဘယ်ကလာ့ အဘကျော်ရာ၊ ကျွန်တော် ကျွန်တော့် ကောင်မလေးအကြောင်း တွေးနေတာဗျ”





“ဟော … ဟုတ်သလား၊ ငါ့လူက ကောင်မလေးတွေဘာတွေနဲ့လား၊ အေး … အေး … အရွယ်ရောက်လာရင် ဒီလိုပဲ အဖော်ရှာကြတာ သဘာဝပဲ”

“ကျွန်တော့် ကျတော့ ပြောတယ်၊ အဘကျော် ကျတော့ လူပျိုကြီးဆို၊ ဘာဖြစ်လို့ သဘာဝကို လွန်ဆန်ပြီး အဖော်မရှာခဲ့သလဲ”

“ငါ့လူရဲ့ အခု ပြောနေတာ မင်းအကြောင်းလေ၊ ဘာကြောင့် ငါ့ဘက်ကို ပြန်ခွေလာရသလဲ”

“သူများအကြောင်း သိချင်မှတော့ ကိုယ့်အကြောင်းလည်း ပြန်ပြောရမှာပေါ့၊ အတူနေလာတာ ဒီလောက်ကြာပြီဗျာ၊ ကျွန်တော့်ကို တူလို သားလို ခင်တယ်ဆိုရင် ပြောပြပါလား”

“သူများအကြောင်း အပျင်းပြေ သိချင်တဲ့ သူတွေကိုများ ပြောမပြနိုင်ပေါင်ကွာ”

ဦးကျော်က ကွမ်းတမြုံ့မြုံ့ဝါးလျက် ကံကြီးမောင်ကို ငေးတည်တည် နောက်ပြောင်နေတာပင်။

“မပြောချင်လည်း နေပေါ့ဗျာ”

“ဟ … ဟ … ငါ့လူရ၊ မဟုတ်ပါဘူးကွာ၊ ပြောပြမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော် တမင်ဈေးကိုင်နေမှန်း သိတာမို့ ကံကြီး
မောင်က စိတ်မဝင်စားချင်ဟန် ဆောင်တော့မှ ထိုလူကြီး ဖျား
သလဲနဲ့ သူ့ဇာတ်ကြောင်းကို ဖောက်သည်ချတော့သည်။

"အဲဒါပါပဲကွာ၊ လူ့ဘဝဆိုတာ အဆင်ပြေတဲ့ လူ
အတွက်ကျ နေချင်စဖွယ် ဖြစ်ပေမဲ့ အဆင်မပြေတဲ့ သူ
အတွက်ကျတော့လည်း သေချင်လောက်အောင် စိတ်
စရာ ကောင်းတာ"

"ဒါ အဘကျော်ရဲ့ ကိုယ်တွေ့ ဒဿနပေါ့လေ"

"အင်း ... ကိုယ်တွေ့လည်းပါရဲ့၊ မျက်မြင်လည်းပါရဲ့
ကွာ၊ ဘာချို့ယွင်းချက်မှ မရှိအောင် အဆင်ပြေတဲ့
တစ်ခု ကိုယ့်ရှေ့မှာတင် ဘုန်းဘုန်းလဲသွားတာမျိုး
ငါက တွေ့ဖူးခဲ့တာကိုးကွ"

"ဟုတ်လား ... ဘယ်သူများပါလိမ့်"

ကံကြီးမောင်က ဘာရယ်မဟုတ် စကားထော
လိုက်တာပါ။ သို့သော်လည်း ဦးကျော်က အိမ်မကြီးဘ
(သူတို့နေသော အလုပ်သမားတန်းလျားဟာ အိမ်ကြီးရဲ့နော
တည့်တည့် ဆယ်ကိုက်လောက်အကွာမှာ အိမ်ကြီးနဲ့ နတ်
ဖောက်ကာ ဆယ်သွယ်ထားသော အဆောင်ပုံလေး ဖြစ်ပါသည်





မလုံမလဲ လှည့်ကြည့်လိုက်တာကိုတွေ့လျှင် သံသယ တစ်ခုက
လှစ်ခနဲ ဝင်လာသည်။

"ဒါနဲ့ အဘကျော်ကို မေးရဦးမယ်၊ ကိုသီဟ ဆိုတဲ့လူကို
သိလား"

"ကိုသီဟ ... မင်းက ဘယ်လို သိတာလဲ"

"ဒီလိုပဲပေါ့ဗျ၊ ကျွန်တော်တို့လို လူမျိုးတွေက မြက်ရှောမြွေ
လို ဟိုဟိုဒီဒီ လှစ်ခနဲ လှစ်ခနဲ သွားနေတာ၊ ဒေါ်ခင်စွမ်းရည်
ကို ပြန်မေးဆွဲဖို့ ကြံစည်နေတဲ့ သတင်းတောင် ရလာခဲ့
သေးတာပဲ၊ ကိုသီဟ အကြောင်းလောက်တော့ အမြွှားရှိ
တာ"

"ဒါဖြင့်လည်း မင်း သိပြီးပြီပဲ၊ ဘာဖြစ်လို့ မေးနေတာလဲ"

"ကျွန်တော် သိတယ်ဆိုတာ အပေါ်ယံလောက်ပဲ သိတာပါ၊
အဘကျော် ကတော့ ဒီခြံမှာ နေလာတာ ကြာပြီဆိုတော့
အကုန်သိမှာပေါ့"

"သိတိုင်း ပြောစရာလားကွ"

"ပြောပါ အဘကျော်ရာ ကျွန်တော်လည်း ဒီအိမ်သားဖြစ်
နေပြီဆိုတော့ ဒီအိမ်အကြောင်း သိသင့်သလောက်တော့
သိထားသင့်တာပေါ့၊ နောက်ပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ဘာဖြစ်လဲကွ"

"ဒါက အဘကျော် စကားပြောပြီးမှ ပြောမယ်၊ နီဂုံးပိုင်း"

"ဗျူး ... မင်း ဒီအကြောင်းတွေ ငါ့ဆီက သိတာလို့တော့ ခင်စွမ်းရည်ကို သွားမပြောပါနဲ့ကွာ၊ ဒီအဖြစ်အပျက်တွေက သူ့အတွက် ကြေကွဲစရာ အကောင်းဆုံး၊ ပြန်ပြီးမတူးဖော်ချင်ဆုံး အဖြစ်အပျက်တွေ မို့လို့ပါ"

အဘကျော်ကလည်း ကဗျာဆန်ချင်နေသေးပေတာကိုး။ ငယ်ရည်းစားက လူဝတ်ကြောင်ကိုစွန့်ပြီး သီလရှင်ဝတ်သွားတာမို့ တစ်ကိုယ်တည်း လူပျိုကြီး အဆွေးသမားဘဝနဲ့ ကျန်ရစ်ခဲ့ရသူ ဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့။

"ခင်စွမ်းရည်နဲ့ မောင်သီဟတို့ မိသားစုတွေက ရှေးမွန်မဆွတည်းက ရင်းနှီးခဲ့ကြတာကွ၊ မောင်သီဟက ခင်စွမ်းရည်ထက် သုံးနှစ်ယောက် ပိုကြီးတယ်၊ အသက်ချင်းကွာတော့ မောင်သီဟကလည်း ခင်စွမ်းရည်ကို အလျှော့ပေး အလိုလိုက်တယ်၊ ခင်စွမ်းရည် ကတော့ သူ့ထုံးစံအတိုင်းပေါ့ကွာ၊ အမြဲတမ်း အနိုင်ကျင့် ဗိုလ်ကျနေကျ"

ပြောမည့်ပြောတော့လည်း ဦးကျော်က ဇာတ်လမ်းကို လုံးစေ့ပတ်စေ့ကို ပြန်ပြောတော့တာ။





"သူတို့နှစ်ယောက်က သိပ်လိုက်တဲ့ စုံတွဲပဲကွ၊ မိုးကုတ်တစ်မြို့လုံး သူတို့အကြောင်းကို မသိတဲ့သူ မရှိဘူး၊ အားမကျတဲ့သူလည်း မရှိဘူး၊ လူငယ်ချင်းလည်း အဆင်ပြေ။ လူကြီးတွေကလည်း သဘောတူ၊ ဘယ်လိုအကြောင်းနဲ့မှ လွဲချော်စရာ မရှိတဲ့ အနေအထားပေါ့ကွာ၊ ဒါပေမဲ့ ..."

ဦးကျော်က ဆက်မပြောရက်စွာ စကားကို ခဏရပ်ထားလိုက်ရပါသည်။

ခင်စွမ်းရည်ကို ငယ်ငယ်လေးကတည်းက သိကျွမ်းသံယောဇဉ်တွယ်ခဲ့ရသူ တစ်ယောက် အနေနဲ့ သူမတို့ရဲ့အဖြစ်ဆိုးကို သနားလို့ မဆုံးချေ။

"သူတို့နှစ်ယောက် မင်္ဂလာဆောင်ဖို့ စီစဉ်ကြတယ်၊ ခင်စွမ်းရည် ခမျာ ပျော်နေလိုက်တာ မပြောပါနဲ့တော့၊ အဲဒီတုန်းက သူ့အသက် နှစ်ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမယ်၊ ရုပ်ကလေးကလည်း ပြောစရာမရှိအောင်လှ၊ လိုချင်တာမှန်သမျှလည်း ဘာမဆိုရနေ၊ အဲဒီတုန်းက သတို့သမီးလောင်းလေးဘဝနဲ့ ပျော်နေတဲ့ ခင်စွမ်းရည်ရဲ့ ပုံစံကို ခုထက်ထိ မမေ့နိုင်ဘူး၊ သူ့ဘဝမှာ အဲဒါဟာ အပျော်ရဆုံးနဲ့ နောက်ဆုံးပျော်ရခြင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ လက်မထပ်ခင်မှာပဲ ကိုသီဟက ဆုံးသွားတာပေါ့ဟင်"

"ဟုတ်တာပေါ့ကွာ"

"ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"မမျှော်လင့်နိုင်တဲ့ အဖြစ်မျိုးပါကွာ၊ သူတို့နှစ်ယောက်က မကြာခဏ မြင်းစီးထွက်လေ့ရှိကြတယ်၊ အဲဒီနေ့ကတော့ နှစ်ယောက်သား မြင်းစီးပြိုင်ရင်းနဲ့ ကိုသီဟရဲ့မြင်းဟာ ဘယ်လိုဖွေဆိုး ဖောက်လာသလဲ မသိပါဘူးကွာ၊ ပတပ်ရပ်,ရပ်ပြီး မြင်းပေါ်ကလူကို အတင်းခါချတော့တာ၊ ကိုသီဟလည်း တတ်နိုင်သလောက်တော့ တွယ်ထားသေးတယ်၊ ဒါပေမဲ့ မြင်းက ဒုန်းစိုင်းပြေးပြီး တအားလည်း ခါချလိုက်ရော လူကလွင့်ကျသွားတာ၊ ကံဆိုးချင်တော့ သူလွင့်ကျသွားတာက လူတစ်ဖက်စာလောက်ရှိတဲ့ ကျောက်တုံးကြီးပေါ် ဖြစ်နေတော့ ကျောက်တုံးနဲ့ ခေါင်းဆောင့်မိပြီး နေရာတင် ပွဲချင်းပြီးတာပါပဲ"

ဦးကျော် ပြောသမျှကို မျက်စိထဲမြင်အောင် ရုပ်လုံးဖော်ကြည့်နေမိသော ကံကြီးမောင်က ဆက်ပြီး မတွေးဝံ့တော့ဘဲ မျက်လုံးကိုစုံမှိတ်လိုက်မိသည်။





လောကကြီးမှာ သူ့လို ပိုင်ဆိုင်မှုမဲ့၊ အခွင့်အလမ်းမဲ့ သန်နေရသူတွေ ရှိသလို ပိုင်ဆိုင်မှု အပြည့်အဝ၊ အခွင့်အလမ်း ပြည့်အဝနဲ့ နေထိုင်ခွင့် ရပေမဲ့လည်း သက်တမ်းမစေ့ သွားရတွေလည်း ရှိသေးပေတာကိုး။

ဒါဟာ လောကကြီးရဲ့ တရားမျှတမှုပဲလား၊ ရက်စက်မှုပဲလား ဆိုတာတော့ ကံကြီးမောင်က မတွေးတတ်ချေ။

"ခင်စွမ်းရည်လေး ဆိုတာ အရမ်းကို ခံစားရရှာတာပေါ့၊ သူဟာ စိတ်ဓာတ်မာကျောတဲ့ မိန်းကလေး ဖြစ်လို့သာ သွက်သွက်ခါအောင် ရူးမသွားရှာတာ၊ အဲဒါတွေကြောင့်ပဲ ခင်စွမ်းရည်ဟာ လိုတာထက်ပိုပြီး တင်းမာတဲ့သူမျိုး ဖြစ်လာတော့တာပေါ့"

"ဒီလိုဆိုတော့လည်း ဒေါ်ခင်စွမ်းရည်က သနားစရာ ကောင်းတာပေါ့နော်"

"အေးပေါ့ကွ၊ ကဲ ... နေစမ်းပါဦး၊ ငါပြောစရာရှိတာတော့ ပြောပြီးပြီ၊ ငါ့စကားဆုံးရင် နိဂုံးချုပ်ပြောမယ် ဆိုတာက ဘာလဲ"

"ဒီလိုဗျ ... လူတွေက ပြောနေကြတယ်၊ ကျွန်တော်က ကိုသီဟနဲ့ တူတယ်တဲ့"

"ဟော ... မင်းက ကိုသီဟနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်က အံ့အားတသင့် ဖြစ်သွားကာ ကံကြီးမောင်ကို ပြူးပြူးကြီး အကဲခတ် ကြည့်လိုက်လေသည်။

"အေးကွ ... မင်း ပြောမှ ငါ့စိတ်ထဲ တူသလိုလို ထင်လာပြီ၊ အတိအကျတော့ မဟုတ်ဘူးကွ၊ အဝေးကနေကြည့်ရင်တော့ ဆင်မလား မသိဘူး"

"တော်ပြီဗျာ၊ ဆင်တာ မဆင်တာ အရေးမကြီးဘူး ကျွန်တော် ရေသွားချိုးတော့မယ်"

ကံကြီးမောင်က ဦးကျော်ကို အော်ပြောခဲ့ကာ အခန်းပြင် ပြေးထွက်လာခဲ့သည်။

အခန်းဝရောက်လျှင်ကား ထင်မှတ်မထားသူ တစ်ယောက်နဲ့ တန်းတိုးတော့တာမို့ ကံကြီးမောင်က တစ်ကိုယ်လုံး တုန်တက်ကာ ခေါင်းမွေးတွေပါ ထောင်ထသွားသလို အထိတ်တလန့် ဖြစ်သွားရလေသည်။





"ဒေါ်ခင်စွမ်းရည်"

တံခါးဝမှာ ရပ်နေသော ဒေါ်ခင်စွမ်းရည်ရဲ့ မျက်နှာဟာ ကံကြီးမောင် တစ်ခါမှ မမြင်ဘူးသော ဖြူဖွေးသွေးဆုတ်နေသည့်မျက်နှာ။ နောက်ပြီး အကြီးအကျယ် နာကျင်ကြေမွနေသော မျက်နှာမျိုး။

ဘုရားစူးရပါစေ့။ ထိုခဏမှာ ကံကြီးမောင်က သူမကို အကြီးအကျယ် သနားကရုဏာ သက်သွားမိလေသည်။

သူမ ရင်ထဲမှာ ဘယ်လောက် တုန်လှုပ်ခံစားနေရသည်ဆိုတာ ဒီမျက်နှာကို တစ်ချက်ကြည့်လိုက်ရုံနဲ့ သိနိုင်သည်။

ကြည့်ပါဦး။ နံရံကို အနည်းငယ် အားပြုထောက်ရင်ထားတာတောင်မှ သူမရဲ့ခန္ဓာကိုယ်ဟာ ရှေ့တိုးနောက်ငင် ယိမ်းထိုးနေသေးတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကြည့်ရင်း သူမများ လဲပြိုကျသွားလေ
မလားလို့ ကံကြီးမောင်က စိုးရိမ်ထိတ်လန့်လာသည်။ မတော်တ
များ သူမ လဲကျလာလျှင် ဆီးဖမ်းဖို့လည်း အသင့်ပြင်ထေ
သည်။

သို့သော်လည်း သူ ထင်ထားသလို ဖြစ်မလာခဲ့ပါ
ဒေါ်ခင်စွမ်းရည်က သူမကိုယ်သူမ ပြန်လည်ထိန်းချုပ်နိုင်လိုက်
သည်။

ချက်ချင်း ဣန္ဒြေရ တည်ငြိမ်သွားသော ဒေါ်ခင်စွ
ရည်ရဲ့ စိန်သားလို မာကျောသော အကြည့်တစ်စုံက ကံကြီးမော
ပေါ် ကျရောက်လာသည်။

"ဒေါ် ... ဒေါ်ခင်စွမ်းရည် ... ကျွန်တော့်ကို ဘာခိုင်းမလို့
ခင်ဗျာ"

"မင်းကို ခိုင်းမလို့ မဟုတ်ဘူး၊ ဦးကျော်ကို လာခေါ်တာ"

"ဟေ ... ခင်စွမ်းရည်၊ အဘကျော်ကို ခေါ်တာလား၊ ပြော
လေ၊ ဘာကိစ္စရှိလို့လဲ"

အလကားနေရင်း အာချောင်မိသော ဦးကျော်လ
သူ့စကားတွေ ခင်စွမ်းရည် ကြားသွားပြီမှန်း သဘောပေါက်
မျက်စိမျက်နှာပျက်ပျက်နဲ့ ပြေးထွက်လာပြီး ခြေမကိုင်မိ လက်မ
မိ ပျာပျာသလဲ ဖြစ်နေသည်။





"ကျွန်မ အခန်းထဲက ကော်ဇော လဲချင်တယ်၊ အဲဒါ စတိုခန်းထဲက အစိမ်းရောင် ကော်ဇောတစ်စုံယူပြီး လာလဲခိုင်းတာ"

"ဒါများ ခင်စွမ်းရည်ရယ်၊ ကောင်မလေး တစ်ယောက်ယောက်ကို ပြောခိုင်းလိုက်ရင် ပြီးရော"

"ကောင်မလေးတွေ မနက်ဖြန် အလှူအတွက် အားလုံး အလုပ်ရှုပ်နေကြတယ်၊ အဘကျော်ကိုလည်း ခြံထဲမှာ နည်းနည်းပြင်ဆင်ပေးဖို့ ကျွန်မ တာဝန်ပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဘကျော် အခုဘဲ လုပ်တော့မလို့ပါ၊ ထမင်းစားပြီး ခဏနားမိတာပါ"

"ကောင်းပြီလေ၊ အခုတော့ အလုပ်သမားနှစ်ယောက်လောက် ခေါ်လာပြီး ကော်ဇောလဲဖို့ကိစ္စ အရင်လုပ်လိုက်ဦး၊ ခြံကိစ္စ နောက်မှလုပ်တော့"

"မမ ... ကျွန်တော် ဘာများ ကူညီရဦးမလဲ"

ကံကြီးမောင်က စိတ်လိုက်မာန်ပါ မေးလိုက်မိပြီးမှ ဒေါ်ခင်စွမ်းရည်ကို အမှတ်တမဲ့နဲ့ "မမ"လို့ ခေါ်လိုက်မိပြီဆိုတာ သတိထားလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်စွမ်းရည်ကလည်း ကံကြီးမောင်ရဲ့ ပြောင်း
သွားသော အခေါ်အဝေါ်ကို သတိထားလိုက်မိသည်။ စိတ်ထဲ
မနှစ်မြို့က်သလိုလို ဖြစ်သွားသော်လည်း ကိုယ့်အစ်မအရွယ်
တစ်ယောက်ကို "မမ" ခေါ်တာဟာ တားမြစ်ကန့်ကွက်
မဟုတ်တာမို့ အရေးစိုက်ပါးမနေချင်တော့။

"ရတယ် ... လောလောဆယ် မင်း အလုပ်မရှိသေး
ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ရင် ပြီးပြီ"

ဒါ ဘာသဘောနဲ့ ပြောတာပါလိမ့်။ မနက်ဖြန်
အတွက် ဘာတာဝန်မှ မရှိဘူးလို့ ရိုးရိုးသားသား ပြောခြင်း
လား။ ဒါမှမဟုတ် ကိုယ့်အလုပ်ကိုယ်လုပ်၊ သူများကိစ္စ
နဲ့လို သတိပေးချင်တာလား။

ကံကြီးမောင်က တွေးမရ ရှိနေဆဲ၊ ခင်စွမ်းရည်
တော့ ချာခနဲ လှည့်ထွက်သွားနှင့်လေပြီ။





"အံ့သြစရာပဲ ခင်စွမ်းရည်၊ ဒီကောင်လေးကို သမီး ဘယ်
က ရှာတွေ့ထားတာလဲ"

ဟင်းခွက်တွေ လိုက်ဖြည့်နေသော ကံကြီးမောင်ကို
ကြည့်ကာ ရှေ့နေကြီး ဦးသိန်းဖံက ပြောလိုက်တာပင်။

ဦးသိန်းဖံ ဆိုတာက ခင်စွမ်းရည်ရဲ့ မိဘတွေလက်
ထက်ကတည်းက အတိုင်ပင်ခံ ရှေ့နေကြီး။ လုပ်ငန်းသဘောအရ
ဆိုတော့ လူချင်းပါ တဖြည်းဖြည်း ရင်းနှီးကာ ဆွေလိုမျိုးလို ဖြစ်
နေတာ။ ခင်စွမ်းရည်နဲ့ ဆိုလည်း ဦးလေးနဲ့ တူမလို ဖြစ်နေ

"ဘာဖြစ်လို့ပါလဲ အန်ကယ်"

ဦးသိန်းဖံ စကားစလိုက်ကတည်းက ဘာကို ဆိုလို
သည်ဆိုတာ ခင်စွမ်းရည်က သဘောပေါက်လိုက်ပြီ ဖြစ်သော်လည်း
အန်ဆောင်ကာ မေးလိုက်တာပင်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရလျှင် ကံကြီးမောင်ကို ကိုသီဟနဲ့ တူသည်လို့ ခင်စွမ်းရည်က လုံးဝသတိထားမိခဲ့တာ မဟုတ်ပါ။ သူ့ကို စ,တွေ့စဉ်ကရော၊ ကိုယ့်အလုပ်ထဲမှာ နေရာတစ်ခုပေးခဲ့စဉ်ကရော၊ ကိုယ့်အိမ်မှာ ပေးနေတာ ကိုယ်ရံတော် သက်တော်စောင့် ခန့်ခဲ့သည် အထိရော အဲဒီထူးခြားချက်ကို သူမက မသိခဲ့။

မနေ့က ဦးကျော် အခန်းရှေ့ ရောက်သွားပြီ ဦးကျော်နဲ့ ကံကြီးမောင်တို့ ပြောနေသည့် စကားတွေကို ကြားလိုက်တော့မှပဲ သူမ အသိထဲ "ကံကြီးမောင်"နဲ့"ကိုသီဟ"ထ ယှဉ်တွဲဝင်ရောက်လာကြတော့တာ။

အဲဒီလို ယှဉ်တွဲမိပြီ ဆိုကတည်းက (နဂိုကကြားလိုက်ရသော စကားကိုပဲ အာရုံက စွဲမြဲသွားလို့လားမသိ) ကံကြီးမောင်နဲ့ ကိုသီဟဟာ တူလှသည်လို့ ခင်စွမ်းရည်က ထင်မိတော့သည်။

မနေ့က တစ်နေ့လုံးနဲ့ ဒီနေ့တစ်မနက်လုံး ကံကြီးမောင်ကိုပဲ ခိုးခိုးကြည့်ကာ သူမ မျက်စိထဲမှာ ကိုသီဟနဲ့တူသည်ထက် တူတူလာသည်လို့ ထင်နေမိလေသည်။

သို့သော်လည်း ဘေးလူတွေ ရှေ့မှာတော့ ထိုထင်မြင်ချက်ကို ထုတ်ဖော်ဝန်ခံလို့ ဘယ်ဖြစ်မှာလဲ။ ခင်စွမ်းရည်ဟာ ကိုသီဟနှင့်တူသည့် ကောင်လေးတစ်ယောက်ကို အပါးတော်မြ





[illegible]ဖြစ် ခေါ်ထားသည်ဆိုလျှင် အဓိပ္ပာယ်က ကောင်းတော့မည် မဟုတ်။

"ကောင်လေးက မောင်သီဟနဲ့ မတူဘူးလား"

"ရှင် ... ဟုတ်ရဲ့လား အန်ကယ်ရယ်၊ မတူပါဘူး"

"ခင်စွမ်းရည် သတိထားမကြည့်မိလို့ ထင်တယ်၊ ကောင်လေးက မောင်သီဟနဲ့ တော်တော်တူတာပဲ"

ပါးနပ်သော ရှေ့နေကြီးက ခင်စွမ်းရည်ရဲ့ ရင်ထဲကို [illegible]ဖောက်မြင်နိုင်ဖို့ ကြိုးစားနေသည်။ ခင်စွမ်းရည်ကလည်း [illegible] တတ်သမျှနဲ့ အတွင်းစိတ်ကို ဖုံးကွယ်ဖို့ ကြိုးစားနေတာ [illegible]

"လူတွေ ပြောနေတာတော့ ကြားမိသားကွယ့် မဟုတ်လောက်ပါဘူးလို့ပဲ ထင်နေတာ၊ ဒီနေ့ တွေ့ရတော့မှ သူတို့စကား မမှားဘူးဆိုတာ သိရတော့တာ"

"အန်ကယ် ပြောသလောက်လည်း တူတယ်မထင်မိပါဘူး အန်ကယ်ရယ်၊ ကျွန်မကတော့ ကိုသီဟနဲ့ ဒီကောင်လေးမျိုးကို ယှဉ်ကြည့်ဖို့တောင် စိတ်မကူးမိပါဘူး"

ခင်စွမ်းရည်တို့ ထိုင်နေသော စားပွဲနဲ့ ကျောချင်းကပ်[illegible] စားပွဲကို ဟင်းရည်ဖြည့်ဖို့ ရောက်ရှိနေသော ကံကြီးမောင်[illegible] သူမစကားကို အတိုင်းသား ကြားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟလို အဘက်ဘက်က ပြည့်စုံသည့် လူတစ်ယောက်နဲ့ သူဟာ ဘယ်လိုမှ မယှဉ်သာအောင် ကွာခြားတာမှန်ပေမဲ့ တစ်စုံတစ်ယောက်က အဲဒီလိုမျိုး မယှဉ်သာလောက်အောင် ခွဲခြားပြောခဲလိုက်ရတာကိုတော့ ရင်ထဲ အောင့်မျက်သွားရလေသည်။

"ဘာပဲဖြစ်ဖြစ် လူပြောစရာ ဖြစ်လာနိုင်တယ်နော်၊ သမီး ဒီကောင်လေးကို ဘယ်လိုတွေ့လာတာလဲ"

"တစ်ခါ ကျွန်မ ပြောဖူးတယ်လေ၊ ကျွန်မကို ပြန်ပေးဆွဲဖို့ ကြိုးစားကြတာ၊ ကောင်လေးတစ်ယောက်က ဝင်ကယ်လိုက်လို့ဆိုတာ၊ အဲဒီသတင်းပေးတဲ့ ကောင်လေးဟာ သူပေါ့"

"ဒါဖြင့်လည်း သူ့ကျေးဇူးရှိလို့ ဆပ်ချင်တယ် ဆိုရင် ငွေလေးဘာလေး ပေးလိုက်ပေါ့ကွယ်၊ အလုပ်အကိုင် မရှိဘူးဆိုရင်လည်း သူ့ဘာသာ ရင်းနှီးလုပ်ကိုင်စားသောက်လောက်အောင် ထုပ်ထုပ်ထည်ထည်လေး ပေးချင်လည်းပေးပေါ့၊ အလုပ်ပေးပြီး အနားမှာ ခေါ်ထားတာတော့ မသင့်လှပါဘူး"

"ကျွန်မ အတွက် အနားမှာ စောင့်ရှောက်ဖို့ လူတစ်ယောက်လိုတယ်လို့လည်း ထင်တယ် အန်ကယ်၊ ကောင်လေးက ကိုယ်ခံပညာလည်း နည်းနည်းပါးပါး တတ်တယ်၊ မိုက်ရဲရန်ဖြစ်ရဲတဲ့ သတ္တိလည်း ရှိတယ်၊ ကျွန်မအပေါ်လည်း





သစ္စာရှိမဲ့ပုံပါ၊ အဲဒီလို လူတစ်ယောက်ကို သူများတွေက ကိုသီဟနဲ့ တူတယ်လို့ ပြောရုံနဲ့တော့ အလုပ်ဖြုတ်မပစ်နိုင်ပါဘူး"

ရှေ့နေကြီးက ပြောရခက်လှသော ခင်စွမ်းရည်ကို [illegible]မသက်မသာနဲ့ပဲ ကြည့်လိုက်မိပါသည်။

ဒီကလေးမဟာ ငယ်ငယ်လေးတည်းက သူဖြစ်ချင် [illegible]ဖြစ်ရမှ တစ်ဖွတ်ထိုးဆန်ကာ ခေါင်းမာတတ်တာ၊ မိဘတွေဆုံး[illegible]ပြီး သူမတစ်ယောက်တည်း အလုပ်တွေအားလုံးကို အုပ်ချုပ်[illegible]ရချိန်မှာတော့ ခင်စွမ်းရည်ဟာ နဂိုကထက် ပိုမိုမာကျောလာ[illegible] ကိုယ့်ဆုံးဖြတ်ချက် တစ်ခုကလွဲရင် ဘာကိုမှ ဂရုမစိုက်သော [illegible]တစ်ယောက် ဖြစ်လာခဲ့တော့တာ ...။

ဒီတစ်ခါလည်း သူမ သဘောကျ ထိုကောင်လေးကို [illegible]ထားဦးတော့မည်။ ဘယ်သူတွေ ဘာပြောပြော ဂရုစိုက်မှာ [illegible]တော့ဘူး ဆိုတာ ရှေ့နေကြီးက သဘောပေါက်လိုက်လေ

❦



www.burmeseclassic.com

www.burmeseclassic.com



"ရော ... ဒါ မင်းအတွက်"

သူ့နံဘေးသို့ ဖြုတ်ခနဲ ကျလာသော အထုပ်တွေကို ကြည့်လျက် ကံကြီးမောင်က တွန့်ခနဲ ဖြစ်သွားရပါသည်။

ဘာတွေများပါလိမ့်။ အထုပ်တွေက သေးသေးရော ကြီးကြီးရော အရွယ်အစား စုံလင်များပြားလှပါသည်။

"ဘာတွေလဲ"

"မင်းအတွက် အဝတ်အစားနဲ့ အသုံးအဆောင်တွေပေါ့"

"အဝတ်အစားတွေ !၊ မဟုတ်တာဗျာ၊ ဒီလောက်အများကြီး ကျွန်တော့် အတွက် မလိုပါဘူး"

"ဘာလို့ မလိုရမှာလဲ၊ လိုတယ်၊ မင်းမှာ တီရှပ်သုံးထည်နဲ့ ဂျင်းဘောင်းဘီ နှစ်ထည်လား၊ ဒါပဲရှိတာ မဟုတ်လား၊ တို့ဘေးမှာ အမြဲပါနေတဲ့ လူတစ်ယောက်က ဒီလောက် စုတ်ပြတ်နေတာ တို့ သိက္ခာကျတယ်ကွ"





ကံကြီးမောင်က အဝတ်အစားထုပ်တွေကို ကောက်ယူရင်း စိတ်ထဲက ကျိတ်ပြုံးလိုက်မိသည်။

အကြောင်းမသိတာကျလို့ ဒေါ်ခင်စွမ်းရည်ရယ်၊ ခင်ဗျား ဒီအဝတ်အစားတွေ ဝယ်ပေးတာဟာ ကျွန်တော့်ကို စေတနာရှိလို့ လက်ဆောင် ဝယ်ပေးတာလို့ မသိဘဲ နေပါ့မလား ...။

တဖြည်းဖြည်းနဲ့ ပြောင်းလဲလာသော ဒေါ်ခင်စွမ်းရည်ရဲ့ စိတ်သဘောထားကို ကံကြီးမောင်က သတိထားမိနေတာကြာပြီ။

ကံကြီးမောင် ဆိုတာကလည်း ပါးနပ်ထက်မြက်သော ယောက်ျားလေးတစ်ယောက် ဖြစ်သည်လေ။ မိန်းမတစ်ယောက်ရဲ့ ကိုယ့်အပေါ် သဘောထားဟာ ဘယ်လိုရှိသည် ဆိုတာ မသိဘဲ နေပါ့မလား။

ခင်စွမ်းရည်ဟာ သူ့ကို ကံကြီးမောင် အဖြစ်နဲ့ပဲ သဘောကျတာလား။ ကိုသီဟနဲ့တူသည့် လူတစ်ယောက်အနေနဲ့ အရင်းတနှီး ဖြစ်လာတာလား ဆိုတာကိုတော့ ကံကြီးမောင်က တွေးတတ်သေး။

ကိုယ်ရဲ့ အလုပ်ရှင်၊ ထမင်းရှင် မိန်းမတစ်ယောက်က ကိုယ့်အပေါ် မရိုးမသား စိတ်ထားပြောင်းလဲနေသည့် အဖြစ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်ကို အနည်းငယ်တော့ စိတ်အနှောင့်အယှက် ဖြစ်စေတာ အမှန်ပင်။

"ကဲ ... ရပြီ၊ မင်း သွားတော့"

ခင်စွမ်းရည်က ခပ်ပြတ်ပြတ်ပဲ နှင်ထုတ်လိုက်သည်။ ကံကြီးမောင်က အထုပ်တွေပိုက်လျက် ကိုယ့်အခန်းကိုယ် ပြန်ရောက်လာတာမြင်လျှင် အဘကျော်က ပြုံးစိစိနှင့် ...

"ဘယ်လိုလဲ၊ ငါ့ကောင်က တယ်ကောင်းစားနေပါလား"

"ဟာ ... အဘကျော်ကလည်း မပြောကောင်းတာတွေ မပြောပါနဲ့ဗျာ"

"ဘာလဲကွ၊ ငါက ဘာပြောလို့လဲ၊ မင်း လက်ဆောင်တွေ ရလာတာမြင်လို့ ဝမ်းသာတဲ့အကြောင်း ပြောတာပဲဟာ"

"မဟုတ်ပါဘူး၊ အဘကျော် မျက်နှာက တစ်မျိုးဖြစ်နေပါတယ်"

"ဘာမှမဖြစ်ရပါဘူး ငါ့ကောင်ရာ၊ မင်းကို ငါက တူသားအရင်းလို ခင်နေတာပဲ၊ မင်း ကောင်းစားတော့လည်း ငါကျေနပ်ရတာပေါ့၊ ခင်စွမ်းရည်ကလည်း ငါ့ သွေးသားအရင်းလို ချစ်ခင်စောင့်ရှောက်လာခဲ့တဲ့ မိန်းကလေး၊ သူ ပျော်နေရင် ငါလည်း ပျော်တာပေါ့"

"မမက ဘာဖြစ်နေလို့လဲ"





အဘကျော်က ကံကြီးမောင်ကို ပခုံးဖက်လိုက်ကာ အသံကိုနှိမ့်လျက် ...

"မင်း သတိမထားမိဘူးလား၊ ခင်စွမ်းရည်ဟာ အခုတလော အရင်ကနဲ့ကို မတူဘူး၊ မျက်နှာကြောလေး ပြေလျော့ပြီး စကားပြောတဲ့ အသံကိုက ချိုလွင်နေတာပဲ၊ မင်းကတော့ အခုမှ ရောက်လာပြီး ခင်စွမ်းရည်ရဲ့ အခုပုံစံကိုပဲ မြင်ဖူးတဲ့ လူဆိုတော့ သိချင်မှ သိမယ်၊ ငါတို့လို တစ်သက်လုံးအတူ နေလာတဲ့ လူတွေအတွက်ကတော့ သတိထားမိတယ်ကွ၊ ဒါဟာ ဟိုးအရင်က ရှိခဲ့တဲ့ ခင်စွမ်းရည်ရဲ့ နဂိုပုံစံအစစ်ပဲ"

အဘကျော်လို လူတစ်ယောက်က ထောက်ခံနေပြီဆိုမှတော့ သူ့အထင်ဟာ မှားဖို့မရှိတော့ပေ။

သူ့အပေါ် တဖြည်းဖြည်း ပြောင်းလဲချိုသာလာသော ခင်စွမ်းရည်ရဲ့ ဆက်ဆံပုံဟာ သိသိသာသာကြီး မဟုတ်တောင်မှ သတိမထားမိလောက်အောင် တိမ်တိမ်မြုပ်မြုပ်တော့လည်း မဟုတ်ပေ။ နောက်ပြီး ခင်စွမ်းရည်ဟာ သူ ပထမဆုံး မြင်ဖူးကတဲ့အချိန်ကထက်စာရင် အများကြီး ပျော့ပျောင်းညင်သာလာတာလည်း အသိသာကြီး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်မို့ အထင်တကြီး ကိုယ်ရည်သွေးတာမျိုးတော့လည်း မဟုတ်ပါ။ ကံကြီးမောင်ဟာ ဆင်းရဲစုတ်ပြတ်ပြီး ဘာအဆင့်အတန်းမှ မရှိသည့် ခပ်ချာချာကောင် တစ်ယောက်ဖြစ်သော်လည်း မိန်းမတွေကြားမှာ စန်းပွင့်တာတော့ အမှန်ပင်။

ကိုယ်က ဘယ်မိန်းမကိုမှ စိတ်မဝင်စားလို့ သူတို့ရဲ့ အရောဝင် အခွင့်အရေးပေးမှုတွေကို ပုံမှန်သဘောလောက်သာ တုံ့ပြန်ခဲ့တာ။ တကယ်လို့ ကံကြီးမောင်သာ အရေးတယူ ပြုခဲ့မယ်ဆိုလျှင် သူလိုချင်သည့် မိန်းမကို ရအောင်ယူနိုင်စွမ်း ရှိခဲ့မှာအမှန်။

ကိုယ့်ကို မိန်းမတစ်ယောက်က နှစ်သက်လိုလားနေသည့် အဖြစ်ဟာ သာမန်အချိန်မှာ ဆိုရင်တော့ ကံကြီးမောင်အတွက် ကျေနပ်နှစ်ခြိုက်ဖွယ် ဖြစ်မှာမဟုတ်သော်လည်း အခုအချိန်မှာတော့ သူ့ရဲ့အတွေးအခေါ်က တစ်မျိုးပြောင်းလဲနေခဲ့လေသည်။





ဇွန်း၊ ခက်ရင်း၊ ဓားတွေကို ကျွမ်းကျင်လှပစွာ ကိုင်တွယ်လျက် ညနေစာ စားနေသော ခင်စွမ်းရည်ကို ကံကြီးမောင်က စိုက်ကြည့်နေမိသည်။

သူမရဲ့ ဖယောင်းတိုင်ချောင်းလေးတွေလို သွယ်ပျောင်းချောမွတ်လှသည့် လက်ချောင်းကလေးတွေ လှုပ်ရှားသွားပုံဟာ ကြည့်လို့တောင် ကောင်းသေးရဲ့။

“စားလေ ... မင်းက ဘာကြည့်နေတာလဲ၊ ဇွန်းခက်ရင်းနဲ့ မစားတတ်သေးဘူးလို့ ပြောမလို့လား”

ဒီနေ့ ညနေစာကို ခင်စွမ်းရည်က သူမနဲ့အတူ လာစားရမည်ဟု အမိန့်ထုတ်ထားတာမို့ ကံကြီးမောင်က ဒီမှာရောက်နေရခြင်းပင် ...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ညနေစာ အတူစားရခြင်း အကြောင်းပြချက်ကို ခင်စွမ်းရည်က ပေးထားသည်မှာ သူ့ စားသောက်ပုံ ဘယ်လောက် တိုးတက်လာပြီလဲ ဆိုတာ အကဲခတ် လေ့လာဖို့ ဖြစ်ပါသည်။

ခင်စွမ်းရည်က ကံကြီးမောင်ကို အဆင့်အတန်းမြင့် မြင့် နေထိုင်စားသောက်တတ်အောင် သင်ပေးမည်ဟု ဆို စမတ်ကျကျ လူကြီးလူကောင်းဆန်ဆန် သွားလာနေထိုင်တတ် ဝတ်ဆင်တတ်ဖို့၊ စားသောက်တတ်ဖို့ အားလုံးသင်ပေးနေ

အစား စားသောက်ရာမှ ဇွန်း၊ ခက်ရင်း၊ ဓား ကို ဘယ်လိုစနစ်တကျ ကိုင်တွယ်ရမည် ဆိုတာကို သေချာ ပေးခဲ့တာ။

ဒီနေ့တော့ သူမသင်တန်းအတွက် နောက်ဆုံးပိ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည့်နေ့ပေါ့။

"စားလေ"

"ဟာ ... အဲဒီလိုကြီးတော့ ကျွန်တော် မစားတတ်ဘူး ကိုယ် အစား စားတာကို တစ်ယောက်ယောက်က ထိုင်ကြည့် နေတာမျိုးကို ကျွန်တော် မကြိုက်ဘူး၊ စာမေးပွဲစစ်သ ဘာများအမှားတွေ့မလဲဆိုပြီး စောင့်ကြည့်နေတာမျိုး ဆို တော့ အဆိုးဆုံးပဲ"





"အဲဒီသဘောမဟုတ်ပါဘူး၊ မင်းကို တို့က မိတ်ဆွေတစ် ယောက်ကို ထမင်းဖိတ်ကျွေးသလို ကျွေးတာပါ၊ အိမ်ရှင်က ကိုယ်ဖိတ်ကျွေးတဲ့ ထမင်းဟင်းကို ဧည့်သည်အားရပါးရ စားတာ ကြည့်ချင်သလိုမျိုးပေါ့"

ကံကြီးမောင်က မကျေမနပ်နှင့် မျက်စောင်းထိုး ကြည့်လိုက်လျှင် ခင်စွမ်းရည်က ရွှင်ရွှင်ပျပျလေး ရယ်မောလိုက် သသည်။

ပါးချိုင့်လေးတွေ ထင်းခနဲ ပေါ်လွင်လာအောင် အားရပါးရ ရယ်မောလိုက်သည့် အချိန်မှာတော့ ခင်စွမ်းရည်ရဲ့ ကော်နှာလေးက နုပျိုလန်းဆန်းသွားကာ အင်မတန်မှ ကြည့်ကောင်း သွားတော့သည်။

မထင်မိပါဘူး။ ခင်စွမ်းရည်လို မိန်းမတစ်ယောက် ဒီလောက် လှပစွာ ရယ်မောတတ်လိမ့်မည်လို့ ဘယ်သူက င်မှာလဲ။

"မင်း ဘာကြည့်နေတာလဲ"

သူ စိုက်ကြည့်နေသည်ကို မိသွားသော်လည်း စွမ်းရည်က ရှက်မသွားဘဲ ခပ်တည်တည်ပင် ပြန်မေးလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မေးသည့်သူက မေးတော့လည်း ဖြေသည့်သူက ဖြေရတော့မှာပေါ့။ ဟွန်း ... အမှန်အတိုင်းကို တည့်တည့်ကြီး ဖြေချပစ်လိုက်ဦးမည်။

"မမက သိပ်လှလို့"

"အို"

ခင်စွမ်းရည်လို မိန်းမတစ်ယောက်ကတော့ သူလို ကောင်လေးတစ်ယောက်ရဲ့ ချီးကျူးမြှောက်ပင့်စကားကြောင့် ရူးသွားလောက်မှာ မဟုတ်ဘူးဟု ထင်ထားမိပေမဲ့ ကံကြီးမောင်ရဲ့ ထင်မြင်ချက် မှားပါသည်။ ခင်စွမ်းရည်က အာမေဍိတ်သံလေး တစ်ခုပြုကာ မျက်နှာလေး နီရဲတွတ်အောင် ရှက်သွားလေသည်။

"ဒါ မင်း ပြောစရာလား"

"အမှန်အတိုင်း ပြောတာပဲ၊ ဘာဖြစ်သေးလဲ၊ မမက ကျွန်တော့် အလုပ်ရှင် ကျေးဇူးရှင်၊ ကိုယ့်ကျေးဇူးရှင်ကို ချီးမွမ်းတာ အပြစ်လား"

"မရှိသေရာ ရောက်တယ်"

"မရှိသေချင်ပါဘူးဗျာ၊ မမက ကျွန်တော့်ထက် အသက် ဘယ်လောက် ပိုကြီးလို့လဲ"

"ဆယ်နှစ်ကြီးတယ်လေ"





"ဆယ်နှစ်လောက်က မပြောပလောက်ပါဘူးဗျာ၊ ပြီးတော့ လူချင်းလည်း ယှဉ်ကြည့်စမ်းပါဦး၊ ကျွန်တော်တို့နှစ်ယောက် ဟာ အသက်ဆယ်နှစ် ကွာတယ်လို့များ ထင်စရာရှိလို့ လား"

ခင်စွမ်းရည်က ဘာမှ ဆက်မပြောတော့ဘဲ ထမင်းကို ငုံ့စားနေလိုက်သည်။

သူမ ရင်ထဲမှာတော့ ဘာကြောင့်မှန်း မသိစွာ လှုပ်လှုပ်။ ကိုသီဟနဲ့တုန်းက ကြုံခဲ့ရသော ခံစားချက်မျိုး အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသလားလို့တောင် သံသယ ဖြစ်မိသေးသည်။

ဒီကောင်လေးကို ကိုသီဟရဲ့ ကိုယ်ပွားလေးလို့ စွမ်းရည်က မယူဆမိတာတော့ အမှန်ပါ။ သူမနှလုံးသားထဲမှာ သော ကိုသီဟရဲ့ ပုံရိပ်ဟာ ဘယ်သူနဲ့မှ မယှဉ်သာလောက် အောင် တသီးတသန့် တင်ကျန်နေခဲ့တာ။ ထိုပုံရိပ်ကို တခြားတစ်ခု ခံစားယိုး ဖျောက်ဖျက်ပစ်တာမျိုးတော့ ဘယ်တော့မှ လုပ်မှာ မဟုတ်ချေ။

ဒါဖြင့် သူမရဲ့ နှလုံးသား အသစ်တစ်ဖန် ပြန်လည် နှိုးထသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်ကို မျက်လွှာလေးလှန်လျက် မသိမသာ ခိုးကြည့်လိုက်သည်။ သူမ ရင်မှာလည်း အပျိုဖျန်းကလေး တစ် ယောက်လို တဖျပ်ဖျပ် လှုပ်ရှားလိုက်ဖိုလျက်။

ကံကြီးမောင်ကတော့ ခင်စွမ်းရည် ဖြစ်နေပုံကို သတိထားမိပေမဲ့ မသိဟန်ဆောင်ကာ ထမင်းကိုသာ သဲကြီးမဲကြီး ငုံ့စားနေလိုက်တော့သည်။





ကိုယ့်အဖြစ်က ရယ်ချင်စရာတော့ အကောင်းသား။

ချစ်သူကို သတိရလွမ်းဆွတ်လွန်းလို့ ချစ်သူနဲ့ပတ် သက်သည့် ပစ္စည်းတစ်ခုကို အမှတ်တရ ထုတ်ကြည့်ချင်ပေမဲ့ သူ့မှာ ကဗျာဆန်ဆန် လှလှပပ ဘာပစ္စည်းမှ မရှိပါ။ သူတို့နှစ် ယောက် စတင်ခင်မင်သည့် နေ့တုန်းက အမှတ်တရ အဖြစ် ပြည်းချင်း လဲခဲ့သော နုနုရဲ့ ဓာတ်ပုံပြိုင်ပွဲ နှစ်သိမ့်ဆုရ ဂုဏ်ပြု ကတ်ပြားလေးပဲ ရှိသည်။

ထိုကတ်ပြားလေးမှာ ရေးထားသော "မရွှင်ကြည်နု" ဆိုသည့် နာမည်လေးကိုပဲ သူ့မှာ ချစ်သူအမှတ်နဲ့ သာသာလေး ငေးထိပွတ်သပ် ကြည့်နေရတာ။

ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ရမှာတဲ့လဲ နုနု ရည်။ ခွဲခွာရတာ ကြာတော့မှ ချစ်သူကို သတိရတမ်းတစိတ်ဖြစ် ယ်လောက် ပြင်းထန် ဆိုးဝါးတယ် ဆိုတာ ပို့ပိုသိလာရ သာ။



www.burmeseclassic.com

www.burmeseclassic.com



နူးနူးကို သူ ဘယ်လိုမှ မခွဲနိုင်ပါ။ မတတ်သာလို့ သော အခြေအနေကြောင့်သာ သူလေးနဲ့ ဒီလောက်အဝေးကြီး ရောက်နေရတာ။ ဖြစ်နိုင်ရင်တော့ တောတောင်ရေမြေ ကွာခြား သမျှတွေကို အပြေးအလွှား ဖြတ်သန်းလျက် ချစ်သူနား ရော အောင် သွားလိုလှပါပြီ။

သိန်းငါးရာ ... တဲ့။

သူလိုလူတစ်ယောက်နဲ့ အဟပ်ကွာလွန်းသော ရ ကြေးပမာဏကို ရက်ရက်စက်စက် တောင်းဆိုလိုက်သည့် ယော လောင်းကြီးကိုပဲ စိတ်နာရမလား။ ဘယ်လိုမှ မဖြစ်နိုင်သည့် ကိစ္စတစ်ခုကို ဖြစ်အောင် လုပ်ပါမည်လို့ မိုက်မဲစွာ ကတိကဝတ် ခံခဲ့သော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမလား. မသိတတ်တော့ ချေ။

တကယ်တော့ သူ့လိုလူ တစ်ယောက်အတွက် ဘဝသက်တမ်း တစ်ခုလုံးစာကို ရင်းနှီးမြှုပ်နှံလျှင်လည်း သိန်းငါး ဆိုသည့်ငွေကို ရှာဖွေရဖို့ မလွယ်ကူပါ။

ကိုယ့်ကို အထင်သေး အမြင်သေး နှိမ်ချဆက်ဆံ သည့် ဦးကျော်ဇော်ထိုက်ကို မခံချင်လွန်းလို့သာ ယောက်ျားမာန ပြသည့် အနေနှင့် သဘောတူ လက်ခံခဲ့ရတာ။ အခုထိ သိန်းငါး မပြောနဲ့ တစ်သိန်းတောင် ပြည့်အောင်မရှာနိုင်သေးချေ။





ဒီလိုပုံနဲ့ ဆိုလို့ကတော့ သူ့တစ်သက် နူးနူးနဲ့တွေ့ခွင့်ရှိတော့မှာ မဟုတ်။

ဦးကျော်ဇော်ထိုက်ကို ကတိပေးခဲ့ရတာမို့ သူတို့နှစ်ယောက်ရဲ့ လျှို့ဝှက်သဘောတူညီမှုကိုလည်း နူးနူး သိအောင် မပြောခဲ့ရပါ။

အခုလောက်ဆို သူ့ရဲ့ချစ်သူလေးဟာ ရုတ်တရက်ကြီး ခွဲခွာသွားခဲ့သောသူ့ကို သတိရနေမှာလား။ စိုးရိမ်ပူပန်နေမှာလား။ အဲဒီလိုနဲ့ အချိန်တွေ အများကြီး ကြာသွားခဲ့လျှင် မျှော်လင့်ချက် တစ်စွန်းတစ်စလေးတောင် မထားသွားသည့် သူ့ကို နူးနူးက စိတ်နာသွားပေတော့မလား။ ဆက်ပြီးတော့ စိတ်ရှည်လက်ရှည်စောင့်နေပါ့မလား။

နူးနူးရဲ့ သစ္စာတရားကို ယုံကြည်ပေမဲ့ အလှည့်အပြောင်းတွေနဲ့ မာယာတွေ များလှသော လောကကြီးကို မယုံနိုင်ပါ။ သူတို့နှစ်ယောက် ဝေးကွာနေသောအချိန် ကြာလေ အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ အခွင့်အရေးက များလေ။

ကိုယ့်ရဲ့ အခြေအနေကလည်း ရန်ကုန်က ထွက်လာပြီး လေးလကျော်တဲ့အထိ ဟုတ်ဟုတ်ဟတ်ဟတ် ဘာမှမရှိသေး။ ဒါတောင် ခင်စွမ်းရည်နဲ့တွေ့ပြီး အလုပ်တစ်ခု အလွယ်တကူရခဲ့ပေလို့ ဒီလောက်ခံသာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူများလက်အောက်ဝန်ထမ်း လခစား အလုပ်သမားတစ်ယောက် အနေနဲ့ သိန်းငါးရာရအောင် ရှာနိုင်ဖို့ ဆိုတာ ဘယ်လိုမှ မျှော်လင့်ချက် မရှိပါ။ သိန်းငါးရာဆိုသည့် ငွေကြေးကို ခပ်မြန်မြန် ရနိုင်ဖို့ဆိုလျှင် ပွဲပေါက်တစ်ခုခု တိုးမှပဲ ဖြစ်တော့မှာ။

ဖြတ်လမ်း ...။ ရုတ်တရက် ကြီးပွားတိုးတက်သွားနိုင်မည့် ဖြတ်လမ်းကို ဘယ်လိုများ ရှာရပါလိမ့်မလဲ။

အခန်းပြတင်းပေါက်မှ အိမ်ကြီးဆီကို လှမ်းမျှော်ကြည့်လိုက်မိသည်။

တချို့တွေများကြတော့ ချမ်းသာပြည့်စုံလိုက်ကြတာ။ ဟင်း ... ရွှေကောင်းကင်အိမ်ကြီးနဲ့ ခင်စွမ်းရည်ရဲ့ စီးပွားတစ်ခုလုံးသာ သူ့အပိုင် ဖြစ်ခဲ့လျှင် ငွေမက်သည့် ယောက္ခမကြီးဟာ သူ့သမီးနဲ့ ကိုယ့်ကို ဝမ်းမြောက်ဝမ်းသာ သဘောတူသွားမှာပဲ။

ရွှေကောင်းကင်အိမ်ကြီးနဲ့ ခင်စွမ်းရည်ရဲ့ ငွေတွေကိုသာ ပိုင်ဆိုင်လိုက်ရလျှင် ...။

ကံကြီးမောင်က ဟိုဟိုသည်သည် လျှောက်တွေးရင်း စိတ်ကူးတစ်ခု ခေါင်းထဲကနေ လှစ်ခနဲ လင်းလက်ထွက်ပေါ်လာခဲ့သည်။

သိပ်ပြီးကောင်းသော စိတ်ကူးတော့ မဟုတ်တာ အမှန်ပင်။ ယောကျ်ားတစ်ယောက် အတွက် အင်မတန် ရှက်စရာကောင်းသော၊ သိက္ခာမဲ့သော၊ တန်ဖိုးမဲ့လွန်းသော လုပ်ရပ်တစ်ခုသော ဖြစ်သွားမှာ သေချာသည်။

ဒါပေမဲ့ ဘယ်လိုမှ မျှော်လင့်ဖွယ် မရှိသော အခြေအနေမှာ ဒါဟာ တစ်ခုတည်းသော အခွင့်အလမ်းပဲ။

သူလိုချင်သည့် အနေအထား တစ်ခုကို အမြန်ဆုံးရောက်ဖို့ ဒီတစ်လမ်းသာ အလွယ်ကူဆုံး၊ အဖြစ်နိုင်ဆုံး ရှိတာ ...။ သူ့စိမ်ကိန်းသာ အောင်မြင်ပြီ ဆိုလို့ကတော့ သိန်းငါးရာဟာ ဖြတ်ခနဲ သူ့လက်ထဲ ရောက်လာတော့မှာ။

ယောကျ်ားပိုင်းလုံး ဆိုသည့် နာမည်ဟာ ဘယ်လောက် ရှက်ဖွယ်ကောင်းပြီး ဆိုးဝါးအောက်တန်းကျသည် ဆိုသည်ကိုတော့ ကံကြီးမောင်လည်း မသိမဟုတ်၊ သိသည်ပင်။

တကယ်လို့သာ နှုန်းနှုန်းကို ပိုင်ဆိုင်ခွင့်ရဖို့ ငွေသိန်းငါးရာသာ အရေးတကြီး လိုအပ်မနေဘူးဆိုလျှင် ဒီလိုကိစ္စမျိုးဟာ သူ့ခေါင်းထဲ ယောင်လို့တောင် ဝင်လာလေမှာ မဟုတ်ပါ ...။

ကံကြီးမောင်ဟာ ဘယ်တုန်းကမှ ငွေမက်ခဲ့ဖူးသလို ပိုက်ဆံရဖို့အတွက် ဘာမဆိုလုပ်မည့်သူလဲ မဟုတ်ပါ။ ဘာပေါ်မြက်ပေါက်ပါစေ ကိုယ့်သိက္ခာကို ချမရောင်းနိုင်ဘူးဆိုသည့် လူစားမျိုးပါ။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ လက်ရှိရင်ဆိုင်နေရသည့် ပြဿနာ အစာအိမ်ပြဿနာလည်း မဟုတ်၊ ဘဝရပ်တည်ရေးလည်းမဟုတ် အသက်ရှင်သန်ရေးနဲ့လည်း မဆိုင်။ ဘယ်လိုမှ အစားထိုးမရသော နှလုံးသားတစ်ခုအတွက်ပဲ ဖြစ်သည်။

ကိုယ့်အသက်အတွက် ဆိုရင်တောင် ဒီလော စွန့်စားရဲမှာ မဟုတ်ပေမဲ့ ချစ်သူအတွက်တော့ ဘာပဲ လုပ်ရလုပ် ကံကြီးမောင်က စွန့်စားတော့မည်။

ရှင်ကြည်နူး ဆိုသည့် ချစ်သူလေးကို ရရှိပိုင်ဆိုင် သူ ဘာမဆို လုပ်ရဲပါသည်။ ဘာနဲ့ပဲ လဲရ လဲရ လဲရဲပါသည် ရှင်ကြည်နူးဟာ သူ့ဘဝအတွက် အရေးအကြီးဆုံး လူသား ပဲမို့ သူမကို ဆုံးရှုံးခံဖို့ကတော့ လုံးဝမဖြစ်နိုင်ချေ။

ကံကြီးမောင်ဟာ အကျင့်စာရိတ္တ ညံ့ဖျင်းနေသ ယောက်ျား၊ အရည်အချင်း ညံ့ဖျင်းသည့်ယောက်ျား၊ မိန်းမတ ယောက်ကို မှီခိုပြီးမှ ဘဝလိုအပ်ချက်ကို ဖြည့်ဆည်းရသ သိက္ခာအမဲ့ဆုံးယောက်ျား၊ ဘယ်လိုပဲ နာမည်တပ် စွပ်စွဲကြပါ သူကတော့ နောက်ဆုတ်တော့မည် မဟုတ်ချေ။

❖❖





"ပေး ... ပေး ... မမ၊ ကျွန်တော် ဝိုင်းသယ်ပေးမယ်"

စတိုးဆိုင်က ထွက်လာသော ခင်စွမ်းရည်ကို လက်ထဲက အထုပ်အပိုးတွေကို ကံကြီးမောင်က ကူသယ်ပေးပြီး ကား နောက်ခန်းထဲမှာ နေရာချထားလိုက်ပါသည်။

"ကဲ ... ပြီးရင် သွားကြစို့"

"ခဏလေး မမ၊ ခဏစောင့်"

ကံကြီးမောင်က ခင်စွမ်းရည်ကို လက်ကာပြကာ စတိုးဆိုင်နဲ့ ကပ်လျက်ဖွင့်ထားသော စားသောက်ဆိုင်လေးထဲသို့ အပြေးဝင်သွားပါသည်။

သူ ပြန်ထွက်လာလျှင် လက်ထဲမှာ အာလူးကြော် အိတ်တစ်အိတ်နဲ့ ကုတ်နှစ်ဘူး ပါလာခဲ့သည်။

"ဘာသွားလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်က ပါးစပ်က ပြန်မဖြေဘဲ မုန့်နဲ့အအေးဘူးတွေကို မြှောက်ရုံမြှောက်ကာ ကားပေါ်ခုန်တက်လိုက်သည်။

"မောင်းတော့ ... ရပြီ မမ"

ခင်စွမ်းရည်က ကံကြီးမောင်ကို ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်သော်လည်း ဘာမှ ထပ်မပြောတော့ဘဲ ကားကိုသာ မောင်းထွက်လိုက်သည်။

ကားထွက်တော့မှ ကံကြီးမောင်က အအေးဘူးကို ဖောက်လျက် ပိုက်တံတပ်ကာ ..

"ရော့ ... သောက်"

"တို့ဖို့လား"

"အင်းပေါ့ ... မမဖို့ သွားဝယ်လာတာပဲဟာ"

"တို့က ဘယ်လိုလုပ် သောက်မလဲ၊ ကားမောင်းရင်း တစ်ဖက်နဲ့ဟာကို"

"ဒါဆို ကျွန်တော် ပါးစပ်နား ကပ်ပေးမယ်၊ မမ ခေါင်းလေးငုံ့ပြီး သောက်လိုက်ရုံပဲ"

ခင်စွမ်းရည်က ကံကြီးမောင်ကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်ပါသည်။ သူမ မျက်ဝန်းလေးထဲမှာ ကြည်နူးကျေနပ်သည့် အရောင်လေး လှုံ့ခနဲ ဖောက်သွားတာကို ကံကြီးမောင်က သေသေချာချာ မြင်လိုက်ရပါရဲ့။





ကံကြီးမောင်က ပိုက်တပ်ထားသော အအေးဘူးကို ခင်စွမ်းရည် ရှေ့သို့ ကပ်ပေးလိုက်ပါသည်။ ခင်စွမ်းရည်က ကားကို တစ်ဖက်ကမောင်းရင်း ကံကြီးမောင် ပေးသော အအေးဘူးကို ငုံ့ကာ ငုံ့ကာ သောက်နေသည်။

"အာလူးကြော်လည်း စားဦး"

"ဘယ်လိုလုပ် စားလို့ရမှာလဲ၊ အအေးတောင် သူများတိုက်လို့ သောက်နေရတာကို"

"ဟို ... စားလို့ရတဲ့ အစီအစဉ်တစ်ခု ရှိတယ်"

"ပြောစမ်းပါဦး၊ ကားမောင်းရင်း တစ်ဖက်က မုန့်စားလို့ရတဲ့ အစီအစဉ်သစ်ကို"

"ကျွန်တော် ခွံ့ကျွေးမယ်လေ"

ခင်စွမ်းရည်က ကံကြီးမောင်ကို စိန်ပွင့်လေးတွေလို အဖျပ်ဖျပ် လင်းလက်နေသော မျက်ဝန်းလေးတွေနဲ့ စူးစိုက်ကြည့်လိုက်လေသည်။

အင်း ...။ တကယ်လို့ သူ့မှာ သိပ်ချစ်ရသည့်ချစ်သူ တစ်ယောက် မရှိခဲ့ဘူး ဆိုလျှင်တော့ ထိုမျက်ဝန်းလက်လက်ကလေးတွေဟာ သူ့စိတ်ကို တစ်မျိုးတစ်ဖုံ ဆွဲဆောင်နိုင်ပေလိမ့်မည်။

www.burmeseclassic.com



အခုတော့ သူ့ဘဝတစ်ခုလုံးကို အပြီးတိုင် ပိုင်စိုးမည့် ချစ်သူတစ်ယောက်က ရှိနှင့်ခဲ့ပြီ။ သူ့နှလုံးသားထဲက ရှင်ကြည်နူးရဲ့ နေရာကို ဘယ်လိုအရာမျိုးနဲ့မှ အစားထိုးနိုင်မှာမဟုတ်တော့တာ သေချာလှလေပြီ။

ဒါပေမဲ့လည်း သည်းခံ။ သည်းခံ။ ဒီလိုအချိန်မှာ ရှင်ကြည်နူးက အရေးမကြီး။ သိန်းငါးရာတည်းဟူသော ခန်းဝင်ကြေးကသာ အရေးကြီးသည်။

သူဟာ ခင်စွမ်းရည်ရဲ့ ဘဝထဲမှာ ဘယ်အတိုင်းအတာအထိ အရေးပါ အရာရောက်ခဲ့ပြီ ဆိုတာ ကံကြီးမောင်က သိနေခဲ့ပြီ။ သူ့အလိုလို အရေးပါလာခဲ့တာအပြင် နေရာတစ်ခု ရနိုင်အောင် သူကိုယ်တိုင်ကလည်း အမျိုးမျိုး ကြိုးစားနေခဲ့ပေတာကိုး။

တဖြည်းဖြည်းနဲ့ ကိုယ့်အခြေအနေဟာ ကောင်းသည်ထက် ကောင်းလာခဲ့ပြီဆိုတာ ကံကြီးမောင်က သိသည်။ ဒီအချိန်ဟာ သူ့အတွက် ချိန်ကိုက်ဗုံးခွဲဖို့ အကောင်းဆုံးအချိန်။ ဒီဗုံးတစ်ချက်ခွဲလိုက်ရုံနဲ့ ရွှေကောင်းကင် ဆိုတဲ့ အင်ပါယာကြီးတစ်ခုလုံးကို အပိုင်သိမ်းနိုင်ဖို့ အခွင့်အရေးတွေ လမ်းပွင့်သွားတော့မှာ။

ဘာပဲဖြစ်ဖြစ် သူက သစ္စာရှိမှာပါ။ ရွှေကောင်းကင်တစ်ခုလုံးကို အပိုင်သိမ်းခွင့် ရလျှင်တောင် သူက အကုန်မယူပါ။





သူလိုချင်တာ သိန်းငါးရာတည်း။ ထိုသိန်းငါးရာ ရပြီးပြီဆိုလျှင် သူ ဒီက အမြန်ဆုံး ထွက်ခွာသွားတော့မှာ။

"မမ ... မမ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် စကား တစ်ခွန်းလောက် ပြောချင်တယ်"

ထစ်ထစ်ငေါ့ငေါ့၊ မရွံ့မရဲနဲ့ စကားစ,လာသည့် ကံကြီးမောင်ကို ကြည့်ကာ ခင်စွမ်းရည် ရင်ထဲ လှပ်ခနဲ ခုန်သွားသည်။

သူမဟာလည်း ခပ်တုံးတုံး မိန်းမတစ်ယောက်မှ မဟုတ်တာပဲ။ ယောကျာ်းလေးတစ်ယောက်ဟာ ဘယ်လိုမှုန်စုံမျိုး ...လာပြီဆိုရင် ဘာစကား ပြောတော့မည်ဆိုတာ ခန့်မှန်းကြည့်... ရနိုင်ပါသည်။

တစ်ချိန်ချိန်မှာ ဒီလို ဖြစ်လာမည်ဆိုတာ ခင်စွမ်းရည် ...သည်း ကြိုတင်သိထားသည်ပဲလေ။ သူမ မျှော်လင့်သည့်နေ့ရက် ...ရောက်လာတာဟာ သိပ်တော့ ထူးဆန်းအံ့သြဖွယ်ရာ မဟုတ်...။

"ကျွန်တော် ပြောရမလားဟင်"

"အင်း ... ပြောချင်လည်း ပြောပေါ့"

"မမတော့ အံ့သြနေမှာပဲ၊ ကျွန်တော် မမကို ချစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောက် ...။ မုန်းလိုက်တာကွာ။ ယောကျ်ားတန်မဲ့ ၊လီပလာ ပြောနေရတဲ့ပါးစပ်။ ဘယ်လောက်များ တန်ဖိုးမဲ့လိုက်သလဲ။

သူ့ဘဝမှာ ချစ်သူကလွဲပြီး တခြားမိန်းမတစ်ယောက်ကို "ချစ်တယ်"လို့ ပြောနေရသည့် အဖြစ်ဟာ နာကျင်စရာအကောင်းဆုံး။ ပါးစပ်ကသာ ပြောနေတာ စိတ်ထဲက ကိုယ့်ကိုယ်ကိုယ် အလွန်ပဲ စက်ဆုပ်ရွံရှာလျက် အထင်သေးမိသည်။

"တို့ မအံ့ဩပါဘူး"

"ဒါဖြင့် ကျွန်တော့်ကို စိတ်ဆိုးသလားဟင်"

"ဘယ်လို ပြောရမလဲ၊ မင်းက ဘယ်လို ပြောစေချင်သလဲ"

"ကျွန်တော်ကတော့ စိတ်မဆိုးပါဘူးလို့ပဲ ပြောစေချင်တာပေါ့"

"ဒါဖြင့်လည်း မင်းသဘောပေါ့"

"ဒါဆိုရင် ကျွန်တော် အတင့်ရဲပြီး တစ်ခု ထပ်တောင်းဆိုချင်တယ်"

ခင်စွမ်းရည်က ကံကြီးမောင်ကို ရှုးခနဲ တစ်ချက် လှည့်ကြည့်လိုက်သည်။





သူမဘဝဟာ နှစ်ပေါင်းများစွာ ခြောက်သွေ့ဆိတ်သုဉ်းနေခဲ့တာ။ အဖော်မဲ့ အထီးကျန်နေခဲ့တာ။ စည်းစိမ်တွေ၊ ဥစ္စာဒြပ်တွေ၊ အပြည့်အဝ ပိုင်ဆိုင်ထားပေမဲ့လည်း နှလုံးသားကတော့ သေဆုံးနေခဲ့တာ။

အခုတော့ဖြင့် ဒီအဖြစ်ကြီးကနေ လွတ်မြောက်ခွင့်ရခဲ့ပြီ။ သူမရဲ့ဘဝ ပြန်လည်ရှင်သန်နိုင်ဖို့ အခွင့်အရေးကို ရှာဖွေတွေ့ရှိခဲ့ပြီ။

ကံကြီးမောင်လို ကောင်လေး တစ်ယောက်ကိုသာ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်မည်ဆိုလျှင် လူတွေက အရှက်ရာမရှိအောင် မေးငေါ့ကဲ့ရဲ့ကြမှာ သေချာသည်။ မဆုံးနိုင်သောက်အောင် ဝေဖန်ပြစ်တင်ကြမှာလည်း သေချာသည်။

သို့သော်လည်း ဒီဝေဖန်စကားတွေကို ရင်မဆိုင်ရဲဘူး ဆိုလျှင် သူ့နှလုံးသားတစ်ခုလုံးကို စတေးပစ်လိုက်ရတော့မှာ။

ဒါဖြင့်ရင် မဆိုင်တဲ့သူတွေရဲ့ အမနာပစကားတွေကို နားထောင်နေမှာလား၊ ကိုယ့်ရဲ့စိတ်ချမ်းသာ ပျော်ရွှင်မှုကိုပဲ ဦးစားပေးမှာလား။ အို ... စဉ်းစားနေစရာတောင် မလိုတော့ပါ။

"မင်းကို တစ်ခုပြောမယ်၊ တို့အသက်က ငယ်တော့ဘူး၊ ဒါကြောင့် ဆယ်ကျော်သက် ကောင်မလေးတွေလို ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပန်ဆောင် မုယာမာယာလည်း လုပ်မနေချင်တော့ဘူး။ တို့စိတ်ထဲ ရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မင်းကို တို့ ချစ်ပါတယ်"

ကံကြီးမောင်က တကယ်ကို အံ့အားတသင့် ဖြစ်သွားရပါသည်။ ခင်စွမ်းရည်ဟာ သူ့ကို အဖြေပေးတော့ ပေးမှာပဲလို့ ကံကြီးမောင်က သေချာသိနေပြီးသားပါ။ ဒါပေမဲ့ ဒီလောက်မြန်မြန်ဆန်ဆန်၊ ကောက်ခါငင်ခါကြီး အဖြေပေးလိုက်တော့မည်လို့တော့ မထင်မိခဲ့တာ အမှန်ပင်။

ခင်စွမ်းရည်ဟာ သူ ထင်ထားတာထက်ပိုပြီး ပွင့်လင်းသတ္တိကောင်းပေတာပဲ။ သူ့လိုကောင်လေးတစ်ယောက်ကို လက်ခံလိုက်လျှင် သူမ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကောင်းကောင်းကြီး ဝေဖန်ကဲ့ရဲ့ကြမည်ကို သိလျက်နှင့် စွန့်စားရဲသည်။ ဒါဟာ တော်ရုံမေတ္တာနှင့်တော့ မဟုတ်။

ပထမဆုံး ခြေတစ်လှမ်းမှာတင် ကံကြီးမောင်အတွက် ထိတ်လန့်လာသည်။

ကိုယ်က ခင်စွမ်းရည်ကို အသုံးချခံ တစ်ယောက်အနေနဲ့ သဘောထားသလို ခင်စွမ်းရည်ကလည်း ကိုယ့်အပေါ် ပေါ့ပေါ့တန်တန် သဘောထားတာမျိုးဆို အကြောင်းမဟုတ်သေး။





ကိုယ့်ဘက်က ယုတ်မာကောက်ကျစ်သော အကြံအစည်နဲ့ ချဉ်းကပ်ခဲ့တာ ဖြစ်ပါလျက် တစ်ဖက်လူက တကယ် ဆေးလေးနက်နက် နှစ်နှစ်ကာကာ သဘောထားနေသည် ဆိုလျှင်တော့ ရှေ့ခရီးအတွက်က ရင်လေးစရာ ကောင်းနေပြီ။

ခင်စွမ်းရည် ယုံကြည်အောင် ဟန်ဆောင်ပန်ဆောင် ချော့ပြနေရသော်လည်း ကံကြီးမောင်က ကျောထဲက တစိမ့်စိမ့်နဲ့ ကြောက်လန့်တုန်လှုပ်ချင်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျာ၊ လုပ်ပေးရမှာပေါ့ဗျာ၊ ဒီလောက် လူရင်း တွေ ပြောနေစရာတောင် မလိုဘူး"

ဖေဖေ့ ဖုန်းပြောသံကို နားထောင်ကြည့်ရုံနဲ့ တစ်ဖက်ကလူဟာ ဘယ်သူဆိုတာ ရှင်းကြည့်နူးက ခန့်မှန်းလို့ ရသည်။

အဲဒီအမျိုးသမီးဆီက ဖုန်းလာပြီဆိုလျှင် ဖေဖေ့မှာ ပျာပျာသလဲ။ လူကြီးမို့လို့သာ ဟန်ဆောင်ထိန်းချုပ်ထားရတာ အကယ်၍ ဖေဖေသာ လူငယ်တစ်ယောက်ဆိုလျှင် ဆယ်ခါလောက် ကျွမ်းထိုးပစ်လိုက်ချင်ပုံနှင့် ...။

ဖုန်းပြောနေသည့် မျက်နှာကိုလည်း ကြည့်ဦး။ အသားစတွေ တအိအိ ပျော်ကျတော့မတတ် ချိုမြဆိမ့်အီနေလိုက်တာများ။

ဖေဖေတို့ ယောကျာ်းတွေဟာ ခက်လည်းခက်ကြပါရဲ့။





ကိုယ့်အဖေမို့ ကိုယ်မပြောချင်သော်လည်း မပြောဖြစ်တော့ ပြောရဦးမည်။

ဖေဖေဟာ အသက်သုံးဆယ့်ငါးနှစ် အရွယ်မှာပဲ ဆိုးဖိုတစ်ယောက် ဖြစ်ခဲ့ရတာ။ အဲဒီတုန်းက နူးနူး အသက်က ရှစ်နှစ်။ လူ့လောကကြီးအကြောင်း သေသေချာချာ မသိတတ်သေးသည့်အရွယ် ဖြစ်ပေမဲ့ မေမေ့ အပေါ် သစ္စာစောင့်သိကာ နောက်အိမ်ထောင် မထူခဲ့သည့် ဖေဖေ့ကို ကျေးဇူးတင်ရကောင်းမှန်းတော့ သိတတ်ခဲ့တာ။

အသက်သုံးဆယ့်ငါးနှစ်၊ အရွယ်ကောင်းခိုက်မှာ ဆိုးဖို ဖြစ်ခဲ့ရသည့် ဖေဖေ့ကို ကလေးတစ်ယောက်အဖေ ဖြစ်ပေမဲ့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာကိုတော့ နူးနူးက မှတ်မိပါသေးသည်။

လူကြီးတွေကလည်း ကိုယ့်နောင်ရေး၊ ကလေးရဲ့ရှေ့ရေးအတွက် နောက်အိမ်ထောင် ပြုသင့်သည်လို့ တိုက်တွန်းခဲ့ကြတာ။ ဖေဖေကတော့ ကျွန်တော့် သမီးလေး ငယ်ပါသေးတယ် ဆိုသည့် အကြောင်းပြချက်နှင့် အားလုံးကို ငြင်းပယ်ခဲ့သည် ပြည်။

သုံးဆယ့်ငါးနှစ် အရွယ် မုဆိုးဖို ပုပုရွှေးရွှေး ဘဝကတောင် နောက်အိမ်ထောင် မပြုဘဲ နေနိုင်ခဲ့သည့် ဖေဖေဟာ

www.burmeseclassic.com



အခုလို အသက်လေးဆယ့်ခုနစ်၊ ငါးဆယ်နီးသည့် အရွယ်ကျ
မှ ဘာလို့ မိန်းမလိုချင်နေရတာပါလိမ့်။

ဖေဖေဟာ မေမေ့ကို မချစ်တော့ဘူးလား။ သစ္စာ
မစောင့်တော့ဘူးလား။ မေမေ့နေရာမှာ တခြားအမျိုးသမီးတစ်
ယောက်ကို အစားထိုး နေရာပေးနိုင်ခဲ့ပြီလား။

တမလွန်ရောက်နေသော မေမေ့နေရာက ကြည့်
လျှင် ဘယ်လောက် ရင်နာဖို့ ကောင်းလိုက်မလဲ။ သူ့ရဲ့ခင်ပွန်း
ဟာ တခြားမိန်းမတစ်ယောက်ကို သူ့ကိုယ်စား နေရာ
လိုက်ပြီဆိုသည့် အဖြစ်ကို ဘယ်လောက်များ ကြေကွဲနေလိမ့်
မလဲ။

ဖေဖေကတော့ ဒါတွေ တွေးမိမှာ မဟုတ်ပေ။
သောသူ ကြာလျှင်မေ့ ဆိုသည့် စကားလည်း ရှိသားပဲ။ ဖေဖေ
အိမ်ထောင်မပြုဘဲ အထီးကျန် နေလာခဲ့တာ ဆယ့်နှစ်နှစ်တော
ကျော်ခဲ့ပြီလို့ ပြောရမည်။

လူတစ်ယောက်ဟာ အသက်ကြီးရင့်လာသည့် အခါ
မှာ ဆေးပေးမီးယူ အမှီသဟဲ ပြုစရာ အဖော်လိုသည်လို့လည်း
ဖေဖေက ဆင်ခြေပေးဦးမှာ။

ဒါတွေဟာ မိုးကြိုးပစ်မှာကြောက်လို့ ထန်းလက်
ကာသလိုမျိုးပါပဲ။ ဘယ်လောက်မှ ကျိုးကြောင်းခိုင်လုံ



ဆင်ခြေတွေ မဟုတ်။ လူတစ်ယောက်ဟာ အလုပ်တစ်ခုကို လုပ်
သည်ဆိုတာ သူ လုပ်ချင်သည့်ဆန္ဒ ရှိလို့ပါ။

"အင်းလေ ... လာခဲ့ဦးပေါ့၊ ရန်ကုန်ဆင်းမလာတာလည်း
ကြာပြီပဲ၊ အလုပ်တွေချည်း လောဘတကြီးနဲ့ ဖိလုပ်မနေနဲ့
လေ၊ နည်းနည်းပါးပါး စိတ်အနားလေးလည်း ပေးဦး၊
ဟင်း ဟင်း ဟင်း"

ဟွန်း ...။ မုန်းလိုက်တာ။ မုန်းလိုက်တာ။ ရယ်နေပုံ
ကြီးကိုက။ အသက်နှစ်ဆယ်အရွယ် သမီးတစ်ယောက် ရှိနေသည့်
ဖခင်တစ်ယောက်လို့တောင် ထင်ချင်စရာ မရှိ။

ဖေဖေ မရှက်ပေမဲ့ ရွှင်ကြည်နူးကတော့ ရှက်သည်။
မေမေ့ အစားလည်း သနားသည်။

ဖေဖေဟာ မေမေ တစ်ယောက်ကိုပဲ သေတဝန်
သက်တစ်ဆုံး ချစ်ခင်သစ္စာစောင့်သွားလို့ မဖြစ်နိုင်တော့ဘူးလား။
ဖေဖေ့ဘဝမှာ တခြားမိန်းမတစ်ယောက် ပေါ်မလာလို့ မရတော့
ဘူးလား။

သမီးတစ်ယောက် အနေနဲ့ ရွှင်ကြည်နူးက ဖေဖေ့
ကို သဝန်တိုတာ မဟုတ်ရပါ။ ကိုယ့်အဖေကို သစ္စာစောင့်
သော မေတ္တာစစ်မြဲသော ယောကျ်ားတစ်ယောက် ဖြစ်စေချင်သည့်
စေတနာသာ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ ... ကိုယ်အားလုံးစီစဉ်ပေးထားမယ်။ ဒီတစ်ခါ ဟိုတယ်မှာ မတည်းဘဲ ကိုယ့်အိမ်မှာတည်းလည်း ရတယ်"

ဘယ်လို ဖြစ်နေတာလဲ။ ဖေဖေဟာ အဲဒီမိန်းမကို အိမ်အလည်ခေါ်ပြီး တည်းခိုခွင့်ပေးသည့် အဆင့်အထိတောင် ရောက်နေပြီလား။

နှုးနှုးရဲ့ ကိစ္စတုန်းကတော့ ဖခင်တစ်ယောက်ရဲ့ အာဏာနဲ့ ကန့်ကွက်တားဆီးချင်ခဲ့သော ဖေဖေဟာ သူ့အလှည့်ကျတော့ နှုးနှုးရဲ့ သဘောထားကိုတောင် မမေးတော့ဘူးလား။

အကယ်၍ ဖေဖေကသာ မေးလာလျှင်တော့ နှုးနှုးက ကန့်ကွက်လိုက်ချင်သည်။ ဖေဖေ့ရဲ့ အထီးကျန်ဘဝကို သနားငဲ့ညှာမိပေမဲ့ ဖေဖေ့ကို သစ္စာပျက်သူတစ်ယောက် မဖြစ်စေချင်သည့် စေတနာကလည်း ရှိထားသည်လေ။

တစ်ဖက်က အမျိုးသမီးဟာ ဘယ်သူလဲ ဆိုတာ သေသေချာချာ သိအောင်လည်း စုံစမ်းထားရမည်ဟု နှုးနှုး တွေးနေမိသည်။





"မဝါတို့လည်း သေချာမသိဘူး နှုးနှုးရဲ့၊ အမျိုးသမီးက ရန်ကုန်ကတော့ မဟုတ်ဘူး၊ မန္တလေးကလား မသိဘူး၊ လူကတော့ တကယ် အချောစား အခန့်စားပဲ"

ဖေဖေ့ အတွင်းရေးမှူး မဝါက အတင်းလည်းပြောချင် ကိုယ့်ဆရာသမားအပေါ် သစ္စာဖောက်ရာ ကျမှာလည်းစိုးကာ စကားကို ထိန်းပြီး ပြောနေရသည့်ပုံပင်။

"မဝါကလည်း ဖေဖေ့ အနား အနီးကပ်နေပြီး ဒီလောက်တောင် မသိဘူးလား"

"သိတာတော့ သိတယ်လေ၊ ဒါပေမဲ့ မဝါ သိတာတွေက ဘာမှ မထူးဆန်းလို့ပါ"

"မဖြစ်နိုင်ဘူး၊ မဝါတို့တွေက ဖေဖေ့ဘက်လိုက်ပြီး ဖုံးဖိပေးနေကြတာနဲ့ တူတယ်"



www.burmeseclassic.com

"ဩော် ... နှုးနှုးရယ်၊ အမှန်တရားဆိုရင် မဝါက ဘာမပြောရဲစရာ ရှိသလဲ၊ အခုဟာက အဲဒီအမျိုးသမီးနဲ့ ဆရာက ဘာမှ မဖြစ်ကြသေးလို့ ဘာမှ မပြောရဲတာပါ"

"ဘာမှမဖြစ်ကြသေးဘူး ဆိုတော့ တစ်ခုခုရော ဖြစ်လာနိုင်ခြေ ရှိသလားဟင်"

"အဟင်း ... ဟင်း ... နှုးနှုးကလည်း နည်းမျိုးစုံနဲ့ လှည့်ပတ်စစ်ဆေးနေတော့တာပါလား၊ ရှေ့လာမဲ့ အနာဂတ်ကိုတော့ မဝါက ဘယ်လိုလုပ်ပြီး ကြိုပြောနိုင်မှာလဲ၊ မဝါလည်း ဗေဒင်ဆရာမှ မဟုတ်တာ"

"ဟွန့် ... မဝါတို့က စကားကို လျှောချပစ်ပြီး ဗေဒင်တွက်သလို တွက်ချက်ပြီး ပြောဖို့မလိုဘူးလေ၊ လူတစ်ယောက်ရဲ့ ခန့်မှန်းခြေ အမြင်ကို မေးနေတာ"

"မခန့်မှန်းတတ်ပါဘူးကွယ်"

အင်း ...။ ဒီပုံအတိုင်း ဆိုလျှင်တော့ မဝါဟာ ဖေဖေ့ကို သစ္စာစောင့်သိ ရှိသေစွာနဲ့ အဖြစ်မှန်ကို ပြောပြမှာ မဟုတ်တော့။ တိုက်ရိုက်မေးခွန်းတွေ မမေးဘဲ လှည့်ပတ်သွယ်ဝိုက်မေးမှ ဖြစ်တော့မည်။





"အဲဒီအမျိုးသမီးက ရန်ကုန်ကို ခဏခဏ ဆင်းလာတတ်သလား"

"အရင်ကတော့ လာတတ်တယ်၊ အခုတလောတော့ ငါးလလောက်ရှိပြီ တစ်ခါမှ ရောက်မလာဘူး"

"သူနဲ့ ဖေဖေက လုပ်ငန်းဖက်တွေလား"

"ရှယ်ယာတော့ မဟုတ်ဘူး၊ လုပ်ငန်းချင်းတူတော့ တစ်ယောက်နဲ့ တစ်ယောက် အကူအညီပေး ဆောင်ရွက်ပေးကြတာမျိုးပါ"

"သူက ဖေဖေ့ကို အားကိုးနေရတဲ့ သဘောလား"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ အမျိုးသမီးက ထက်ထက်မြက်မြက်နဲ့ ကိုယ့်အားကိုယ်ကိုးတတ်တာပါ၊ ဆရာ အကူအညီပေးရတယ် ဆိုတာလည်း ရန်ကုန်က ထူးခြားတဲ့ သတင်းရှိရင် ပေးတာလောက်၊ ကပ်စတမ်မာအသစ်တွေနဲ့ မိတ်ဆက်ပေးတာလောက်၊ သူရောက်လာတဲ့အခါ ဟိုဟို ဒီဒီ လိုက်ပို့ပေးတာလောက်ပါပဲ"

"သူတို့ တော်တော်ရင်းနှီးကြမှာပေါ့နော်"

"အင်း ... ရင်းတော့ ရင်းနှီးကြပါတယ်"

မဝါက ဒီလောက်ပဲ ပြောပေမဲ့ ရှင်ကြည်နူးစေတော့ ကိုယ့်ဘာသာ ချဲ့ကားတွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသဘောအရ မဖြစ်မနေ ပတ်သက်ရတာမျိုး မဟုတ်ဘဲနှင့် ဒီလောက် ချိုသာလိုက်လှဲ့နေပုံထောက်လျှင် သူမနဲ့ ဖေဖေဟာ အရမ်းကို ရင်းနှီးမှာပါပဲ။

ကိုယ့်အဖေအကြောင်း ကိုယ်အသိဆုံး။ ပိုက်ဆံမရလျှင် လေတောင်မချွန်ဘူး ဆိုသည့် လူတန်းစားမျိုး။ ဖေဖေဟာ ပေါင်းသင်းဆက်ဆံရေးမှာ သူ့အကျိုးရှိမှ စိတ်ပါလက်ပါပေါင်းတတ်တာ။ သူ့အကျိုးမပါဘဲနဲ့ သူ့ကို တစ်စုံတစ်ရာ အကျိုးမဖြစ်စေဘဲနဲ့ကတော့ ဘယ်သူ့အပေါ်မှ ကောင်းတတ်တာ မဟုတ်ချေ။

ဒီလိုလူစားမျိုးဖြစ်သော ဖေဖေဟာ ဒီအမျိုးသမီးကျတော့ ငွေကြေး အခွင့်အရေး အကျိုးတစ်စုံတစ်ရာ မပါဘဲ စေတနာသန့်သန့် ခင်မင်ရင်းနှီးမှုမျိုးပဲ ရှိနိုင်ပါ့မလား။ လုံးဝမဖြစ်နိုင်။

"အဲဒီတစ်ယောက်က အသက်ဘယ်လောက် ရှိပြီလဲဟင်"

"သုံးဆယ်ဝန်းကျင်ပေါ့"

"ဟင် ... ငယ်လှချည်လား"

"အဲဒါပေါ့ ... အင်း ..."

မဝါက စိတ်လိုက်မာန်ပါ စကားတစ်ခွန်းပြောမည်ပြင်ပြီးမှ သူမ ဘာမှမပြောခဲ့သလို လျှောချသွားသည်။



မဝါက ဆက်မပြောတော့ပေမဲ့ သူမ ဘာပြောချင်သလဲဆိုတာ ရှင်ကြည်နုးက သဘောပေါက်ပါသည်။

နွားအိုမြက်နုကြိုက်တာလို့ ပြောချင်တာပဲ ဖြစ်မှာပေါ့။ သူမဟာ အသက်သုံးဆယ်ဝန်းကျင် ဆိုလျှင် ဖေဖေ့ထက် ဆယ့်ငါးနှစ်လောက် ငယ်မည်။ နောက်ပြီး အပျိုလည်းဖြစ်လိုက်သေးသည်။ အဲဒါကို ဝန်ထမ်းတွေက ကျိတ်ပြီးကဲ့ရဲ့ အတင်းတုတ်နေကြမှာ။ သမီးလုပ်သူရှေ့မှာ အဖေကို နွားနဲ့နှိုင်းပြောလို့ မကောင်းလို့သာ စကားကို လျှောချပစ်တာ။

နုးနုးက စိတ်ထဲ ခုတုတု ဖြစ်သွားမိသော်လည်း ဘာမှတော့ မပြောသာပါ။ ကိုယ့်အဖေကိုယ်တိုင်က လူပြောစရာဖြစ်အောင် လုပ်နေမှတော့ အပြောခံရတော့မှာပဲပေါ့။

နုးနုး ရင်ထဲမှာသာ ပူလောင်နေသည်။ မေမေ့ကို သနားသည့်စိတ်ရော၊ ဖေဖေ့ကို တစ်ယောက်ဆို တစ်ယောက်ရှိစေချင်သည့် စိတ်ကြောင့်ရော အရင်လို အေးချမ်းငြိမ်သက်သောစိတ်မျိုး မထားနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဟင်းထည့်စား"

သူ့ပန်းကန်ထဲ ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ခင်ထည့်ပေးနေသော ခင်စွမ်းရည်ရဲ့ လက်ဟာ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်လိုပဲ ရပ်နားသည်ရယ်လို့ မရှိတော့ချေ။

ကံကြီးမောင်ရဲ့ ပန်းကန်ထဲမှာ ထမင်းရယ်လို့တောင် မမြင်ရတော့။ ဒါလည်း လက်မလျှော့သေး။ ထပ်ကာ ထပ်ကာ ထည့်ပေးနေဆဲ။

"တော်လောက်ပါပြီ မမရယ်၊ ဒီလောက်လည်း စေတနာတွေ ရေစီးကမ်းပြို မနေပါနဲ့"

"ဟွန်းနော် ... မင်းက ဘာလဲ၊ လှောင်ချင်တာလား"

"လှောင်တာ မဟုတ်ပါဘူး မမရဲ့၊ ဂုဏ်ယူတာပါ၊ ကိုယ့်ချစ်သူက ကိုယ့်ကို သိပ်ဂရုစိုက်တာ တွေ့ရတော့ ဂုဏ်ယူမိသွားလို့ပါ"





ခင်စွမ်းရည်ကတော့ ကံကြီးမောင် ဘာပြောပြော ယုံကြည်ကျေနပ်နေတာပင်။

အချစ်ဆိုသည့်အရာဟာ အံ့သြစရာ ကောင်းလောက်အောင် ပြုစားတတ်သည့် မှော်ဆရာပဲ။ ပါးနပ်ထက်မြက်သည့် ခင်စွမ်းရည်ဟာ ကံကြီးမောင်လို မလောက်လေး မလောက်စား ပေမွှားလေးရဲ့ အလိမ်အညာကို လုလုပပကြီး ခံနေရတာဟာ သူမ မျက်လုံးထဲမှာ အချစ်ဆိုသည့် တိမ်သလ္လာတွေ ဖုံးလွှမ်းနေလို့ပဲ။

ထိုအခွင့်အရေးကို မတရားကြီး ယူနေရသည့် ကံကြီးမောင် ကတော့ ကိုယ့်လိပ်ပြာ ကိုယ်မလုံနိုင်တော့ချေ။

တကယ်လို့ ခင်စွမ်းရည်ဟာ သူ့အပေါ် ယုံကြည်မှု မရှိဘူး၊ လိုက်လျောမှု မရှိဘူး ဆိုလျှင်တောင်မှ သူက ဒီထက် စိတ်ချမ်းသာမိဦးမည်။ ကိုယ်လိုချင်သည့် အရာတစ်ခုကို ကြိုးစား ပမ်းစား ရယူတာကမှ တန်သလို စိတ်ထဲထင်မိဦးမည်။

အခုတော့ သူရသည့် အခွင့်အရေးက အလွန်လွယ် လွန်းနေသည်။ ဘာမှ ကြိုးစားပမ်းစား အားသွန်ခွန်စိုက်ခြင်း မရှိရပါဘဲ လွယ်လွယ်လေး ရနိုင်သည့် အခွင့်အရေးတစ်ခုအတွက် ကံကြီးမောင်က ရှက်ရွံ့သိမ်ငယ်နေမိတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ထမင်းစားလေ၊ ဘာဖြစ်လို့ တို့ကိုပဲ ကြည့်နေရတာလဲ"

မြတ်စွာဘုရား။

ကံကြီးမောင်က သူမကို ကြည့်နေတာလည်း မဟုတ်။ ကိုယ့်ဘာသာ တွေးချင်ရာတွေးလျက် ငေးမိငေးရာ ငေးနေမိတာပါ။ ဒါကို ခင်စွမ်းရည်က သူမကို စိုက်ကြည့်နေတာပါတဲ့။

မမို ကြည့်နေတာ မဟုတ်ပါဘူးလို့ ငြင်းလိုက်လျှင် ပွဲက လုပတော့မည် မဟုတ်။ မဖြစ်သေးပါဘူး။ မုသားမဝါ လက်ာမချော တဲ့။

"ကြည့်မှာပေါ့၊ ကျွန်တော့်မမက ကမ္ဘာပေါ်မှာ အချောဆုံး အလှဆုံး ကြည့်ချင်စရာ အကောင်းဆုံး ဖြစ်နေတာကိုး၊ တစ်ခါတစ်ခါ ကျွန်တော့်ရဲ့ ကုသိုလ်ကံကို ယုံတောင်မယုံနိုင်ဘူး၊ မမလို မိန်းမတစ်ယောက်ကို ချစ်သူအဖြစ် ပိုင်ဆိုင်ရဖို့ဆိုတာ ကျွန်တော့်ဘဝမှာ အိပ်မက်တောင် မမက်ဘူးတဲ့ အဖြစ်မျိုးပါပဲ"

ခင်စွမ်းရည်တို့ ပြုံးလိုက်တာများ တစ်ကိုယ်လုံးတောင် အရည်ပျော်ကျသွားမလောက်ပါပဲ။

သနားတောင် သနားချင်လာပြီ။ ကိုယ့်ထံမှာ ဒီလောက် ယုံကြည်ကိုးစားစွာ ပျော်ဝင်နေသည့် မိန်းမတစ်ယောက်





အဖို့ သူမ ရရှိသမျှဟာ အလိမ်အညာ အတုအယောင်တွေပဲဆိုတာသာ သိရင် ဘယ်လောက်များ ခံစားရမှာပါလိမ့်။

နှလုံးသားရေးရာနဲ့ ပတ်သက်ပြီး တစ်ကြိမ်တစ်ခါ အထိနာဖူးပြီးသား ဖြစ်နေသော ခင်စွမ်းရည် အတွက် ဒုတိယအကြိမ်မြောက် အထိနာစေမည်ဆိုလျှင် သိပ်များရက်စက်ရာကျနေမလား။

အို ... မတတ်နိုင်ပါဘူးလေ။ သနားကြင်နာတတ်ခြင်းဟာ အောင်မြင်မှုကို တားဆီးပိတ်ပင်သည့် အရာတွေပဲ။

လူတစ်ယောက်ဟာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ရဖို့ဆိုလျှင် ဘာမဆို လုပ်ရဲရမည်။ ဘနဖူးတောင် သိုက်တူးသင့်သူရသေးတာပဲ။ ခင်စွမ်းရည် အပေါ် ဟန်ဆောင် ကြင်နာပြုရတာဟာ ဘနဖူးသိုက်တူးတာလောက်တော့ မဆိုးဝါးနိုင်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တစ်ခု ပြောစရာရှိတယ်"

ခင်စွမ်းရည်က အခွံနွာ အမြွှာသင်ပြီး ရေခဲသေတ္တာ ထဲ ထည့်ထားသော လိမ္မော်သီးစိတ် တစ်စိတ်ကို ကံကြီးမောင် ထဲ ကမ်းပေးရင်း ပြောလိုက်ခြင်းပင်။

ခင်စွမ်းရည် ကမ်းပေးသည့် လိမ္မော်သီးစိတ် အလိုက်သင့်ယူပြီး ဝါးလိုက်ရသော်လည်း အမှန်တကယ်မှာ ချို မည် ထင်ရသော လိမ္မော်သီးဟာ ကံကြီးမောင်ရဲ့ ပါးစပ်ထဲ တော့ ခါးသက်လို့ နေရလေသည်။

"အင်း ... ပြောလေ မမ၊ ဘာလဲ"

"တို့ ရန်ကုန် ခဏသွားမလို့"

"ရန်ကုန်"ဆိုသည့် အသံကို ကြားလိုက်ရ ကံကြီးမောင် ရင်ထဲ ထိတ်ခနဲ တုန်သွားသည်။





ရန်ကုန် ...။ ချစ်သူလေးရှိရာ နယ်မြေ။ ရန်ကုန်က နေ သူ ခွဲခွာလာခဲ့တာ ခြောက်လလောက် ရှိပြီ။ အဲဒီကာလ အတွင်း တစ်ကြိမ်တစ်ခါမှ ပြန်မရောက်ခဲ့ဘူး ဆိုတော့ ချစ်သူလေး ကို ခွဲခွာခဲ့ရတာလည်း ခြောက်လရှိခဲ့ပြီပေါ့။

ဒီကြားထဲမှာ နှုန်းနှုန်း တစ်ယောက် ဘယ်လိုရှိမလဲ ဆိုတာ သိချင်လွန်းလှသော်လည်း သွားကြည့်ခွင့် မသာပါ။ ဘော်ထဲက တမ်းတရင်း၊ စိတ်ကူးနဲ့ အကြိမ်ကြိမ် ပြန်ရောက်နေရ သော်ငြားလည်း တကယ့်လက်တွေ့မှာတော့ သူဟာ ချစ်သူနဲ့ မိုင်ပေါင်းများ စွာ အကွာအဝေးမှာ။

"ဘာလဲ ... ရန်ကုန်သွားမယ် ပြောလိုက်တာနဲ့ ဘာဖြစ် သွားတာလဲ၊ ရန်ကုန်မှာ ကျန်ခဲ့တဲ့ ရည်းစားဟောင်းကို သတိရသွားတာလား"

မှန်တယ်ခင်ဗျ။ ဒက်ထိပဲ။ တစ်ခုပဲ လွဲနေတာက အဲဒါဟာ ကျွန်တော့်ရည်းစားဟောင်း မဟုတ်ဘူး။ ကျွန်တော့်ဘဝ တစ်ခုလုံးမှာ တစ်ဦးတည်းသာရှိတဲ့ အနှိုင်းမဲ့ချစ်သူ။

စိတ်ထဲက ပြန်ပြောနေမိသော်လည်း ပါးစပ်ကတော့ ရင်ထဲက ခံစားချက်နဲ့ ဆန့်ကျင်စွာ ...

"ဘယ်ကသာ၊ ရန်ကုန်မှာ ဘယ်ကရည်းစားမှ မကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အခု ငိုင်သွားတာက မမ သွားရင် ကျွန်တော်တစ်…
ယောက်တည်း ဘယ်လိုလုပ်ပြီး နေခဲ့ရပါမလဲလို့"

"အောင်မယ် ... တယ်ချွဲတတ်နေပါလား"

"ဒါ ချွဲတာမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ရင်ထဲက ခံစား… ချက် အစစ်အမှန်ပါ၊ ဘာလဲ ... မမက မယုံဘူးလား… လှောင်တာလား"

ကံကြီးမောင်က မျက်နှာခပ်တည်တည်နှင့် ပြ… ပြောလိုက်လျှင် ခင်စွမ်းရည်က ပျာပျာသလဲ ဖြစ်သွားရရှာ… သည်။

ခင်စွမ်းရည်ဟာ ကိုယ့်ထက် အသက်အများကြီးငယ်… သည့် ကောင်လေးတစ်ယောက်ကို ကြိုက်ထားမိသည့် မိန်းမတစ်… ယောက် မိသစ္စာ ကံကြီးမောင်ကို တစ်ချက်ကလေးမှ မျက်… အငြိုမခံရဲချေ။ အရိပ်တကြည့်ကြည့်နဲ့ အလိုလိုက် အကြိုက်ဆော… လို့သာ နေရရှာလေသည်။

"မဟုတ်ပါဘူးကွယ်၊ မလှောင်ပါဘူး၊ ဘယ်သူက လှော… ရက်မှာလဲ၊ မင်း မမကို သိပ်ချစ်တယ် ဆိုတာ မမ သိ… တယ်၊ မမကို ချစ်မိလို့ မောင် ဘယ်လောက် အပြောအ… အကဲ့ရဲ့ ခံရသလဲ ဆိုတာကိုလည်း သိတယ်၊ လူတွေ…





အပြောအဆိုကို ကြံ့ကြံ့ခံပြီး မမကို ချစ်ခဲ့ရတယ်ဆိုတာ မမ အသိဆုံးပဲဟာ"

ကံကြီးမောင်က ဖျဉ်းခနဲ ပူနွေးသွားသော မျက်နှာ…ကို ခင်စွမ်းရည် မမြင်သာအောင် ခေါင်းငုံ့ချလိုက်ရပါသည်။

ဒါကိုပဲ ခင်စွမ်းရည်က မြင်ဖြစ်အောင် မြင်ကာ …သူ့မ စကားကြောင့် ရှက်စနိုး ဖြစ်သွားရသည်ထင်လျက် အချစ်ပို …ဖြစ်အောင် ပိုလိုက်ရလေသေးသည်။

"မမလည်း မောင်နဲ့ မခွဲနိုင်ပါဘူး"

ခင်စွမ်းရည်က လေသံမှန်နဲ့ ပြောလိုက်တာမို့ စကား…ုံးက ကန့်ကလန့် နိုင်လှသော်လည်း ချွဲချွဲနွဲ့နွဲ့ ပုံတော့ မပေါက်ပါ။

အဲဒါကိုပဲ ကံကြီးမောင်က အသည်းယားနေမိသေးသည်။ ခင်စွမ်းရည်က သူ့ကို 'မောင်'လို့ တစ်ခွန်းခေါ်လိုက်တိုင်း သူ့နားထဲ ရှတတနဲ့ အခံရ ခက်လှသည်။

"မောင်"ဆိုတာ ကံကြီးမောင် ဆိုသည့် နာမည်ရဲ့ နောက်ဆုံးစာလုံးကို အဖျားဆွတ် ခေါ်တာလို့ ယူဆလို့ရနိုင်သော်လည်း သူ့ချစ်သူလို့ သတ်မှတ်ထားသည့် မိန်းမတစ်ယောက်က ရှက်စနိုး ခေါ်တာမို့ တစ်ခွန်းကြားလိုက်တိုင်း ရင်ထဲမှာ နင့်ခနဲ …င့်ခနဲ တစ်မျိုးကြီး။



www.burmeseclassic.com

www.burmeseclassic.com



"တို့နှစ်ယောက် ခွဲနေစရာ မလိုတဲ့ အစီအစဉ်တစ်ခု [illegible]
ဆွဲထားတာရှိတယ်"

"ဗျာ ... ဘယ်လိုအစီစဉ်လဲ"

"မမ ရန်ကုန်သွားရင် မောင့်ကိုပါ ခေါ်သွားဖို့ပေါ့"

"ဗျာ"

ကံကြီးမောင် ရင်ထဲ ဒိတ်ခနဲ။

ရန်ကုန်ကို သွားရမည်တဲ့။ ခင်စွမ်းရည်နဲ့ပဲဖြစ်ဖြ[illegible]
အယ်သူနဲ့ပဲဖြစ်ဖြစ် ရန်ကုန်သာ သွားရမည်ဆိုလို့ကတော့ [illegible]
နောက်မြီးမှာ ဒရွတ်ဆွဲပြီးပဲ လိုက်ရ လိုက်ရ လိုက်ချင်တာပ[illegible]

ရန်ကုန် ရောက်လို့ ရှင်ကြည်နူးကို မတွေ့ရလ[illegible]
တောင်မှ ရန်ကုန်မြေဟာ ချစ်သူလေးရှိသည့် နယ်မြေဆိုသ[illegible]
ခံစားမှုလေး တစ်ခုနဲ့တင် ကံကြီးမောင်က ကျေနပ်နိုင်ပါပြီ။

"ရန်ကုန်သွားရမယ် ဟုတ်လား"

"ဟင်း ... ပျော်သွားတယ်ပေါ့လေ"

"ပျော်တယ် ... ပျော်တာပေါ့၊ ရန်ကုန် သွားရမှာမို့ [illegible]
တာတော့ မဟုတ်ပါဘူး၊ မမနောက် လိုက်ရမှာမို့ [illegible]
တာ၊ ရန်ကုန်မှ မဟုတ်ဘူး အဝီဇိပဲ သွားရ သွားရ [illegible]
နောက် လိုက်ရမယ်ဆိုရင် ပျော်မှာပဲ"





မျက်လုံးလေးတွေ ရီဝေနူးညံ့ကာ သိပ်ကို ပျော်ရွှင်
ကျေနပ်သွားသော ခင်စွမ်းရည်ကို ကြည့်ကာ ရင်ထဲလေးလံလှ
သည်။

ကိုယ့်စကား တစ်ခွန်းတိုင်း တစ်ခွန်းတိုင်းဟာ သူမ
အတွက် ပန်းပွင့်လို နူးညံ့လျက် ဖျားရည်လို ချိုမြနေမည် ထင်ရ
သော်လည်း တကယ်တမ်းမှာတော့ ကြမ်းရှမာကျောလျက် အဆိပ်
ရည်လူးရသည် ဆိုတာ ကိုယ်တိုင်ပဲ အသိဆုံး။

ကိုယ်ဟာ လူတစ်ယောက်ကို ထိခိုက်အောင် နစ်နာ
အောင် အားသွန်ခွန်စိုက် ကြိုးစားနေရတာပါလားလို့ တွေးမိတိုင်း
ရင်ထဲ မွန်းကျပ်နေသည်။

ခင်စွမ်းရည်ဟာ ဘာမှ အပြစ်မရှိသူ တစ်ယောက်။
နောက်ပြီး ကိုယ့်အပေါ် ချစ်မြတ်နိုးနေရှာသူ တစ်ယောက်။ အဲဒီ
လို မိန်းမတစ်ယောက်အပေါ် အခွင့်အရေးယူရတာဟာ မတရား
ရာ ရောက်လွန်းသည်။

ခင်စွမ်းရည် တစ်ချက်ပြုံးလိုက်တိုင်း ...

တစ်ချက် ရယ်မောလိုက်တိုင်း ...

ငါဟာ လူယုတ်မာ ...

ငါဟာ အရှက်မဲ့တဲ့ သိုက်သမား ... ဆိုသည့် စေ[illegible]
ကာ သူ့နားထဲ ပဲ့တင်ထပ် မြည်ဟည်းနေသည်။



www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ရန်ကုန်ကို သွားရမည်။ နူးနူးတို့ (အဝေးကပဲဖြစ်ဖြစ်) မြင်ရမည်ဆိုသည့် အတွေးက ဖုံးလွှမ်းသွားတော့လည်း အားလုံးကို မေ့သွားရပြန်တာပါပဲ။





"သမီး ... ဖေဖေ ဒီနေ့ မိတ်ဆွေတစ်ယောက်ကို ထမင်းစားဖိတ်ထားတယ်"

ဖေဖေက မချိုမချဉ် မျက်နှာနှင့် စကားစ,လာလျှင် ရွှင်ကြည်နူး ရင်ထဲ ဒိတ်ခနဲ တုန်သွားရသည်။

မြတ်စွာဘုရား ...။ ဓာတ်လမ်းကတော့ စ,လာချေပြီ။

ဖေဖေ ထမင်းစားဖိတ်မည့် ဧည့်သည်ဟာ ဘယ်သူဆိုတာ ရွှင်ကြည်နူးက အလိုလို သိနေသည်။

မဝါ ဆီက လှည့်ပတ်အစ်အောက် သတင်းရယူထားတာမို့ ဖေဖေနဲ့ ပတ်သက်နေသည့် အမျိုးသမီး ရန်ကုန်ကိုရောက်နေပြီဆိုတာ ရွှင်ကြည်နူးက ကြိုတင်ရိပ်စားမိနေပြီ။

www.burmeseclassic.com



သို့သော်လည်း သူမနဲ့ တော့တော့ဆိုင်ဆိုင် တွေ့ကြပြီဆိုလျှင် ဘယ်လိုတုံ့ပြန် ဆက်ဆံရမလဲ ဆိုတာ ရွှင်ကြည်နူးက ခုထက်ထိ တွေးလို့မရသေးပါ။

တကယ်တမ်းကျတော့ ရွှင်ကြည်နူးဟာ စိတ်ပုပ်ပုပ် ခပ်ဆိုးဆိုး ကောင်မလေးတစ်ယောက် မဟုတ်လေရာ ဘာအပြစ်မှ မရှိသော အမျိုးသမီးတစ်ယောက်ကို ရိုင်းရိုင်းစိုင်းစိုင်းလည်း မဆက်ဆံရဲပါ။ ဖေဖေ့ကို မျက်နှာပျက်အောင်လည်း မလုပ်ချင်ပါ။

မေမေ့ အတွက်သာ ထည့်မစဉ်းစားရဘူး ဆိုရင်တော့ ဘယ်သူ့ကိုမဆို ရွှင်ကြည်နူးက လက်ခံရင်းနှီးပစ်လိုက်ဖို့ ဝန်မလေးပါ။

အို ... အခုတော့လည်း ဘာတတ်နိုင်မှာလဲ။ သူ့ကို ဖေဖေ့ရဲ့ လုပ်ငန်းဖက် မိတ်ဆွေတစ်ယောက် အနေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံလိုက်ရုံပဲပေါ့။ လိုက်လိုက်လှဲလှဲ ချစ်ချစ်ခင်ခင်လည်း မဖြစ်စေဘဲ အေးအေးစက်စက် ငြိမ်ငြိမ်သက်သက်ပဲ ပေါ့လေ။

"သမီး ညစာမစားနှင့်နဲ့ဦးနော်၊ ဖေဖေတို့ကို စောင့်ဦး ဟုတ်လား"

"ဧည့်သည်က ဘယ်နယောက်လဲ ဖေဖေ"





"တစ်ယောက်တည်း ဖြစ်ချင်ဖြစ်မယ်၊ သူ့အဖော် ခေါ်လာလည်း နှစ်ယောက် သုံးယောက်ထက် မပိုပါဘူး"

"သမီး ဘာစီစဉ်ပေးရမလဲ"

"မလိုဘူး သမီး၊ အိမ်ကလူတွေ အလုပ်ရှုပ်နေမှာစိုးလို့ ဖေဖေ ရက်စတောရင့်တစ်ခုကို ဖုန်းဆက်မှာပြီးပြီ။ သူတို့ဆိုင်က အစားအသောက်တွေ ချက်ပြုတ်ပြီးသားကို သူတို့ဘွိုင်တွေပဲ ယူလာပြီး စားပွဲထိုးပေးလိမ့်မယ်"

ဟှာင် ...။ တယ်လည်း ကြီးကျယ်ခမ်းနားပါလား။

ဧည့်သည်တစ်ယောက်တည်းကို ထမင်းကျွေးမှာများ ဖေဖေက ရက်စတောရင့်ကို စားသောက်စရာတွေ မှာထားသတဲ့။ ထားပါ။ စားစရာ မှာထားတာက အကြောင်းမဟုတ်သေး။ စားပွဲထိုးတွေပါ ခေါ်လာပြီး တခမ်းတနား တည်ခင်းဧည့်ခံဦးမှာတဲ့။

ရွှင်ကြည်နူးက အလိုမကျ ဖြစ်သွားသည့် မျက်နှာကို ဖေဖေ မမြင်အောင် တစ်ဖက်သို့ လွှဲထားလိုက်ရပါသည်။

အမှန်က ဒီလောက်ကြီး မလိုအပ်ပါ။ ဦးကျော်ဇောထိုက်ကလည်း သူ့သမီးလေးမျက်နှာ ဘယ်လိုပြောင်းလဲနေသည်ဆိုတာ စောင့်ကြည့်နေနိုင်တာ မဟုတ်။ သူ့စိတ်ကူးနဲ့သူ ပျော်နပ်နေကာ တခြား ဘာကိုမှ ဂရုမထားနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတာဝန်က ချည်သည်ကို အနေမကျုံ့ရအောင် ဝိုင်းပြီး ချည်ခံပေးဖို့ပါပဲ"

ချည်သည်ကို အနေမကျုံ့ရအောင်တဲ့ ...

ဒီချည်သည်က အနေကျုံ့မဲ့ချည်သည်ရော ဟုတ်ရဲ့လား ဖေဖေလို့ ပြန်မေးလိုက်ချင်သည်။

မကြာခင်မှာ ဒီအိမ်ကြီး တစ်ခုလုံးရဲ့ အိမ်ရှင်မရာထူးကို ရတော့မှာဟု ချိန်ချင် ချိန်နေလောက်ပြီ ဖြစ်သော အမျိုးသမီးဟာ တော်ရုံလူကို မမှုသော ပညာသည်တစ်ယောက်လည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။

အဲဒီလို ဆိုလျှင်တော့ သူမဟာ ရှင်ကြည်နူးကို ခေါင်းထဲတောင် ထည့်တွေးမှာ မဟုတ်။ ရှင်ကြည်နူးရဲ့ ချည်ဝတ် မကျေပွန်မှုကြောင့်လည်း အနေကျုံ့မှာ မဟုတ်ချေ။

ရှင်ကြည်နူးက တွေးရင်း တွေးရင်း အားငယ်လာသည်။

ဘာလိုလိုနဲ့ သူမဘဝဟာ တစ်ယောက်တည်း ဖြစ်လာပါရောလား။

မေမေက အစောကြီး သူ့ဘဝထဲက ထွက်ခွာသွားသည်။ အဲဒီနောက် သူမရဲ့အချစ်ဆုံး ချစ်သူကလည်း သူမအပါးမှ ခွဲခွာထွက်သွားသည်မှာ ကြာခဲ့ပြီ။





အခုတစ်ခါ တစ်ယောက်တည်းသာ ကျန်ရစ်သော အားကိုးတွယ်တာစရာ ဖြစ်သည့် ဖေဖေကလည်း သူ့ဘဝထဲ နောက်လူတစ်ယောက်ကို ဆွဲသွင်းလိုက်ခြင်းအားဖြင့် နူးနူးရဲ့နေရာကို ဖယ်ပစ်လိုက်လေပြီ။

ဒီလောကကြီးမှာ နူးနူး တစ်ယောက်တည်းပဲ ဖြစ်နေရတော့မှာလား။ နူးနူးကို ဂရုစိုက် ချစ်ကြင်မည့်သူတွေဟာ ပုံစံအမျိုးမျိုးနဲ့ နူးနူး ဘဝထဲက ထွက်ခွာသွားကြတော့မှာလား။

အလွန်အမင်း ဝမ်းနည်းပြီး ငိုချင်နေသည့် အချိန်မှာ နူးနူး တမ်းတမိဆုံးသူကတော့ ကိုမောင်ပါပဲ။

ဘယ်ကိုများ ရောက်နေသလဲ ကိုမောင်ရယ်။

ရောက်ရာအရပ်ကနေ နူးနူးဆီ အမြန်ဆုံးပြန်လာပြီး နှစ်သိမ့် အားပေးလှည့်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအဝေးက ထွက်ပေါ်လာသလို ခပ်ဖွဖွလေး ဒါမှမဟုတ် သူ့အနားကပ်ပြီး တီးတိုးညင်သာ ခေါ်သလိုမျိုးလေး ခေါ်လိုက်သည့် အသံတစ်ခုကို ကံကြီးမောင်က ကြားလိုက်ရသည်။

ဒါဟာ သူ့ စိတ်စွဲလမ်းမှုကြောင့် ထင်ယောင်ထင်မှား ဖြစ်နေတာ မဟုတ်ပါ။ အမှန်တကယ်ကို ကြားနေတာပဲ ဖြစ်သည်။

ကိုမောင်ရေ ... တဲ့။

ချစ်သူရဲ့ ခေါ်သံတိုးတိုးလေး။ သူ့နားထဲ ပီပီသသ ကို ကြားလိုက်ရတာ။

လွမ်းမောဆွတ်ကြင်ဖွယ် ကောင်းလွန်းလှသော ထို ခေါ်သံထဲမှာ ကြေကွဲလွမ်းဆွတ်ခြင်းတွေ အားကိုးတမ်းတခြင်း





တွေ ရာခိုင်နှုန်းပေါင်းများစွာ ယှက်ဝင်စီးဆင်းနေကြသည်ဟုလည်း ကံကြီးမောင်က ခံစားမိလေသည်။

နုနုမှာ တစ်ခုခုများ ဖြစ်နေပြီလား။ စိတ်သောက တစ်ခုခုကြောင့်များ ကိုယ့်ကို တမ်းတလိုက်လေသလား။

ထားခဲ့သည့် ကတိတစ်ခုသာ မရှိလျှင် နုနုကို ပြေးတွေ့လိုက်ချင်ပါရဲ့။ ချစ်သူလေးကို နွေးထွေးလှိုက်လှဲစွာ အားပေး ပေးမလိုက်ချင်ပါရဲ့။

အခုတော့ ကိုယ်က ကတိတစ်ခုကို ပေးပြီးသားဖြစ်နေပြီ။

ယောက်ျားဆိုတာ ထားခဲ့သည့် ကတိတစ်ခုကို တည်ရတယ် ဆိုသည့် မြင့်မြတ်ခိုင်မာသော အတွေးအခေါ်မျိုးကြောင့် မဟုတ်ပါ။ အဲဒီမာနမျိုးကြောင့်သာဆို ကတိကိုဖျက်ပြီး နုနုကို ပြေးတွေ့လိုက်ပြီးပြီ။

အခုဟာက သူသာ နုနုနဲ့ ခိုးတွေ့လိုက်လျှင် ယောက္ခမလောင်းကြီးက တစ်နည်းနည်းနဲ့ သိသွားပါက သူ့ကို အပြစ်တင်စရာဖြစ်မှာ၊ နုနုနဲ့ သူ့ကို ကန့်ကွက်ဖို့အတွက် အကြောင်းပြစရာတစ်ခု ဖြစ်သွားမှာ စိုးရိမ်တာ။

သူ့ရဲ့အနာဂတ်ဟာ ယောက္ခမကြီးရဲ့ နှုတ်ဖျားတစ်ဆောက်စာမှာသာ ရှိတာ။ တကယ်လို့ ဦးကျော်ဆောင်ဘိုက်က



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက် တစ်ခုခုပေးပြီး သူ့သမီးနဲ့ သဘောတူဖို့ ပြင်း ဆိုလိုက်ပြီဆိုလျှင် ကံကြီးမောင်တို့ ဘာလုပ်ရမှန်းသိမှာ မဟုတ် တော့။

ဘာပဲဖြစ်ဖြစ် နူးနူးကို ဒီနေ့တော့ တွေ့ကိုတွေ့ရမှ ဖြစ်မည်။ မျက်နှာချင်းဆိုင် ဆုံတွေ့ခွင့် မရှိလျှင်တောင်မှ တစ်နေ ရာရာကနေ တိတ်တိတ်လေး ချောင်းကြည့်ခွင့်ရရင် တော်ပြီ။

ချစ်သူမျက်နှာလေးကို တစ်ခဏတာ မြင်လိုက်ရ တာဟာ သူ့ဘဝတစ်သက်စာ ရပ်တည်ရေးအတွက် လုံလောက် သော ခွန်အားတစ်ခု ဖြစ်နိုင်မှာပင်။

သွားမည်။ နူးနူးတို့အိမ်ရှေ့နား မလှမ်းမကမ်းကို သွားပြီး နူးနူး ထွက်အလာကို စောင့်မည်။ တစ်နေကုန် စောင့် နိုင်လျှင်တော့ နူးနူးရဲ့ အရိပ်ကလေးလောက်ကိုဖြစ်ဖြစ် မြင်နိုင် မှာပါ။

"မောင် ... ဒါက ဘယ်ကိုသွားမလို့လဲ"

"ရောက်တုန်း ရောက်ခိုက် သူငယ်ချင်းတွေကို သွားတွေ့ မလို့ပါ မမ"

"သူငယ်ချင်းတွေကို သွားတွေ့တာ နောက်မှသွားတွေ့၊ ဒီနေ့တော့ မမနဲ့ လိုက်ခဲ့ရမယ်"

"ဗျာ ... ဘယ်ကိုလဲ"





"မိတ်ဆွေတစ်ယောက်က ထမင်းစား ဖိတ်ထားတာ၊ သူ့ အိမ်ကို လိုက်ခဲ့ပေါ့"

"ဗျာ ... မဟုတ်တာ၊ မမကို ထမင်းစားဖိတ်တာ မမပဲ သွားပေါ့၊ ကျွန်တော်က ဘာလို့လိုက်ရမှာလဲ"

"လိုက်ရမှာပေါ့၊ မင်းက မမရဲ့ချစ်သူပဲ၊ မင်းကို မမက မမရဲ့ အသိုင်းအဝိုင်းထဲမှာ ဝင်ဆန့်အောင် မင်းကို ပွဲထုတ် ရမှာပေါ့"

"ဒါ ... ဒါကတော့ မဖြစ်သေးဘူး ထင်တယ်"

ပွဲထုတ်မည်တဲ့။ သူမရဲ့ အသိုင်းအဝိုင်းထဲကို သူ့ကို ချဲ့သွင်းဦးမတဲ့။

ခဏသာ အလည်လာသည့် ဧည့်သည်တစ်ယောက် ကို တစ်သက်စာ အဖော်ပြုချင်နေသည့် ခင်စွမ်းရည်ကို သနား သည်။ သနားမိပါရဲ့။ အားလည်း နာလှပါရဲ့။

ထို့ထက် ပိုဆိုးတာ တစ်ခုကတော့ ကိုယ်သာ သူမ ရဲ့အသိုင်းအဝိုင်းထဲ ဝင်ဆန့်သွားမိပြီးပြီဆိုလျှင် ဘယ်လိုမှ ပြန် ထွက်ဖို့ လွယ်မှာမဟုတ်တော့။

ကိုယ့်ရဲ့မျက်နှာဟာ ခင်စွမ်းရည်ရဲ့ ပတ်ဝန်းကျင်က မြင်ရှုးနေသည့် မျက်နှာတစ်ခုသာ ဖြစ်သွားခဲ့လျှင် နောက်နောင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အင်အားကြီးမားလွန်းသော ဒီအသိုင်းအဝိုင်းကနေ ဘယ်
လုပ်ပြီး ရှောင်ထွက်မလဲ။

"ဘာလို့ မဖြစ်ရမှာလဲ၊ တစ်ချိန်ကျရင် မောင်က မ
ခင်ပွန်း ဖြစ်လာမှာပဲ"

အောင်မယ်လေးဗျာ။ ကျောရိုးထဲတောင် စိမ့်သွ
ရပါရဲ့။

တစ်ချိန်ကျရင် သူ့ခင်ပွန်း ဖြစ်ရမတဲ့။

ခင်စွမ်းရည်ကတော့ သူ့အပေါ် အမျှော်လင့်ကြ
မျှော်လင့်ရပြီ။ ဒီအနှောင်အဖွဲ့ကနေ လွတ်အောင် ဘယ်လို
ရုန်းထွက်ရမှာပါလိမ့်။

"မလိုက်ပါရစေနဲ့ မမရာ၊ ကျွန်တော် လိပ်ပြာမလုံ
ပါ"

"ဘာဖြစ်တယ်၊ ဘာလို့ လိပ်ပြာ မလုံရမှာလဲ"

"ဟို ... ဒီလိုလေ၊ ကျွန်တော်က ဘာမှရှိတဲ့ကောင် မ
ဘူး၊ ကလေကချေ မျက်နှာမွဲ၊ မမလို မိန်းမမျိုးနဲ့ ဘယ်
မှ မတန်တဲ့ကောင်။ ဒီလိုကောင်မျိုးက သူတို့နဲ့ တန်း
နေရာဝင်ယူချင်တယ်ဆိုရင် မမ မိတ်ဆွေ လူကြီးလူ
တွေက ဘယ်လိုလုပ် ကျေနပ်ကြမှာလဲ"





"သူတို့ ကျေနပ်တာ မကျေနပ်တာ အရေးမကြီးပါဘူး၊
မမ ကျေနပ်ရင် ပြီးတာပဲဟာ"

"ကျွန်တော်တို့ နှစ်ယောက်တည်း ရှိတဲ့အချိန်ကျရင်တော့
ဟုတ်တယ်လေ၊ အခုဟာက အသိုင်းအဝိုင်း တစ်ခုလုံးနဲ့
ဆိုင်လာပြီ၊ ကျွန်တော်က မမကိုချစ်လို့ သည်းခံနေနိုင်တယ်
ဆိုပေမဲ့လည်း ယောကျ်ားတစ်ယောက်ဟာ ယောကျ်ားမာန
တော့ ရှိသေးတာပေါ့။ ကိုယ့်ကို အထင်သေးတဲ့ နှိမ့်ချတဲ့
မျက်လုံးတွေကို ဘယ်မှာ ရင်ဆိုင်ချင်ပါ့မလဲ"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒီအတွက် မမ
နောက်တော့မှ စီစဉ်ပေးမယ်၊ အခုကတော့ ထမင်းစားပွဲ
ကို လိုက်ခဲ့ရယ်"

"ဟင့်အင်း ... ကျွန်တော် မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

လိုက်လို့ ဘယ်ဖြစ်မလဲ။ ဒီနေ့ နူးနူးကို သွားကြည့်
ယ်လို့ ဆုံးဖြတ်ချက် ချထားပြီးပြီ။ လုံးဝ လက်မလျှော့နိုင်။

"မမ ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်ဟာ
မမရဲ့ အလုပ်သမားတစ်ယောက် ဆိုရင်လည်း အလုပ်ရှင်
ဆီမှာ ခွင့်တိုင်ပါတယ်"

www.burmeseclassic.com

ခင်ဇွမ်းရည်က စိတ်ပျက်လက်ပျက် ဖြစ်သွားသေ
လည်း ကံကြီးမောင်ကို ဘယ်လိုမှ ခေါ်မရနိုင်မှာ သေချာနေတ
မို့ မတတ်သာစွာ အလျှော့ပေး သဘောတူလိုက်ရလေသည်။





မှန်ပြောင်းတစ်လက် ဝယ်လျက် နူးနူးတို့ အိမ်ကို
မ်းမြင်သာသော လမ်းခွဆုံက ညောင်ပင်ကြီးပေါ် ကံကြီးမောင်
ဖက်တက်လိုက်လေသည်။

သစ်ဖင်ကြီးရဲ့ အရွက်တွေ ဖားဖားဝေဝေ အုပ်နေ
သော ကိုင်းဆုံခွကြားမှာ အေးအေးဆေးဆေး နေရာယူလိုက်ပြီး
င် လည်ပင်းမှာ ချိတ်ဆွဲလာသော မှန်ပြောင်းကို နေရာတကျ
လိုက်သည်။

ရှင်ကြည်နူးရဲ့ အခန်းအပြင် အပေါ်ထပ် တစ်ထပ်
ကိုလည်း သူ့နေရာကကြည့်လျှင် မြင်သာပါသည်။ အောက်
နဲ့ ခြံဝင်းထဲကိုတော့ သစ်ပင်တွေ ကွယ်နေတာမို့ ထင်ထင်
ရှား မမြင်ရချေ။

ကြည့်ရတာ အိမ်ထဲမှာ ပွဲလမ်းတစ်ခုခုတော့ ရှိ
။ အလုပ်သမားတွေဟာ ခြံထဲမှာ ဝင်တချို့ ထွက်တချို့ လှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှရှ။ စားသောက်ဆိုင်တစ်ခုရဲ့ တံဆိပ်တပ်ထားသော ကား တစ်စင်းလည်း ဝင်လာတာ တွေ့လိုက်သေးသည်။

တစ်အိမ်လုံး ယောက်ယက်ခတ် လှုပ်ရှားနေသော်ငြား တစ်ဦးတစ်ယောက်ကတော့ တိတ်ဆိတ်ငြိမ်သက်မြဲ။

ထိုတိတ်ဆိတ်နေသော လူသားမှာ သူ့ရဲ့ချစ်သူလေး ရွှင်ကြည်နူးသာလျှင် ဖြစ်လေသည်။

နူးနူးရဲ့အခန်းမှာ မီးထိန်ထိန်လင်းအောင် ထွန်း ထားတာမို့ လူရှိနေလိမ့်မည်လို့ ခန့်မှန်းလို့ ရသည်။ သို့သော် လည်း ကံကြီးမောင် စောင့်ကြည့်နေသော နှစ်နာရီကျော်ကျော် အချိန်အတွင်း လှုပ်ရှားမှု တစ်စုံတစ်ရာလေးကိုသော်မှ မတွေ့ ရချေ။

နူးနူးကလေး ဘာများ ဖြစ်နေသလဲ။ နေထိုင်မ ကောင်းပါရဲ့လား။ ဖြစ်နိုင်လျှင် သစ်ပင်ပေါ်က ပြန်ဆင်းကာ နူးနူးတို့အိမ်ထဲအထိ ဝင်တွေ့လိုက်ချင်စိတ်တွေ တားမရ ဆီးမရ ပေါ်လာသည်။

ကဲကွာ ... ဝင်တွေ့လိုက်တော့မယ်။ ကတိဆိုတာ ပြုတ်စားလို့ရသည့် အရာလည်းမဟုတ်။ တကယ် အရေးအကြောင်း ကြုံလာသည့် အခါကျတော့ အဲဒီကတိကြီးကို ဖက်တွယ်ပြီး ဘာ များအကျိုးရှိမှာမို့လို့လဲ။





ကံကြီးမောင်က စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ် လိုက်ကာ သစ်ပင်ပေါ်မှ ပြန်ဆင်းဖို့ ပြင်လိုက်သည်။

ထိုအခိုက်မှာပဲ နူးနူးရဲ့ အခန်းကနေ ဝရန်တာ ဆက်ထွက်သည့် တံခါးချပ်လေးက လှစ်ခနဲ ပွင့်ဟလာခဲ့တော့ သည်။

မှန်ပြောင်းကို လွှတ်ချလိုက်ပြီး သစ်ပင်ပေါ်က ဆင်းအံ့ဆဲဆဲ ကံကြီးမောင်ရဲ့ လှုပ်ရှားမှုတွေ ရပ်တံ့သွားသည်။ မှန်ပြောင်းကို ပြန်လည်ကောက်ကိုင်ကာ တစ်ခါထပ်ပြီး ကြည့်ရ ပြန်သည်။

ဟုတ်ပါရဲ့။ ပွင့်သွားသော တံခါးပေါက်က တစ်ဆင့် အပြင်ထွက်လာသူဟာ သူ့ချစ်သူလေး ရွှင်ကြည်နူးပဲ ဖြစ်သည်။

ကိုယ်နဲ့ သူမဟာ နေရာချင်း ကွာဝေးလှပြီး ကိုယ့် အနေအထားကလည်း ဘယ်လိုမှ မမြင်နိုင်သော အနေအထား ဖြစ်သည် ဆိုတာကိုတောင် မေ့လျော့ကာ ကံကြီးမောင်က လက် ဆွဲယမ်း မြှောက်ပြမိသည့် အထိပင်။

အင်းလေ ... ကိုယ်ဟာ ဘယ်လိုပဲ ကြိုးစားအား ထုတ်သည် ဖြစ်ပါစေ ချစ်သူလေးနဲ့ကတော့ ဝေးနေဦးမှာပါပဲ။ အဲဒါကိုက ကံကြီးမောင်၏ ဆိုးဝါးလှသော ကံအကျိုးပေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ မှန်ပြောင်းက အားကောင်းလှတာမို့ နူးနူးကို အနီးကပ် တွေ့ရသလို ထင်ထင်ရှားရှား တွေ့ရတာတော့ အမှန်။

နူးနူးက သူမ စွဲစွဲလမ်းလမ်း ဝတ်လေ့ရှိသော အဖြူရောင်များများပါသည့် ဂါဝန်စုံလေးနဲ့ အရင်ကအတိုင်းပဲ မပြောင်းမလဲ။ ပြောင်းလဲသွားတာ တစ်ခုက နဂိုကတည်းက သွယ်လျလျလေးဖြစ်သည့် ရွှင်ကြည်နူးရဲ့ ကိုယ်လုံးလေး တစ်ဝက် လောက်ထပ်ပြီး ပိန်ကျသွားခြင်းပင်။

ဘာတွေများ ဖြစ်နေရလို့ပါလဲ ချစ်သူရယ်။ နေပဲ မကောင်းလို့လား၊ ကိုယ့်ကို သတိရလွန်းလို့လား။ မဖြေရှင်းနိုင် သည့် အခက်အခဲ တစ်ခုခုကြောင့်လား။

မျက်နှာချင်းဆိုင် ဆုံတွေ့စကားပြောခွင့် မရသည့် ဘဝမှာတော့ နူးနူးကို အဝေးကမြင်ရုံ၊ ကိုယ့်ဘာသာ တစ်ဖက်သတ် နှုတ်ဆက်စကား ပြောရုံလောက်နဲ့ပဲ ကျေနပ်ရတော့မှာပါပဲ။

ကံကြီးမောင်က ဆက်ပြီး စောင့်ကြည့်နေစဉ်မှာ ကားတစ်စီးက ခြံထဲမောင်းဝင်သွားတာ တွေ့လိုက်ရသည်။

အရောင်အဆင်းနဲ့ ပုံသဏ္ဍာန်ကို ကြည့်ခြင်းအား ဖြင့်တော့ ဒါဟာ ဦးကျော်ဇော်ထိုက်ရဲ့ ကားပဲဆိုတာ သိနိုင် သည်။





ကား ခြံထဲဝင်သွားပြီး သိပ်မကြာခင်မှာပဲ နူးနူးက အိမ်ထဲပြန်ဝင်သွားတာ တွေ့လိုက်ရသည်။ သူမဘာသာ ပျင်းလို့ အိမ်ထဲဝင်သွားတာလား။ အဖေ ပြန်လာတာမို့ သွားတွေ့တာလား ဆိုတာတော့ မသိနိုင်ချေ။

ထိုနေ့က တစ်ညနေလုံး ရွှင်ကြည်နူး ပြန်ပေါ်လာဦး မလားလို့ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသေးသော်လည်း အရိပ်တောင်မှ မတွေ့ရတော့ပါ။

သစ်ပင်ပေါ်မှာ အကြာကြီး ထိုင်စောင့်နေတာမို့ လူက ညောင်းညာကိုက်ခဲကာ ခြေလက်မမြဲချင် ဖြစ်လာပြီး ည လည်း တဖြည်းဖြည်း မှိုးချုပ်လာကာ နူးနူးရဲ့ အခန်းကလည်း မီးပိတ်တိတ်ဆိတ်သွားတော့မှပင် ကံကြီးမောင်လည်း သစ်ပင်ပေါ် က ဆင်းကာ တည်းခိုခန်းကို ပြန်လာဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စောင့်လိုက်ရတာ မောင်ရယ်၊ မမ စိတ်ပူနေတာ"

တည်းခိုခန်းထဲ လှမ်းဝင်လိုက်တာနဲ့ ဧည့်ခန်းဆောင်မှာ စောင့်နေသော ခင်စွမ်းရည်က ကံကြီးမောင် နားသို့ အပြေးအလွှား ရောက်ရှိလာခဲ့လေသည်။

ဒီနေ့ ထမင်းစားပွဲကို ဘယ်လိုမှ ခေါ်မရအောင် အကြောက်အကန် ငြင်းဆန်ရှောင်လွှဲသွားခဲ့သော ကံကြီးမောင်ကို နားလည်ပေးနိုင်သော်လည်း ညဉ့်နက်သည်အထိ ပြန်မလာတာကိုတော့ နားမလည်နိုင်ချေ။

ရန်ကုန် ရောက်လိုက်တာနဲ့ ကံကြီးမောင်တို့ ချက်ချင်းကို အချိုးပြောင်းသွားတော့တာပဲ။

လူကလည်း အရင်ကလို တက်တက်ကြွကြွ မရှိဘဲ ငိုင်တိငိုင်တိုင်၊ အပြင်ထွက်တော့လည်း ဘယ်သွားမည် ဆိုတာ ပြောမသွား၊ သူမရဲ့ စကားကိုလည်း မဆန့်ကျင်စဖူး ဆန့်ကျင်၊





ပြောလိုက်လျှင်လည်း သူက မျက်နှာမဲ့မို့ နှိမ်သည်ဖြစ်ဦးတော့မည်။ ဟင်း ... ခင်စွမ်းရည်တို့များ ဘယ်ဘဝက ကုသိုလ်ကံ အကျိုးပေးကြောင့် ယောကျ်ားတစ်ယောက်ကို မျက်နှာမငြိုအောင် အရိပ်တကြည့်ကြည့် စောင့်ရှောက်ထားရသည့် ဘဝကို ရောက်နေရတာပါလိမ့်။

"ဘာတွေ တွေးနေတာလဲဟင်၊ မမကိုလည်း ပြောလည်း မသွားဘူး"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒီလိုပဲ ခြေဦးတည့်ရာ လျှောက်သွားနေတာ"

"မဟုတ်သေးပါဘူး၊ အဲဒီလို လျှောက်သွားမယ်ဆိုလည်း အချိန်စောစောလေးတော့ ပြန်လာဖို့ ကောင်းတာပေါ့"

"မသိဘူးလေ၊ မမက ထမင်းစားပွဲ သွားမယ်ဆိုတော့ အပြန် နောက်ကျမှာပဲထင်ပြီး အေးအေးဆေးဆေး နေလိုက်တာပေါ့"

"အဟင်း ... မမ သွားတာ အကြီးအကျယ် ထမင်းစားပွဲ မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်က မမ တစ်ယောက်တည်းကိုပဲ သီးသန့်ထမင်းဖိတ်ကျွေးတာပါ၊ ဘာလဲ ... မင်းက လူတွေအများကြီးလာမဲ့ မိတ်ဆုံစားပွဲကြီးမှတ်လို့ မလိုက်ရဲတာလား၊ ဒါဆိုရင်တော့ မမ လိုသွားတာ၊ မင်းကို အဲဒီသဘောမျိုး ပြောလိုက်မိတာ မမ မှားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ မမ တစ်ယောက်တည်း သီးသန့်ဖိတ်ကျွေးတဲ့ ထမင်းဝိုင်းဆိုလည်း ကျွန်တော်က လိုက်မှာမဟုတ်ဘူး"

"အဲဒီလောက်လည်း မာနမကြီးပါနဲ့ကွယ်"

ခင်စွမ်းရည်က ကံကြီးမောင်ရဲ့ခေါင်းကို ခပ်ဖွဖွလေး အုပ်ကိုင်လျက် အားပေးနှစ်သိမ့်သလို ပြောလိုက်သည်။

"ကျွန်တော့်မှာ မာနကြီးလောက်တဲ့ အရည်အချင်း မရှိပါဘူးဗျာ"

"ဒါတော့ မဟုတ်ဘူး မောင်၊ ယောကျ်ားတို့ဘုန်း အဆုံးမရှိတဲ့၊ အင်အားရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘာမဆိုလုပ်လို့ဖြစ်တယ်"

ဒါပေမဲ့ မွဲတေစုတ်ပြတ်နေတဲ့ လူတစ်ယောက်ဟာ သိန်းငါးရာရအောင် ရှာဖို့ကတော့ မမျှော်လင့်နိုင်လောက်အောင်ကို ခက်ခဲလှပါရဲ့။

"ကျွန်တော် လုပ်ပြချင်ပါတယ်၊ ဒါပေမဲ့ ဒီခေတ်ကြီးထဲမှာ အခြေခံလည်း နည်းနည်းလောက်မှ မရှိဘဲနဲ့တော့ ဘယ်လိုမှ နေ့ချင်းညချင်း ကြီးပွားတိုးတက်မလာနိုင်ဘူးလေ၊ ကျွန်တော်က မမထက် မသာရင်တောင် မနိမ့်တဲ့ အဆင့်အတန်း တစ်ခုနဲ့မှ မမကို လက်ထပ်ချင်တာ"





ကံကြီးမောင်က လေလုံးထွားထွားနှင့် အားရပါးရ ဇာတ်လမ်းဆင်ပစ်လိုက်လျှင် ခင်စွမ်းရည်က အကြွင်းမဲ့ ယုံကြည်ကျေနပ်သွားကာ ...

"တို့ သဘောပေါက်ပါတယ်၊ အဲဒီအတွက် အစီအစဉ်တွေလည်း လုပ်ပြီးသားပါ"

စကားကို တစ်ဝက်နှင့်ရပ်ကာ ပဟေဠိဆန်ဆန်ပြုံးနေသော ခင်စွမ်းရည်ကို ကံကြီးမောင်က ဘာမှဆက်မေးမနေတော့ပါ။

သူမနဲ့ အပြန်အလှန် စကားမပြောနိုင်တော့လောက်အောင်မဲ လူကပင်ပန်းနေပြီ။ နေ့လယ်ကလည်း ဘာမှမစားခဲ့ရသော ဗိုက်ကလည်း တကျုတ်ကျုတ် ဆာလောင်နေပြီ။

ကံကြီးမောင်က ခင်စွမ်းရည် ရှေ့က အမြန်ဆုံးလှည့်ထွက်ခဲ့ကာ ကိုယ့်အခန်းကို အမြန်ဆုံးပြန်ခဲ့ပြီး ထိုးအိပ်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မဖြစ်သင့်ဘူး ထင်တယ် ခင်စွမ်းရည်၊ သိပ်ပြီး မိုက်မူးရဲဆန်ရာ ရောက်မနေဘူးလား"

ရှေ့နေကြီး ဦးသိန်းဇံက အစွယ်ပင် ငယ်သော်ငြား သူ့စိတ်ထဲက လေးစားချီးကျူးခဲ့ရသော အမျိုးသမီးငယ်ကို စိတ်ပျက်ပျက်နဲ့ကြည့်ရင်း ပြောမိလေသည်။

ခင်စွမ်းရည်က ငယ်ငယ်လေးကတည်းက ထက်မြက်သော အရည်အချင်း ရှိသလို တစ်ဇွတ်ထိုးနိုင်ကာ ခေါင်းမာတတ်တာကိုတော့ ဦးသိန်းဇံက သိပြီးသားပင်။

သို့သော် ထိုခေါင်းမာသည့် အကျင့်စရိုက်ကို ဗွေးခေါ်ဆင်ခြင်တုံတရား ပြည့်ဝသည့် အမြော်အမြင်ရှိသည့် ဦးနှောက်နဲ့ ထိန်းကွပ်ထားတာမျိုးမို့ သူမ ဘာပဲလုပ်လုပ် သွက်သွက်လည်အောင် မှားယွင်းသွားတာမျိုး မဖြစ်နိုင်ဟု ဦးသိန်းဇံက ယုံကြည်ထားခဲ့တာ။





အခုကျတော့ သူ အထင်ကြီးထားခဲ့သော ခင်စွမ်းရည်ဟာ ဆယ်ကျော်သက် မြီးကောင်ပေါက်လေးတွေလို အချစ်ရဲ့သားကောင် ဖြစ်နေရပြီတဲ့။

မယုံနိုင်စရာ၊ လက်မခံချင်စရာ ကောင်းလှသော အဖြစ်ပါပဲ။ ခင်စွမ်းရည်လို ဘယ်သူ့ကိုမှ ဂရုမစိုက်၊ အရှုံးမပေးခဲ့ဖူးသည့် မိန်းမတစ်ယောက်က ဘယ်လိုအရည်အသွေးမှ မရှိသည့် ကလေကချေ ကောင်လေးတစ်ယောက်ထံကျမှ ကျဆုံးခဲ့သည်တဲ့လား။

"နည်းနည်းပါးပါးလည်း ပြန်စဉ်းစားကြည့်စေချင်သေးတယ် ခင်စွမ်းရည်ရယ်"

"အထပ်ထပ် အခါခါ ပြန်စဉ်းစားပြီးလည်း ဒီအဖြေပဲရပါတယ် အန်ကယ်"

"ဟုတ်ရဲ့လားကွယ်၊ သမီးအနေနဲ့ စိတ်အလိုတစ်ခုတည်းကိုလိုက်ပြီး ဆုံးဖြတ်မယ်ဆိုရင် တစ်ချိန်ကျ နောင်တရစရာ ဖြစ်ခဲ့သည် ရှိသော် ..."

ရှေ့နေကြီးရဲ့ စကားမှ မဆုံးသေး ခင်စွမ်းရည်က စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲ ပုတ်ချပစ်လိုက်ကာ ...

"ဘယ်လို ပြောလိုက်တာလဲ၊ အန်ကယ်က ကျွန်မကို နောင်တရမယ် ဆိုတော့ ကျွန်မရဲ့ အိမ်ထောင်ရေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အမှားအယွင်း ကြုံလိမ့်မယ်လို့ နိမိတ်ဖတ်တဲ့ သဘော
ပေါ့”

“ဟာ ... မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး”

“အဲဒီအတိုင်းပါပဲ အန်ကယ်ရယ်၊ ကျွန်မ သဘောပေါက်
ပါတယ်၊ အားလုံးက ဒီလိုပဲ မြင်ကြလိမ့်မယ် ဆိုတာ
ကျွန်မ မျှော်လင့်ထားပြီးသားပါ”

အားလုံးက အဲဒီလို မြင်မယ်လို့ သိနေပါလျက်
သူမကျတော့ ဘာလို့ အဲဒီလို မမြင်နိုင်ရပါသနည်း။

ဘယ်လိုမိန်းမ မဆို အချစ်နှင့် ပတ်သက်လာလျှင်
အတူတူပဲ ရူးသွပ်သွားတတ်ကြသလား။

“အန်ကယ်က သမီးရဲ့ အရည်အချင်းနဲ့ အသိဉာဏ်ကို
အထင်ကြီးပြီးသားပါ”

“စိတ်ချပါ အန်ကယ်၊ ခင်စွမ်းရည်ဟာ ခပ်ညံ့ညံ့မိန်းမ
တစ်ယောက် မဟုတ်ပါဘူး၊ ခင်စွမ်းရည် ယုံကြည်လို့
လုပ်သမျှဟာ ဘယ်တုန်းက မှားယွင်းဖူးလို့လဲ”

“ဒါဖြင့် ရန်ကုန်မှာရှိတဲ့ မင်းရဲ့လုပ်ငန်းအားလုံးကို ကံကြီး
မောင်ကို လွှဲပေးတော့မှာပေါ့”

“မှတ်ကဲ့ ... လွှဲပေးတဲ့သဘော မဟုတ်ပါဘူး၊ ရောင်းချ
တဲ့ သဘောပဲ”





လွှဲပေးတဲ့သဘော ဆိုရင် သူမဘက်က ထောက်ပံ့ရ
ာကို လူသိမည်။ ရောင်းချသည် ဆိုပါမှ ကံကြီးမောင်က
ိုယ်စွမ်းကိုယ်စနဲ့ သူမရဲ့လုပ်ငန်းတွေကို တန်ရာတန်ကြေးပေး
ယ်ယူသွားတာလို့ အထင်ကြီးစရာ ဖြစ်မှာ။

ကံကြီးမောင်ကို လူရိုသေ ရှင်ရိုသေ အဆင့်အတန်း
င်ဆိုင်မှုမျိုးကလည်း ရှိစေချင်၊ အဲဒီလို ဖြစ်ဖို့အတွက်လည်း သူ
ာက်ပံ့ရမှာ ဖြစ်ပေရာ လူပြောလွတ်အောင် “ရောင်းချသည်”
ိသည့် စာချုပ်မျိုးလုပ်တော့။

“သူ့ကို ရောင်းမစ်ပေမဲ့ လုပ်ငန်းတွေထဲမှာ ဖေဖေနဲ့
မေမေ လက်ထက်က ရတနာဆိုင်ကြီးတွေ မပါ,ပါဘူး၊
ကျွန်မလက်ထက်ပွား ကျွန်မလုပ်အားနဲ့ တိုးချဲ့ထားတဲ့
ဟိုတယ်နှစ်ခုကိုပဲ ရောင်းမှာပါ”

“ရောင်းတယ် ဆိုတာကလည်း စာချုပ်ပေါ်က ဟန်ပြသက်
သက်ပဲ မဟုတ်လား ခင်စွမ်းရည်၊ တကယ်က မင်းအလကား
ထိုးအပ်လိုက်မှာ မဟုတ်လား”

ခင်စွမ်းရည်က ဦးသိန်းဖဲကို ပဋိလက်ဆန်သော
ူးမျိုးနဲ့ ကြည့်လိုက်ကာ ...

“ကျွန်မ အလကား ထိုးမအပ်ပါဘူး၊ တကယ်ပဲ ရောင်းမှာ
ပါ၊ ဟော ... အတော်ပဲ၊ ကံကြီးမောင် ... လာထိုင်ဦး”



www.burmeseclassic.com

www.burmeseclassic.com



ခင်စွမ်းရည် တစ်ယောက်တည်း ရှိတယ်အမှတ်
ပေါ့ပေါ့ဆဆ ဝင်လာခဲ့သော ကံကြီးမောင်၊ ရှေ့နေကြီးကိုမြင်လျှ
အနည်းငယ် ခြေလှမ်းတွန့်သွားရသည်။

သိမ်းငှက်တစ်ကောင်လို စူးရှဖျတ်လတ်သည့်မျ
လုံးတွေနဲ့ လူတစ်ယောက် စိတ်ထဲကို ထိုးထွင်းမြင်နိုင်လော
အောင် ပါးနပ်ထက်မြက်ပုံရသော ဒီလူကြီးကို ကံကြီးမောင်
လန့်ပါသည်။

ခင်စွမ်းရည်ဟာလည်း ပါးနပ်ထက်မြက်သူ တ
ယောက်ပေမဲ့ သူမက ငယ်ရွယ်သူလည်း ဖြစ်သည်။ မိန်းမသ
လည်း ဖြစ်သည်။ နောက်ပြီး ကိုယ့်ကို မျက်စိစုံမှိတ်ကာ ချစ်
သူလည်း ဖြစ်သေးသည်။ အဲဒီတော့ ကိုယ့်လုပ်ရပ်တွေကို မ
ကြည့်မှာ မပူရ။

ဒီရှေ့နေကြီးကတော့ လောကအကြောင်း ကော
ကောင်း သိကျွမ်းနားလည်နေသူကြီး။ နောက်ပြီးတော့ သူ
အချစ်နဲ့ ဖုံးထားသည့် မိုက်ရူးရဲ့ မျက်လုံးမျိုးတွေလည်း ရှိ
မဟုတ်ပေရာ ကံကြီးမောင်ရဲ့ ခြေလှမ်းတွေကို ပကတိအ
မြင်နိုင်ပေမှာ။

"လာ ... ထိုင်ဦး၊ ဒီမှာ ရှေ့နေကြီးလည်း ရန်ကုန်
နေတုန်း၊ ကိစ္စလေးပြီးအောင် လုပ်လိုက်ချင်လို့"





"မမကလည်း၊ မမ အလုပ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေ ဘာ
ဆိုင်လို့ ကျွန်တော့်ရှေ့မှာ လာပြောနေရတာလဲ၊ ကိုယ့်ဘာ
သာ အေးအေးဆေးဆေး ဆွေးနွေးကြပါ၊ ကျွန်တော်စောင့်
ဆို အပြင်ကပဲ စောင့်ပေးပါရစေ"

ကံကြီးမောင်က ရိုးရိုးသားသား ဖိုးသက္ကာပုံဖမ်းကာ
ထ,ထွက်သွားဖို့ ပြင်သော်လည်း ခင်စွမ်းရည်က လက်ကာတားဆီး
လိုက်ကာ ...

"တို့ မင်းကို မေးစရာတစ်ခုရှိလို့၊ ရှေ့နေကြီး ရှေ့မှာပဲ
ပြောရမဲ့ စကားတွေမို့ ခဏထိုင်နေပါဦး"

ဘုရား ... ဘုရား။ ဘာတွေများပါလိမ့်။ စာချုပ်
စာတမ်းနဲ့ တရားဝင် လက်ထပ်ဖို့ ပြောချလိုက်မှာလား။

ကံကြီးမောင် ရင်တထိတ်ထိတ်နဲ့ ထိုင်နေဆဲ ...

"မင်းမှာ ပိုက်ဆံ ဘယ်လောက်ရှိသလဲ"

"ခင်ဗျာ"

"မင်း ရန်ကုန်က ထွက်လာတော့ မင်းနေတဲ့ခြံကို ရောင်း
ခဲ့တယ်ဆို၊ အဲဒါ ဘယ်လောက်ရှိသလဲ၊ နောက်ပြီး တို့ဆီ
မှာ အလုပ်လုပ်ရင်း မင်းစုဆောင်းထားတဲ့ငွေ စုစုပေါင်း
ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ခြံရောင်းရတာက ခြောက်သိန်း၊ မမဆီမှာ အလုပ်လုပ်ရင်း စုထားတဲ့ လခက ငါးသောင်းလောက် ရှိမယ်၊ စုစုပေါင်း ခြောက်သိန်းခွဲလောက်"

"ကောင်းပြီ။ အဲဒီခြောက်သိန်းခွဲ တို့ကိုပေး"

"ခင်ဗျာ ... ဘာဖြစ်လို့"

"မင်းနဲ့ အရောင်းအဝယ်တစ်ခုလုပ်မလို့၊ ရန်ကုန်မှာ တို့ ဖွင့်ထားတဲ့ ရွှေကောင်းကင်တစ်နဲ့နှစ် ဟိုတယ်နှစ်ခုစလုံး ကို မင်းကို ခြောက်သိန်းခွဲနဲ့ ရောင်းမလို့လေ"

"ဗျာ"

"ခင်စွမ်းရည် ... မင်း ရူးနေသလား၊ ဟိုတယ်တစ်ခုလုံး ဟာ သိန်းထောင်ချီတန်တယ်လေ"

"အဲဒါ ဘာဖြစ်လဲ အန်ကယ်၊ ဘယ်လောက်ပဲ တန်တန် ကျွန်မ ကျေနပ်တဲ့ဈေးနဲ့ ရောင်းမှာပဲ"

"ဒါတော့ မဟုတ်သေးဘူး ထင်တယ်"

"ရှင်းရှင်းလေးပါ အန်ကယ်ရယ်၊ ကျွန်မတို့ အရောင်းအဝယ် စာချုပ်တစ်ခု လုပ်ကြတယ်၊ အန်ကယ်က တရားဝင်ဖြစ် အောင်ရယ်၊ အသိသက်သေအဖြစ်ရယ် ဝင်ပြီးကူညီပေး ပါပဲ၊ ရောင်းဈေးကတော့ ရောင်းသူနဲ့ ဝယ်သူကြားက ညှိနှိုင်းဈေးပါ၊ အလကား ပေးပစ်တာမှ မဟုတ်ပဲ"





"အလကား ပေးပစ်တာ မဟုတ်ပေမဲ့ ခင်စွမ်းရည်က လက်တစ်လုံးခြား ပညာပြလိုက်တာမျိုးပဲ။ သိန်းထောင်ချီ တန်တဲ့ ဟိုတယ်နှစ်လုံးကို ခြောက်သိန်းခွဲနဲ့ ရောင်းလိုက် တာဟာလည်း အလကားပေးတာနဲ့ ဘာများထူးလို့လဲ"

"တချို့လူတွေ ကိုယ့်ပစ္စည်း ဘယ်လောက်ပဲ တန်ဖိုးရှိရှိ ကိုယ်က ငွေကို အရေးပေါ် လိုအပ်နေရင်၊ ဗိုက်နာနေရင် ရရာဈေးနဲ့ ငွေပေါ်ထိုးရောင်းလိုက်ရတာပဲ မဟုတ်လား၊ ကျွန်မတို့လည်း ဒီသဘောပေါ့"

ဦးသိန်းဖုံမှာ ရောင်းသူဝယ်သူ ကြည်ဖြူနေသည့်ကြား သူဝင်ပြောလို့လည်း အပိုပဲဆိုတာ စိတ်မသက်မသာနဲ့ပဲ သဘော ဆောက်လိုက်ရလေသည်။

ကံကြီးမောင် ကတော့ ခင်စွမ်းရည်ရဲ့ လုပ်ရပ် အတွက် ကြက်သီးတောင် တဖြန်းဖြန်း ထ,မိပါရဲ့။

သူမဟာ ကိုယ့်ကို ဘယ်လောက် ချစ်သည် ဆိုတာ သက်သေပြလိုက်တာပဲ။ နောက်ပြီး ကိုယ့်အပေါ် အဆုံးစွန်ထိ ခံကြည်ရှာသည် ဆိုတာလည်း ပေါ်လွင်စေသေးသည်။

ခင်စွမ်းရည်၏ မေတ္တာကို အသိအမှတ် ပြုမိ သလောက် ကိုယ့်ကိုယ်ကိုယ်တော့ အထင်သေးမိလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလကား ... ယောက်ျားပိုင်းလုံး၊ သိုက်သမား အကျင့်စာရိတ္တ ပိုးထိုးခြစားနေသည့် အောက်တန်းစားကောင်။

မိန်းမတစ်ယောက်ကို လိမ်ညာချစ်ဟန်ဆောင်ပြီး အဲဒီမိန်းမရဲ့ စည်းစိမ်ဥစ္စာတွေကို အပိုင်စီးဦးမည်။ ဘယ်လောက် တောင်မှ သိက္ခာမဲ့လိုက်သလဲ။

ခင်စွမ်းရည်ရဲ့ ကြည်ရွှင်တက်ကြွနေသော မျက်လုံး တွေကို ရင်မဆိုင်ရဲတော့။ လူက တဆတ်ဆတ် တုန်ယင်ကာ မျက်ရည်တွေ ဝဲတက်လာတာမို့ ခေါင်းကို ငုံ့ချထားလိုက်ရ သည်။

အခုနေ အချိန်မီသေးတယ်။ မင်း ငြင်းလိုက်ပါတော့ လား။ အဖြစ်မှန်ကို ဖွင့်ဟဝန်မခံဘူး ဆိုလျှင်တောင် ဒါတွေကို မယူနိုင်ပါဘူးလို့ ခပ်ပြတ်ပြတ် ငြင်းပစ်ပါတော့လား။

လူသားဆန်သည့် စိတ်ကလေး လှစ်ခနဲ ပေါ်လာ ခိုက်မှာ ခင်စွမ်းရည်ရဲ့ အစီအစဉ်ကို ငြင်းဆန်ပစ်ဖို့ ကံကြီးမောင်ထ ကြိုးစားကြည့်ပါသည်။

သို့သော်လည်း သူ့အတွေးအားလုံးကို ဖျက်ဆီးပစ် လိုက်သည်မှာ ရွှင်ကြည်နူးရဲ့ ချစ်စဖွယ် မျက်နှာလေးနဲ့ ဦးကျော် ဇော်ထိုက်ရဲ့ သိန်းငါးရာ ဆိုသည့် စကားသံ။





သူ အရှုံးအမှူး လိုချင်မျှော်လင့်ခဲ့သော ငွေကို အခု ရပြီ။ မမျှော်မှန်းနိုင်လောက်အောင် ဆေးကွာလှသည်ဟု ထင်ရသော ချစ်သူကို ပိုင်ဆိုင်ခွင့် ရတော့မည်။

ကဲ ... ဒီအခွင့်အရေးတွေ တွေးမိလိုက်ပြန်တော့ သည်း မွှန်မြတ်သန့်စင်လိုသည့် နှလုံးသားနေရာမှာ ညစ်ထေး ဆာဝက်ကျစ်မှုတွေက နေရာယူပြီ၊ ယူဆဲ ကျန်ရစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ခေါ်တယ် ဆိုကတည်းက မကြားချင်သည့် စကားတွေကို ကြားရတော့မယ်မှန်း နူးနူးက သိလိုက်ပြီ။

မပြောပါနဲ့ ဖေဖေရယ်။ ဖေဖေ့ရဲ့ သစ္စာတရားက ဒီအချိန်အထိ ထိန်းသိမ်းလာပြီးမှ အရောင်မဆိုးချင်ပါနဲ့တော့။

တကယ်လို့ ဖေဖေနဲ့သာ အလဲအလှယ် လုပ်ခွင့် ရမည်ဆိုလျှင် ကိုယ့်အသည်းနှလုံးတွေပဲ ကွဲချင်ကွဲကျေသွားပါစေ တော့။ ဖေဖေ နောက်အိမ်ထောင် မပြုရေးနဲ့ ချစ်သူကို စွန့်လွှတ် ရေးကို ရွှင်ကြည်နူးက လဲပစ်မိမှာပင်။

"ဖေဖေ ဟိုနေ့က ထမင်းစားဖိတ်တဲ့ ဧည့်သည်ကို ဘယ် လိုမြင်လဲ သမီး"

"သူ သိပ်လှတယ် ဖေဖေ၊ ထက်လည်း ထက်မြက်ပုံရ တယ်၊ မာနကြီးပုံ ရပေမဲ့ စိတ်သဘောထားလည်း ကောင်း မှာပါပဲ"





နူးနူးက အမှန်အတိုင်း ဝေဖန်ပေးလိုက်လျှင် ဖေဖေက သဘောတွေ့ မနောခွေ့ သွားသလို လက်ဖျောက်တစ်ချက်တီး လိုက်ကာ ...

"ရိုက်(တ်) ... သိပ်မှန်တာပဲ၊ ငါ့သမီး လူကဲခတ် တော် တယ်"

"ဒါပေမဲ့ ဖေဖေ ..."

"ဘာမှ ဒါပေမဲ့ လုပ်မနေနဲ့တော့၊ သူ့ကို ဖေဖေ ပရိုပို့စ် လုပ်မလို့၊ သူဟာ ဖေဖေဘဝအတွက်ရော စီးပွားရေးလုပ် ငန်းတွေ အားလုံးအတွက်ရော အသင့်တော်ဆုံးပဲလို့ ဖေဖေ ယူဆတယ်"

"ဟင့်အင်း ... မဟုတ်သေးဘူး ဖေဖေ"

"ဘာတွေ မဟုတ်ရပြန်တာလဲ နူးနူးရဲ့၊ သမီးပဲ သူ့ကို အကောင်းတွေ ပြောပြီးတော့"

"အကောင်း ပြောတယ် ဆိုတာက သူ့အရည်အချင်းတွေကို အရှိအတိုင်း ပြောပြတာပဲ၊ ဒါပေမဲ့ ဖေဖေနဲ့ကျတော့ ဟို သူက သိပ်ငယ်လွန်းမနေဘူးလား ဖေဖေ"

"ဒီလောက်လည်း မဟုတ်တော့ပါဘူး သမီးရဲ့၊ သူနဲ့ဖေဖေ အသက်ချင်း ဆယ့်နှစ်နှစ်လောက်ပဲ ကွာတာပါ၊ ဒီကွာခြား မှုဟာ မပြောပလောက်ပါဘူး၊ ပြီးတော့ သူက အသက်



www.burmeseclassic.com

www.burmeseclassic.com



အစွယ်ထက်စားရင် ပိုပြီးရင့်ကျက်တယ်၊ လူကြီးဆန်တယ်လေ”

“ဖေဖေ ... မေမေ့ကို ထည့်မတွက်တော့ဘူးလားဟင်”

“ဟား ... ဟား ... သမီး ပြောပုံကလည်းကွာ၊ အကြောင်းမသိတဲ့လူတွေသာ ကြားရင် ဖေဖေက မယားကြီးကိုပစ်ပြီး မယားငယ် ယူတယ်လို့တောင် ထင်ကြဦးမယ်၊ သမီးမေမေက ဆုံးသွားပြီးပဲကွ၊ ဖေဖေ တစ်ယောက်တည်း နေလာရတာ ကြာခဲ့ပြီလေ”

“အရင်ကလည်း တစ်ယောက်တည်း နေခဲ့တာပဲ ဖေဖေရယ်”

“ဟုတ်တယ် ... အရင်က တစ်ယောက်တည်း နေခဲ့တာပဲ၊ အရင်တုန်းက ခင်စွမ်းရည်ကို တွေ့မှမတွေ့ခဲ့တာကိုးကွ၊ သူနဲ့သာ စောစောဆုံခဲ့ရင် ဖေဖေ ဒီထက်စောပြီး အိမ်ထောင်ပြုဖြစ်မယ် ထင်တယ်”

ဟင် ... ဒီလိုဆိုတော့ ဖေဖေ အိမ်ထောင်မပြုဘဲ နေခဲ့တာ မေမေ့ကို သစ္စာစောင့်ချင်လို့ မဟုတ်ဘူးပေါ့၊ မေမေ့နေရာမှာ တခြားမိန်းမတစ်ယောက်ကို အလွယ်တကူ အစားမထိုးနိုင်လို့ မဟုတ်ဘူးပေါ့။ နောက်ထပ်အိမ်ထောင်ပြုဖို့ သင့်တော်သည့် လူတစ်ယောက် မတွေ့သေးလို့ မပြုတာပေါ့။





ယောက်ျားတွေရဲ့ စိတ်ဓာတ်ဟာ ဒီလောက်တောင်မှ ပေါ့တန်သလား။ ယောက်ျားတွေရဲ့ သစ္စာတရား ဒီလောက်တောင် ခေါင်းပါးရသလား။

ကိုယ့်ချစ်သူတစ်ယောက်က လွဲပြီး တခြား တစ်စုံတစ်ယောက်ကို ဘယ်လိုအကြောင်းနဲ့မှ မချစ်သင့်ဘူး ဆိုတာ သူတို့ ယောက်ျားတွေ ခိုင်ခိုင်မြဲမြဲ ယုံကြည်မထားကြဘူးလား။

ရှင်ကြည်နူး စိတ်ထဲက စကားလုံးတွေ စီနေမိသော်လည်း လက်တွေ့ကျတော့ ဘာမှ မပြောနိုင်ပါ။

ဖေဖေ့ရဲ့ အားသွန်ခွန်စိုက် တက်ကြွနေမှုကိုလည်း ခါးလည်က ရိုက်ချိုးမပစ်ရက်ဘူးလေ။

“ဆရာ ... ရှေ့နေကြီး ဦးသိန်းဖေ ရောက်နေပါတယ်”

နူးနူးက ဘာပြောရမှန်း မသိခင်မှာပဲ အလုပ်သမားအမျိုးသမီးက လာအကြောင်းကြားတာမို့ ဖေဖေက ထ,ထွက်သွားတာ နူးနူးသာလျှင် တစ်ယောက်တည်း ယောင်ချာချာ ကျန်ရစ်ရလေသည်။

www.burmeseclassic.com



"ဦးသိန်းဖေ ... ခင်ဗျားလည်း ရန်ကုန်ရောက်နေတာကိုး ဗျ၊ အတော်ပဲ ... ကျွန်တော် ခင်ဗျားနဲ့ တိုင်ပင်စရာလေးတွေ ရှိသေးတယ်"

"ခင်ဗျား တိုင်ပင်စရာတွေကို အသာထားလိုက်ဦး ဦးကျော်ဇော်ထိုက်။ ကျွန်တော် အရေးတကြီး ပြောစရာရှိလို့"

"အရေးတကြီး ... ဟုတ်လား၊ လုပ်ငန်းနဲ့ ပတ်သက်လို့လား"

"မဟုတ်ဘူး၊ ပုဂ္ဂိုလ်ရေးပါ၊ ခင်စွမ်းရည်နဲ့ ပတ်သက်လို့ ပေါ့"

ခင်စွမ်းရည် ...

အခန်းရှေ့က ဖြတ်လျှောက်သွားတော့မည့် ရှင်ကြည်နူးက မထင်မှတ်ဘဲ ကြားလိုက်ရသည့် နာမည်ကြောင့် စိတ်ဝင်စားသွားရကာ ယဉ်ကျေးမှုမဲ့သည် ဆိုချင်ဆိုစေတော့ အခန်းဝမှာ ခြေစုံရပ်၍ နားစွင့်မိတော့သည်။





"ခင်စွမ်းရည် ... သူ ... သူ ... ဘာဖြစ်လို့လဲ"

"သူ သိပ်မိုက်မဲနေတယ် ဦးကျော်ဇော်ထိုက်၊ အရင်က ခင်စွမ်းရည် မဟုတ်တော့ဘူး၊ အများကြီး ပြောင်းလဲသွားပြီ"

"ခင်ဗျားနဲ့ အဆင်မပြေကြဘူးလား"

"ကျွန်တော်နဲ့ အဆင်မပြေရုံ သက်သက်ဆိုရင် ဘာမှပြောစရာ မရှိပါဘူးဗျာ၊ လုပ်ငန်းနဲ့ ပတ်သက်လို့ တခြားရှေ့နေ တစ်ယောက် ပြောင်းငှားသွားလည်း ကျေကျေနပ်နပ်ပါပဲ၊ အခုဟာက ဆယ်ကျော်သက်လေး တစ်ယောက်လို ဦးနှောက်မရှိ လျှောက်လုပ်နေတာကို မခံနိုင်လွန်းလို့"

"ရှေ့နေကြီး ပြောတာနဲ့ ကျွန်တော်တောင် စိတ်ပူလာပြီဗျာ၊ ပြောစမ်းပါဦး ... ခင်စွမ်းရည် ဘာလုပ်လို့လဲ"

"သူ ... သူ ... ကောင်လေး တစ်ယောက်နဲ့ ကြိုက်နေတယ်"

"ဗျာ"

ဖေဖေ့ထံက အာမေဍိတ်သံတစ်ခု ရင်ကွဲပက်လက် ထွက်ပေါ်လာသလို အခန်းဝမှာ ရပ်နေသော ရှင်နူးကလည်း ထိုယ့်အသံကို လူမကြားရအောင် ပါးစပ်ကို အတင်းပိတ်ဆို့ထား လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ခင်ဗျား အံ့သြသွားတယ် မဟုတ်လား၊ ဒီထက်ပိုပြီး အံ့သြစရာ ကောင်းတာက ကောင်လေးဟာ ဘာမှ အခြေအမြစ်မရှိ၊ စာမတတ် ပေမတတ် ကလေကချေ ကောင်လေး၊ အသက်ကလည်း သူ့ထက် ဆယ်နှစ်လောက် ငယ်သေးတယ်"

"ဗျာ ... ဟုတ်ရဲ့လား ဦးသိန်းဖုံရာ၊ ကျွန်တော်တောင် ယုံတောင် မယုံနိုင်လောက်အောင်ပဲ"

"မယုံမရှိနဲ့ ဦးကျော်ဇော်ထိုက်၊ မိုးကုတ်တစ်မြို့လုံးလည်း သူတို့သတင်းတွေ ဟိုးဟိုးကျော်နေပြီ၊ အဲဒါတင် အားမရ သေးဘဲ သူက ရန်ကုန်အထိ ဆင်းချလာသေးတယ်"

"အခု ... အခု ... သူ ရန်ကုန်ကိုလာတာ ဟိုကောင်လေးပါ ပါလာတယ်ပေါ့"

"အစစ်ပေါ့၊ သူတို့ ရွှေကောင်းကင်မှာပဲ တည်းကြတယ် ပြီးတော့ အဲဒီထက်ဆိုးတဲ့ သတင်းတစ်ခု ခင်ဗျားကိုပြော ရဦးမယ်"

"ပြော ... ပြော ... မြန်မြန်ပြောဗျာ၊ ကျွန်တော့်ရင်တွေ တုန်လာပြီ၊ လဲတောင် လဲကျတော့မယ် ထင်တယ်"

"အဲဒီစကား ကြားရတုန်းက ကျွန်တော်လည်း အရိုက်ထိ ပင့်ထိုးခံလိုက်ရသလိုပဲ၊ တစ်ခါတည်း အောင့်ပြီး အသက်





တောင် မရှုနိုင်ဘူး၊ ဟိုကောင့်ကိုလေ ခင်စွမ်းရည်က ရန်ကုန်က ရွှေကောင်းကင်ဟိုတယ် နှစ်ခုလုံးကို ရောင်း လိုက်ပြီဗျ"

"ရွှေကောင်းကင်ကို ရောင်းလိုက်တယ်၊ ခင်ဗျား ပြောတော့ ဟိုကောင်လေးက ကလေကချေဆို၊ ဒီဟိုတယ်နှစ်လုံးကို ဘယ်လိုလုပ် ..."

"အဲဒါပေါ့ဗျ၊ သူ ရောင်းလိုက်ပုံက မင်းမှာ ပိုက်ဆံဘယ် လောက်ရှိသလဲ မေးတယ်၊ ဟိုက ခြောက်သိန်းခွဲ ရှိတယ် ဆိုတော့ ဒါဖြင့် ခြောက်သိန်းခွဲနဲ့ ရောင်းမယ်တဲ့"

"ဘာ ... မြတ်စွာဘုရား၊ ရွှေကောင်းကင်ကို ခြောက်သိန်း ခွဲနဲ့၊ ဟုတ်လား၊ ကျွန်တော် နားကြားများ မှားလေသလား ဦးသိန်းဖုံရယ်"

"ခင်ဗျား ကြားတာ အမှန်ပဲ၊ အမှန်က သူ ပိုက်ဆံလိုချင်လို့ ရောင်းတာမှ မဟုတ်တာ၊ အလကားပေးချင်တာ၊ ကောင်လေးက သူနဲ့ အလှမ်းကွာလွန်းတော့ လူတွေကနှိမ် မယ်၊ အထင်သေးမယ် ဘာညာနဲ့ ကပ်ပြီးနှုးတယ် ထင်ပါ ရဲ့၊ ဒါကြောင့် သူ့ကို တင့်တင့်တယ်တယ် အခြေအနေ တစ်ခု ဖန်တီးပေးချင်တာ၊ အလကား ပေးလိုက်ရင်လည်း လူပြောစရာဖြစ်မယ်၊ ဒါကြောင့် ရောင်းတယ်လို့ နှိုင်ပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသလဲဗျာ။ ဦးနှောက်မရှိလိုက်တာ၊ ဟိုကောင်က သူ့လိုမိန်းမကို ဘာကြောင့် လာကပ်ရသလဲဆိုတာ ဒီလောက် သိသာနေတာကြီးကို၊ ခင်ဗျားတို့ကရော ဝိုင်းသတိမပေး ကြဘူးလား"

"သတိပေးပြီးလား ဗျာ၊ ကျွန်တော်ရော ကျွန်တော့်ဇနီးရော နောက်ပြီး မိုးကုတ်က သူ့မိတ်ဆွေတွေ အမျိုးတွေအားလုံး လည်း ဝိုင်းပြောကြပါတယ်၊ ခက်တာက သူက အဲဒီ ကောင်လေးရဲ့ စကားကိုပဲ ယုံနေတယ်ဗျ"

"ဘာယုံစရာ ရှိလို့လဲဗျာ၊ ခင်ဗျားပြောသလိုဆိုရင် သူ့ထက် အသက်လည်း ငယ်သေးတယ်၊ အလုပ်အကိုင်မရှိ၊ ကလေ ကချေ ဒီလိုကောင်မျိုးဟာ ငွေအတွက်ကြောင့်ပဲ သူ့ကို ချဉ်းကပ်တာပေါ့"

"ဟိုကောင်လေးကလည်း သရုပ်ဆောင်တာ ပိရိတယ်ဗျ။ ကျွန်တော်တောင် တစ်ခါတလေ ငွေမက်တာ မဟုတ်ပါ ဘူး၊ မေတ္တာစစ်နဲ့ ချစ်ရှာတာများ ဖြစ်မလားလို့ သံသယ ဝင်မိသေးတယ်၊ အခု ရွှေကောင်းကင်ကို မတန်တဆဈေး နဲ့ ရလိုက်တာတောင် သင်းက ဘာပြောတယ် မှတ်လဲ၊ ဟိုတယ် နှစ်လုံးစလုံး မယူဘူး၊ တစ်လုံးပဲ ယူမယ်တဲ့၊ ပြီးရင် သူ အောင်မြင်အောင် လုပ်ပြမယ်တဲ့၊ ဒီငွေခြောက်





သိန်းကို စရန်လို့ပဲ မှတ်ထားပါတဲ့၊ တစ်နေ့ကျ ကျန်တဲ့ငွေ ကို ထပ်ချေပေးဦးမှာတဲ့"

"အလကား ... ယောက်ျားမဆန်တဲ့ကောင်၊ အရှက်မရှိတဲ့ ပိုင်းလုံး ... သိုက်သမား"

ဦးကျော်ဇော်ထိုက် ထံက နစ်နစ်နာနာ ပုတ်ခတ်ကဲ့ရဲ့ သံတွေ ဆက်တိုက် ထွက်ပေါ်လာသည်။

"မိန်းမတွေဟာ အံ့ဩစရာ ကောင်းလိုက်တာဗျာ၊ ဆင်းရဲ စုတ်ပြတ်ပြီး ဘာအခြေအမြစ်မှ မရှိတဲ့ ကောင်တွေကို ဘာလို့များ ယုံယုံကြည်ကြည်နဲ့ ဘဝတစ်ခုလုံးကို ထိုးအပ် ရဲရတာလဲ၊ ဘဝမှာ နှလုံးသား ဆိုတာ ဒီလောက်လည်း အရေးပါတာ မဟုတ်ပါဘူး"

လူတွေဟာ စက္ကန့်မလပ် ခုန်လှုပ်နေရသော နှလုံး သားကြောင့် အသက်ရှင်နေရသည်ဆိုတာ ဖေဖေ မေ့နေပြီ ထင် သည်။ အဲဒီနှလုံးသား စက္ကန့်အတော်များများ ရပ်တန့်သွားကြည့်၊ မှာ ချက်ချင်းသေဆုံးသွားမှာ။

ဒေါ်ခင်စွမ်းရည် ဆိုသည့် အမျိုးသမီးကို ဖေဖေ တို့က အထင်သေး ရှုတ်ချနေကြသော်လည်း ရှင်ကြည်နူးကမြင့် က်ရုပ် လက်ဝါးတီးကာ အားပေး ထောက်ခံလိုက်ချင်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ကိုယ် ဘာလိုအပ်တယ် ဆိုတာ တကယ်
သိပြီး ကိုယ့်ရဲ့လိုအပ်ချက်ကို အရယူနိုင်သူ ဖြစ်သည်။ ဘယ်သူ
ကမှ မယှဉ်ကြသော သူမရဲ့ ချစ်သူထံက စစ်မှန်ဖြူစင်သော
မေတ္တာကို ရှာဖွေတွေ့ရှိထားသူလည်း ဖြစ်မည်။

မိန်းမတွေဟာ နှလုံးသားနောက် ကောက်ကောက်
ပါအောင် လိုက်တတ်ကြသော ဦးနှောက်မရှိသူတွေ၊ ဆင်ခြင်တ
တရား ကင်းမဲ့သူတွေလို့ ဘယ်လိုပဲပြောပြော။ ရွှင်ကြည်နူးက
တော့ မိန်းမသား အများစုဟာ ကိုယ့်နှလုံးသားကို သစ္စာစောင့်သိ
တတ်ကြသော ရဲဝံ့သတ္တိရှိသူတွေလို့ပဲ သတ်မှတ်ချင်သည်။

တစ်ဖက်က ဖေဖေ့ကိုစွဲ အလိုလို ဖြေရှင်းသွား
ကျေနပ်ရသလို၊ တစ်ဖက်ကလည်း ဒေါ်ခင်စွမ်းရည်ကို ချီးကျူး
အားကျစိတ်နဲ့ ရွှင်ကြည်နူးက ချောင်းနားထောင်နေရာက
အသာလေး ပြန်ထွက်လာခဲ့ပါသည်။

"ဒါနဲ့ အဲဒီကောင် နာမည်က ဘယ်သူတဲ့လဲဗျ"

ရွှင်ကြည်နူး ထွက်သွားချိန်မှာ ဦးကျော်ဇော်ထိုက်
ထံက မေးခွန်းသံ ထွက်လာခဲ့တာ ဖြစ်သည်။

"ကံကြီးမောင် ... တဲ့"

"ဗျာ ... ဘယ်သူ"

"ကံကြီးမောင်"





"ကံကြီးမောင် ... ဟုတ်လား၊ လက်စသတ်တော့ သင်းကိုး"

"ဟုတ်တယ် ... သူပဲ၊ ဘာဖြစ်လို့လဲ၊ ခင်ဗျားနဲ့ သိလို့လား"

"သိတယ် ... သိသမှ သိစ်သိတာပေါ့"

"ဒါဆို ပြောပါဦး၊ ဒီကောင့် အခြေအနေက ဘယ်လိုလဲ ဆိုတာ"

"ကျွန်တော် အခုမပြောချင်သေးဘူး ဦးသိန်းဖံ၊ ဒီကောင် ဟာ ခင်စွမ်းရည်ကို စိတ်ကောင်း နှလုံးကောင်းနဲ့ ချဉ်းကပ်တာ မဟုတ်ဘူးဆိုတာ သေချာတယ်လို့ပဲ ပြောနိုင်ဦးမယ်၊ ဒီမှာ ဦးသိန်းဖံ၊ ဒီကောင့် ဇာတိရုပ်ကို ကျွန်တော်တို့ ဖော်ပြနိုင်အောင် အစီအစဉ်တစ်ခု လုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုအစီအစဉ်မျိုးပါလိမ့်"

ဦးကျော်ဇော်ထိုက်က အိမ်ထဲသို့ အကဲခတ်ကြည့်ကာ လေသံကို နှိမ့်လျက် ...

"ခင်ဗျား အကြောင်းတစ်ခုခုပြပြီး ပွဲတစ်ခုလုပ်လိုက်ပါ၊ အဲဒီပွဲကို ခင်စွမ်းရည်ရော ဟိုကောင်ပါ တက်ပါစေ၊ မရ ရအောင် ဖိတ်နော်၊ တခြားဧည့်သည်တွေတော့ မဖိတ်နဲ့ပေါ့၊ ကျွန်တော့်ကိုပဲ ဖိတ်ပါ"

"တခြားဧည့်သည်တွေ ရှေ့မှာဆို ပိုမကောင်းဘူးလား ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အထိတော့ မလိုအပ်ပါဘူး၊ ကျွန်တော့်ဘက်က လည်း ဒီကိစ္စ ပေါ်သွားစေချင်ပေမဲ့ တိုးတိုးတိတ်တိတ်ပဲ ဖြစ်စေချင်ပါတယ်"

ရွှေနေကြီးနဲ့ ဦးကျော်ဇော်ထိုက်တို့က ခေါင်းချင်း ဆိုင်ကာ အသေးစိတ် အစီအစဉ်တွေ ရေးဆွဲနေကြတော့သည်။





နဂိုအခြေအနေအတိုင်း ဆိုလျှင်တော့ ဒေါ်ခင့်စွမ်းရည် ရှိနေမည်ဖြစ်သော ထမင်းစားပွဲကို ရွှင်ကြည်နူးက လိုက်လာစရာ အကြောင်းမရှိပါ။

အခုတော့ ဒေါ်ခင်စွမ်းရည်ဟာ (ဖေဖေက ဘယ်လို ပင် ပတ်သက်ချင်နေပေမဲ့) ဖေဖေနဲ့ ဘယ်လိုမှ ပတ်သက်လို့မရ တော့သော လူတစ်ယောက် ဖြစ်သွားခဲ့ပြီ။ နူးနူးကလည်း စိတ် ရှင်းသဘော အမှန်အတိုင်း တစ်ပြေးညီ ပေါင်းသင်းလို့ ရနေပြီ လေ။

နူးနူးက ထမင်းစားပွဲကို သွားဖို့ သူမ စိတ်ကြိုက် အဖြူရောင်ဝတ်စုံကို ရွေးချယ်လိုက်ပါသေးသည်။ ထမင်းစားဖိတ် သည့် ဦးသိန်းဇံတို့အိမ်အတွက် လက်ဆောင်အဖြစ် အဖြူရောင် သစ္စာပန်းပွင့်တွေကိုတောင်မှ ပလတ်စတစ် အကြည်ပါလေးနဲ့ သေချာထုပ်ပိုး ဖဲပွင့်စည်းကာ ယူဆောင်လာခဲ့လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇော်ထိုက်ကတော့ ထူးထူးခြားခြား စိတ်ရွှင်လန်း တက်ကြွနေသော သမီးဖြစ်သူကို ကြည့်ကာ စိတ်ထဲမကောင်းချေ။

ကြိုတင် အသိပေးမထားဘဲ ရုတ်တရက်ကြီး ဖြတ်ရိုက်ချပစ်လိုက်သလို ဖြစ်သွားမည့် သူ့ရဲ့လုပ်ရပ်ဟာ သမီးဖြစ်သူအပေါ် အင်မတန်မှ မတရားရာ ရောက်မည်လို့ သူလည်းသိပါသည်။

သို့သော်လည်း သူ အမြတ်နိုးဆုံး မိန်းမသားတွေကို ချည်း သူ့ဘဝထဲက ဆွဲထုတ်လုယူချင်နေသည့် ကံကြီးမောင် ဆိုသည့် ကောင်ကို အထိနာစေဖို့ကလည်း ဒီတစ်နည်းပဲ ရှိတော့တာ။

သူ့ရဲ့နည်းလမ်းဟာ ကျည်တစ်တောင့်တည်းနဲ့ ငှက်သုံးကောင်ကို တိုက်ရိုက်ထိခိုက်စေမည့်နည်း။ အင်မတန်မှ အကျိုးရှိစေသည့်နည်း။ ဒီနည်းကို သုံးလိုက်လျှင် သူ့ရဲ့အခက်အခဲမှန်သမျှ တစ်ဖြိုင်တည်း ပြေလည်သွားတော့မှာ။

သမီးလေးဟာ သူမ အထင်ကြီးလှသော ချစ်သူကိုဘာကောင်ဆိုတာ သိသွားမည်။ သူက အတင်းအကျပ် လိုက်ခွဲစရာ မလိုဘဲနဲ့ သူ့ဘာသာ အလိုလို လက်လျှော့သွားမည်။





ခင်စွမ်းရည်ဟာလည်း သူမ အယုံကြီး ယုံနေသောသူဟာ လူလိမ် လူညာ သိုက်သမား ဆိုတာ သိသွားတော့မှာ။ ထိုအခါ ကံကြီးမောင် ဆိုသည့်ကောင်ကို သူမ ရှေ့ကနေ ကန်ထုတ်လိုက်ဦးမည်။

ကံကြီးမောင် ဆိုသည့်ကောင်ကတော့ လှေနံ ဖက် မင်းမိသူပီပီ ရေထဲ ဦးစိုက်ကျွမ်းပြန် ကျဖို့သာ ရှိတော့တာပင်။

ဦးကျော်ဇော်ထိုက်က ကားမောင်းလာရင်း ကိုယ့်ကိုယ်ကိုယ်နဲ့ကိုယ် ကျေကျေနပ်နပ်ကြီး ပြုံးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်စွမ်းရည် လေးစားအားကိုးလှသော ရှေ့နေကြီး ကိုယ်တိုင်က သူ့နာမည်တပ်ကာ တရရ ဖိတ်ထားတာမို့သာ လိုက်လာခဲ့ရသည် ကံကြီးမောင် ရင်ထဲမှာ ခပ်လေးလေး။

အန္တရာယ်တစ်ခုခုကို ကြုံတွေ့ရတော့မည် ဆိုလျှင် မသိစိတ်က အလိုလို ကြိုသိနေတတ်သည့် လူ့သဘာဝအတိုင်း ကံကြီးမောင်က ထိုထမင်းစားပွဲမှာ တစ်ခုခု ဖြစ်တော့မည် ဆိုတာ ကြိုသိနေသည်။

ဦးသိန်းဇံဟာ သူ့ကို မကျေနပ်တာ အသိသာကြီး ဒီနေ့ အိမ်ကို ထမင်းစားဖိတ်ရာမှာ သူ့ကို အတင်းခေါ်နေတာ ဟာ (အမှန်က ခင်စွမ်းရည်ကိုတောင် အမိက ခေါ်ချင်တာမျိုး မဟုတ်။ သူ့ကိုသာ အဓိကထား ခေါ်ချင်ပုံရတာ) လုံးဝမရိုးသား။ သူ့မှာ အကြံအစည် တစ်ခုခု ရှိတာတော့ သေချာနေပြီ။

သူတို့ရဲ့ အကြံအစည်ကို ဘာလဲလို့ ကြိုတင်ခန့်မှန်း မရနိုင်ပေမဲ့ ကံကြီးမောင်က ချောင်ပိတ် အမိမခံနိုင်ချေ။





အခုအချိန်ဟာ သူ့အလိုဆန္ဒတွေ ပြည့်ဝဖို့ လက် တစ်ကမ်းပဲ လိုတော့သည့် အချိန်။

ခင်စွမ်းရည် ထံက ရွှေကောင်းကင်ဟိုတယ် တစ်ခု လုံးကို သူ ပိုင်ဆိုင်ခဲ့ပြီးပြီ။ ဘယ်သူတွေ ဘာပြောပြော ပိုင်ရှင် ကိုယ်တိုင်က ကျေနပ်ကြည်ဖြူထားတာမို့ ဒီဟိုတယ်က သူ့အပိုင်။

အခြေအနေတွေ အားလုံး အခြေကျ အေးချမ်းသွား ပြီဆိုလျှင် ကံကြီးမောင်က ထိုဟိုတယ်ကို ရောင်းပစ်လိုက်မည်။

ရောင်းရငွေ ဘယ်လောက်ပဲ ဖြစ်ပါစေ သူကတော့ ထိုအထဲက သိန်းငါးရာတိတိကိုသာ ယူမည်။ ကျန်သည့်ငွေတွေကို တော့ ခင်စွမ်းရည်ကိုပဲ ပြန်ပေးလိုက်မည်။ ဒါဟာ သူ့ရဲ့အတတ် နိုင်ဆုံး သစ္စာစောင့်သိမှုပါပဲ။

"ကဲ ... ရောက်ပြီ"

ခင်စွမ်းရည်က ခံ့ညားသော တိုက်ကြီးတစ်လုံးရှေ့ ကားကို စက်သပ်ရပ်နားကာ ပြောလိုက်လျှင် ကံကြီးမောင်မှာ သေမိန့်ကျထားသော တရားခံတစ်ယောက် တရားသူကြီးထံက "သတ်စေ"ဆိုသည့် အမိန့်ပေးသံကို ကြားလိုက်ရသလို ဆတ် ဆတ်ခါ သွားမိလေသည်။

ကားပေါ်က မတတ်သာ၍ ဆင်းသက်လိုက်ရသော် လည်း စိတ်မပါတာမို့ လူက လေးဖင့်ဖင့် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ကားတစ်စီးမှ မရှိချေ။ ကြည့်ရတာ ဦးသိန်းဖေဟာ သူတို့နှစ်ယောက်တည်းကိုပဲ ထမင်းစားဖိတ်ထား တာလား မပြောတတ်။

ကံကြီးမောင်နဲ့ ခင်စွမ်းရည်တို့ ရောက်သွားလျှင် ထင်သည့်အတိုင်းပဲ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အိမ်ရှင် ဖြစ်သည့် ဦးသိန်းဖေတို့ လင်မယားကလွဲလျှင် တခြားဘယ်သူမှ မရှိ။

"နည်းနည်းများ နောက်ကျသွားသလား မသိဘူး၊ ကားကို စောတ်ဆိဝင်ဖြည့်နေရလို့"

"နောက်မကျပါဘူး၊ ခင်စွမ်းရည် အချိန်တိကျတာ သိပါ တယ်"

"တခြားဧည့်သည် ၊ ဖွဲ့ရော မရောက်ကြသေးဘူးလား"

"ဧည့်သည်က သိပ်မဖိတ်ပါဘူး၊ ခင်စွမ်းရည်နဲ့ပါမှ နှစ် ယောက်တည်းပါ၊ ခဏနေရင် သူတို့ လာကြလိမ့်မယ်"

ဦးသိန်းဖေက ဧည့်ခန်းမှာ အစောင့်ခိုင်းထားခဲ့ကာ ဖုန်းသွားဆက်နေသေးသည်။ ပြီးတော့မှ ပြန်လာဧည့်ခံနိုင်တာ။

နောက်ထပ် ဆယ့်ငါးမိနစ်လောက် ကြာသည့်အချိန် မှာတော့ ကားတစ်စင်း ခြံထဲမောင်းဝင်လာသံကို ကြားလိုက်ရ တော့သည်။





"ဟော ... လာပြီထင်တယ်"

ဦးသိန်းဖေကတော်က ထ,သွားကာ ဧည့်သည်တွေ ကို ကြိုဆိုလာခဲ့ပုံ ရပါသည်။ စကားပြောသံတချို့နဲ့အတူ ဧည့် သည်တွေ ဝင်လာကြတာကို မျက်လုံးထောင့်စွန်းကနေ ရိပ်ခနဲ တွေ့လိုက်ရသည်။

"ဪ ... ခင်စွမ်းရည်တို့က ရောက်နှင့်နေပြီကိုး"

နှုတ်ဆက်လိုက်သည့် ယောကျ်ားသံကို ကြားဖူး သလိုလို ရှိနေတာမို့ ကံကြီးမောင်က ဖျတ်ခနဲ မော့ကြည့်လိုက် မိပါသည်။

ခဏလေးမှ ခဏလေးပါပဲ။ တိုတောင်းသော အချိန် အတွင်းမှာ လျှပ်ပြက်သလို လင်းလက် ဖြစ်ပျက်သွားသော အဖြစ်အပျက် အစုံဟာ အုံ့သြစုန်လှုပ်ဖွယ် ကောင်းလှပေါ့ သည်။

သူ မျှော်လင့်တကြီး တည်ဆောက်လာခဲ့ရသော ဗိမာန်ကြီးတစ်ခုဟာ စက္ကန့်ပိုင်းလေး အတွင်းမှာပဲ တဝုန်းဝုန်း ပြိုလဲသွားကြပြီဟု ကံကြီးမောင်က သိလိုက်ပြီ။

ဝင်လာသူဟာ ဦးကျော်ဇော်ထိုက်။ သူ့နောက်မှ ပါလာသူက ရှင်ကြည်နူး။ ကဲ ... ဒီလောက်ဆိုးဝါးသည့် အဖြစ် အပျက်မျိုး ဘယ်မှာ ရှာတွေ့နိုင်ပါတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကိုမောင်"

ရွှင်ကြည်နူးရဲ့ အလန့်တကြား အာမေဋိတ်သံလေးတစ်ခုဟာ တိတ်ဆိတ်နေသော အခန်းထဲမှာ ဖန်ခွက်ပါးပါးလေးတစ်ခု ကျကွဲသလို အက်ရှမှုကြေစွာ ထွက်ပေါ်လာခဲ့လေသည်။

ထိုအသံကို နားထောင်ကြည့်ရုံနှင့် သူနဲ့ ခင်စွမ်းရည်ဟာ ဘယ်လိုပတ်သက်သည် ဆိုတာ ရွှင်ကြည်နူး သိသွားခဲ့ပြီလို့ ကံကြီးမောင်က သဘောပေါက်နိုင်ပါသည်။

"ဟာ ... မောင်ရင့်ကို မြင်ဖူးပါတယ်၊ မင်း ... မင်း — ကံကြီးမောင် မဟုတ်လား"

ဦးကျော်ဇော်ထိုက်ရဲ့ အံ့အားသင့်သံကြီးက အသက်မပါ။ သူ့အသံကို နားထောင်လိုက်ရုံနဲ့ သူဟာ သိပြီးသားကိစ္စကြီးတစ်ခုကို တမင် မ[illegible]န် ဆောင်နေတာမှန်း ထင်ရှားလှသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် ကံကြီးမောင် ပါ"

ကံကြီးမောင်မှာ ချောင်ပိတ်မိသူတို့ရဲ့ ထုံးစံအတိုင်း ဖြစ်ပေါ်လာသမျှ အခြေအနေကို သွေးအေးအေးနှင့် ရင်ဆိုင်ဖြေရှင်းတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေပြီ။

"ဩော် ... မင်းက ဒီကို ဘယ်လိုလုပ်ပြီး ...၊ ခင်စွမ်းရည်ရဲ့ မိတ်ဆွေများလား"





"ဟုတ်ပါတယ်၊ ကံကြီးမောင်ဟာ ကျွန်မရဲ့ဧည့်သည်ပါ၊ သူ့ကို ဦးကျော်ဇော်ထိုက်တို့နဲ့ မိတ်ဆက်ပေးမလို့ဟာ လူချင်းသိကြပြီးသား ဆိုတော့ မိတ်ဆက်ပေးစရာ မလိုတော့ဘူး ထင်တယ်"

အားလုံးထဲမှာ ဘာမှ မသိနားမလည်ရှာသော ခင်စွမ်းရည်ကသာ အရိုးခံမျက်နှာလေးနဲ့ စကားကို ဖြောင့်ဖြောင့်ပြောနိုင်လေသည်။

"မောင်ကံကြီးမောင်က ခင်စွမ်းရည်နဲ့ လက်ထပ်တော့မဲ့ ခင်ပွန်းလောင်းပဲ"

ဘယ်တုန်းကမှ သူ့ကို အသိအမှတ် မပြုခဲ့သော ဦးသိန်းဖံထံက မိတ်ဆက်ပေးသံဟာ သူ့ဘဝကို အပြီးတိုင်ချေဖျက်ပစ်လိုက်ပြီဟု ကံကြီးမောင်က သိလိုက်ပြီ။

ဒီလူကြီးနှစ်ယောက်ဟာ သူ့အကြောင်း ကြိုသိသွားကြလို့ အခုလို အကွက်ကျကျ စီစဉ်တာ။

သူနှင့် ပတ်သက်နေသော မိန်းမနှစ်ယောက်ကို ဆိပ်တိုက်ဆုံတွေ့ပေးလိုက်ခြင်းအားဖြင့် ရွှင်ကြည်နူးကလည်း သူ့ကို သစ္စာမဲ့သူအဖြစ် မုန်းတီးသွားမည်။ ခင်စွမ်းရည်ကလည်း သူ့ရဲ့ လူလိမ်လူညာဇာတ်ရုပ်ကို မြင်တွေ့သွားမည်။ ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



ငမိုက်သား ကံကြီးမောင်ကတော့ စစ်မျက်နှာ နှစ်ဖက်စလုံးမှာ အထိနာပေတော့ပေါ့။

ကဲ ... ဒီလောက် ဇာစပ်သေချာသည့် တိုက်စစ်ကို ရင်ဆိုင်လိုက်ရပြီ ဆိုမှတော့ သူ့မှာ ပြေးရှောင်စရာလမ်းလည်း မရှိတော့ပါ။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ပဲ ရှိတော့သည်။





တိတ်ဆိတ်သွားကြသူတွေ အားလုံးထဲမှာ အရင်ဆုံး သတိဝင်လာသူက ရွှင်ကြည်နူး ဖြစ်ပါသည်။

ရွှင်ကြည်နူးက ဝိုင်းဝိုင်းလည်နေသော မျက်လုံးလေး တွေနှင့် ကံကြီးမောင်ကို မယုံသလို စိုက်ကြည့်ကာ ...

"ကိုမောင် ... ကိုမောင်က ဒေါ်ခင်စွမ်းရည်နဲ့ လက်ထပ် တော့မှာ ... ဟုတ်လား၊ မဟုတ်နိုင်ဘူး၊ ဘာဖြစ်လို့ ခုဒီ လို ဖြစ်ရတာလဲ၊ နူးနူး မယုံဘူး"

ရွှင်ကြည်နူးက ရုတ်တရက် သွေးမျက်ရည်သွင်သွား သလို အော်ဟစ်လိုက်သည်။

ကံကြီးမောင် ကတော့ ချစ်သူလေးကို မကြည့်ရက် စွာ ရင်ဆိုင်မကြည့်ရဲစွာ ခေါင်းငုံ့ မျက်နှာလွှဲထားရှာလေသည်။

"မဖြစ်နိုင်ဘူး၊ ကိုမောင်က ဒီလိုလူစားမျိုးမှ မဟုတ်သော နူးနူးကို ကိုမောင် သစ္စာဖောက်တယ်ဆိုတာ လုံးဝမယုံနိုင် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ငါလည်း မယုံဘူး၊ မင်း ဘယ်လိုဖြစ်သွားရတာလဲ၊ မင်း ကံကြီးမောင် အစစ်ရော ဟုတ်ရဲ့လား"

ဦးကျော်ဇော်ထိုက်ကပါ ဝင်ပြောလေသည်။ ကံကြီးမောင် ကတော့ နှုတ်ဆိတ်စွာ ခေါင်းငုံ့ထားဆဲ။

"မင်းဟာ ဆင်းရဲပေမဲ့ ဦးရဲ့သမီးလေးကို တကယ်ချစ်တယ်ဆိုတာတော့ ဦး ယုံတယ်၊ အဲဒါကြောင့် ဦးတို့ ထားခဲ့တဲ့ ကတိအတိုင်း သမီးကို သိန်းငါးရာနဲ့ လာတောင်းမဲ့နေ့ကို ဦးက စောင့်နေခဲ့တာ၊ အခုတော့ မင်းက တခြားမိန်းမ တစ်ယောက်နဲ့ လက်ထပ်မယ် ဟုတ်လား … ဘာတွေဖြစ်ကုန်ကြတာလဲကွာ"

ဦးကျော်ဇော်ထိုက်က တကယ်မယုံကြည်စွာ ဝင်ပြောနေတာမဟုတ်။ တမင်တကာ မီးလောင်ရာ လေပင့်နေခြင်းသာဖြစ်သည် ဆိုတာကို ကံကြီးမောင်က အဲဒီတော့မှ သဘောပေါက်တော့သည်။

"ဟင် … ဦးကျော်ဇော်ထိုက်၊ ဘယ်လို ပြောလိုက်တယ်၊ သူက … သူက …"

တစ်လျှောက်လုံး အေးဆေးနေခဲ့သော ခင်စွမ်းရည်ကလည်း အခုမှ ခပ်ရေးရေး သဘောပေါက်လာကာ ထိတ်လန့်တုန်လှုပ်စွာ ဝင်မေးတော့သည်။





"မင်း … မင်း … ဦးသမီးလေးကို တကယ်ပစ်မသွားဘူးမို့လားဟင်၊ သိန်းငါးရာ ရှာလို့ရရင် မင်း ပြန်လာမှာမို့လား၊ ဦး သိပါတယ်၊ သမီးက မင်းကို သိပ်စွဲလမ်းရှာတာ၊ မင်းသာ ပြန်မလာရင် သူ သေလိမ့်မယ်၊ မင်းကလည်း သမီးအတွက်ပဲ ငွေရှာဖို့ ထွက်သွားခဲ့တာ မဟုတ်လား"

အိုက်တင်ကဖြင့် အကယ်ဒမီ ရလောက်ပါပေ့ရဲ့ ဦးကျော်ဇော်ထိုက်ရယ်။ အကြောင်းမသိသူသာဆို ဒီလူကြီးဟာ သမီးကိုချစ်သည့်စိတ်နဲ့ သိုက်သမား လူယုတ်မာ တစ်ယောက်ကို ခေါင် အောက်ကျို့ခံ တောင်းပန်နေရရှာတာလို့ ထင်မှတ်ချင်ဖွယ်။

ကံကြီးမောင် ကတော့ သူ့အကြောင်းကို ကောင်းကောင်းသိသည်။ ဒီလူကြီးဟာ ကျည်တစ်တောင့်နဲ့ ငှက်နှစ်ကောင်ကို တစ်ပြိုင်နက်တည်း ပစ်ချလိုက်တာပဲ။

"ဪ … ဒီလိုလား၊ အခုမှပဲ သဘောပေါက်တော့တယ်၊ ကံကြီးမောင်က နှုးနှုးကို တင်တောင်းဖို့ ပိုက်ဆံလိုနေလို့ ခင်စွမ်းရည်ကို အပိုင်ကပ်ခဲ့တာကိုး၊ အခုတော့ ခင်စွမ်းရည်ဆီက ဟိုတယ်တစ်ခုလုံး အပိုင်ရလိုက်ပြီဆိုတော့ မင်းလိုတဲ့ သိန်းငါးရာထက်တောင် ပိုသွားပြီပဲ၊ နှုးနှုးကို ခေါ်ပေါက်ပြီး ယူနိုင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဟုတ်ဘူး ... မဟုတ်ဘူး"

ရွှင်ကြည်နူးက နားနှစ်ဖက်ကိုပိတ်ကာ ရင်ကွဲမတတ် အော်ဟာစ်ငိုယိုနေသည်။

ချစ်သူလေးကို အနီးကပ်ပွေ့ပိုက် ဖေးမလိုက်ချင်ပေမဲ့ ဘယ်လိုမှ မတတ်နိုင်ပါ။ ဒီအချိန်မှာ ချစ်သူနားကပ်ပြီး ချော့မြူနေဖို့ နေနေသာသာ သူကိုယ်တိုင်တောင် ကမ္ဘာမြေကြီးထဲ ထက်ခြမ်းခွဲပြီး ငုပ်လျှိုးသွားရသော် ကောင်းလေစွလို့ တောင့်တနေရသည့် အချိန်။

ထိုအချိန်မှာပဲ အားလုံး ထင်မှတ်မထားသော အပြုအမူ တစ်ခုကို ခင်စွမ်းရည်က လုပ်လိုက်လေသည်။

သူမက မျက်ရည်တစ်စက် မကျသော ကျောက်ရုပ်လို ဖြူဖွေးအေးစက်နေသော မျက်နှာကြီးဖြင့် အခန်းထဲက ရုတ်ခနဲ ပြေးထွက်ကာ ကားပေါ်တက်ပြီး တရကြမ်း မောင်းထွက်သွားခဲ့တော့သည်။

❧❧





"မမ ... မမရယ် ... ဖြစ်မှ ဖြစ်ရလေဗျာ"

ဆေးရုံခုတင်ပေါ်မှာ သွေးအလူးလူး ပတ်တီးအဖွေးသားနဲ့ လဲလျောင်းနေသော ခင်စွမ်းရည်ကို ကြည့်ကာ ကံကြီးမောင်က မချိတင်ကဲ ရေရွတ်လိုက်မိပါသည်။

သူမ အခုလို ဖြစ်ရတာဟာ သူ့ကြောင့်။ ဆရာဝန် ပြောစကားအရ စိုးရိမ်လောက်သည့် အခြေအနေမှာ ရှိသည်တဲ့။

တကယ်လို့ ခင်စွမ်းရည်သာ တစ်ခုခု ဖြစ်သွားခဲ့လျှင် ...။

အကျိုးအမြတ် တစ်ခုကို မျှော်ကိုးခဲ့ရုံ သက်သက်သာ ဖြစ်သော်လည်း သူ့အပေါ် ချစ်ခင်မြတ်နိုးလှသော ထိုမိန်းမကို ကံကြီးမောင်က သံယောဇဉ် ရှိပါသည်။ သနားလည်း သနားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ဆိုးဝါးသော အဆုံးသတ်မှုကြီး တစ်ခု ဖြစ်လာလိမ့်မည်ဟုလည်း ကံကြီးမောင်က လုံးဝမျှော်လင့်မထား ခဲ့ပါ။ ဖြစ်လည်း မဖြစ်စေချင်ပါ။

သူ မျှော်လင့်ထားတာက ခင်စွမ်းရည်ဟာ သူ့ အကြောင်းကို သိလျှင် အထင်သေး စက်ဆုပ်သွားမည်။ သူ့ကို မျက်နှာမကြည့်ချင်လောက်အောင် မုန်းတီးသွားမည်။ ဒါပေမဲ့ သူမ တရားဝင်ရောင်းချ(ပေးကမ်း)ထားပြီး ဖြစ်သော ဟိုတယ်ကို တော့ ပြန်တောင်းလို့ မရတော့။ ကံကြီးမောင်က ပိုင်ငွေကို သစ္စာ ရှိစွာ ပြန်ပေးမှာမို့ သူ ပြုခဲ့သည့် အပြစ်အားလုံးကို အဲဒီလောက် နဲ့ပဲ သင်ပုန်းချေပစ်ကာ ဇာတ်လမ်းပြီးဆုံးသွားမည်လို့ ထင်ထား ခဲ့တာ။

အဖြစ်အပျက်က သူ စီစဉ် အကွက်ချထားသလို အေးအေးဆေးဆေး မပြီးဆုံးဘဲ ပေါက်ကွဲစွာ အဆုံးသတ်ခဲ့တာက တော့ ကံဇာတ်ဆရာရဲ့ လှည့်စားမှုပင်။

ခင်စွမ်းရည်ဟာ သူမ အလှည့်စား ခံလိုက်ရသော အပြစ်ကို အရှက်ကြီးရှက်လျက် ကားမောင်းပြီး ထွက်ပြေးသွားခဲ့ တာ။ နောက်ထပ် နှစ်နာရီလောက် အကြာမှာတော့ သက်ဆိုင်ရာက သူတို့ကို အကြောင်းကြားသည်။ ခင်စွမ်းရည် ကားတိုက်မှုဖြစ်လို့ ဆေးရုံ ရောက်နေသည်တဲ့။





ခင်စွမ်းရည်ရဲ့ ပိုက်ဆံအိတ်ထဲမှာ ပါသွားသော ဈေးကောင်းကင်ကုမ္ပဏီက ဗစ်စစ်တင်းကတ်ကို ကြည့်လျက် ကုမ္ပဏီကို လှမ်းအကြောင်းကြားကြတာ ဖြစ်သည်။ ကုမ္ပဏီက တစ်ဆင့် ဦးသိန်းဖေ အိမ်ကို သတင်းရောက်လာသည်။

သူတို့အားလုံး ရောက်သွားချိန်မှာတော့ ခင်စွမ်းရည် ဟာ အရေးပေါ် လိုအပ်သည့် ခွဲစိတ်ကုသမှုတွေကို ခံယူပြီးနေ ပြီ။

လိုအပ်သမျှ အားလုံး လုပ်ပေးပြီး ဖြစ်သော်လည်း အခြေအနေက မကောင်းတာမို့ အထူးကြပ်မတ်ကုသဆောင်ရဲ့ အထပ်ထပ် ပိုးသတ်ထားသော၊ ကုသရေးဆိုင်ရာ ပစ္စည်းတွေ အပြည့်အစုံ ထည့်ထားသော၊ လူနာအခြေအနေကို အချိန်ပြည့် ကြည့်ရှုစစ်ဆေးနေရသော အခန်းထဲမှာ ထည့်ထားရတာ ဖြစ်ပါ သည်။

မနက်ကတည်းက သူတို့တွေ စောင့်ကြည့်လာခဲ့ကြ တာ ခင်စွမ်းရည်ရဲ့ အခြေအနေက မတိုးတက်။ သတိက လည် လာတစ်ချက်၊ မလည်လာတစ်ချက်။

"အင်း"

"ဟာ ... မမ၊ မမ မျက်လုံးပွင့်လာပြီ၊ သတိရလာပြီ ဆရာမ ... ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးမောင်က စိတ်လွတ်ကိုယ်လွတ် အော်ခေါ်လိုက်မိသည် အထိပင်။ ပိုးသတ်ထားသော ဝတ်စုံဝတ်ထားသည့် ဆရာမက သူ့ကို တိုးတိုးနေဖို့ အချက်ပြ တားဆီးယူရသည် အထိ။

"မောင် ... ကံကြီးမောင် ... မင်း အနားမှာ ရှိတယ်နော်"

"ရှိတယ် ... ရှိတယ် ... မမ ဘာလိုလို့လဲ"

"ရှေ့နေကြီးရော"

"ဗျာ ... ရှေ့နေကြီးလား၊ ခဏလေး၊ ကျွန်တော် ခေါ်ပေးမယ်"

ကံကြီးမောင်က သွားခေါ်လိုက်တာမို့ ဦးသိန်းဖလည်း အပြေးအလွှား ရောက်လာသည်။ ခင်စွမ်းရည် အခုလို ဖြစ်ရတာ သူ့အပြစ်လည်း မကင်းတာမို့ ဦးသိန်းဖရဲ့ မျက်နှာလည်း မကောင်းရှာချေ။

ခင်စွမ်းရည်က မျက်လုံးလေး ကောင်းကောင်းဖွင့်ကာ တော်တော်လေး သတိကောင်းလာပုံ ရသည်။

ထိုခဏမှာပဲ ခင်စွမ်းရည်က မယုံနိုင်စရာ ကောင်းသော၊ အံ့ဩဖွယ်ကောင်းသော၊ ကံကြီးမောင်ကို တစ်သက်တာ ယူကျုံးမရ ဖြစ်ကျန်ရစ်စေသော အလုပ်ကို လုပ်ခဲ့လေသည်။





"အန်ကယ် ... လိုအပ်တဲ့ စာချုပ်စာတမ်းတွေ အမြန်ဆုံးစီစဉ်ပေးပါ၊ ကျွန်မရဲ့ ပစ္စည်းတွေကို အမွေလွှဲပေးခဲ့ချင်တယ်"

"ဟာ ... ဘာတွေ ပြောနေတာလဲ၊ ဘာလို့ အမွေလွှဲရမှာလဲ၊ ကိုယ့်ဘာသာ နေကောင်းအောင် နားနားနေနေ နေစမ်းပါ ခင်စွမ်းရည်ရယ်"

"ကျွန်မကိုယ်ကျွန်မ အသိဆုံးပါ အန်ကယ်၊ ကျွန်မ မနေရတော့ပါဘူး၊ ဒါပေမဲ့ အခု ကျွန်မ သတိကောင်းနေပါသေးတယ်၊ စိတ်ခံစားမှုနဲ့ မှတ်ဉာဏ်လည်း ပုံမှန်ပါပဲ၊ ဒီက ဆရာဝန်ကြီးတွေက အာမခံပေးပါလိမ့်မယ်၊ အခု ကျွန်မ သတိကောင်းနေတုန်း အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြီးပြတ်အောင် လုပ်ခဲ့ချင်လို့ပါ"

ခင်စွမ်းရည်က ဆန္ဒပြင်းပြလွန်းတာမို့ ရှေ့နေကြီးမှာ တတ်သာစွာဘဲ စီစဉ်ပေးလိုက်ရပါသည်။

"ကျွန်မရဲ့ ပိုက်ဆိုင်တဲ့ ပစ္စည်းတွေထဲက တစ်ဝက်ကို မိဘမဲ့ကလေးဂေဟာတို့၊ ဘိုးဘွားရိပ်သာတို့ မသန်စွမ်းသူစောင့်ရှောက်ရေးတို့ကို ခွဲဝေလှူပေးပါ၊ ကျန်တဲ့တစ်ဝက်ဆိုလိုတာ ရန်ကုန်က လုပ်ငန်းတွေအားလုံးနဲ့ ကျွဲလသာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကိုတော့ မောင် … အဲလေ … ကံကြီးမောင်ကို လွှဲပေးလိုက်ပါ”

“ဘာ … ဘာပြောတယ် ခင်စွမ်းရည်”

အားလုံး မယုံနိုင်လောက်အောင် ဖြစ်ကုန်ကြပါသည်။ ခင်စွမ်းရည်က ကံကြီးမောင်ကို စိတ်မနာသည့်အပြင် သူမပိုင်ဆိုင်သော ပစ္စည်းတွေကိုပါ လွှဲပေးခဲ့သေးသတဲ့လား။

ခင်စွမ်းရည်ရဲ့ အဆုံးအဖြတ်ကို ကြားရလျှင် ရင်ထုမနာ အဖြစ်ဆုံးက ကံကြီးမောင်ပင်။

သူဟာလည်း ချစ်တတ်၊ သနားတတ်၊ ခံစားတတ်သော လူတစ်ယောက်ပဲ မဟုတ်လား။ မေတ္တာတရား ကြီးမားသော ခင်စွမ်းရည်ရဲ့ အပြုအမူဟာ သူ့နှလုံးသားကို တစ်ဖုံစီခြေမှုပစ်လိုက်နိုင်လေသည်။

“မမ … ဒါ မဖြစ်သင့်ဘူးဗျာ၊ လုံးဝမဖြစ်သင့်ဘူး၊ ကျွန်တော်က လူယုတ်မာပါ၊ သိုက်သမား၊ ပိုင်းလုံး၊ အရှက်မရှိတဲ့ကောင်ပါ၊ ကျွန်တော့်လိုကောင်ကို မမ ခွင့်မလွှတ်သင့်ဘူး”

“မင်း ဘာပဲဖြစ်ဖြစ် မမ ခွင့်လွှတ်မှာပါ၊ ဒါ မမရဲ့နှလုံးသားထဲက ဆုံးဖြတ်ချက်ပဲ၊ မင်းက သိပ်ချမ်းသာချင်တယ် မဟုတ်လား၊ မင်းရဲ့ဆန္ဒကို မမက ဖြည့်ပေးမယ်လေ





ဒီစည်းစိမ်ဥစ္စာတွေကိုသာ မင်း ပိုင်ဆိုင်သွားရမယ် ဆိုရင် နှုန်းနှုန်းလေးကို တစ်သက်လုံး တင့်တောင့်တင့်တယ် ထားနိုင်ပြီပေါ့”

“ဟင့်အင်း … ကျွန်တော် မယူဘူး မမ၊ မမဆီက ခွင့်လွှတ်မှုကို ရရင်ပဲ ကျေနပ်ပါပြီ၊ မမရဲ့ ပစ္စည်းတွေကိုတော့ မယူပါရစေနဲ့၊ ဟို ငွေသိန်းငါးရာကိုလည်း ကျွန်တော် မယူတော့ပါဘူး”

“မင်း ငြင်းဖို့ မစဉ်းစားနဲ့တော့၊ မမမှာ အချိန်သိပ်မရှိတော့ဘူး၊ အငြင်းအခုန် ဖြစ်နေတာနဲ့ပဲ အချိန်တွေ နှောင်းသွားရင် မမရဲ့ နောက်ဆုံးဆန္ဒလေး မပြည့်ဝလိုက်ရဘူး ဖြစ်သွားလိမ့်မယ်၊ မင်း အဲဒီလိုဖြစ်စေချင်သလား၊ တို့ရဲ့နောက်ဆုံးဆန္ဒကိုတောင် ဖြည့်မပေးချင်တော့ဘူးလား”

ကဲ … ကာယကံရှင်က ဒီလောက်တောင် ပြောနေမှတော့ ကံကြီးမောင်က ဘယ်လိုလုပ် ငြင်းပယ်ရက်တော့မှာလဲ။

နောက်ဆုံးဆန္ဒ … တဲ့။ သူမကိုယ်သူမ သေရတော့မည်လို့ စိတ်ဒုန်းဒုန်းချလိုက်သော ခင်စွမ်းရည်ကို နောက်ထပ်ခါထပ်ပြီး နာကျင်သိမ်ငယ်အောင် သူက လုပ်ရက်ဦးမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အမွေလွှဲပြောင်းစာချုပ်မှာ သဘောတူ လက်မှတ်ရေးထိုးပြီး မကြာခင်မှာပဲ ခင်စွမ်းရည်က တိတ်ဆိတ်ငြိမ်သက်စွာ ကွယ်လွန်သွားခဲ့တော့သည်။





## ခင်စွမ်းရည်
## အသက်(၃၅)နှစ်

အုတ်ဂူဖြူဖြူမှာ ကပ်ထားသော ကြေးပြားလေးပေါ်က စာလုံးတွေဟာ လင်းလက်တောက်ပလှသည်။

ခင်စွမ်းရည် ကတော့ သူ့ကို အနိုင်နဲ့ ပိုင်းသွားခဲ့ပြီ။ ဖြစ်ချင်တော့တွေ အကုန်လုပ်ကာ အပြစ်ကင်းကင်း ထွက်ခွာသွားသူ တစ်ယောက်ကသာ အနိုင်ရသူဖြစ်ပြီး အမှားတွေ တစ်ပုံတစ်ပင်၊ နောင်တ,တရားတွေ တစ်ပုံတစ်ပင်၊ ရှက်ရွံ့သိမ်ငယ်ခြင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ အသက်ရှင်ကျန်ခဲ့ရသူကတော့ ရှုံးနိမ့်သူပဲ ဖြစ်ရမှာပေါ့။

ခင်စွမ်းရည် အလိုကျ အမွေလွှဲပြောင်းခြင်းစာချုပ်မှာ လက်မှတ်ထိုး လက်ခံခဲ့ရသော်လည်း တကယ်တမ်းကျတော့ သူမရဲ့ အမွေတွေကို ကံကြီးမောင်က လက်မခံခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခင်စွမ်းရည် အလိုကျ ပရဟိတလုပ်ငန်းတွေမှာ အသုံးပြုဖို့အတွက် သူရသည့် အမွေအားလုံးကို လွှဲပြောင်းပေးခဲ့လိုက်ပါသည်။

သူမရဲ့အမွေတွေကို ပြန်လှူပစ်လိုက်ရတာမို့ စိတ်ထဲတစ်ဝက်လောက်တော့ ပေါ့သွားသည်။ ကိုယ့်အပေါ်မှာ တန္တေတစ်ကောင်လို ခွစီးနေမည့် အရိပ်ဆိုးကြီးကို တတ်နိုင်သလောက် ဖယ်ရှားနိုင်ခဲ့လို့လေ။

ခင်စွမ်းရည် အပေါ်မှာ တင်ကျန်ရစ်သည့် မေတ္တာကြွေးကိုတော့ နောင်ဘဝကျမှပဲ ပေးဆပ်ခွင့် ရတော့မည် ထင်သည်။

ချွတ်ခနဲ အသံတစ်သံကို ကြားလိုက်တာမို့ အုတ်ဂူရှေ့မှာ ငြိမ်သက်စွာ ရပ်နေခဲ့သော ကံကြီးမောင်က လှည့်ကြည့်လိုက်လျှင် အဖြူရောင်ဝတ်စုံလေးနှင့် ပန်းခြင်းလေး တစ်ခြင်းကိုကိုင်ထားသော ရွှင်ကြည်နူးကို တွေ့လိုက်ရပါသည်။

နူးနူးရဲ့ လက်ထဲက ပန်းခြင်းလေးထဲမှာ သစ္စာပန်းအဖြူရောင်တွေ လှပစွာ ထိုးစိုက်ထားသည်။ ပန်းခြင်းကိုစည်းသည့် ဖဲကြိုးကအစ အနက်မဟုတ်ဘဲ အဖြူရောင်။

"နူးနူး"

ရွှင်ကြည်နူးက အလွန်တရာ တည်ငြိမ်သော မျက်နှာလေးဖြင့် ရှေ့တိုးလာကာ ပန်းခြင်းလေးကို အုတ်ဂူပေါ် အသာဖွဖွတင်လိုက်သည်။





စိတ်ထားမြင့်မြတ်လှသော ဒေါ်ခင်စွမ်းရည်ကို လေးစားသောအားဖြင့် သူမ သေဆုံးတာ တစ်လပြည့်သည့် နေ့မှာ နူးနူးက အမှတ်တရပန်းခြင်း လာချခြင်းပင်။

မြင့်မြတ်သည့် မိန်းမတစ်ယောက်ဟာ အသက်ဝိညာဉ် ကင်းမဲ့သွားလည်းပဲ ယုတ်ညံ့စွာ ရှင်သန်နေသော ယောက်ျားတစ်ယောက်ထက်တော့ တန်ဖိုးရှိမြဲ။

အသက်နဲ့ထပ်တူ ချစ်ခဲ့ဖူးသော ချစ်သူကိုတော့ နူးနူးက စိတ်ပြတ်ခဲ့ပြီ။ ကိုယ့်အနားမှာ သူ မရှိတုန်းက နေ့စဉ်နဲ့အမျှ စက္ကန့်နဲ့အမျှ တမ်းတလွမ်းဆွတ်ခဲ့ရပေမဲ့ အခု လူတစ်ယောက်လုံး ကိုယ့်ရှေ့ရောက်နေတာတောင်မှ ဘာခံစားချက်မှ မပေါ်တော့။

သစ္စာတရားကို အလွန်တန်ဖိုးထားသည့် သူမအတွက် (ဘာအကြောင်းပြချက်ကြောင့်ပဲဖြစ်ဖြစ်) သစ္စာဖောက်ဖျက်ခဲ့သော ယောက်ျားတစ်ယောက်ဟာ တန်ဖိုးမရှိတော့ပြီ။

သစ္စာတရား တစ်ခုတည်းကိုသာ အခြေခံပြီး တည်ဆောက်ထားခဲ့သော သူမရဲ့နှလုံးသားမှာ သစ္စာတရားကို နုတ်ပယ်လိုက်သောအခါ ဘာမှ မကျန်ခဲ့တော့ပြီ။

ရွှင်ကြည်နူးက ခင်စွမ်းရည်ကို စိတ်ထဲ တီးတိုးနှုတ်ဆက်လိုက်ပြီးလျှင် ညင်သာစွာ လှည့်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နုံးနုံး"

ကံကြီးမောင်က တကြော်ကြော်ခေါ်လျက် နုံးနုံးဆီသို့ ကပ်လိုက်လာသည်။

ကားကို လမ်းမပေါ်မှာ ရပ်ထားခဲ့တာမို့ အုတ်ဂူတွေရှိရာ အုတ်ခဲမညီမညာ ခင်းထားသည့် မြေနီလမ်းလေးတစ်လျှောက် ထွက်လာရသော ရှင်ကြည်နုံးရဲ့ ဘေးကနေ ကံကြီးမောင်က လိုက်ပါလာနိုင်လေသည်။

"နုံးနုံး ကိုယ့်ကို ခွင့်လွှတ်ပါကွာ၊ ဒီကိစ္စတွေဖြစ်ပြီးကတည်းက နုံးနုံးကို သေချာရှင်းပြ တောင်းပန်ခွင့် မရခဲ့သေးဘူး၊ တကယ်တော့ ကိုယ် မမခင်စွမ်းရည်ကို လုံးဝမချစ်ခဲ့ဘူး၊ နုံးနုံး အပေါ်လည်း လုံးဝသစ္စာမဖောက်ခဲ့ဘူး"

ကံကြီးမောင်ကသာ တတွတ်တွတ် ပြောနေရပေမဲ့ ရှင်ကြည်နုံး ကတော့ ဘာမှ ပြန်မပြောဘဲ ခြေလှမ်းမှန်မှန်နဲ့သာ ဆက်လျှောက်နေလေသည်။

"တကယ်ပါ ... နုံးနုံး အဖေ ရှာခိုင်းတဲ့ ပိုက်ဆံကို အလွယ်ဆုံးနဲ့ အမြန်ဆုံး ရနိုင်ဖို့ ကိုယ်အောက်တန်းကျခဲ့မိပါတယ် ဒါပေမဲ့ နုံးနုံးကိုတော့ ကိုယ်တကယ်ချစ်တာပါ"

သူတို့ လျှောက်လာရင်း ကားနားအထိ ရောက်လာသော်လည်း ရှင်ကြည်နုံးကတော့ ဘာမှ ပြန်မပြောသေးချေ။





"ကိုယ့်ကို မမ ပေးသွားတာတွေလည်း ကိုယ်မယူပါဘူး၊ အားလုံး ပြန်လှူပစ်လိုက်ပြီ၊ အဲဒီအတွက် ကိုယ် စိတ်သန့်သွားပြီ၊ နုံးနုံးနဲ့ ကိုယ်ရဲ့ ဘဝသစ်ကို အရင်လိုပဲ ပြန်စကြရအောင်ပါနော်"

"အတိတ်ကို မေ့ပစ်ပြီးတော့ပေါ့လေ"

"ဟုတ်တယ် ... အားလုံးကို မေ့ပစ်ပြီးတော့ပေါ့၊ တကယ်တော့ နုံးနုံး အတွက် ကိုယ့်နှလုံးသားထဲက သစ္စာတရားက ဖြူစင်ပါသေးတယ်"

"ဟုတ်ရဲ့လား ... အပြစ်မရှိတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသွေးတွေနဲ့ စွန်းပေပြီးသား ဖြစ်နေတဲ့ ရှင့်ရဲ့ သစ္စာတရားဟာ ဖြူစင်ပါတယ်လို့ ဘယ်လိုလုပ် ပြောလို့ရတော့မှာလဲ၊ ဒီမှာ ကိုကံကြီးမောင် ... ရှင့်ကို ကျွန်မ တန်ဖိုးထားပြီး ချစ်ခဲ့တယ်၊ အဲဒါဟာ ဘာလို့လဲဆိုတော့ ရှင့်ရဲ့သစ္စာ၊ ရှင့်ရဲ့သိက္ခာတွေဟာ ဖြူစင်တယ်လို့ ထင်ခဲ့လို့၊ အခုတော့ ရှင်ဟာ ကိုယ့်လိုအပ်ချက် တစ်ခုအတွက် ဘာမဆို လုပ်ရဲတဲ့ လူယုတ်မာတစ်ယောက် ဖြစ်နေပြီ၊ ဒါကြောင့် ကျွန်မနှလုံးသားထဲမှာ ရှင်ရမဲ့ တန်ဖိုးက သုညပဲ၊ သစ္စာဆိုတာ ချစ်သူချင်းမှ ထားရတာ မဟုတ်ဘူး၊ လူလူချင်း ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာလည်း စောင့်စည်းအပ်ရမဲ့အရာ၊ သစ္စာတရား မရှိတဲ့ ရှင့်လိုလူကို ဘယ်လိုမှ လက်မတွဲနိုင်ပါဘူး"

ရွှင်ကြည်နူးက စကားကို လေသံမှန်မှန်လေးနဲ့ ပြောလျက် ကားပေါ်တက်ကာ ထွက်ခွာသွားလျှင် ကံကြီးမောင် တစ်ယောက် နေရာမှာတင် ဒူးထောက်ပြိုလဲ ကျန်ခဲ့တော့သည်။

သူနဲ့ ပတ်သက်ခဲ့သော မိန်းမနှစ်ယောက်စလုံးဟာ သူ့ကို အေးအေးလေးနဲ့ပဲ အနိုင်ယူသွားခဲ့ကြပြီ။ နောက်ဆုံးကျန်ခဲ့သူကတော့ တန်ဖိုးမဲ့၊ သိက္ခာမဲ့၊ သစ္စာမဲ့သည့် လူညံ့လူဖျင်း တစ်ယောက်သာ ဖြစ်သည်။

ကံကြီးမောင်က ရွှင်ကြည်နူးရဲ့ ကားနံဘေးမှာ ကျကျန်သော အဖြူရောင် သစ္စာပန်းလေးတစ်ပွင့်ကို ကောက်ယူ နမ်းရှိုက်လိုက်စဉ်မှာ ပူနွေးသော မျက်ရည်တစ်စက်က ပါးပြင်ပေါ်မှ လျောကျ ဖြတ်စီးသွားခဲ့လေသည်။

*ခင်ဦးခင်ခင်*

**(ဆေးတက္ကသိုလ်)**

17-6-2002.

Tuesday - 12:10 PM



www.burmeseclassic.com